အမရပူရမြို့

မင်္ဂလာတိုက်ဟောင်း

"အဂ္ဂမဟာပဏ္ဍိတ"

ကျေးဇူးရှင်-မိုးကုတ်ဆရာတော်ဘုရားကြီး

-(၏)-

# မိုးကုတ်ဝိပဿနာ

## ဒုလ္လဘဒေသနာ

ဟောစဉ်-ကျင့်စဉ်

**သစ္စာလေးပါးတရားတော်များ။**

ဒုတိယတွဲ

တာဝန်ခံတင်ဆက်သူ

ဦးမြင့်ဆွေ

"မူလဓမ္မာစရိယ"

မိတ္ထီလာမြို့။

၂၅၀၇-ခု။ ၁၃၂၅-ခု။

9

၁၀၉၉၇

အမရပူရမြို့
မင်္ဂလာတိုက်ဟောင်း
"အဂ္ဂမဟာပဏ္ဍိတ"
ကျေးဇူးရှင်-မိုးကုတ်ဆရာတော်ဘုရားကြီး
-(၏)-

# မိုးကုတ်ဝိပဿနာ

## ဒုလ္လဘဒေသနာ

ဟောစဉ်-ကျင့်စဉ်
သစ္စာလေးပါးတရားတော်များ။
ဒုတိယတွဲ

တာဝန်ခံတင်ဆက်သူ
ဦးမြင့်ဆွေ
"မူလဓမ္မာစရိယ"
မိတ္ထီလာမြို့။


၂၅၀၇-ခု။ ၁၃၂၅-ခု။

ဝန်ဇင်းမင်းရာဇာ ပုံနှိပ်တိုက်
ဒုတိယ လမ်းမတော်· မင်းရပ်
မိတ္ထီလာ မြို့။

၁၃၂၅· ခု။

၁၀၉၉၈

ပဌမ နှိပ်ခြင်း- . . . . . . . . . . (၁၃၀၀၀)
ဒုတိယ နှိပ်ခြင်း : . . . . . . . . - ( ၅၀၀၀)
တတိယ နှိပ်ခြင်း- . . . . . . . . . ( ၅၀၀၀)
စတုတ္ထ နှိပ်ခြင်း . . . . . . . . . (၁၀၀၀၀)
ပဥ္စမ နှိပ်ခြင်း- . . . . . . . . . . (၁၀၀၀၀)




“အဂ္ဂမဟာပဏ္ဍိတ၊”

ကျေးဇူးရှင်, မိုးကုတ် ဆရာတော်ဘုရားကြီး။

# ပဋိစ္စသမုပ္ပါဒ်တရား (၁၂) ပါး၊

“ထင်ရှားပေါ်လွင် ခေတ်အစဉ်”




အမရပူရမြို့ · မင်္ဂလာတိုက်ဟောင်း၊

ကျေးဇူးရှင် · မိုးကုတ်, ဆရာတော်ဘုရားကြီး၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း, ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။

# မာတိကာ


| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၁ | အကြောင်းပြစကား··· ··· ··· | (က) |
| ၂ | အာသီသပူဇာ - ဂန္ထာရမ္ဘ··· ··· ··· | (ဈ) |
| ၃ | သာသနာတွင်းမှာ, ကြုံခဲစွာ တရားတော်·(၁)··· | ၁ |
| ၄ | သာသနာတွင်းမှာ, ကြုံခဲစွာ တရားတော်·(၂)··· | ၁၁ |
| ၅ | ခံနိုင်ရှိသမျှ, ကြွေးဆပ်ရ တရားတော်· ··· | ၁၉ |
| ၆ | ကျင့်မြတ်မဂ္ဂင်, နိဗ္ဗာန်ဝင် တရားတော်· ··· | ၃၁ |
| ၇ | ဒိဋ္ဌိကွာမှ, ချမ်းသာရ တရားတော်·· ··· | ၄၁ |
| ၈ | ခန္ဓာချည်တိုင်, မရုန်းနိုင် တရားတော်·· ··· | ၅၀ |
| ၉ | တိုင်ချိုး ကြိုးဖြတ်, လည်ပတ်ဖြုတ်တရားတော် · | ၅၇ |
| ၁၀ | ခန္ဓာဉာဏ်စိုက်, သုညဆိုက် တရားတော်- ··· | ၆၅ |
| ၁၁ | ဒိဋ္ဌိသစ်ငုတ် အမြစ်ဖြုတ် တရားတော်- ··· | ၇၃ |
| ၁၂ | ဒိဋ္ဌိသက္ကာယ, မြန်ခွါချ တရားတော်· ··· | ၈၅ |
| ၁၃ | သစ္စာနှစ်ရပ်, ခွဲခြားမှတ် တရားတော်· ··· | ၉၄ |
| ၁၄ | ညော့်သယ်,အိမ်သယ်, ဉာဏ်ဝန်းချယ် တရားတော်· | ၁၀၀ |
| ၁၅ | ခန္ဓာငါးရပ်, သူသတ်ငါးဦး တရားတော်· ·· | ၁၀၇ |
| ၁၆ | အမြင်မှန်မှ, နိဗ္ဗာန်ရ တရားတော်- ·· | ၁၁၆ |

၁၇ ခန္ဓာငါးရပ်, သူစိမ်းမှတ် တရားတော်· .. ၁၂၆
၁၈ တဏှာပွါးစီးပါယ်ခရီး-တဏှာသတ်မှ,ချမ်းသာရ တရားတော်· ၁၄၄
၁၉ ပဋိစ္စ သမုပ္ပါဒ်, ဉာဏ်ဖြင့်ဖြတ် တရားတော် .. ၁၅၆
၂၀ ဒိဋ္ဌိရူးနာ, ပျောက်ကြောင်းရှာ တရားတော် .. ၁၆၅
၂၁ ဝိပ္ပလ္လာသ,ပါယ်ခွါချ တရားတော်· .. ၁၈၃
၂၂ ခန္ဓာလှေနှင့် နိဗ္ဗာန်ဝင် တရားတော်· .. ၂၀၁
၂၃ နိဗ္ဗာန်ရရာ, ကျင့်သုံးဖြာ တရားတော်· .. ၂၁၆
၂၄ အနာကင်းလွတ်, ချမ်းသာမြတ် တရားတော် ... ၂၂၈
၂၅ မဂ္ဂဉာဏ်မြတ်, ကြွေးကုန်ဆပ် တရားတော် ... ၂၄၅
၂၆ နိဂုံးစကား...... ...... ...... ...... ... ၂၆၄

# အကြောင်းပြစကား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**အထူး သတိပြုရန် အချက်**

၁။ ယဉ္ဟိ ကိစ္စံ အပဝိဒ္ဓံ၊
အကိစ္စံ ပန ကရီယတိ၊
ဥန္နဠာနံ ပမတ္တာနံ၊
တေသံ ဝဍ္ဎန္တိ အာသဝါ။ ။

၂။ ယေသဉ္စ သုသမာရဒ္ဓါ၊
နိစ္စံ ကာယဂတာ သတိ၊
အကိစ္စံ တေ န သေဝန္တိ၊
ကိစ္စေ သာတစ္စကာရိနော၊
သတာနံ သမ္ပဇာနာနံ၊
အတ္ထံ ဂစ္ဆန္တိ အာသဝါ။ ။

( ဓမ္မပဒ ပါဠိတော်—ဘဒ္ဒိယ ဝတ္ထု )

**ဘာသာပြန်** အထူးသတိချပ်၍ သိမှတ်ရမည်မှာ ဤမည် ဤမည်သော မလုပ်မဖြစ် ဧကန်ပြုလုပ်ရမည့် မိမိအလုပ် ကိစ္စကို ပစ်ပယ်စွန့်ချထား၍ မလုပ်သင့် မလုပ်ထိုက်သည့် အခြားအမှုကိစ္စများကိုသာ ပြုလုပ်၍ နေခဲ့ပါမူကား မေ့လျော့ပေါ့တန်စွာ ကျူပင်အလား မာန်ဖီကာ ထောင်လွှားကုန်သော ထိုသူတို့အား အာသဝေါများသာ တိုးပွားလေကုန်၏။

## (ခ) အကြောင်းပြစကား

အကြင်သူတို့ကား အမြဲတမ်းအားဖြင့် မိမိကိုယ်ကာယ၌ အဖန်တလဲလဲ ရှုပ်ထွေးများခြင်း သတိတရားကို ကောင်းစွာမပြတ် အားထုတ်အပ်၏၊ ထိုကာယဂတာသတိ ဘာဝနာကို ခါခါမပြတ် အားထုတ်အပ်သည့် သူများသည် မပြုမလုပ်အပ်သည့် ဗာဟိရကိစ္စ အာကို မပြုလုပ်ကြလေကုန်၊ တကယ်အဟုတ် ပြုလုပ်ရမည့် မိမိကိစ္စကိုသာ မပြတ်တစေ ပြုလုပ်လေ့ ရှိကြကုန်၏၊ သတိမြဲထင် အမြော်အမြင် ပညာမျက်စိရှိကြသော ထိုသူတို့အား အာသဝေါလေးပါး အယုတ်တရားတို့ ချုပ်ငြိမ်းကုန်ရာ၏၊ ဝါ- အာသဝချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

**အကြောင်းရင်း** ဤစာရှုသူ ဓမ္မအဆွေတော်များ၌ ကုသိုလ်ကံ အထောက်အပံ့ အားကြီးစွာ ရှိခဲ့သည် မှန်လှသဖြင့် ဤတရားတော်များကို ဒုတိယအကြိမ် ဆက်လက် စာင်ဆက်နိုင်ခွင့်ကို ရရှိခဲ့ပါပြီ။

ထိုအခွင့်ကား ဓမ္မအဆွေတော်များ၏ သဒ္ဓါ, စေတနာ, ပညာ, ဝိရိယ, စွမ်းအားတို့ကြောင့်သာ ရရှိနိုင်ခဲ့သည်ဟု ဆိုက လည်းပါးရန် အကြောင်း ပေါ်ပေါက်မည် မဟုတ်ပါချေ။

စင်စစ်, ဓမ္မမာမက ကလျာဏ အများစုတို့၏ စွမ်းအားကြောင့်သာ ဤတရားတော် ဟောစဉ် ကျင့်စဉ်များ ဆက်လက် ထွက်ပေါ်လာနိုင်ခဲ့ခြင်း မှန်လှပါပေသည်။

**တိုက်တွန်းစကား** ထိုအရာတွင် ဤစာရေးသူအနေဖြင့် တိုးတက် တိုက်ဘွန်းလိုသည့်ဆန္ဒ ပြင်းပြသည့်အလျောက် ထင်ဆင့်လျက် လေးလေးနက်နက် တိုက်တွန်း ရေးသား လိုပါသေးသည်။ ရေးသားလိုသည်ကား......

ပဌမအကြိမ် မှာထားတိုက်တွန်းခဲ့သည့် စကားရပ် အဆိုအတိုင်း––

(၁) ဤ· တရားတော်များကို လေးလေးနက်နက် ကြားနာကြည့်ရှုခြင်း ပရိယတ္တိ သာသနာတော်။

(၂) ကြားနာပြီးသော တရားတော်များ အတိုင်း လေးလေးစားစား မှတ်သား, လိုက်နာ, ကျင့်ကြံ, အားထုတ်ခြင်း ပဋိပတ္တိ သာသနာတော်။

(၃) ကျင့်ကြံ အားထုတ်ခြင်းဖြင့် ရအပ် တွေ့ရှိအပ်သော ဓမ္မရသ, ဓမ္မသြဇာ တရားအရသာများကို ကိုယ်ပိုင်ဒိဋ္ဌ သုံးဆောင် ခံစားနိုင်ကြခြင်း ပဋိဝေဓ သာသနာတော်။

ဤသို့သော သာသနာတော်သုံးရပ် အကျင့်မြတ်ကို အဟုတ် အဟုတ် ထက်မြက်သည့် သဒ္ဓါ, လွန်စွာသော စေတနာလက်နက်, နုံနက်စူးယှသော ပညာဉာဏ်, စွဲသန်ကဲခေါက်သည့် လုံ့လဝီရိယ စွမ်းအားငြင့် မနားမနေ, အရှိုးကြေကြေ, အရေပင် ခန်းခန်း မဆုတ်တမ်းဇွဲသတ္တိ ထားရှိကာ ထိထိ မိမိ တိတိ ကျကျ ယခု ထ၍ အားထုတ်လိုက်ကြစမ်းပါ....

မိမိတို့တွင် ရှိရင်း သဒ္ဓါ,စေတနာ,ပညာ ဝီရိယများကို ယခုထက် တိုးတက်၍ ထက်မြက် စူးယှလာအောင် သွေးလိုက်ကြစမ်းပါ· ဟူ၍ ထူးထူ ခြားခြား ရေးသား တိုက်တွန်းလိုက်ပါသည်၊

ဘာ့ကြောင့် ဒါလောက် ထူးထူးခြားခြားတိုက်တွန်းနေရသလဲ?၊ ထိုမေးခွန်းကို ပြေလည်အောင် ဖြေဆိုပြရန် ဤနေရာ၌ အခွင့်မရနိုင် သဖြင့် အမြွက်သဘောမျှဖြင့်သာ ဖြေဆိုပါမည်၊ အမြွက်သဘော ဆို သည်မှာ ထူးထူးထွေထွေ မဟုတ်ပါ၊

အောက်ပါ မေးခွန်းများကို ကိုယ်တိုင် ဖြေဆိုကြည့်က အထက်ပါ မေးခွန်း၏၊ အဖြေကို ထိုက်တန်သလောက် ရရှိနိုင်ကြလိမ့်ဟုမြော်လင့် မိပါသည်၊ စမ်းသပ် ဖြေဆိုကြည့်တော်မူကြပါကုန်။

၁· သုမေဓါ ရှင်ရသေ့သည် လက်တော်သို့ ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို ဘာ့ကြောင့် စွန့်လွှတ်တော်မူသနည်း?၊ ၊ဘယ်သူ တွေအတွက် ဘယ်လို အကြောင်းထူး, အကျိုးထူးကြောင့် စွန့်လွှတ် သနည်း?၊

၂· ဘုရားဖြစ်ရန် အဘယ်မျှလောက် ကိုယ်တော် စိတ်တော်များ ကို အငြိုငြင်,အပင်ပန်း,အနစ်နာခံ၍ ကျင့်ကြံတော်မူခဲ့ရသနည်း?၊

၃· နှစ်, လ, ရက်များ အပထား၍ ကမ္ဘာပေါင်း မည်မျှကြာ အောင် ကျင့်ကြံ အားထုတ်တော် မူခဲ့ရသနည်း?၊ ၊တိတိကျကျ ဂဏန်းထို၍ ပြနိုင်ပါမည်လား?၊

၄· ထိုမျှကြာမြင့်စွာ အနစ်နာ အပင်ပန်းခံ၍ ကျင့်ကြံ အားထုတ်တော်မူခဲ့သည်မှာ မည်သူ့အတွက်ဟု မှတ်ထင်ယူဆပါသနည်း?။

၅· သိဒ္ဓတ်မင်းသား ဘဝ၀ယ် မည်မျှကြီးကျယ် မြင့်မြတ်သည့် စည်းစိမ်ချမ်းသာကို စွန့်လွှတ်၍ တောထွက်တော် မူခဲ့သနည်း?၊ ထို စည်းစိမ်ကား မိမိစည်းစိမ်နှင့် နှိုင်းစာလျှင် မည်မျှ ကွာခြားပါမည် နည်း?။

၆· သာသနာတော် အနှစ် ငါးထောင်ကို မည်သူ့အတွက် ငဲ့ ကွက်သောက်ထားလျက် ထားတော်မူခဲ့ပါသနည်း?၊ သာသနာတော် မိမိမှာ တကယ်ကိန်းပါပြီလား?။

၇· ဘုရားရှင်၏ ရွှေညာဏ်တော်တွင် သတ္တဝါများအပေါ်၌ မည်သို့ မြင်တော်မူလိမ့်မည်ဟု ထင်မြင်ပါသနည်း?၊ ထိုသဘောကို တစိတ်တ ဒေသ ရိပ်စားခန့်မှန်းနိုင်ရန် မိမိအောက်ရှိ သတ္တဝါများ၏ အဖြစ်သနစ် ကို ဉာဏ်မှီသလောက်လေ့လာဆန်းစစ်ကြည့်လျှင်မသင့်ပါလား?။

၈· လောကီရေးရာတွင် များစွာမြှော်လင့်ချက် အလားအလာ ကောင်းသည့် ညီတော် မင်းနန် သားတော် ရာဟုလာ စသူတို့အား မည်သည့်အမွေကို ပေးတော်မူသနည်း? ဘာ့ကြောင့် ထိုအမွေကို သာ ပေးတော်မူပါသနည်း?။

၉· ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ· ဘုရားရှင်ကို ကိုးကွယ်ပါ၏ ဆိုသည့် အတိုင်း တကယ်မှန်လျှင် ဘုရားရှင်၏ အလိုတော်ကျ ကျင့်ရမည့်နည်း တူ ယခုထ၍ အားမထုတ်သင့်ပေဘူး လား?။

၁၀- ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုသည်တွင် မည်ကဲ့သို့ အားကိုးပြုမှ မည်မျှ ဆိုးဝါးလှသည့် ဒုက္ခအပေါင်းမှ ကာကွယ်ပေးမည်ဟု ယုံကြည်ယူဆ ထားပါသနည်း ။

**အထူးသတိချပ်။** ၊ ဤတရားတော်များကို အသံဖမ်းကြိုးခွေမှ (တိပ်ရေကာ်တာ) တဆင့်ကူးယူ ရေးသားရသဖြင့် ချို့ယွင်းချက်များ ပါရှိကောင်း ပါရှိပေလိမ့်မည် အကယ်၍ ချို့ယွင်းချက် အပြစ်တစုံတရာ တွေ့မြင်ဘတ်ရှုရပါက ဤစာရေးသူ၏ တာဝန်သာဖြစ်ကြောင်း မူလ ဟောကြားတော်မူရင်း ဆရာတော်ဘုရားနှင့် လုံဝ မသက်ဆိုင်ကြောင်း လေးလေးနက်နက် သတိချပ်၍ သိမှတ်ထားကြစေလိုပါကြောင်း ထပ်လောင်း၍ရေးသားတင်ပြအပ်ပါသတည်း။

“ ပညာစက္ခု အစဉ်ရှု ”

အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရောသိယာ၊
အတ္တနာဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

( ဓမ္မပဒ ပါဠိတော်—ကုမာရကဿပ မာတု ဝတ္ထု )

**ဘာသာပြန်။** ။မိမိ ကိုယ်သည်သာ မိမိ၏ ကိုးကွယ်ရာဖြစ်၏ မိမိမှ တပါး ဘယ်သူ့ ဘယ်သားမျှ မိမိကိုးစားရာ ဖြစ်နိုင်မည်မဟုတ်၊ မိမိကိုယ်ပင် ကောင်းစွာ ယဉ်ကျေးခြင်းဖြင့် ရခဲလှစွာ အရဟတ္တဖိုလ်တည်းဟူသော ကိုးကွယ်ရာ အားထားရာကိုရနိုင်လေ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

[ဓမ္မပဒပါဠိတော်-ပဋာစာရီဝတ္ထု။]

**ဘာသာပြန်။** ။ အကြင်သူကား ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို မရှုမမြင်ဘဲ အသက်တရာ ရှည်ငြားအံ့လည်း မမြင့်မြတ်ပေ၊ ခန္ဓာငါးချက်၏ ဖြစ်ပျက်ကို ရှုမြင်သောသူ၏ တရက်တာမျှ အသက်ရှည်ရခြင်းက (ပို၍) မြတ်ပါပေ၏။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

[သံယုတ်-ပါဠိတော်]

**ဘာသာပြန်။** ။ ရုပ်, နာမ်ဓမ္မ သင်္ခါရအပေါင်းတို့သည် စင်စစ်ကေန် အမှန်မုချ မြဲခြင်း မရှိကြလေကုန်၊ ဖြစ်ခြင်း, ပျက်ခြင်းသဘောမျှသာ ရှိကြပေကုန်၏၊ အကြောင်းတိုက်ဆိုင်ကာ ဖြစ်လာပြီးနောက် ချက်ချင်းပင် ချုပ်ပျက်ကြလေကုန်၏၊ ဖြစ်ပျက် ဖြစ်ပျက်နှင့် ဖြစ်ပျက်မစဲ တသဲသဲသာ ဆင်းရဲစွာ တို့၏ ဝါ...ဖြစ်ပျက်နှစ်ခု ဒုက္ခအစုဘို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်သည်သာ ချမ်းသာတကာတို့၏ ထွတ် ချမ်းသာမြတ်ကြီး မှန်လှပါပေသည် တကား။

# ဓမ္မအဆွေတော်များ

## သိရှိတော်မူရန်။

ဤဝိပဿနာ ဟောစဉ်, ကျင့်စဉ် တရားတော်များကို ပုံမနှိပ်ရသေးမီ အရှင် မိုးကုတ် ဆရာတော် ဘုရားကြီး ကိုယ်တိုင် ကြည့်ရှု စစ်ဆေး သုတ်သင် ပြင်ဆင် ကာ အတည်ပြုပြီး ဖြစ်ပါကြောင်း သိစေအပ်ပါသည်။


တာဝန်ခံ တင်ဆက်သူ
**ဦးမြင့်ဆွေ**
မိတ္ထိလာမြို့။

# မိုးကုတ်ဝိပဿနာ- ဒုလ္လဘဒေသနာ

— — :o: — —

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အာသီသ ပုဗ္ဗက ဂန္ထာရမ္ဘ




### ဗောဓိစက္က မင်္ဂလာဂါထာ

ဗောဓိမူလော ဗောဓိဉာဏော၊
ဗောဓိသေဋ္ဌော ဗောဓိစက္ကော။
ဗောဓနေယျံ ဗောဓာပေသိ၊
ဗောဓိံ ဒေတု ဗောဓိဿဂရော။

ဗောဓိမူလော၊ သဗ္ဗညုတ ရွှေဉာဏ်ရဘို့ ဆန္ဒတော်ပြင်း နှလုံးသွင်းမှန် ကောန်မူလ ထက်သန်စွာ ရှိတော်မူပေထသော

ဗောဓိဉာဏော၊ ဆန္ဒထန်သဲ လုံ့လဇွဲဖြင့် အားခဲကြိုးကုတ် လွန်အားထုတ်၍ ကိလေယုတ် ဘွန်းလှုန် အရဟတ္တဉာဏ်နှင့် သဗ္ဗညုတမြတ်ဉာဏ်ကို လက်ကျပိုင်ပိုင် စွဲကိုင်ရရှိတော်မူပေထသော၊

ဗောဓိသေဋ္ဌော၊ အရဟတ္တ သဗ္ဗညွေဉာဏ် မြတ်နှစ်တန်ကို ကောန်ရရှိသဖြင့် ဗောဓိများစွာ အဖြာဖြာတို့ထက် ဆတက်ကဲလွန် အမွန်အမြတ် ဥက္ကဋ္ဌတဆူ ဖြစ်တော်မူပေထသော။

ဗောဓိစက္ကော၊ ဗောဓိပိုင်နင်း စကြာမင်းကြီးတဆူ ဖြစ်တော်မူသဖြင့် ဆူဆူဗောဓိ ဉာဏ်ရရှိအောင် ဗောဓိရတနာ ယာဉ်စကြာကို ချာချာလှည့်ပတ် မပြတ်တစေ လည်စေတော် မူပေထသော။

ယောဘဂဝါ၊ ဘုန်းတော်သရဖူ အောင်လံထူသည် အောင်သူဥက္ကဋ္ဌ အကြင်ဘုရားရှင် ကိုယ်တော်မြတ်သည်။

ဗောဓနေယျံ၊ လေးတန် သစ္စာ သိပိုင်ရာသား ဝေနေယျအများတို့အား။

ဗောဓာပေသိ မြင့်မိုရ်တောက်တွက် မိုးကြိုးစက်သို့ နဲနက်သစ္စေမှန်လေးထွေကို ဘောက်စေထွင်းစေ သိမြင့်စေတော်မူတော်ပါပေ၏။

ဗောဓိဿနော၊ ဗောဓိထွေပြား အစားစားတို့၏ ဦးဖျားဥက္ကဋ္ဌမြတ်ထက်မြတ်နိုင် စိုးပိုင်သေဋ္ဌနင်း မင်းမင်းတဆူ ဖြစ်တော်မူသော

သောဘဂဝါ၊ ဘဂျဝန္တာ၊ ဘဝသရဖူ အောင်သူဥက္ကဋ္ဌ ထိုဘုရားရှင်ကိုယ်တော်မြတ်သည်။

မေ၊ မိုးကုတ်ဝိပဿနာ ဒေသနာဒုလ္လဘာ ဟောစဉ်ပြလျက် ကျင့်ရလမ်းညွှန် တရားမှန်ကို ဖွဲ့သန်ဉာဏ်မြူး စေတနာထူးဖြင့် ရေးကူးပြဖေါ် တပည့်တော်အား။

တုမှာကံ၊ ဝိပဿနာ ဤကျမ်းစာကို ဖညာစက္ခု အစဉ်ရှုလျက် ကျွတ်ဆုရည်ငြောင်း အသင် သူတော်ကောင်းတို့အား။

မှောခံ၂၊ အရဟတ္တ ဉာဏခဂ္ဂံ ဗောဓိဉာဏ်ကို။

ဗောခံ၂၊ ဝိပဿနာခြင်းရာနဲ့နက် ခန္ဓာစက်၌ ဖြစ်ပျက်နှစ်တန် သဘောမှန်တွင် ဝေဘန်ပိုင်းဓာတ် သိဉာဏ်မြတ်ကို။

ဒေတု၊ ခဏချက်ချင်း ကိလေရှင်းဘို့ လက်ငင်းမသွေ ပေးသနား ဆောင်မူပါစေသတည်း။

**မှတ်ချက်။** ။ဤဂါထာကား မန္တလေးမြို့-တောင်ပြင် ဗောဓိကုန်းရပ်ရှိ မဟာဗောဓိ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး၏ အဋ္ဌုပ္ပတ္တိ မော်ကွန်း ကျောက်စာအတွက် ရေးသားအပ်သော ဂါထာဖြစ်ပါသည်၊ ဤအရာဌာန၌လည်း လျော်ကန်လှသဖြင့် ဂန္ထာရမှ အနေ ထည့်သွင်း အသုံးပြုလိုက်ရပေသည်။

# မိုးကုတ်ဝိပဿနာ-ဒုလ္လဘဒေသနာ

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဓမ္မရတနာ-မာတိကာ

"သာသနာတွင်းမှာ ကြုံခဲ့စွာ တရားတော်"

## ဆီမီးညှိထွန်းရာတွင်

| | |
|---|---|
| (၁) မီးစာလောင်ကျွမ်းခြင်း။<br>(၂) ဆီ-ကုန်ခန်းခြင်း။<br>(၃) အမှောင်ပျောက်ခြင်း။<br>(၄) အလင်းရောင်-ရောက်ခြင်း။ | လေးကိစ္စ, တပြိုင်နက်, တချက်တည်း ပြီးစီးသည်။<br>ဥပမာစကား။ |

## သစ္စာကို သိမြင်ရာတွင်

| | |
|---|---|
| (၁) ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ခြင်း။<br>(၂) သမုဒယသစ္စာကို ပယ်ခြင်း။<br>(၄) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း။<br>(၃) မဂ္ဂသစ္စာကို ပွားများခြင်း။ | ကိစ္စလေးပါး, တပြိုင်နက်, တချက်တည်း ပြီးစီးသည်။<br>ဥပမေယျစကား။ |

**ဆောင်ပုဒ်**

ဆီမီးဥပမာ၊ လေးသစ္စာ၊ သိရာတကွနက်။
မီးစာလောင်လျှင်း၊ ဆီကုန်ခြင်း၊ လင်းချင်းမှောင်ကွယ်ပျက်။
ဒုက္ခသိမြင်၊ သမုဒြဉ်ကိုက်၊ နိရောဓ်ဆိုက်၊ မဂ်ဥပွါးများလျက်။
ဒုက္ခသိက၊ လေးကိစ္စ၊ ပြီးထ တပြိုင်နက်။

**သတိချပ်ရန်**

ဒါန, သီလ၊ သမထ၊ **သာသနာပမျိုး**။
**သစ္စာသိလျှင်၊** သာသနာဝင်၊ **ကွာစင်အမိုက်ဆိုး**။
ကာဠုဒေဝိလ၊ တာပသ၊ ဆုံးစွာ့ လူဖြစ်ကျိုး။
ဘုရားပွင့်မှ၊ **သစ္စာ**ပြ၊ ကြုံရခဲဘိကိုး။
အသက်ကြီးလည်း၊ ချိန်မစီး၊ ချည်းနှီးရှည်သက်ဆိုး။
အခါကောင်းတွင်၊ သာသနာဝင်၊ လျှင်လျှင်ဖြစ်ဘို့ကြိုး။
မကြိုးသူမှာ၊ ပါယ်လေးရွာ၊ ပမာ ကိုယ့်အိမ်အိုး။

**တရားသား** ဒို့ဒကာတွေ အင်မတန်ကံကောင်းကြလို့ ဗုဒ္ဓုပ္ပါဒ နဝမ ခဏဆိုတဲ့ သာသနာတွင်း ကာလနဲ့ ကြုံတွေ့ကြရတယ်၊ ဒီလို ကြုံတွေ့လာရတဲ့ အခွင့်အခါကောင်းကြီးကို **အချည်းအနှီး** ဖြုံးတီးမပြစ်ကြပါနဲ့လို့ လေးလေး နက်နက်ကြီး သတိပေးလိုက်ပါတယ်၊ သာသနာတွင်းမှာ သာသနာပ ကိစ္စတွေနဲ့ အချိန်ကုန်သွားရင် ကိုယ်ကျိုးတွင်မက သံသရာကျိုးပါ နဲ့ကြတော့မယ်။

သာသနာပ ကိစ္စမျိုးနဲ့ တင်းတိမ်နေကြရင် သာသနာတွင်း ဖြစ်ပေမဲ့ သူတို့အတွက် သာသနာပလို့ဘဲ မှတ်ရမယ်၊ အဲဒါနစ်နာခြင်းတမျိုးဘဲ၊ အဲဒါဟာ ဇာတိ, ဇရာ, မရဏကလာခဲ့ပြီး ဇာတိ, ဇရာ, မရဏကိုဘဲ သွားရတဲ့ အဖြစ်ဆိုးဘဲဆိုဒါ မှတ်လိုက်ကြ၊ ဒီလို ဇာတိ,ဇရာ,မရဏက လာရပြီး၊ ဇာတိ,ဇရာ,မရဏဆီကိုဘဲ သွားရတဲ့ အဖြစ်ဟာ တခြားမဟုတ်ပါဘူး၊ ဆရာကောင်းမကြုံရလို့ဘဲ။

ဆရာကောင်းမကြုံကြိုက်ရတဲ့အဖြစ်၊ ဆရာကောင်းနဲ့မတွေ့ရတဲ့ အဖြစ်ဟာ ဘယ်လောက်ကြီးဆိုးမယ်ဆိုဒါ ကြပ်ကြပ်စဉ်းစားကြ၊ ဒါကြောင့် ဘုရားရှင်ကလဲ " ဟုတ်တိုင်း မှန်စွာ ဟောပြောပြသ ဆိုဆုံးမတတ်တဲ့ ဆရာကောင်းကို ရှာကြရမယ် "လို့ အကြိမ်ပေါင်း ၂၂၇-ကြိမ်တိုင်တိုင် မှာတော်မူခဲ့ဒါဘဲ၊ ဒီတော့ ဆရာကောင်းဟာ ဘယ်လောက်အရေးကြီးတယ်ဆိုဒါ ပေါ်ကြပလား ?။

ရုပ်နာမ်ခွဲခြားနိုင်တဲ့ ဆရာမျိုး, ရုပ်နာမ်ကွဲတာမျိုးဟာ သာသနာပ အခါမှာလဲရှိတယ်၊ ဒီအကြောင်းဟာ ကာဠုဒေဝီလရသေ့ ဆရာကြီးများကိုကြည့်ရင် သိနိုင်ကြပါတယ်၊ ဒီတော့ ရုပ်နာမ်သိရုံနဲ့လဲ တင်းတိမ်နေကြလို့ မဖြစ်သေးဘူးဆိုဒါ မှတ်ကြ၊ နောက်ပြီး ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး သိရုံနဲ့လဲ သာသနာတွင်းမရောက်သေးဘူးလို့ မှတ်ရမယ်၊ သာသနာပဘဲ ရှိသေးတယ်၊ ဒါကြောင့် ဒီလောက်နဲ့လဲ ကျေနပ်လို့ မဖြစ်သေးပါဘူး။

သာသနာနဲ့ ကြုံကြိုက်နေပေမဲ့ သစ္စာမသိသေးရင် သာသနာပ·ပါဘဲ၊ သစ္စာမသိဘဲနဲ့ သေသွားရင် သာသနာပနဲ့ဘဲ သေဘယ်လို့ ဆိုရတယ်၊ သစ္စာသိမှသာ သာသနာတွင်း ကြုံကြိုက်တယ်လို့ ခေါ်ဆိုနိုင်တယ်၊ သစ္စာသိမှသာ သာသနာ့ အရသာကို သိမယ် သဘောပါကြရဲ့လား ?။

သစ္စာတရားဆိုဒါ ဘုရားပွင့်မှသာ ပေါ်နိုင်တယ်၊ ဘုရားမပွင့်တဲ့ အခါ သစ္စာပေါ်နိုင်ဘို့ အခွင့်မရှိဘူး၊ အရာမဟုတ်ဘူး၊ ဘယ်လို ပုဂ္ဂိုလ်တဦးတယောက်မှလဲ မဟောပြနိုင်ဘူး၊ သာသနာပအခါပွင့်ကြတဲ့ ပစ္စေကဗုဒ္ဓါများဟာ သစ္စာတရားကို ကိုယ်တိုင်သိကြပေမဲ့ သူတပါးကို ဟောမပြနိုင်ကြဘူး၊ ဟောပြနိုင်စွမ်း မရှိရှာကြဘူး၊ "ဒီတော့သစ္စာတရားပေါ်ဘို့ သစ္စာကိုကြားနာရဘို့ ဘယ်သောက် ခဲယဉ်းတယ်ဆိုတာ ရိပ်စားမိသောက်ပါတယ်"။

ဒါကြောင့် ဒီ့ဒကာထွေ အခွင့်ကောင်း ၊ အခါကောင်းနဲ့ ကြုံကြိုက်တုန်းမှာ ကြိုးစားယူလိုက်ကြ၊ ဒီလိုအင်မတန် မွန်မြတ်တဲ့ အခွင့်ကောင်းနဲ့မှ လွဲကြမယ်ဆိုရင် အချိန်မစီးနိုင်တော့ဘူး၊ မွေးသက်ကြီးပေမဲ့ အချည်းအနှီးပါဘဲ၊ ၊ဆရာကောင်း ၊ သမားကောင်းနဲ့ တွေ့တဲ့အချိန်မှာမှ အရမယူမိရင် အလွဲဒီပြင်မရှိတော့ပါဘူး၊ သစ္စာသိအောင် လုပ်ယူရမယ်၊ သစ္စာသိမှ သာသနာတွင်းရောက်တာ အစစ်မှန်တယ်၊ ရိပ်မိကြပလား ?။

ဒီနေရာမှာ သစ္စာသိတယ် ဆိုပေမဲ့လဲ သာမန်သိ ပုထုဇဉ်သိမျိုးကို အသိလို့မဆိုလိုဘူး၊ အရိယာပုဂ္ဂိုလ်များသိတဲ့ အသိမျိုးကိုသာ အသိလို့ဆိုရတယ်၊ အရိယာတို့သိတဲ့ အသိမျိုးမှ အသိစစ်၊ အသိမှန်လို့ မှတ်ကြ၊ ။ " သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ " မှာ ဒီအစိုပ္ပါယ်ကို ဖွင့်ပြခဲ့ဒါရှိတယ် သမ္မောအဋ္ဌကထာ ဖွင့်ပြထားဒါမှာ...

(၁) ပုထုဇဉ်တို့သိတဲ့ သစ္စာက နှစ်ပါးတဲ့၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ။

(၂) အရိယာတို့သိတဲ့ သစ္စာက လေးပါးတဲ့၊ ဒုက္ခသစ္စာ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။

ဒီနှစ်မျိုးတဲမှာမှ ပုထုဇဉ်တို့ သိတဲ့အသိက နိရောဓသစ္စာကို နိရောဓ ဆိုတဲ့ နိဗ္ဗာန်တရားရှိတယ်လို့ သိတယ်တဲ့၊ မဂ္ဂသစ္စာကိုလဲ မဂ္ဂင်ငါးပါးနဲ့ သိတဲ့အသိမျိုးတဲ့ မဂ္ဂင်ငါးပါးရှိတဲ့ မဂ္ဂသစ္စာကိုသာ သိတယ်တဲ့၊ ။ ဒီလိုသိဒါလဲဘဲ ဆရာကဟောပြလို့ သိတဲ့အသိ၊ တွေးသိ၊ ဆသိမျိုး တဆင့်ကြား အနုဿဝဉာဏ်နဲ့ သိတဲ့အသိမျိုး၊ စဉ်းစားဉာဏ်နဲ့ သိရတဲ့အသိမျိုးဘဲ။

ပုထုဇဉ်တို့ သစ္စာသိနည်းက ထိုးထွင်းသိမဟုတ်ဘူး၊ " စက္ခုံ ဥဒပါဒိ ဉာဏံဥဒပါဒိ " စသည် မဖြစ်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်ထိုးထိုး ထွင်းထွင်းသိတဲ့ တကဲ့အသိမျိုး မဟုတ်ဘူးလို့ မှတ်ကြ၊ ရှင်းကြပလား ?။

အရိယာတို့သိတဲ့ အသိက သစ္စာလေးပါးကို ကိုယ်တိုင်-ကိုယ်ကျ ထိုးထွင်းပီးသိကြတယ်၊ "ဒိဋ္ဌမေ့ဝ ပတ္တမေ့ဝ ဝိဒိတမေ့ဝ ပရိယောဂါဠှမေ့ဝ တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော" ဆိုတဲ့ အဖြစ်မျိုးနဲ့ ကိုယ်တိုင်သိဒါလို့ မှတ်ကြ။

အရိယာတို့ သစ္စာသိတဲ့ အခါမှာ ဥပမာအားဖြင့် ဆီမီးခွက် ညှိထွန်းလိုက်သလိုပါဘဲ၊ ၊မီးခွက် မီးထွန်းလိုက်တဲ့ အခါမှာ မီးစာကျွမ်းခြင်း, ဆီကုန်ခန်းခြင်း, အမှောင်ပျောက်ခြင်း, အလင်းရောက်ခြင်းဆိုတဲ့ လေးကိစ္စ အခါထဲပြီးစီးသလို သစ္စာသိတဲ့ နေရာမှာလဲ-

(၁) ဒုက္ခသစ္စာ ပိုင်းခြားသိမှု။
(၂) သမုဒယသစ္စာ ပယ်မှု။
(၃) နိရောဓသစ္စာ မျက်မှောက်ပြုမှု။
(၄) မဂ္ဂသစ္စာ ပွားများမှု။

ဆိုတဲ့ ကိစ္စလေးချက်ကို တပြိုင်နက် တချက်ထဲ ပြီးစီးစေတယ်၊ ဆီမီးထွန်းတဲ့ ဥပမာအတိုင်း တပါးစီ တပါးစီ သီးခြားလုပ်နေစရာမလိုဘူး၊ ဒုက္ခသစ္စာတပါးသိဒါနဲ့ လေးပါးလုံး ပြီးစီးနိုင်တယ်လို့ မှတ်ကြ။

ဒီတော့ ဒို့ဒကာတွေ ဒုက္ခသစ္စာတပါးထဲလောက်တော့ လုပ်ဘို့လွယ်ပါတယ်၊ မလွယ်ဘူးဆိုဒါ မလုပ်လို့ မလွယ်ဒါလို့ မှတ်ကြ၊ဒီတပါးတော့မခဲယဉ်းပါဘူး လုပ်ပါတော့မယ်လို့ ဆုံးဖြတ်ချက်ချကြ၊ ဒီတစ်ကိုမှ မလုပ်ချင်ကြရင် သုညဘဲကျန်တော့တယ်၊ သုညဆိုရင်

ဥထဲက ဘယ်တော့မှ မထွက်တော့ဘူ ဥထဲမွေး, ဥထဲနေ, ဥထဲမှာဘဲ သေကြမဲ့ ဖိုးသုညတွေလားလို့ မေးထိုက်မမေးထိုက် စဉ်းစားကြ။

သစ္စာမသိသေးရင် အပါယ်လေးပါးရှိသမျှပစ္စည်း ကိုယ့်ပစ္စည်း အပါယ်လေးပါးရှိသမျှဟာ ကိုယ်ပိုင်ဘဲလို့ မှတ်ထားကြ၊ တခါတ ရံလောက် အပါယ်လေးဘုံက ပေါ်လာရတဲ့အခါ သုံးဆဲ့တဘုံ မှာ မီးဟုန်းဟုန်းတောက်သမျှ ကိုယ့်ဘုံ, ကိုယ့်လောင်ဘုံလို့မှတ် ကြ၊ သင့်ဘာပါကြရဲ့လား ?။

သတ္တာမှန်သမျှဟာ အကုသိုလ်မရှိသူ, အကုသိုလ်ကင်းတဲ့ သူရယ် လို့ မပါကြပါဘူး။ အကုသိုလ်မှုတွေဟာ ဘဝအဆက်ဆက်က ပါ လာကြဒါ မြေမှုန့်-အထုထက်ပင် များချင်များလေအုန်းမယ်၊ ၊ ဒီအကုသိုလ်ထု မကောင်းမှု ကြွေးတွေကို ဘာနဲ့များဆပ်ကြမလဲ ?၊ ဘယ်လိုလုပ်ပီး ကျေကုန်အောင်ဆပ်ကြမလဲ?၊ ဒီသစ္စာလေးပါးမသိ ရင်၊ ခန္ဓာနဲ့ဆပ်ရမယ်၊ ခန္ဓာနဲ့ဆပ်တော့ ဘယ်လောက်ကြာအောင် များ ဆပ်ရမှာလဲ?၊ မကျေ-ကျေအောင် ခန္ဓာအမျိုးမျိုးနဲ့လှည့်ပီး အကုန်ဆပ်ကြရမှာ၊ ဘယ်လောက်ကြာတေ့န်းဆိုဒါ၊ အဆုံးမမြင် တော့ဘူး။

ဒီသစ္စာကိုသိလိုက်ရင် ကြွေးအားလုံး အခုကျေမယ်၊ နောက်ခန္ဓာ နဲ့ ဆပ်စရာမလိုတော့ဘူး၊ အင်္ဂုလိမာလကိုကြည့်ကြ၊ ဘဝအဆက် ဆက်ကပါလာတဲ့ ကြွေးတွေအပြင် အဲဒီဘဝမှာတင် အကုသိုလ်ကြွေး တွေ အများကြီး တင်လိုက်သေးတယ်၊ ဒါပေမဲ့ သစ္စာကိုသိဒါနဲ့

တပြိုင်နက် အဲဒီကြေးတွေအကုန် ကျေတော့တယ်၊ ဆပ်ဘို့မလိုတော့ဘူး။

ဒကာတို့တတွေ သံသရာကြွေးတွေ အနန္တနဲ့ ပေါ့ပေါ့တန်တန် နေ-နေကြမယ်ဆိုရင် ခန္ဓာနဲ့ ကုန်းရုန်းပြီး မကျေ-ကျေအောင်ဆပ်ရအုံးတော့မယ်၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်များ မနေလိုက်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်။

" ပမတ္တဿ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ "

"မေ့လျော့ပေါ့တန်သူအဘို့ရာ အပါယ်လေးဘုံဟာကိုယ့်အိမ်ကိုယ့်ရာနဲ့ တူပါတယ်"လို့ ဓမ္မပဒမှာ ဟောတော်မူခဲ့တယ်၊ ဥပမာဆိုရင် ဒကာတို့တတွေ ဈေးထွက်ရောင်းကြ ညနေ အချိန်တန်တော့ အိမ်ပြန်လာကြရတယ်၊ကိစ္စရှိလို့ ခရီးတို-ရှေသွားကြ လာကြ၊ အချိန်တန်တော့လဲ ကိုယ့်အိမ်ဘဲ ပြန်လာကြရတယ်၊ ဘယ်ကိုဘဲ သွားကြသွားကြ ခဏလောက်ဘဲ၊ အချိန်တန်တော့ ကိုယ့်အိမ် ကိုယ်ပြန်တဲ့လူချည့်ဘဲ။

ကိုယ့်အိမ်ကို မပြန်တဲ့လူရယ်လို့ မရှိပါဘူး၊ ပြန်တဲ့လူချည့်ဘဲဒါ—ဘာ့ကြောင့်လဲ ?၊ ကိုယ့်အိမ်ပိုင် အိုးပိုင်ကို ပြန်ရမှာဘဲပေါ့၊ ခင်ဗျားတို့လဲ မေ့မေ့လျော့လျော့ နေကြရင် ကိုယ်အိမ်ကို ပြန်ကြအုံးပေါ့၊ ရိပ်မိကြပလား ?၊ ၊ဘုန်းကြီးက ချောက်ဟောနေတယ်လို့ မမှတ်လိုက်ကြနဲ့၊ ခင်ဗျားတို့ တကယ် သွားရမှာမို့ သနားလို့ ပြောနေဒါပါ၊

ဒကာတို့တတွေမှာ နောက်-နောက်ဘဝ သံသရာအဆက်ဆက် က ပါလာကြတဲ့၊ အကုသိုလ် "အပရာပရိယဝေဒနိယ" ကမ်တွေ "ဥပပဇ္ဇဝေဒနိယ" ကမ်တွေက မနဲဘူး၊ ဒီ- အကုသိုလ် ကမ်တွေကို ဉာဏ်နဲ့ဆပ်မှသာကျေမယ်၊ ဉာဏ်နဲ့မှမဆပ်နိုင်ရင် ခန္ဓာနဲ့ဆပ်ကြရ လိမ့်မယ်၊ ခန္ဓာနဲ့ သာဆပ်ကြရင် ဘယ်တော့မှ- မပြီးပြတ်နိုင်ဘူး၊ လွတ်ရက်-ကျွတ်ရက် မမြင်နိုင်တော့ဘူးလို့ မှတ်ကြ၊ ရိပ်မိကြပလား?။

သစ္စာမသိတဲ့အဖြစ်ဟာဘယ်လောက်ဆိုးတယ်-ဆိုးလိမ့်မယ်ဆိုဒါ စဉ်းစားကြ၊ ကြင်ကြပ်စဉ်းစားကြ။

လောကမှာ ဘယ်သူ့မှ အားကိုးရာမမြင်ဘူး၊ ဘယ်သူမှလဲ မကယ်နိုင်-မယူနိုင်ပါဘူး၊ ကယ်မဲ့သူ ယူမဲ့သူဟာ မဂ်ဘဲရှိပါတယ်၊ တခြား - ဘာမှမရှိဘူး၊ မဂ်မှတပါး - သစ္စာမှတပါး အားထားစရာ ကိုးကွယ်စရာ မရှိဘူးလို့ မှတ်လိုက်ကြ။

"ဓမ္မော မေ သရဏံ အညံ နတ္ထိ"တဲ့၊ ဒကာတို့တတွေ ငယ်ငယ် ကထဲက ဆိုလာကြတယ်၊ ဘာကိုဆိုဒါရယ်လို့ကော သိကြရဲ့လား?၊ "တရားတော်ဟာ ငါ၏ ကိုးကွယ်အားထားရာဘဲ၊ တရားတော်မှ တပါး အားထားစရာ, ကိုးကွယ်စရာ ဘာမျှမရှိပါတကား" လို့ ဆိုတဲ့ အဓိပ္ပါယ်ဘဲ၊ တရားတော်ဆိုဒါ သစ္စာတရားကို ဆိုဒါလို့ မှတ် ကြ၊ သဘောပါကြပလား ?။

သံသရာ ကျင်လည်တဲ့ အခါ ဒုဂ္ဂတိမှာသာ အနေရများတယ်၊ "သကဂေဟ သဒိသာ" ဆိုတဲ့အတိုင်း ဒုဂ္ဂတိဟာ အိုးပိုင်, အိမ်ပိုင်

အဖြစ်နဲ့ ရှိနေကြတယ်၊ ၊တခါတရံ သုဂတိဘုံဘဝ ဆိုဒါဟာ- ကောင်းကင် မြှောက်လိုက်တဲ့ ခဲ ဥပမာလိုပါဘဲ၊ ကောင်းကင် မြှောက်တဲ့ ခဲ အရှိန် တက်နေသလောက်ဟာ သုဂတိနေရဒါဘဲ၊ အောက်ကျပြီး မြေကြီးထဲမှာ နေရတဲ့သဘော နေရတဲ့ အချိန်ဟာ ဒုဂ္ဂတိနယ်မှာ နေရဒါနဲ့ အတူတူပါဘဲ။

ဒီတော့ ဒီလိုအခါကောင်းမျိုးမှာ သစ္စာမသိရင် မဖြစ်ကြဘူး ဆိုဒါ ဆုံးဖြတ်ပြီး မရ,အရ, ကြိုးစားယူလိုက်ကြလို့ တိုက်တွန်းလိုက်တယ်။

ယနေ့- တနာရီစေ့သွားဘိ ဒီတွင် တော်ကြအုံး။

# ဓမ္မရတနာ-မာတိကာ

"သာသနာတွင်းမှာ ကြုံခဲ့စွာ တရားတော်"

## ဒါနအရာ မကိုးသာ

(၁)----မလ္လိကာမှာ၊ ဒါနရာ၊ လျှူရှာ ပြိုင်ဘက်ကင်း။

(၂)----သစ္စာမသိ၊ သေတုံဘိ၊ ဝိစိပါယ်လက်ငင်း။

## သီလနှင့်လည်း ကျိုးမပြီး

(၁)----ကဿပရှင်၊ လက်ထက်တွင်၊ လွန်စင် သီလရင်း။

(၂)----နှစ်, နှစ်သောင်းတိုင်၊ ကျင့်မျိုးပိုင်၊ ကျော်လှိုင်ယနံ့သင်း။

(၃)----သစ္စာမမြော်၊ သေလွန်သော်၊ ပိန်းပျော်နဂါးစင်း။

## သမထပင် ကျိုးမထင်

(၁)----ဈာနအဘိညာ၊ တန်ခိုးဖြာ၊ တေဇာရှားအိခြင်း၊

(၂)----ရှေ့နောက်ကမ္ဘာ၊ လေးဆယ်မှာ၊ ဉာဏ်ဝါ ကျော် ----ဘောက်ထွင်း၊

(၃)----သမထစိုး၊ မြေကိုလျှိုး၊ ထက်မိုး နဘံနင်း။

(၄)----သစ္စာဉာဏ်တုံး၊ သေလွန်ဆုံး၊ ရုပ်သုဉ်းပစ္စန်ချဉ်း။

တရားသား: ကောင်းဒါလုပ်ရင် ကောင်းကျိုးရ ရမယ်၊ မကောင်း ဒါလုပ်ရင် မကောင်းကျိုး ခံစားရမယ်ဆိုတဲ့၊ ယုံကြည်ချက် ကမ္မဿကတာ ဉာဏ်ဟာ သာသနာပဉာဏ်ဘဲလို့ မှတ်ကြ၊ ဒီသာသနာပ,ဉာဏ် ကမ္မဿကတာ ဉာဏ်လောက်နဲ့ ဝိဇ္ဇာဉာဏ် မပေါက်နိုင်သေးပါဘူး၊ ဒါကြောင့် အင်မတန် ကြုံကြိုက်ခဲ

တဲ့ သာသနာတွင်း ကြုံနေတဲ့အခါ သာသနာပ, ဥာဏ်မျိုး, အလုပ်မျိုးလောက်နဲ့ တင်းတိမ်မနေကြနဲ့လို့ ပြောလိုက်ပါတယ်။

သာသနာတွင်းမှာ သာသနာပ, အလုပ်မျိုး လုပ်နေရင် တင်းတိမ်နေရင် သာသနာတွင်းမှာ လူဖြစ်ရပေမဲ့ သာသနာ တွင်းသား မဖြစ်သေးဘူး၊ သာသနာတွင်းသားလို့ မခေါ်နိုင်သေးဘူး၊ ဒီပဋ္ဌမကမ္မဿကတာ ဥာဏ်လောက်နဲ့ဘဲ သေကြရတယ်၊ ဒါ-ဘာ့ကြောင့်လဲ ?၊ ဆရာကောင်း သမားကောင်း မတွေ့လို့၊ ဆရာသမားကောင်း မကြုံရလို့ဘဲ။

ကိုယ့်အထက် အထက်က ဘိုးတွေ- ဘွားတွေ သေသွားကြဒါကို ကြည့်ကြ၊ အဲဒါတွေကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်လဲ ဆန်းစစ်ကြည့်ကြ ဒီလိုဘဲ သေကြမလား ?၊ လူသာမန်အဖြစ်, လူတိုင်း ထဲက လူ- တယောက် အဖြစ်နဲ့ အသေခံကြမလား ?၊ ၊ ထူးခြားမြင့်မြတ်တဲ့ လူတယောက်, ပုဂ္ဂိုလ်ထူးတယောက်အဖြစ် ရောက်အောင် ကြိုးစားကြမလား ?၊ စဉ်းစားကြ။

သာသနာဆိုတဲ့ အဆုံး-အခ အကုန်မရကြရင် အလွန်နစ်နာကြမယ်၊ နစ်နာသလောက်တော့ အပါယ်သံသရာက တက်နိုင်ကြဘို့ မရှိဘူး၊ အင်မတန်မှ အခွင့်သင့်လို့ လူ့ဘဝလဲရောက်လာ, သာသနာနဲ့လဲ ကြုံကြိုက်- ဒီလိုအခါမှာမှ မိုက်ကြအုံးမယ်ဆိုရင် တက်တက်စင်အောင် လွဲဘီလို့ မှတ်ကြ၊ လွဲသမှ ပြင်မရအောင် လွဲမဲ့အလွဲ မဟာအလွဲတော်ကြီးပါဘဲ။

ကိုယ့်ကိုယ်ကိုယ် သေသေချာချာ စစ်ဆေးကြည့်တော့ ဘာမှ မ ဟုတ်ကြသေးဘူး၊ မသေပျော်သေးဘူးဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒို့ ဒကာတွေက သာသနာတွင်း ကြုံတယ်ဆိုပြီး ဝမ်းသာနေကြတယ်၊ ဘာရယ်လို့မသိကြဘဲ၊ ရမ်းပြီး ဝမ်းသာနေကြဒါပါ၊ ဒီကရှေ့ ဘာ မှ မထူးခြားသေးဘဲ၊ ရမ်းပြီး ဝမ်းသာမနေကြနဲ့။

စတုတ္ထဥဒ္ဒါ ကွာရုံနဲ့လဲ ဝမ်းသာဘို့မဟုတ်သေးဘူး၊ သာသနာ တွင်း မရောက်သေးဘူးလို့ မှတ်ကြ၊ ဒီလိုဆိုရင် သမထ လောက် များနဲ့ဖြင့် ဝေးပါသေးရဲ့၊ လိုရင်းမရောက်သေးပါဘူး၊ လိုရင်းက ကျန်သေးတယ်၊ လိုရင်းက ငါးအဝိဇ္ဇာ ကွာမှ ရောက်မယ်လို့ မှတ် ကြ၊ ဒီငါးနံပါတ်ဉာဏ် သစ္စာဉာဏ်ကမှ သာသနာတွင်း တရား-အ စစ်လို့မှတ်၊ ရှင်းပလား ?။

ဒီတော့ ဒို့ဒကာတွေ သာသနာတွင်း တရားဖြင့် ကြိုးစားဘို့ သင့် ကြတယ်၊ မသင့်ကြသေးဘူးလား ?၊ မသင့်ကြသေးရင်ဖြင့် ဘေးဆိုး က လွတ်ရက်မရှိဘူးလို့ မှတ်ထားကြ၊ သာသနာတွင်း ကြုံတဲ့အခါ သာသနာတွင်းတရားကို ရအောင်ယူလိုက်ကြ၊ ဒါမှ သာသနာ့ အရ သာ တွေ့ကြမယ်။

သစ္စာ တရားဆိုဒါ ဘုရားပွင့်မှသာပေါ်ဒါ၊ ဘုရားမပွင့်တဲ့အခါ မျိုးမှာ မပေါ်နိုင်ဘူး၊မည်သူတဦးတယောက်မှလဲ ဟောမပြနိုင်ဘူး၊ ဘုရားရှင်မှတပါး သစ္စာတရားကို ဟောပြနိုင်တဲ့သူ ပေါ်တယ်ဆိုဒါ အရာမဟုတ်ဘူး၊ ဒီတော့ ဒို့ဒကာတွေမှာ အတိဒုလ္လဘဖြစ်တဲ့၊ သစ္စာ

တရားကို ကြားနာရဘို့ ကိုယ်ပိုင်ရဘို့ အဆင်သင့်နေကြဘီ၊ ဒီအခွင့်ကောင်းကိုမှ လက်လွှတ်ခံလိုက်ရရင် ဒီထက်အရှုံးဖြင့် မရှိတော့ဘူးလို့ မှတ်ကြ။

ဒကာတို့တတွေ သာသနာကြုံပေမဲ့ သာသနာတွင်း ရောက်တာဟာ တယ်မကြာသေးပါဘူး၊ သာသနာတွင်း ရောက်တဲ့အချိန်ဟာ အလွန်ကို နဲပါးပါသေးတယ်၊ သာသနာတွင်း မွေးသက်ဟာ ဆရာကောင်းနဲ့ တွေ့တဲ့အချိန်ကမှ စရဒါပါ၊ အခု ဒကာတို့တတွေ ဆရာကောင်းနဲ့ တွေ့ရဒါဟာ နာရီပိုင်းလောင်းဘဲ ရှိသေးတယ်၊ ဒါကြောင့် သာသနာတွင်းရောက်တာ တယ်မကြာသေးဘူးလို့ ဆိုရဒါ၊ ရိပ်မိကြပလား ?။

ရှင်အဖြစ်, ရဟန်းအဖြစ်ဆိုဒါလဲ စင်စစ်အားဖြင့် သာသနာတွင်းရောက်ပါဘီလို့ မဆိုနိုင်သေးဘူး၊ မုချ မဟုဘ်သေးဘူးလို့ မှတ်ရမယ်၊ ဘာ့ကြောင့်တုံးဆိုတော့ သာသနာ့ အရသာ မခံစားရသေးလို့ဘဲ၊ ရှင်,ရဟန်းအဖြစ် ရောက်လာပေမဲ့ သာသနာ့ အစစ်တရား၊ ကိုယ့်သန္တာန်မှာ မရသေးရင်ဖြင့်၊ သာသနာတွင်း အစစ်လို့ မဆိုနိုင်သေးဘူး၊ ဒါကြောင့်မို့ ဒကာတို့တတွေဟာ သာသနာပ, လူတွေထက် နဲနဲလောက်ဘဲ သာသေးတယ်လို့ မှတ်ကြ။

သစ္စာလေးပါးကို ထိုးထွင်းမသိသေးရင်, မသိသေးသမျှ, သာသနာတွင်းသား အစစ်မဟုတ်သေးဘူး၊ ဒီတော့ သာသနာတွင်းသားအစစ်ဖြစ်နိုင်ဘို့ သစ္စာသိအောင် သစ္စာဉာဏ်ကိုယ်ပိုင်ရအောင် ကြိုးစားကြ။

သစ္စာသိတဲ့နေရာမှာ ပုတုဇဉ်သိ မလိုဘူး၊ အရိယာသိ လိုတယ် အရိယာသိ့ သိမှသာ အသိမှန်ဖြစ်တယ်၊ ၊ ပုထုဇဉ်က တဆင့်ကြား "အနုဿဝ" နဲ့ သိရဒါ၊ အရိယာက ကိုယ်ပိုင် ဥာဏ်နဲ့ ကိုယ်တိုင်သိရဒါ၊ မိုးနဲ့ မြေကြီးပမာ ကွာခြားတယ်၊ ပုထုဇဉ်က၊ မှန်းဆပြီးသိရဒါ၊ သောတာပန်က ကိုယ်တိုင် ဒိဋ္ဌ ဥာဏ်နဲ့ မြင်ပြီး သိရဒါ၊ ရှင်းကြပလား ?။

သစ္စာမသိသေးရင် မပြုံးနိုင်ကြသေးဘူး၊ အခု ပြုံးနေကြဒဟာ လက်လွှတ်စပယ်ပြုံးဘဲ၊ သစ္စာမသိဘဲ ပြုံးဒါဟာ မသိပြုံး. ပြုံးဒါလို့ မှတ်ကြ၊ သစ္စာမသိဘဲ ကျွတ်ပီ လွတ်ပီလို့ ပြုံးနေရင် မသိပြုံး, ပြုံးဒါဘဲ၊ အခုပြုံးသလောက် နောက်အခါ မဲ့ရမယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ၊ အလုပ်မှ မလုပ်ရသေးရင် မပြုံးနိုင်သေး, ဘူး၊ မဲ့ပြုံး မဖြစ်ရအောင် ကြိုးစားကြ။

မဂ္ဂင်အလုပ် သစ္စာအလုပ် မလုပ်မိကြရင် အကုသိုလ်တွေကို ခန္ဓာနဲ့ ဆပ်ရမယ်၊ အသေနဲ့ ဆပ်ရမယ်၊ ဟိုဘဝရောက်ပီးသေလိုက်၊ ဒီဘဝရောက်ပီးသေလိုက်၊ အသေက မဆုံးတော့ဘူး၊ အဲဒီအဆုံးမရှိတဲ့ အသေခန္ဓာနဲ့ မဆုံးနိုင်အောင် ဆပ်ကြရမယ်၊ မလုပ်ချင်ရင် ဆပ်ဘို့သာ ပြင်ထားကြတော့၊ ခန္ဓာနဲ့ ဆပ်ကြမလား ?၊ မဂ်နဲ့ ဆပ်ကြမလား ?၊ စဉ်းစားကြ။

မဂ်နဲ့ ဖြတ်ရင် ဆပ်စရာမကျန်တော့ဘူး၊ တခါထဲနဲ့ အကုန်ကျေနိုင်တယ်၊ မဂ်ရဘို့ သစ္စာရဘို့ကလဲ ဆုတောင်းနေလို့ မရနိုင်ဘူး

လုပ်ယူမှရမယ်၊ မလုပ်ရင် မရနိုင်ဘူး၊ ၊လုပ်ဆိုပေမဲ့ ခက်ခက်ခဲခဲ ကြီး မလုပ်ရပါဘူး၊ ဆရာသွားကောင်းတွေလို့ အကြောင်းအင်္ဂါနဲ့ ညီညွတ်ရင် ခဏကလေး လုပ်ရမှာပါ၊ တယ်မကြာပါဘူး၊ ခဏက လေးနဲ့ ရနိုင်ပါတယ်။

ဒီအကြောင်းဟာ အလွတ်ပြောနေဒါ မဟုတ်ပါဘူး၊ ၊မဇ္ဈိမ-ပဏ္ဏာသ ပါဠိတော်မှာ ဗောဓိရာဇကုမာရ ကို ဟောတော်မူခဲ့ဒါ အထင်အရှားရှိတယ်၊ သံသယမရှိကြနဲ့။

"သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ၊
ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ"

"ညက အားထုတ်ရင် မနက်မှာ အရဟတ္တဖိုလ် ရနိုင်တယ်၊ မနက် က အားထုတ်ရင် ညမှာရနိုင်တယ်" လို့ ဆိုတဲ့ အဓိပ္ပါယ်ဘဲ၊ ၊ ဒီလိုဆိုရင် အားထုတ်ကြဘို့များ မသင့်ဘူးလား ?၊ ကြိုးစားလိုက်ကြ။

သာသနာပကိစ္စ, ဒါန-သီလ, သမထလောက်နဲ့ဖြင့် ချောက်ကျ ဘို့သာ ပြင်ထားကြ၊ အားမကိုးလောက်ကြ သေးပါဘူး၊ ၊မလ္လိကာ မိဖုယားဟာ သူမတူအောင်လှူတဲ့ အသဒိသဒါန အလှူတော်ကြီး ပေးပီးသေလွန်တဲ့အခါ အဝီစိကျရရှာတယ်၊ ဒါ-ဘာ့ကြောင့်လဲ ?၊ သစ္စာမသိလို့, သစ္စာကသာ ကယ်နိုင်ဒါ၊ ဒါနက မကယ်နိုင်ဘူး။

ဒီတော့ ဒို့ဒကာတွေ ဒါနလောက်နဲ့ဖြင့် စိတ်ချနေလို့ဖြစ်ပါ့မ လား ?၊ မဖြစ်ပါဘူး၊ ရိပ်မိကြပလား ?၊ ဒို့ဒကာတွေ ဘာများ အားကိုးကြသေးတုံး ?။

သီလနဲ့လဲ စိတ်မချရသေးပါဘူး၊ ကဿပဘုရားရှင် လက်ထက်တော်က သာသနာဘောင်ဝင်ပြီး ကုဋေ ကိုးထောင်ကျော်ရှိတဲ့ သီလသိက္ခာပုဒ်တော်တွေကို အနှစ်- နှစ်သောင်းတိုင်တိုင် ကျင့်သုံးဆောက်တည်ခဲ့တဲ့ ရဟန်းတော်ကလေးဟာ စုတိကျတဲ့ အခါမှာ နဂါးစိမ်းကြီး ဖြစ်ရရှာတယ်၊ ပိန်းပင်ခြေမှာ တော်ရာစားသောက်ပြီး နေရတဲ့ နဂါးစိမ်းကြီးတဲ့၊ ဘလောက်ကြာကြာ ဖြစ်ရတုံးဆိုရင် သိတ်တော့မကြာပါဘူးတဲ့၊ ကဿပဘုရား ဒီဘက်မှာ ခုထိအောင် ကျွတ်လွတ်ခွင့် မရရှာသေးဘူး။

ဒို့ဒကာတွေ ကြပ်ကြပ်စဉ်းစားကြ၊ ဘလောက်များ ကြောက်စရာကောင်းသလဲ ?၊ အဲဒါ သစ္စာမသိလို့- သစ္စာမသိသမျှ ကယ်သူနဲ့ဝေးကြလိမ့်မယ်၊ သူကျင့်သုံးခဲ့တဲ့ သီလတွေကလဲ့ မကယ် - မယူနိုင်အောင် အဖြစ်ဆိုးကြုံရရှာတယ်၊ သစ္စာမသိတဲ့ အဖြစ်ဟာ ဘလောက်ဆိုးသလဲ ဆိုတဲ့အချက် ပေါ်ကြပလား ?၊ ဒါဖြင့် ဒို့ဒကာတွေ ဘာများ အားကိုးကြသေးတုံး ?။

သာသနာပ- သမထမျိုးဟာလဲ အားမကိုးရဘူး၊ ကာဠဒေဝိလရသေ့ကြီးဟာ နှယ်နှယ်ရရ မဟုတ်ဘူး၊ အဘိဉာဏ်အစွမ်းနဲ့ ရှေ့--နောက်၊ ကမ္ဘာလေးဆယ် ကြည့်မြင်နိုင်တယ်၊ ဒါပေမဲ့ သာသနာမကြုံလို့ သစ္စာသိခွင့် မရလိုက်ရှာဘူး၊ ။အာဠာရတို့ ဥဒကတို့အတွက်လဲ သာသနာခေတ်နဲ့ လွဲသွားကြလို့ ဘုရားကိုယ်တော်တိုင် ရင်မ, ရှာတယ်။

"အော်··· အဖြစ်ဆိုးလေခြင်း, ရှုံးခြင်းကြီး ရှုံးလေခြင်း"လို့ ဆိုပြီး ရင်မ· တော်မူရှာတယ်၊ သစ္စာသိခွင့်မရရှာကြဘူး၊ သစ္စာဉာဏ် မရလိုက်ကြလို့ သံသရာဒုက္ခ ကျွတ်လွတ်ခွင့် မရနိုင်တော့ဘူးဆိုပြီး၊ အလွန် သနားတော်မူလွန်းလို့ဘဲ၊ ၊သစ္စာမသိသေးသူ မှန်ရင် အလွန် သနားစရာကောင်းတဲ့ သူချည့်ပါဘဲ၊ ဒါကြောင့် ဒို့ဒကာတွေ ရတုန်းရခါမှာ သစ္စာဉာဏ် ကိုယ်ပိုင်ရအောင် ကြိုးစားသင့်တယ်လို့ ဆုံးဖြတ်ကြ။

သစ္စာဉာဏ် ကိုယ်ပိုင်မရသမျှ သနားစရာ အဖြစ်က မလွတ်နိုင်ကြ တော့ဘူး၊ ၊ဘာမျှား အားကိုး နေချင်ကြသေးတုံး ?၊ အားကိုး မှားကြမယ်, အားကိုး မမှားကြစေနဲ့၊ အားကိုးမှားရင် သံသရာ တခွင်လုံး စုံးစုံးမြုပ်မယ် ကြံတော့ဘဲ၊ ၊သစ္စာတရားမှ တပါး တခြား အားကိုးစရာ မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချကြ၊ ညွှန်ပြ တတ်တဲ့ဆရာနဲ့ ကြုံတုန်း သစ္စာဉာဏ် ကိုယ်ပိုင် ယူလိုက်ကြလို့ တိုက်တွန်းလိုက်ပါတယ်။

ကိုင်း ·· ယနေ့ ·· ဒီတွင် ·· တော်ကြအုံး။

# ဓမ္မရတနာ-မာတိကာ

## "ခန္ဓာရှိသမျှ ကြွေးဆပ်ရတရားတော်"

**ဆောင်ပုဒ်**

ဒါန,သီလ၊ သမထ၊ ကျန်ထ ကိလေသာ။
ကိလေကျွန်က၊ ခန္ဓာရ၊ ကံက ထက်ချပ်ပါ။
ကံကစီရင်၊ ထက်အောက်ခွင်၊ စုံလင်ရခန္ဓာ။
အထက်ဆန်ကြ၊ အောက်စုံရ၊ ဒုက္ခသင်္ချေပါ။
ကြွေးဟောင်းမကျေ၊ ကြွေးသစ်ပွေ၊ မြုပ်လေစုံးစုံးသာ။
ခန္ဓာဖြင့်ပင်၊ တုံ့ဆပ်လျှင်၊ ဘယ်တွင်ဆုံးနိုင်ရာ။
ဉာဏ်ဖြင့်ဆပ်က၊ ခုဘဝ၊ မုချ ကျေမည်သာ။

**သတိချပ်ရန်**

စောင်းထောင်မြင့်မား၊ ချောက်ကမ်းပါး၊ ကြောက်အား
ဘွယ်လိလိ။
လိမ့်လဲကျလျှင်၊ ရိုးသားပင်၊ မွစင်ညက်ညက်စိ။
စောက်ထိုးကျရာ၊ ထိုဖြစ်မှာ၊ ဘဇာ ကြောက်ဘွယ်ရှိ။
သစ္စာမရ၊ ထိုသူမှ၊ ကြီးစွာ ကြောက်ဘေးရှိ။
သစ္စာမသိသူ၊ ဆင်းရဲထူ၊ ကယ်ယူဘိတ်မရှိ။
သံသရာ့သစ်ငုတ်၊ ဝဇီလုတ်၊ စုံးမြုပ်ဒုဂ္ဂတိ။

**တရားသား** ဒီကနေ့ သစ္စာသံယုတ် ပါဠိတော်မှာလာတဲ့ ဥပမာ စကား-အမှိုပ္ပါယ်ကိုမှတ်ရမယ်၊တနေ့သောအခါဘုရားရှင်က ရဟန်းတော်တပါးကို ခေါ်ဆောင်တော်မူပြီး အလွန်တရာ

မြင့်မား‌ မတ်စောက်လှတဲ့ တောင်ထွတ်၊ တောင်ထိပ်တခုပေါ်ကို ကြွသွားတော်မူတယ်၊ တောင်ထိပ်ပေါ် ရောက်ရင်ဘဲ ဘုရားရှင်က အတူပါလာဘဲ့ ရဟန်းကို မေးမြန်းတော်မူလိုက်တယ်။

"အို… ချစ်သား ဒီလိုအလွန်တရာ မြင့်မား‌ မတ်စောက်တဲ့ တောင်ထိပ်ပေါ်ကနေပြီး အသူတရာမက နက်တဲ့ တောင်စောင်း ချောက်ကမ်းပါးထဲကို မဘော်တဆ ကျသွားခဲ့ရင် သင့်စိတ် ဘယ်လိုရှိပါ့မလဲ?"

ဒီအခါမှာ အတူပါလာတဲ့ ရဟန်းတော်က "မှန်လှပါဘုရား‌ အလွန်တရာ ကြောက်စရာ ဘေးဆိုးကြီးဘဲလို့ အောက်မေ့မိပါသည် ရှင်ပင်ဘုရား"။

ဒီလိုပြန်လည် လျှောက်ထားတဲ့ အခါမှာ ဘုရားရှင်က "ဒါဟာ ကြောက်စရာ မဟုတ်သေးဘူး၊ ဒီ‌ ဘေးဆိုးလောက်ဟာ တကယ် ကြောက်ဘို့ မကောင်းသေးဘူး၊ အမှန်ကြောက်စရာ ကောင်းဒါက သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် မရဒါကမှ ဒီထက် အဆ‌ရာ ထောင်မကပိုပြီး ကြောက်ဘို့ကောင်းတယ်၊ ဒီလို‌ချောက်ကမ်းပါးက အကြိမ်တခါသာ သေဘို့ရှိတယ်၊ အခုပြောတဲ့ သစ္စဉာဏ်၊ကိစ္စဉာဏ် ကတဉာဏ် မရတဲ့ အဖြစ်ဟာ မျက်ရည် အစ မသတ်နိုင်အောင် ဒုက္ခ ထုထယ် ကြီးမားသေးတယ်"။

"ဥပမာဆိုရင် အစောက်အဝန်း ၀ါးမိုင်ခန့်ရှိတဲ့ တွင်းထဲမှာ ရေ အပြည့် ရှိတယ်ဆိုပါတော့၊ အဲဒီတွင်းထဲက ရေတွေကို သမန်းမြက်နဲ့

ထုပ်ယူလိုက်ပါ၊ ဒီလိုသမန်းမြက်နဲ့ ထုပ်ယူလို့ ပါတဲ့ရေနဲ့ဥဒကာ-သုံးပါး ရတဲ့သူနဲ့ ညီမျှတယ်၊ တွင်းထဲမှာ ကျန်တဲ့ရေနဲ့ ဥဒကာသုံးပါး မရတဲ့သူနဲ့ ဥပမာညီမျှတယ်၊ ဒုက္ခအထုဆင်းရဲမှုတွေကလဲ ဥဒကာသုံး ပါး- မရရင် အဲဒီတွင်းမှာ ကျန်တဲ့ရေနဲ့ အညီအမျှဘဲ ခံရလိမ့်မယ်၊ ဘယ်တော့မှ ဆုံးရက် မမြင်တော့ဘူး၊ ဒါကြောင့် ဒီဥဒကာသုံးပါး မရတဲ့သူအဘို့က ချောက်ကမ်းပါးပြတ်ထဲ စောက်ထိုးကျရမဲ့ ဒုက္ခ ထက်၊ အဆ ရာ-ထောင် မက ပိုလို့ ပိုပီးကြောက်စရာ ကောင်းတယ် လို့ မှတ်ရမယ်ချစ်သား” လို့ မိန့်တော်မူတယ်။

ထို့နောက် ဆက်လက်ပီး ဥပမာစကား မိန့်ကြားတော်မူပြန် တယ်။

“ချစ်သား--- ယူဇနာ ငါးဆယ်ပတ်လည် ရေကန်ကြီးထဲမှာ ရှိတဲ့ရေတွေဟာ ဘယ်လောက်များမယ် ထင်သလဲ?”လို့ မေးတော့။

“မှန်ပါဘုရား--- မခန့်မှန်း နိုင်လောက်အောင် များပြားလှပါ တယ်ဘုရား” အဲဒီလို လျှောက်ထားတယ်၊ ဒီတော့--

“ချစ်သား--- အဲဒီကန်ထဲက ရေတွေကို ရေစက်ပေါင်း ရေ-ပေါက်ပေါင်း ဘယ်လောက်ရှိတယ်လို့ ရေတွက်ရင် ရနိုင် စရာ ရှိသေးတယ်၊ အဲဒီ သစ္စဥဒကာ၊ ကိစ္စဥဒကာ၊ ကတဥဒကာ မရသူအဘို့ ခံရမဲ့ ဒုက္ခအစုဆင်းရဲမှုတွေဟာ လွန်စွာများပါ တယ်၊ ရေတွက်လို့ ရနိုင်စရာအကြောင်း မရှိတော့ဘူး” လို့ မိန့်ကြားတော်မူတယ်။

ဒီတော့ ဒွိုဒကာတွေ စဉ်းစားကြ၊ ဒီဉာဏ်သုံးပါးရအောင် လုပ်ထိုက်- မလုပ်ထိုက်၊ ဒီဉာဏ်စုမရရင် ဘယ်လောက်ဆိုးဝါးသွားမယ်ဆိုတဲ့ အချက်ကို လေးလေး နက်နက်ကြီး စဉ်းစားကြပါ၊ မေ့မေ့လျော့လျော့ နေလို့တော်ပါ့မလား ?၊ မတော်ဒါကို ရိပ်မိရင်၊ဒီဉာဏ်သုံးခုရအောင် အားထုတ်ကြ။

အခု ပြောတဲ့ အဓိပ္ပါယ်ဟာ သစ္စသံယုတ် မှာလာတဲ့ အဓိပ္ပါယ်လို့မှတ်၊ သစ္စာမသိရင် ဒီဒုက္ခတွေဟာ အတိအကျ ခံရမဲ့ဒုက္ခတွေဘဲ သံသယမရှိကြနဲ့၊ အခုဆရာကပြောလို့ သိရဘီ၊ မပြောရင် မသိပါဘူး ဒီလိုအသိမျိုးရတဲ့အခါ သိတဲ့အတိုင်း လိုက်နာကြ၊ ၊ဘဝသံသရာက ပါလာတဲ့ “အပရာပရိယ”အကုသိုလ်ကြွေးတွေ “ဥပပဇ္ဇ”ကြွေးတွေဟာ မရေမတွက်နိုင်အောင် များပြားပါတယ်၊ ဒီကြွေးတွေကို ဘာနဲ့ များ ကျေအောင်ဆပ်ကြမလဲ ?။

ဒွိုဒကာတွေက မသိတော့ ထပ်တလဲလဲသာ ပွါးအောင်- များအောင် လုပ်နေကြတယ်၊ ကြွေးဟောင်းမကျေဘဲ၊ ကြွေးသစ်တွေက ထပ်တိုးလာအုံးမယ်ဆိုရင် ကျေလမ်းမမြင်တော့ဘူး၊ ဒီကြွေးတွေကို ဉာဏ်နဲ့မဆပ်ရင် ခန္ဓာနဲ့ဆပ်ကြရလိမ့်မယ်၊ ဒီဆပ်ရမဲ့ခန္ဓာ, ဆပ်ရမဲ့ဘဝဆိုဒါဟာလဲ သုဂတိဘဝ, ဒုက္ခခန္ဓာက အလွန်နဲတယ်၊ ဒုဂ္ဂတိဘဝ, ဒုက္ခခန္ဓာနဲ့ချည်း ဆပ်ကြရမှာ သေချာတယ်။

သုဂတိဒုက္ခဟာ ခုနင်ကပြောတဲ့ ရေကန်ထဲက ရေခုနစ်စက်ဘဲရှိတယ်၊ ကျန်တဲ့ရေတွေဟာ ဒုဂ္ဂတိ ဒုက္ခတွေဘဲလို့ မှတ်ကြ။

ကြွေးဟောင်းမကျေသေးဘဲ ကြွေးသစ် ထပ်ရှာဖွေနေမယ်ဆိုရင် ဆပ်လို့ကုန်နိုင်မှာ မဟုတ်တော့ဘူး၊ ဒီတော့ ရပ်တန်းက ရပ်ကြရင် တော်ပါလိမ့်မယ်၊ မရပ်ရင် ဒုက္ခဇာတ် ဘယ်တော့မှ မသိမ်းတော့ဘူး၊ ရိပ်မိကြပလား ?။

ဆပ်ရမဲ့ခန္ဓာကလဲ ဒုဂ္ဂတိခန္ဓာကသာ များတော့ ချမ်းသာဆိုဒါ မပါတော့ ချမ်းသာဆိုတဲ့ အသံကလေး ကြားရဘို့တောင် ခဲယဉ်းတယ်လို့မှတ်ကြ၊ ဒီကြားထဲကမှ ဒီဉာဏ် ရအောင်မလုပ်ဘဲ အေး‌စက်စက် လုပ်နေကြရင် ကမ္ဘာ့သစ်ငုတ်တွေ၊ သံသရာ့ သစ်ငုတ်တွေဘဲလို့ ဆိုထိုက်၊မဆိုထိုက်၊ ၊ ဘုရားရှင်ဟာ ဒီအဖြစ်ဆိုးတွေ ရွှေဉာဏ်တော်နဲ့ မြင်တော်မူတော့ အင်မတန် သနားလွန်းလို့ အထပ်ထပ် အခါခါ ဟောကြားပြသ ဆိုဆုံးမတော်မူခဲ့ဒါဘဲ။

ဒါကို… ခင်ဗျားတို့တတွေက နားမှုလေသံ၊ မကြားဟန်နဲ့ ပေါ့တန်နေကြရင် တော်ပါ့မလား ?၊ ဘုရားကိုယ်စားလှယ် ဘုန်းကြီးတို့ကလဲ၊ ဒီ၊အဖြစ်ဆိုးတွေ သနားလွန်းလို့ ခဲခဲကပ်ကပ်၊ရှာဖွေပြီး၊ ဟောပြနေဒါ၊ ဒါမှ မလိုက်နာရင် ဘုရားမျက်နှာတော် မထောက်လို့၊ ကျေးဇူးတော်တွေမသိလို့၊မထောက်ထားလို့ဘဲဆိုဒါထင်ရှားတယ် ထောက်ထားဒါဖြင့် ကြိုးစားကြ။

ခင်ဗျားတို့ အေးနေဒါဟာ မသိအေး–အေးနေကြဒါ၊ အတော်အတန်လောက်သိရင် မအေးနိုင်ကြပါဘူး၊ ၊ဥပမာ-အိမ်မှာ ကလေးများ ပျော်နေကြသလိုဘဲ၊ မိဘလူကြီးတွေမှာ ဘယ်လိုဒုက္ခရောက်

နေကြတယ်၊ စီးပွားရေးက ဘယ်လိုဆုတ်ယုတ်နေကြတယ်၊ လူမှုရေးက ဘယ်ပုံဆိုဒါ မသိကြရှာတော့ ပျော်နိုင်-ပါးနိုင် ကစားနေနိုင်ကြတယ်၊ သူတို့မှာတော့ ရီလို့-မောလို့၊ လူကြီး မိဘတွေမှာ ဘယ်လို ဒုက္ခတွေနေတယ်၊ ဘယ်လိုစိတ်ဆင်းရဲနေကြတယ် ဆိုဒါ မသိရှာကြတော့ ပျော်နိုင်ကြဒါပေါ့။

ခင်ဗျားတို့လဲ မသိတော့ ဒီသဘောပါဘဲ၊ ကလေးပျော်- ပျော်နေကြဒါပါ ရှင်းကြပလား ?၊ အေး-သိတတ်တဲ့ဆရာသမားလူကြီးမိဘတို့က သနားလို့ ပြောဆိုဆုံမတဲ့အခါ တင်ိုင်ိုနဲ့ ရန်းကန်နေကြအုံးမယ် ဆိုရင် ကလေးများလို ထိပ်ပုတ်၊ ခေါင်းပုတ်၊ ပုတ်ပီး ခိုင်းရရင် မကောင်းဘူးလား ?၊ နားမထောင်ချင်ရင် ဒီအချိုးအတိုင်းဘဲ၊ လုပ်ဘို့ ရှိတော့တယ်။

ကြွေးဟောင်းက မကျေနိုင်ရတဲ့အထဲ ကြွေးသစ်တွေချည့် ထပ်ချေးနေချင်ကြတယ်၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ လောဘကြွေးတွေ၊ ဒေါသကြွေးတွေ၊ မောဟကြွေးတွေ အဲဒီ အကုသိုလ်ကြွေး မကောင်းမှုကြွေးတွေက ထပ်ပီးချေးယူကြတယ်၊ ၊ဒါဟာမသိလို့ မသိလို့ ဖြစ်ချင်တိုင်းဖြစ်၊ ကြွေးတင်ချင်တိုင်းတင်၊ ကြွေးပင်ပေါက်ပီး ကြွေးသီး- သီးရ၊ နောက်-ကြွေးမျိုးစေ့တွေ ထပ်ကျ၊ ဘယ်တော့မှ မဆုံးတဲ့ ကြွေးသံသရာမှာ ဒုက္ခခန္ဓာနဲ့ ဆပ်ကြအုံးဘဲ။

ဒီအတိုင်းနေရင် သံသရာ-သစ်ငုတ်တွေဘဲ၊ သစ်ငုတ်အဖြစ်နဲ့ ဒုက္ခဝဲဇလုတ်မှာ အနှစ်အမြုပ် ခံချင်ကြလို့ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ၊

ဒီဝဋ်ကို ဘာနဲ့ချွတ်ကြမတုံး ?၊ လေးလေးနက်နက် ဉာဏ်အချက်နဲ့ တွေးကြ သစ္စာနဲ့ချွတ်ကြရမယ်၊ သစ္စာနဲ့ချွတ်မှသာ ရနိုင်ကြမယ်၊ သစ္စာနဲ့မှ မချွတ်နိုင်ရင် ကျွတ်လမ်းမမြင်ဘူး၊ ခန္ဓာနဲ့ဆပ်လို့တော့ ကျေနိုင်ဘို့ လမ်းစမရှိဘူး၊ ဒါကြောင့် သစ္စာနဲ့ ဆပ်နိုင်အောင် ဆပ်ကြ။

ကြွေးတွေကများတယ်, အရင်းကလဲ အသချေ်, အတိုးတွေကလဲ အနန္တဖြစ်နေတယ်၊ ခန္ဓာနဲ့သာ ဆပ်ရရင် လမ်းစ ဘယ်တော့မှ မပြတ်ဘူး၊ ဒီတော့ သစ္စာနဲ့သာဆပ်ကြ၊ သစ္စာနဲ့ဆပ်ရင် အခုတဘဝ ထဲတွင် ကြွေးအားလုံး ကျေနိုင်တယ်၊ ဒီလောက် လွယ်ဒါ မဆပ်ချင် ကြဘူးလား ?။

တသက်လုံးမဆိုးတံငါ လုပ်ခဲ့-လုပ်ခဲ့ ဒီ-သစ္စာဉာဏ်ရရင် ကြွေး အားလုံး ကျေနိုင်တယ်၊ နောက်ဆပ်ဘို့မကျန်တော့ဘူး၊ တသက်လုံး လူတွေကို သတ်နေတဲ့ ဟိံသက, ကိုကြည့်၊ အဲဒီ-ဟိံသက,ခေါ်တဲ့ "အင်္ဂုလိမာလ"ဟာ သတ်လိုက်တဲ့လူတွေ မရေနိုင်အောင်ဘဲ များ ပါတယ်၊ ဒါပေမဲ့ ဘုရားနဲ့ တွေ့ဒါနဲ့ တပြိုင်နက် အကျွတ်တရား ဒီ သစ္စာဉာဏ် ရရင်ဘဲ ကြွေးအားလုံး ကျေတော့တယ်၊ သူလုပ်ခဲ့တဲ့ အကုသိုလ်တွေအတွက် ကြွေးဆပ်စရာ မလိုတော့ဘူးမို့လား ?။

ဒါနနဲ့ဆပ်ဆပ်,သီလနဲ့ဆပ်ဆပ်, သမထနဲ့ဘဲဆပ်ဆပ်၊ ဘယ်လို ဆပ်နေပေမဲ့ ကြွေးမကျေဘူး၊ ဒါန, သီလ, သမထနဲ့ ဆပ်လို့တော့ ဘယ်အခါမှ ကျေခွင့်မရှိဘူးလို့မှတ်လိုက်ကြ၊ ဒါဘာကြောင့်လဲ ?၊

ဒါနဲ့ သီလ၊ သမထတွေက ကိလေသာ ကျန်တယ်၊ ကိလေသာမကုန်ဘူး၊ ကိလေသာကျန်တော့ ကိလေသာက ရှိနေတယ်၊ ကိလေသာ ရှိရင် ခန္ဓာရှိတော့ဒါပေါ့၊ ခန္ဓာရှိတော့ ကံပါ လိုက်လာဒါဘဲ။

ကိလေသာကျန်တော့ ခန္ဓာရ၊ ခန္ဓာရတော့ ကံပါ-ပါ၊ အဲဒီ-တော့ ခန္ဓာအမျိုးမျိုးတွေ ရကြဒါပေါ့၊ ခန္ဓာအမျိုးမျိုး ရလာတော့ အဲဒီ ခန္ဓာအမျိုးမျိုးနဲ့ ဆပ်ကြရရောပေါ့၊ ခန္ဓာနဲ့ ဆပ်ကြလို့တော့ ဘယ်အခါမှာမှ မကျေတော့ဘူး၊ ဒီတော့ကျေအောင်ဘာနဲ့ ဆပ်ကြမလဲ ?၊ ကျေအောင်ဉာဏ်နဲ့ဆပ်ကြ၊ ခန္ဓာနှင့်ဆပ်လို့မကျေ၊ ဉာဏ်နဲ့ ဆပ်မှသာ ကျေမယ်ဆိုဒါ တထစ်ချမှတ်ကြ၊ သဘောပါကြပလား ?။

ဉာဏ်က လောဘသတ်လိုက်တော့ ခန္ဓာမဖြစ်တော့ဘူး၊ ခန္ဓာဖြစ်နေဒါ တဏှာကြောင့် ဖြစ်နေဒါ၊ အဲဒီတော့ ကံက ဟိုပို့၊ ဒီပို့၊ မပို့နိုင်တော့ဘူး၊ ဒါကြောင့် ဉာဏ်နဲ့ တဏှာကို သတ်ရမယ်၊ တဏှာသေရင် ခန္ဓာမရ၊ ခန္ဓာမရရင် ကံကမလိုက်၊ ကံကဟိုပို့၊ ဒီပို့၊ မပို့နိုင်တော့ဘူးပေါ့ ရှင်းကြပလား ?၊ ဒါကြောင့် ဒို့ဒကာတွေ ဒီနည်းကိုသင်ရမယ်၊ ဒီနည်းကို အရယူထားကြရမယ်။

သံသရာတခွင် ကျင်လည်ခဲ့သမျှ ဘဝ၊ ဘဝ တွေမှာ ညီ၊ အကိုတော်ကြ၊ မောင်နှမ၊ တော်ကြ၊ သားအမိ၊ တော်ကြနဲ့ တော်ခဲ့ဘူးတဲ့ သူ တော်ခဲ့ဘူးတဲ့ အဖြစ်ချည့်ဘဲ၊ မတော်ဘူးတဲ့ အဖြစ်၊ မတော်ဘူးတဲ့ ဘဝရယ်လို့ မရှိကြဘူး၊ ဒါကြောင့်ဘုန်းကြီးတို့က ဒို့ဒကာ၊ ဒကာမတွေ ကို ကရုဏာရှေ့ထားပြီးကယ်တင်နေဒါ၊ စေတနာရှေ့ထားပြီး ပြောပြ နေဒါ၊ ကြိုးစားပြီးလိုက်နာကြလို့ ပြောလိုက်ပါတယ်။

သံသရာကြွေးကျေအောင် ဘာနဲ့ ဆပ်ကြမလဲ ?၊ အေး… ဥာဏ်နဲ့ ဆပ်ကြရမယ်လို့ ဆုံးဖြတ်ချက်ချ၊ ဘုရားရှင်လဲ ဥာဏ်နဲ့ ဆပ်သွားဒါဘဲ၊ "ကုသလာ ကုသလံ ဇဟာ" ဆိုဒါ ဥာဏ်နဲ့ ဆပ်လို့ ကြွေးအကုန်ကျေပီလို့ ဆိုလိုဒါ၊ ဒီ-နည်းလမ်းကို သဗ္ဗညုတ ဥာဏ်တော်နဲ့ ရှာလို့ တွေ့ရဒါ၊ အကုသိုလ်ကြွေးကို ဥာဏ်သုံးချက်နဲ့ ဆပ်မှသာ ကျေမယ်ဆိုဒါ သိရှိတော်မူတယ်၊ ဒီဥာဏ်သုံးချက်၊ သစ္စာအလုပ်က လွဲရင် တခြားကျေနိုင်တဲ့ လမ်းကို မြင်တော်မမူဘူး။

ဒါကြောင့် ဥာဏ်သုံးချက်နဲ့ ဆပ်ဘို့သာ ပြင်ကြ၊ ဒါနဲ့ မှမဆပ်နိုင်ကြရင် တဏှာဖြစ်၊ တဏှာဖြစ်ပီး ဥပါဒါန်၊ ဥပါဒါန်ပီး ကမ်လာ၊ ကမ်လာတော့ ဇာတိ၊ ဒီလိုချည့် အဆက်မပြတ် လှည့်ပတ်သွားမှာချည့်ဘဲ၊ ဒီလိုမသွားအောင် တဏှာကို ဥာဏ်နဲ့ ဖြတ်ရမယ်လို့ ပြောဒါဘဲ။

တဏှာကို ဥာဏ်ကဖြတ်နိုင်တော့ ဘာဖြစ်သလဲ?၊ တဏှာကို သစ္စဥာဏ်၊ ကိစ္စဥာဏ်၊ ကတဥာဏ်နဲ့ ဖြတ်ချလိုက်တော့ ခန္ဓာဇာတ် သိမ်းသွားဒါပေါ့၊ ခန္ဓာဇာတ်ကို ဥာဏ်က သိမ်းလိုက်တာနဲ့ လူခန္ဓာ၊ နတ်ခန္ဓာ၊ တိရစ္ဆာန်ခန္ဓာဆိုတဲ့ ခန္ဓာတွေ ငြိမ်းသွားပါရော၊ ။ ခန္ဓာငြိမ်းတော့ ကံဟောင်းတွေရော၊ ကံသစ်တွေပါ ကြွေးဆပ်စရာရှိတဲ့ ကမ်တွေအားလုံးဟာ အဟောသိကံ၊ အလကားကံတွေ ဖြစ်ကုန်ဒါပေါ့၊ ရှင်းကြပလား?။

တဏှာ ရေသောက်မြစ် ဖြတ်လို့၊ တဏှာ ရေသောက်မြစ် ပြတ်တော့ ကမ်ဟောင်းတွေလဲ မလိုက်မပါနိုင်တော့ဘူး၊ ကမ်သစ်တွေလဲ မဆက်လာတော့ဘူး၊ ၊ တဏှာချုပ်တော့ ဇာတိချုပ်တယ်၊ ဇာတိ

ချုပ်တော့ "အဇာတိ နိဗ္ဗာန်" ဆိုတဲ့ အတိုင်း နိဗ္ဗာန်ပေါ်ရဒါပေါ့၊ ဒါကြောင့် တဏှာရေသောက်မြစ်ဖြတ်နိုင်ဘို့ သစ္စာအလုပ်ဥာဏ်သုံးလုပ်ကို လုပ်မှဖြစ်တော့မယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြ။

ဒါမှမဟုတ်ရင် ဘဝသံသရာမှာ မြုပ်လေအုံး မျောလေအုံးတော့ ကြွက်ဖြစ်လာ ကြောင်ပါးစပ်ထဲ ခန္ဓာနဲ့ အကြွေးဆပ်လိုက်ရ၊ ငါး ဖြစ်၊ ငါးသလောက်ဥဖြစ် လူ့ပါးစပ်ထဲ ကြွေးဆပ်ရ၊ တီကောင်ဖြစ်၊ ပိုးလောက်ဖြစ် ကြက်ပါးစပ်၊ ငှက်ပါးစပ်ထဲ ခန္ဓာနဲ့ ကြွေးဆပ်ကြ၊ ငယ်တဲ့အကောင်က ကြီးတဲ့အကောင် ပါးစပ်ထဲ ခန္ဓာနဲ့ကြွေးဆပ်ကြရ၊ ဘယ်ဘဝ၊ ဘယ်ကာလမှာမှ ဆုံးဘို့မမြင်တော့ဘူး။

ဒို့ဒကာတွေ ဘယ်လို သဘောရကြသလဲ?၊ ဉာဏ်နဲ့ တခါထဲ အကျေဆပ်ကြမလား?၊ ခန္ဓာနဲ့ အသျှေ အနန္တဆပ်ကြမလား?၊ ကိုယ့်ကိုယ်ကို ပြန်မေးပြီး လေးလေးစားစား အဖြေရှာကြ၊

ခန္ဓာကို ဘသူက လုပ်ပေးသလဲ ?၊ ခန္ဓာကို ကမ်ကဖြစ်စေတယ်၊ ကမ်ကို ဥပါဒါန်ကဖြစ်စေတယ်၊ ဥပါဒါန်ကို တဏှာကဖြစ်စေတယ်၊ တဏှာအရင်းခံဘဲ၊ ဒီ-ဒုက္ခရအောင် တဏှာကလုပ်ပေးဒါ၊ တဏှာ လက်ချက်ဘဲလို့မှတ်ကြ၊ ဒါကြောင့် လက်သယ်တရားခံကို အသေသတ်ရင် ဒုက္ခခန္ဓာမရတော့ဘူး၊ ဒုက္ခအစုက ကျွတ်လွတ်ခွင့်ရပြီ။

ဒီတော့ဒို့ဒကာတွေ ဒီဉာဏ်သုံးချက်ရအောင် လုပ်သင့်မလုပ်သင့် ချင့်ချိန်ကြ၊ ခေါင်းဖြူစွယ်ကျိုး အဘိုး၊ အဘွား၊ အရွယ်ဖြစ်ပေမဲ့လဲ ဉာဏ်မရရင်၊ ကလေးဘဝဘဲရှိသေးတယ်၊ ဒီဉာဏ်မရရင် အသက်ကြီးပေမဲ့၊ အချိန်မစီးသေးတဲ့ အကာလေးဘဲလို့ ဆိုရတယ်၊ ခုနစ်နှစ်၊ ဆယ်

နှစ်,ဆယ့်,ငါးနှစ်,ပေမဲ့လဲ ဒီ·သစ္စာဉာဏ်ရရင် ကြွေးကျေလို့, ကြွေး သ်လို့,လူကြီးဘဝရပီ,လူကြီးဖြစ်ပီလို့ ဆိုရတယ်၊ အချိန်စီးတဲ့လူကြီး လူကောင်း,ဖြစ်ပီလို့ မှတ်ယူကြရမယ်၊ ရိပ်စားမိကြပလား ?။

သစ္စာဉာဏ် မရရင် ကံဟောင်းလဲ့ မသိ, ကံသစ်လဲ မသိ, ကြွေးဟောင်း,ကြွေးသစ်,ဘာမှမသိတော့ဘူး၊ မသိတော့-ပြုမိပြုရာ, ပြု၊ ပြုတော့ ဒုက္ခအစု-ဆင်းရဲမှုတွေ ရလာပြန်ရော၊ ရလာရင် ခံနိုင်အောင် ကျောကုန်းခံကြဘို့ ရှိတော့ဒါဘဲ၊ ရလာမှတော့ မခံနိုင်လဲခံ၊ ခံနိုင်လဲ့ ခံ၊ ဘယ်နည်းနဲ့မှ မတတ်နိုင်ကြတော့ပါဘူး၊ ရှင်းကြပလား ?။

တဏှာက "မနော လောကေ ပိယရူပံ သာတရူပံ" တဲ့ စိတ်ကူး ကလေးကို တဏှာက သာယာတယ်၊ နှစ်သက် သဘောကျတယ်၊ ကိုယ့် စိတ်ကူးကို သာယာတဲ့ တဏှာဖြစ်လာတယ်၊ ၊ဒီတော့ စိတ်ကြောင့် တဏှာဖြစ်တယ်ဆိုရင် မမှားနိုင်ဘူး၊ အဲဒီလိုဆိုတော့ တဏှာသတ်ဘို့ တဏှာသေအောင် စိတ္တာနုပဿနာ ရှုကြရမယ်၊ ၊စိတ်ကူးတဲ့တော့ လောဘ,စိတ်ကူးမတဲ့ရင် ဒေါသ,ဒီစိတ်ကူးပေါ်ဒါမသိရင် အဝိဇ္ဇာ ဖြစ်တယ်၊ အဝိဇ္ဇာက မောဟ။

ဒါနဲ့ စိတ်ကူးလေး တချက်ပေါ်လာရင် လောဘ,ဒေါသ,မောဟ ဒါတွေဘဲ တခုမဖြစ်၊ တခုဖြစ်, နှစ်ခု, သုံးခုဖြစ်, မပြတ်အောင် စက် လှည့်ပီး ဖြစ်နေကြဒါဘဲရှိတယ်၊ ၊ဒီတရားဆိုးတွေက လွဲရင် ဒီပြင် ဘာမှဖြစ်စရာ မရှိပါဘူး၊ သဘောပါကြရဲ့လား ?။

မောဟဆိုရင် ပဋိစ္စသမုပ္ပါဒ်,ဒုက္ခစက် အစက စ,ဖြစ်မယ်၊ လောဘ, ဆိုရင် ပဋိစ္စသမုပ္ပါဒ် အလယ်က စ, ဒေါသဆိုရင် ဒုက္ခစက် အဆုံး

က ပြန်စပြီး ပြန်လှည့်ဖြစ်အုံး၊ ဒီတော့ဘယ့်နှယ်များ ကြံကြမတုံး?၊ ဆုံးတတ်အောင် လုပ်ရမယ်၊ ဆုံးအောင်ဖြတ်တတ်ဘို့ ဉာဏ်နဲ့ ဖြတ်နိုင်ဘို့ ကြိုးစားရမယ်၊ မဖြတ်နိုင်ရင် ဒုက္ခစက် အမြှင်မပြတ်တော့ဘူး ဒါကြောင့် "မသုံးတတ်ရင်ဘေး သုံးတတ်ရင်ဆေး" လို့ ဆိုကြဒါပေါ့

ပဌမ ဖြတ်ချင်တဲ့ စိတ်ရှိဘို့၊ ဒုတိယ ဖြတ်တတ်တဲ့ ဉာဏ်ရဘို့၊ တတိယ ကြိုးစားဖြတ်ဘို့ အရေးကြီးတယ် ဖြတ်ချင်ရင် လွယ်ပါတယ်။

"စိတ်ကလေးပေါ်လာရင်ဖြစ်ပျက်ရှုပေး၊ဘယ်စိတ်လာလာ ဖြစ်ပျက်ရှု၊ မရှုမိဘဲ ပေါ့တန်နေမိရင် ဒုက္ခဆက်မယ်၊ ရှုရင်ဒုက္ခစက် ပြတ်မယ်၊ ဘာစိတ်ပေါ်ပေါ်-ပေါ်ချင်ဒါပေါ် မလွှတ်စေနဲ့ ပေါ်သမျှ စိတ်ကို ဖြစ်ပျက်ရှု၊ ရှုတော့ ရှုဒါကမဂ္ဂ, သေဒါက သမုဒယ၊ ဒီတော့ ကျန်တဲ့ ဒုက္ခတွေလဲချုပ် ဒုက္ခသစ္စာတွေ ချုပ်တော့ "ဒုက္ခနိရောဓော နိဗ္ဗာနံ" နိရောဓ ပေါ်လာရော။

ရှုစမှာတော့ ကဲ့နေမယ်၊ နောက်အရှုအပွားများ ကျင့်သားများ တော့ ရှုဉာဏ်ဟာ စိတ်, စိတ်, စိတ်, စိတ်လာမယ်၊ ရှုဉာဏ်စိတ် သလောက် ကိလေသာ ကြားမခိုတော့ဘူး၊ကိလေသာ လုံးဝကြားမခိုရင် ကိလေသာ ချုပ်ပြီ၊ ကိလေသာချုပ်ရင် နိဗ္ဗာန်မြင်ဘို့မဝေးတော့ဘူး ဆိုဒါမှတ်၊ ၊ကိလေသာ ကြားခိုခံလို့ ကိလေသာမချုပ်ရင် ကမ်ပြန်ရောက်မယ်၊ "ကမ္မံ ဝိပါကဿ ကမ္မပစ္စယေန ပစ္စယော" ဘဲ အကျိုးပေးမဲ့သာ ကြံကြဘော့၊ ရှင်းပလား? ။

ကိုင်း -- ဒီနေ့ -- ဒီတွင် -- တော်ကြအုံး။

# ဓမ္မရတနာ - မာတိကာ

## “ ကျင့်မြတ်မဂ္ဂင် နိဗ္ဗာန်ဝင် တရားတော် ”

**သစ္စာလေးပါး**

(၁) ဒုက္ခသစ္စာ၊ လောင်စာ့ အစစ်။
(၂) သမုဒယသစ္စာ၊ မီး့ အစစ်။
(၃) နိရောဓသစ္စာ၊ လောင်စာသိမ်းကာ မီးငြိမ်းရာ့ အစစ်။
(၄) မဂ္ဂသစ္စာ၊ မီးငြိမ်းလုပ်ငန်း့ အစစ်။

**ဆောင်ပုဒ်**

မီးလောင်ဘို့ရာ၊ လောင်စာရှာ၊ သစ္စာမသိတွက်။
လောင်စာနှင့်မီး၊ တွဲရက်ကြီး၊ ငြီးငြီးလောင်နှိပ်စက်။
လောင်စာသိမ်းကာ၊ မီးငြိမ်းရာ၊ မြန်စွာ ရောက်ဘို့တွက်။
မီးငြိမ်းစေတတ်၊ မဂ္ဂင်မြတ်၊ ကျင့်အပ်မြန်ဖြတ်ချက်။
မကျင့်နေက၊ ပမာဒ၊ ဒီမ့ သေမင်းလက်။

**သတိချပ်ရန်**

ရှစ်ပါးမဂ္ဂင်၊ သဘောတွင်၊ ယှဉ် ငြိမ့်ငြိမ့်စီး၊
ခေမာအမတ၊ နိဗ္ဗာန၊ ဖြောင့်စွာ့ လမ်းခရီး။
သူမပါလျှင်၊ သံသာခွင်၊ ဘယ်တွင် ရပ်မတည်း။
အပါယ်လေးဖြာ၊ သမုဒ္ဒြာ၊ အစာငါး့ လိပ်ချည်း။
ဒုက္ခလှိုင်းချက်၊ ဝဲဂယက်၊ လှဲ့စက်ခံမပြီး။

**တရားသား** ဒီကနေ့ကိုးစားရာ အားထားရာအချက်တရားအနက်ကို ဟောရမယ်၊ ဒွိဒကာတွေ အရင်က ကိုးစားရာ အားထားရာကို အမျိုးမျိုး ရှာဖွေခဲ့ကြတယ်၊ ရှာပေမဲ့ ကိုးစားရာ အားထားရာ အစစ်အမှန်ကို မရခဲ့ကြဘူး၊ ဒါဘာလို့လဲ?၊ နည်းမှန်လမ်းမှန်မရလို့၊ ဒီနည်းလမ်းကို ပြတတ်တဲ့ မိတ်ကောင်းဆွေကောင်း ဆရာသမားကောင်းနဲ့လဲ မကြုံရလို့ဘဲ။

ကိုးစားရာ အားထားရာ အစစ်ဟာ ဘာလဲ?၊ မဂ္ဂင်ဘောင်ကြီးဘဲ၊ ဒါမှမဟုတ် မဂ္ဂင်ရှစ်ပါးဆိုတဲ့ ယာဉ်ရထားကြီးဘဲလို့ မှတ်လိုက်ကြ၊ ၊ဒီ-မဂ္ဂင်အကျင့် မဂ္ဂင်လမ်းစဉ်တရားကလွဲရင် ကိုးစားရာ အားထားရာ ဒီပြင် ဘာမှမရှိဘူးလို့ ဆုံးဖြတ်ချက်ချ၊ ကိုးစားရာ အားထားရာ အစစ်အမှန် တရားဟာ ဒီ- မဂ္ဂင်ရှစ်ပါး အကျင့်တရားဘဲ ရှိပါတယ်။

ခင်ဗျားတို့တတွေ ကိုးစားရာအားထားရာ တကယ်လိုချင်ဒါဖြင့် ဒီမဂ္ဂင်အလုပ်ကို ရအောင် လုပ်ထားကြရမယ်၊ ၊ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဘုရားက "သမ္မတ္တ နိယတာ ဓမ္မာ"လို့ဟောတော်မူတယ်၊ ဒီတရားမှ မြဲတဲ့တရားဘဲ ဝိပဿနာ အားထုတ်ရင် မဂ္ဂင်ငါးပါး ရမယ်၊ ငါးပါးနဲ့ဖြင့် မမြဲသေးဘူး ရှစ်ပါးလုံးရမှမြဲမှာ ဒါကြောင့် ရှစ်ပါးလုံးရအောင် အားထုတ်ကြရမယ်၊ ရှစ်ပါးလုံးရဒါမဂ်ဘဲ၊ မဂ်ရအောင် လုပ်ကြလို့ ပြောဒါ၊ ရိပ်မိကြပလား?။

မြစ်ထဲမျောတဲ့သူဟာ အားထား မှီခိုစရာ ဘောင်မရှိရင် ဘယ်နှယ်နေမလဲ?၊ မျောချင်သလို မျောတော့မှာဘဲ၊တဖြေးဖြေးမျောပြီး

ရောဝတီရောက်, အဲဒီက ပင်လယ်ရောက်, မျောချင်တိုင်းမျောပြီး ဘာ ရမ်း ဘတာ ဝဲထဲမြုပ်ရတော့မှာဘဲ၊ အဲဒီလူဟာ မျောဘို့မြုပ်ဘို့အပြင် မရှိပါဘူး၊ ၊လှိုင်းဂယက်ထဲမှာ ဘရမ်းဘတာ မျောချင်တိုင်းမျော ဝဲဇလုတ်ထဲမှာ မြုပ်ချင်တိုင်းမြုပ်ရတော့မှာဘဲ၊ ဒါဘာလို့လဲ ?၊ မှီခို စရာ ဘောင်မပါလို့။

ဒီ-ဥပမာအတိုင်းဘဲ ခင်ဗျားတို့တတွေလဲ အားထားစရာ မဂ္ဂင်-ဘောင် မပါကြရင် ဒုက္ခလှိုင်းဂယက်က ထွက်နိုင်ဘို့မရှိဘူး၊ မျောရမှာဘဲ၊ ဒုက္ခဝဲဇလုတ်မှာ မြုပ်ချင်တိုင်း မြုပ်ကြဘို့ရှိတယ်၊ ရှင်းကြပလား ?။

ဓမ္မပဒ ပါဠိတော်မှာ "မဂ္ဂါနံ အဋ္ဌင်္ဂိကော သေဋ္ဌော" တဲ့ မဂ္ဂင်ရှစ်ပါးရှိတဲ့ မဂ္ဂင်အကျင့်လမ်းစဉ်ဟာ အမှန်ဆုံး အမြတ်ဆုံး လမ်းစဉ်ဖြစ်တယ်"လို့ ဟောတော်မူခဲ့တယ်။

ဒီလမ်းစဉ်ထက် မှန်မြတ်တာ မရှိတော့ဘူးလို့မှတ်ကြ၊ ဒီတော့ ဒီ လမ်းစဉ်ကို လိုက်နာကြရမယ်၊ ကျင့်သုံးကြရမယ်၊ သူ့ကို ကိုယ်ပိုင်ရမှသာ ကမ်းတဘက်ကို ရောက်နိုင်ကြမှာ၊ ဒါမှ မကျင့်ရင် နိဗ္ဗာန်ကမ်းစ နိဗ္ဗာန်လမ်းစ, မမြင်တော့ဘူး၊ သံသရာ ဒီရေကြော မျောကြအုံး, မြုပ်ကြအုံး။

ဥပမာ အပါယ်လေးပါးဟာ သမုဒ္ဒရာကြီး လေးခုဆိုကြစို့၊ ရေ-လှိုင်းတံပိုး,ဝဲဂယက်, ငါး, လိပ်,မကာရ်း စတဲ့ ဘေးဆိုး ရန်စွယ်တွေ အန္တရာယ်တွေက အပါယ်မှာ တွေ့ကြုံရမဲ့, ခံစားရမဲ့၊ ဆင်းရဲမှုတွေနဲ့

အတူထားလိုက်ပါ၊ ဒီမဂ္ဂင်အကျင့် မကျင့်မိပါရင် လှိုင်ဂယက် နှိပ်စက်ခံဘို့ ငါး လိပ်မကာရ်း အစာဖြစ်ဘို့ဘဲ ရှိတယ်ဆိုဒါ မှတ်ထားကြ၊ ရှင်းကြပလား ?။

ဒါကြောင့်ငါး လိပ်မကာရ်းအစားမခံချင်ရင် ဒီမဂ္ဂင်အကျင့်ကို ကိုယ်ပိုင်ရအောင် လုပ်ထားကြရမယ်၊ ကိုယ်ပိုင်ရထားမှ အပါယ်စာက၊ လွတ်နိုင်မှာ၊ အပါယ်စာက လွတ်ရုံ မကပါဘူး၊ ဒီမဂ္ဂင်အကျင့် ကိုယ်ပိုင်ရထားရင် နိဗ္ဗာန်သွားဘို့ အမြတ်ဆုံး ယာဉ် ရထားဘဲလို့ မှတ်ကြ၊ နိဗ္ဗာန်ကို ဒီမဂ္ဂင်နဲ့မှ သွားနိုင်မှာပါ၊ ဒါကြောင့် သံယုတ်ပါဠိတော်မှာ သမဏ နတ်သားကို ဟောကြားတော်မူတဲ့ စကားတော်လို့ မှတ်ကြ။

ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿဝါ၊
သ ဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။

**ဘာသာပြန်** မိန်းမ ယောကျ်ား အကြင်သူတဦးအား ဤမဂ္ဂင်ရှစ်ပါး ယာဉ်ရထား ကိုယ်ပိုင်ရှိခဲ့ပြီးအံ့၊ ထိုသူကား စင်စစ်ကေန် အမှန်မုချ ဤမဂ္ဂင်ရှစ်ပါးဟူသော ယာဉ်ရထားဖြင့်၊ အမတရပ် နိဗ္ဗာန်မြတ်သို့သာ လျင်မြန်မကြာ ပေါက်ရောက်နိုင်ပါသတည်း။

ဒါကြောင့် သံသယမရှုပ်ဘဲ၊ ဧဟုတ်ရအောင် ယူလိုက်ကြ၊ ဒါမှ မရရင် ကယ်သူ-ဆယ်သူဖြင့် ဝေးပြီလို့ ဆုံးဖြတ်ချက်ချကြ၊ ရှေးက ဆို ခင်ဗျားတို့တတွေ ဒုက္ခရေယာဉ်ကြော မျောခဲ့ကြရဘီ၊ အခုလဲ-

တစထက်တစ မြုပ်မြုပ် လိုက်လာကြဒါ သိကြရဲ့လား ?၊ ခြေကျင်း ဝတ်လောက်-ဒူးဆစ်လောက် ခါးလောက် တချို့က ရင်ဆို့လောက် လည်ပင်းလောက်အထိ ရောက်နေကြဘီ၊ စုံးစုံးမြုပ်ဘို့ တခုဘဲ ကျန် တော့တယ် ဆိုဒါ ရိပ်မိကြပလား ?။

ကယ်မဲ့-ယူမဲ့သူ မရှိဘူး၊ ကယ်မဲ့-ယူမဲ့မဂ္ဂင်ဘောင်မရှိရင် မြုပ် မယ့် မျောမယ်၊ နေ့လား ညလား အခုလား တော်တော်နေမှလား-တော့ မသိနိုင်ကြဘူး၊ မြုပ်မှာနဲ့မျောမှာကတော့ အသေ·အချာဘဲ၊ လွတ်ကွင်းမရှိဘူး၊ မြုပ်မှာက ဒုဂ္ဂတိမြုပ်၊ မျောမှာက သုဂတိမျော၊ ဒီမြုပ်မျောနှစ်ခုနဲ့ ဒုက္ခစက်ထဲမှာ ဝဲလှည့်လေသမျှ ပါသွားကြရ မယ်။

မရဏာ ရေတွေက ဒလဟော တိုက်ချနေတယ်၊ စောင်းထက်ထက်နဲ့ တချက်ကောင်း တိုက်ချလိုက်ရင်၊ အခုဘဲနစ်တော့မယ်၊ အခုဘဲ ပါ တော့မယ်၊ မသိကြလို့လား ?၊ လေးလေးစားစား လုပ်ကြ၊ ပေါ့နေဘို့ အချိန်မရဘူး၊ တိုက်ချလိုက်ရင် မျောရတော့မယ်၊ ရိပ်မိကြပလား ?၊ ဒီလိုဖြင့် မဂ္ဂင်အလုပ်ကို မလုပ်ရင် မဖြစ်တော့ဘူးလို့ ဆုံးဖြတ်ချက် ချလိုက်ကြ။

မဂ္ဂင်မှမလုပ်ရင် ခန္ဓာနဲ့ သေမင်းကို ကျေကျေနပ်နပ် အခွန်ဆက် နေဒါဘဲ၊ ဒီလိုဆက်နိုင်ဒါဟာ မိုက်တဲ့သူမို့ ဆက်နိုင်ဒါ၊ လိမ္မာတဲ့သူ ဆိုခင် မဆက်ဘူး၊ ဒို့ဒကာတွေ လိမ္မာဒါဖြင့် နောက်တခါမဆက်ကြ နဲ့တော့၊ ၊ မိုက်တာဟာ အဝိဇ္ဇာလှဲ့စားချက်ကြောင့် မိုက်တာ၊ ၊

အဝိဇ္ဇာလွှဲစားခံရတော့ သားသမီးနဲ့ ပစ္စည်းကို ခင်တွယ်ပြီး၊ အိပ်ပျော် နေကြတော့ဒါပေါ့၊ ဒီလိုသာအိပ်ပျော်နေကြရင် ရေတွေက တအား တိုက်ချဒါ ခံရတော့မယ်၊ စိတ်သာချတော့။

ဒွိဒကာတွေ အိပ်နေဒါမြင်လို့၊ ဒီလိုသာ အိပ်နေရင် ဒုက္ခကြီး လှ လှ ရောက်ကြတော့မယ်ဆိုတဲ့ အဖြစ်ကို သိလို့၊ ဘုန်းကြီးက နှိုးပေး ဒါ နိုးကြတော့၊ ထကြတော့၊ အိပ်ပျော်နေရင် မရဏရေ မျောပါပြီး အပါယ်သမုဒ္ဒရာရောက်ကြတော့မယ်၊ အဲဒီမှာ ငါး၊ လိပ်၊ မကန်းရဲ့ အ စာဖြစ်တော့မယ်၊ မျို၊ ဝါး၊ စားသောက် ပစ်ကြတော့မယ်၊ သားရေး သမီးရေး၊ စီးပွားရေးဘဲ လိုက်နေတဲ့သူဟာ အိပ်ပျော်နေတဲ့ သူဘဲ၊ ဘယ်လောက်ဘဲ အားထုတ်ရှာဖွေ၊ ဘယ်လောက်ဘဲ လိုက်နေနေ၊ ဘယ်ပစ္စည်းနဲ့ သားသမီးကမှ မကယ်နိုင်၊ မယူနိုင်ကြပါဘူး။

ဒီအချက်ကို လေးလေးနက်နက် စဉ်းစားပြီး၊ ဆန်းစစ်ကြည့်ကြ၊ အမှတ်တမဲ့နေရင် သေရမှာမကြောက်လို့ဘဲ မှတ်ရမယ်၊ အသေ မြ ကြောက်ရင် အသေမကြောက်တဲ့ သိုးစိတ်များ ပေါက်နေကြသ လား? မေးဘို့ရှိတယ်၊ ၊သိုး၊ဆိုတဲ့သတ္တဝါမျိုးဟာ အတော်ဆန်းတယ် သိုးအုပ်ထဲက တကောင်ဆွဲပြီးသတ်ရင် ကျန်တဲ့သိုးတွေဟာ တကောင် ပြီး တကောင် ထွက်လာကြပြီး လယ်ပင်းစင်း အသတ်ခံကြတတ်တဲ့၊ အလေ့အထရှိတယ်။

သိုးရဲ့ သဘောဟာ တကောင်သတ်ရင်း လယ်ပင်းစင်းလာရင်းနဲ့ ခင်ဗျားတို့နဲ့ မတူကြဘူးလား? မေးထိုက် - မမေးထိုက်၊ အသေကို

မကြောက်ဘူးဆိုရင် သိုးစိတ်ပေါက်နေတယ် မဆိုနိုင်ဘူးလား ?၊မနာကြနဲ့တော့ ဒီအတိုင်းဘဲ ဖြစ်နေကြဒါ၊ ခင်ဗျားတို့ ဖြစ်စဉ်က ဒီအတိုင်း မခြားပါဘူး။

"သုတ္တံ နုရံ မဟောဃော၀၊ မတံ အာဒါယ ဂစ္ဆတိ"

"အိပ်ပျော်နေသူကို ရေအယဉ် ကြီးက တိုက်ဆွဲချလိုက်သလို၊ မေ့လျော့ပေါ့တန်သူကိုလဲ သေခြင်းတရား၊ ဝါ- မရဏသေမင်းက အတင်းလွှယ်ကူ ယူဆောင်ကာ သွားတတ်ပေ၏" တဲ့၊ ဘုရားက ဟောတော်မူတယ်။

ဒါကြောင့် မေ့လျော့ပေါ့တန်ကြဘို့ အချိန်မဟုတ်တော့ဘူး၊ ဒီအသေက လွတ်ရအောင် အခုလက်ငင်းလုပ်ကြရမယ်၊ ၊သေမှာကို ကြောက်ရွာလွန်းလို့ နည်းအမျိုးမျိုးနဲ့ တားကြတယ်၊ ဆေးပေါင်းအနန္တနဲ့ အသေကို တားကြတယ်၊ ဆေးရုံကြီးတွေ ဆောက်ပီးတော့ တားကြ၊ တိုက်ကြီး-တာကြီးတွေ ဆောက်ပီးလဲ တားကြရ၊ အဝတ်အစားတွေနဲ့ တားကြ၊ တားလို့ကော ရကြရဲ့လား ? မရဘူး၊ တားမရအောင် နစ်မှာပါဘဲ။

ဒီမဂ္ဂင် အလုပ်ကလွဲရင် ဒီပြင်မရှိဘူး၊ ဆေးတွေလဲ အလကားဘဲ၊ ဘာမှ အားကိုးစရာမရှိဘူး၊ မဂ္ဂင်မှာဘဲ အားကိုးရာ ရကြမှာ၊ မဂ္ဂင်ဆိုဒါ သတ္တဝါတို့ရဲ့ အားထားစရာ, မှီခိုစရာ အစစ်အမှန် ကေန်တရားဘဲလို့ ထိပ်မှာသံမှိုစွဲသလို မြဲမြဲကြီး မှတ်ထားကြ။

ကိုယ်သေရမှာ ကိုယ်တိုင်သိကြတယ်၊ မုချသေရမှာဘဲဆိုဒါ သိတဲ့သူချည်းဘဲ ဒါပေမဲ့ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် နာရီမှာသေရမယ်ဆိုဒါ မသိကြဘူး၊ နေ့လား ညလား မသေချာဘူး ဒီလိုဖြစ်ပါရက်နဲ့ အလုပ်မလုပ်ဘဲနေရင် အသေခံပြီး မိုက်ကြဒါဘဲ၊ ဒို့ဒကာတွေ အသေခံပြီး မိုက်ကြအုံးမလား?၊ မမိုက်ပါနဲ့တော့ မိုက်စတွေ သိမ်းလောက်ပြီလို့ သတိပေးလိုက်တယ်။

သေရမှာကြောက်ရင် နိဗ္ဗာန်ရောက်အောင် လုပ်ရမယ်၊ လုပ်ကြ ရောက်အောင် မဂ္ဂင်ရှစ်ပါး အလုပ်-လုပ်ကြ၊ နိဗ္ဗာန်ဆိုဒါက ငြိမ်းအေးရာအစစ်တရား၊ ခန္ဓာလဲငြိမ်းတယ်၊ ကိလေသာမီးလဲငြိမ်းတယ်၊ နိဗ္ဗာန်ဆိုဒါကိလေသာမီးနဲ့ ခန္ဓာလောင်စာ မရှိဒါပါဘဲ၊ ဒါကြောင့် ခင်ဗျားတို့ အခု လက်ရှိရနေဒါက လောင်စာနဲ့မီး တွဲရက်ကြီးဘဲ၊ နိဗ္ဗာန်ဆိုဒါက လောင်စာသိမ်း၍ မီးငြိမ်းဒါလို့ မှတ်ထားကြ၊ ရိပ်မိကြပလား?။

အခုလက်ရှိရနေဒါက လောင်စာနဲ့မီး တွဲရက်ကြီး၊ ခန္ဓာ။
ရအောင်လုပ်ရမှာက လောင်စာသိမ်း၍ မီးငြိမ်းရာနိဗ္ဗာန်။

မီးက လောင်လာတော့ လောင်စာတွေ ဘယ်လို ဖြစ်လာသလဲ ?၊ ၊ ခါးကိုင်း နားထိုင်းလာတယ်၊ ဆံဖြူ သွားကျိုးလာတယ်၊ မျက်စိတွေ မှုန် မွဲ လာဘယ်၊ အဲဒါ ကိလေသာမီး လောင်ပစ်လို့ လောင်စာတွေ တစဘစ ချို့ယွင်းလာဒါပါ၊ သဘောပါကြရဲ့လား ?။

(၁) လောင်စာက ခန္ဓာ၊ ဒုက္ခသစ္စာ။
(၂) မီးက ကိလေသာ၊ သမုဒယသစ္စာ။
(၃) လောင်စာ သိမ်းဒါက နိဗ္ဗာန်၊ နိရောဓသစ္စာ။
(၄) မီးငြိမ်းအောင် လုပ်တာက မဂ္ဂင်ရှစ်ပါး၊ မဂ္ဂသစ္စာ။

ဘာဆုတောင်းကြ၊ ညာဆုတောင်းကြ၊ ဘာဖြစ်ရပါလို၏၊ ညာဖြစ်ရပါလို၏လို့ ဆိုဒါဟာ ဘာကြောင့်လဲ သိကြရဲ့လား ?၊ ဒီသစ္စာမသိကြလို့ ဒီ-အမှန်လေးချက် မရလို့ တောင်းနေကြဒါ၊ ၊လောင်စာနဲ့ မီး တွဲရက်ကြီး ဖြစ်ရပါလို၏လို့ ဆိုဒါနဲ့ အတူတူပါဘဲ၊ သဘောပါကြရဲ့လား ?။

ဒီလိုတောင်းလို့ လောင်စာနဲ့ မီး တွဲရက်ကြီးတွေ ရထားကြတော့ ဘယ်လိုများနေမလဲ? "ဥပမာအားဖြင့် ဝဲပေါက်တဲ့ ခွေးလိုဘဲတဲ့၊ ဝဲနာပေါက်တဲ့ခွေးဟာ အငြိမ်ကိုမနေနိုင်ရှာဘူး၊ သွားနေရင်းကလဲ ဝဲနာလှဲ့ ဖျောက်လိုက်ရ၊ စားနေရင်းကလဲ ယားနာဖျောက်လိုက်ရ၊ ကုန်ကုန်ပြောရရင် ခွေးချင်းကိုက်ရာကတောင်ဝဲကယားတော့ ယားနာလှဲ့ဖျောက်နေရဒါနဲ့ အချိန်ကုန်ဒါပါဘဲ။

ကောင်းကောင်းမစားရ၊ ဣန္ဒြေရရမနေနိုင့် ဝဲနာလှဲကုတ်နေရဒါနဲ့ အငြိမ်ကိုမနေရပါဘူး၊ ခင်ဗျားတို့လဲ ဒုက္ခခန္ဓာ ရထားကြတော့၊ ဝဲပေါက်တဲ့ခွေး အငြိမ်မနေနိုင်သလို အငြိမ်ကိုမနေနိုင်ကြပါဘူး၊အငြိမ်မနေရဆို အိမ်မှာကိုမနေကြရဘူး၊ မနက်လင်းသာရင်၊ အထုပ်ကလေးတွေ ကိုယ်စီနဲ့ နေတိုင်းထွက်ကြရတယ်၊ရှင်းကြရဲ့လား ?။

ဒီလို အငြိမ်မနေရဒေါ ဘာ့လို့လဲ? ငိုပ်မိကြ ပလား?၊ ဒုက္ခခန္ဓာ ကိုယ်ပိုင်ရထားကြလို့၊ ဒီ- ဒုက္ခခန္ဓာ တောင်းချင်ကြသေးသလား?၊ တောင်းချင်တဲ့သူဟာ အငြိမ်မနေချင်လို့ဘဲလို့ မှတ်ကြ၊ ဒုက္ခခန္ဓာ ရလေသမျှ အငြိမ်မနေကြရဘူး၊ လောင်စာနဲ့ မီးက တွဲရက်ဖြစ်နေတော့ တလောင်ထဲလောင် တမြိုက်ထဲမြိုက်နေတော့ ဘယ်တော့မှ ချမ်းသာရာ မရကြဘူး။

ဒါကြောင့် ချမ်းသာရာ ရချင်ရင် လောင်စာ သိမ်းအောင် မီး- ငြိမ်းအောင် မဂ္ဂင်အလုပ်ကို လုပ်ကြရမယ်၊ ဒီ-မဂ္ဂင်အလုပ် လုပ်မှ လောင်စာသိမ်း၍ မီးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန် ရကြမယ်၊ အေးချင်, ငြိမ်း- ချင်, ချမ်းသာချင်ရင် ဒုက္ခဇာတ် သိမ်းချင်ကြရင်၊ မဂ္ဂင် အလုပ်ကို လုပ်ကြပါလို့ ပြောလိုက်ပါတယ်၊ သဘောပါကြပလား?။

ကိုင်း--ယနေ့--ဒီတွင်--တော်ကြအုံး။

# ဓမ္မရတနာ - မာတိကာ

## " ဒိဋ္ဌိကထာမှ ချမ်းသာရ တရားတော် "

**ဆောင်ပုဒ်**

ရုပ်,နာမ်လောက၊ ခိုင်မြဲစွ၊ ယူက သဿတာ။
ရုပ်,နာမ်မမြဲ၊ ပြတ်ယူစွဲ၊ ခေါ်မြဲ ဥစ္ဆေဒါ။
အဆုံးရှိ၏၊ ဥစ္ဆေသိ၊ မရှိ သဿတာ။
အသက်ကိုမူ၊ တခြားယူ၊ အတူယူလည်း ဥစ္ဆေဒါ။
သတ္တာသေမူ၊ ဖြစ်သေးယူ၊ တလွဲယူလည်း ကေစ္စာ။
သတ္တာသေက၊ မဖြစ်ကြ၊ ပြတ်က ဥစ္ဆေဒါ။
မဖြစ်မဟုတ်၊ ဖြစ်မဟုတ်၊ စွဲထုတ် အမရာ။

**သတိချပ်**

ဒိဋ္ဌိမိစ္ဆာ၊ ရှိသူမှာ၊ သေခါပါယ်လက်ငင်း။
သက္ကာယပင်၊ ရှိလေလျှင်၊ ပါယ်ခွင် မလွတ်ကင်း။

**ဥပမာ**

မြစ်ငယ်ငါးရာ၊ စီးရေဟာ၊ ငါးဖြာ မြစ်မဆင်း။
မြစ်ငါးဖြာမှ၊ သမုဒ္ဒ၊ စီးရ မြဲထုတ်ချင်း။
ထိုနည်းပမာ၊ သက္ကာယာ၊ ခြောက်နှစ်ဖြာသို့ဆင်း။
ခြောက်နှစ်, ရင့်လာ၊ နိယတာ၊ သုံးဖြာ ဒိဋ္ဌိမင်း။
ဒိဋ္ဌိသုံးရပ်၊ နိယတတ်၊ ချုံးကပ် ဝီစိတွင်း။
ထိုကြောင့်မြန်စွာ၊ သက္ကာယ၊ ပယ်ချ ခုရုတ်ချင်း။

**တရားသား** ဒီကနေ့ အင်မတန် ကြောက်စရာကောင်းတဲ့ မိစ္ဆာဒိဋ္ဌိ အယူဝါဒ အကြောင်းကို သိကြရမယ်၊ မိစ္ဆာအယူ သိရရင် မိမိမှာ လက်မခံကြဖို့ အရေးကြီးတယ်။

ဒီနေရာမှာ "အဂ္ဂိဝစ္ဆ" ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတယောက်က ဘုရားရှင်ထံ မေးမြန်းတဲ့အချက်, ဘုရားရှင်က ပြန်ကြားဖြေဆိုတဲ့ အချက်ကို ထုတ်ပြမယ်၊ ဒီအမိပ္ပါယ်ဟာ "မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်" မှာ လာတယ်လို့ မှတ်ကြ။

ဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူဆဲ တနေ့သော အခါကျတော့ အဲဒီ- အဂ္ဂိဝစ္ဆ-ဆိုတဲ့ မိစ္ဆာ ပုဏ္ဏားဟာ ဘုရားထံ သူသိလိုတဲ့ ပြဿနာများကို မေးတယ်၊ ဒီအခါ ဘုရားရှင်က ကျေးဇူးများဘွယ် အချက်များကို ပြန်ကြားဖြေဆိုတော်မူတယ်။ အဲဒီအချက်များက—

"အို-- အရှင်ဂေါတမ လောကကြီး၊ ဝါ- ရုပ်နာမ်ဟာ မြဲပါသလား ?"

"အို-- အဂ္ဂိဝစ္ဆ ဒီအယူက မှားတဲ့မိစ္ဆာဒိဋ္ဌိ အယူဝါဒဘဲ"

"ဒါဖြင့် လောကကြီး၊ ဝါ- ရုပ်နာမ်ဟာ မမြဲဘူးလား ?"

"အဂ္ဂိဝစ္ဆ ဒီအယူလဲ မိစ္ဆာအယူဘဲ"

"လောကဆိုတဲ့ ရုပ်နာမ်ဟာ အဆုံးရှိပါသလား ?"

"ဒါလဲဘဲ မိစ္ဆာ အယူဘဲ"

"ဒါဖြင့် လောကဆိုတဲ့ ရုပ်နာမ်ဟာ အဆုံးမရှိဘူးလား ?"

"ဒါလဲဘဲ မိစ္ဆာဒိဋ္ဌိ ဝါဒဘဲ"

"အသက်နဲ့ ကိုယ်ဟာ အတူတူလား ?"

"ဒါလဲ ဒိဋ္ဌိအယူဝါဒဘဲ"

"ဒါဖြင့်· အသက်နဲ့ ကိုယ်ဟာ တခြားစီလား ?"

"ဒါလဲ မိစ္ဆာဒိဋ္ဌိ အယူဘဲ"

"သတ္တဝါသေရင် ဖြစ်သေးသလား ?"

"ဒါလဲဘဲ မိစ္ဆာဒိဋ္ဌိ အယူဘဲ"

•"ဒါဖြင့်· သတ္တဝါသေရင် မဖြစ်တော့ဘူးလား ?"

"ဒါလဲ ဒိဋ္ဌိအယူဝါဒဘဲ"

"သတ္တဝါသေရင် ဖြစ်တလဲ့ မဖြစ်တလဲ့လား ?"

"ဒါလဲဘဲ မိစ္ဆာဒိဋ္ဌိ အယူဘဲ"

"ဒါဖြင့်· သတ္တဝါသေရင် ဖြစ်သည်လည်းမဟုတ် မဖြစ်သည် လည်း မဟုတ်လား ?"

"အို·· အဂ္ဂိဝစ္ဆ ဒီအယူလဲ မိစ္ဆာဒိဋ္ဌိ အယူဝါဒပေဘဲ"

ဒီနေရာမှာ ဒွိဒကာတွေ သိထားဘို့က လောကကြီးဟာ ဝါ· ရုပ်နာမ်ဟာ မြဲတယ်လို့ယူရင် သဿတဒိဋ္ဌိအယူဘဲ၊ ရုပ်နာမ် လောက မမြဲဘူးလို့ အပြတ်ယူရင် ဉစ္ဆေဒဒိဋ္ဌိအယူဘဲ၊ အဆုံးရှိတယ်လို့ အပြတ်ယူရင် ဉစ္ဆေဒ အဆုံးမရှိဘူးလို့ အဆက်ယူရင် သဿတအယူ၊ အသက်နဲ့ ကိုယ် တခြားစီယူယူ အတူတူဘဲယူယူ ဉစ္ဆေဒဒိဋ္ဌိအယူ သတ္တဝါတွေသေရင် ဖြစ်တဲ့အခါ ဖြစ်သေးတယ်ယူယူ ဖြစ်တလဲ့ မဖြစ်

တလွဲလို့ ယူယူ ကေစ္စသဿတ ဒိဋ္ဌိလို့ မှတ်။ မဖြစ်တော့ဘူးလို့ ယူရင် ဥစ္ဆေဒအယူ၊ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်လို့ ယူရင် အမရာဝိက္ခေပ ဒိဋ္ဌိလို့ မှတ်ကြ၊ သဘောပါကြရဲ့လား ?။

ဒါ- အကျဉ်းချုပ်အနေ ပြောဒါ၊ ဒီ- ဒိဋ္ဌိတွေဟာ နာမယ် ကုန်အောင် တပ်ရင် ခြောက်ဆဲ့နှစ်မျိုးရှိတယ်၊ ခြောက်ဆဲ့နှစ်ပါး ရှိရှိ၊ ဘယ်လောက်ဘဲ ရှိနေ့ ရှိနေ၊ အထူးသတိချပ်ထားဘို့က " သက္ကာယ ဒိဋ္ဌိပြုတ်ရင် ဒိဋ္ဌိအားလုံးပြုတ်တယ် " ဆိုဒါပါဘဲ၊ ဒါကြောင့် ဒီ-ဒိဋ္ဌိ မျိုးတွေ အမြစ်ပြုတ်အောင် သက္ကာယဒိဋ္ဌိ တလုံးထဲကို အမြစ်ပြုတ်အောင် လုပ်ကြရမယ်။

မလုပ်ရင် မဖြစ်ဘူးလို့ ဆုံးဖြတ်ချက်ချ၊ ဘာကြောင့် မလုပ်ရင် မဖြစ်သလဲ ?၊ သက္ကာယဟာ အရင်းခံ့အခြေခံ သဘောရှိတယ်၊ ဒီ-သက္ကာယမကင်းသမျှ ဘောက်ပြန်သွားနိုင်တယ်၊ သံသရာ ကျင်လည်တဲ့အခါမှာ အကြောင်းအားလျော်စွာ ဆိုသလို အခွင့်မသင့်ရင် မိစ္ဆာဒိဋ္ဌိ အကြီးစားကြီး ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် ဒီသက္ကာယ အမြန်ဖြုတ်လို့ ပြောလိုက်တယ်။

ဥပမာ ချောင်းမြောင်း မြစ်လက်တက်နဲ့ ဓာကူ မြစ်ငယ်ငါးရာက စီးဆင်းလာတဲ့ ရေဟာ တချိန်မှာ မြစ်ကြီးငါးစင်းသို့ ရောက်ကြရတယ်၊ အဲဒီ- မြစ်ကြီးငါးစင်း ရေဟာလဲ စီးဖန်များတော့ နောက်ဆုံး မဟာသမုဒ္ဒြာကြီး လေးစင်းမှာ ပေါင်းဆုံကြရတယ်၊ ဒီ-သဘော အတိုင်း သက္ကာယအမြင် ရှိသူဟာ မိတ်ကောင်း မရရင် ခြောက်ဆဲ့

နှစ်ပါးဆိုတဲ့ ဒိဋ္ဌိ အယူထဲရောက်သွားနိုင်တယ်၊ အဲဒီခြောက်ဆဲ့ နှစ်မျိုးထဲရောက်ရင် နိယတမိစ္ဆာဒိဋ္ဌိဆိုတဲ့ ကမ္ဘာ့သစ်ငုတ်ဖြစ်ဘို့မခဲယဉ်းတော့ဘူး။

အဲဒီ-ကမ္ဘာ့သစ်ငုတ် သံသရာ့သစ်ငုတ် ဖြစ်သွားရင် ဘုရားအဆူဆူ ကယ်ချွတ်ပေမဲ့ အတော်အတန်နဲ့ ကျွတ်ခွင့် လွတ်ခွင့် မမြင်တော့ဘူး၊ အတော်ကလေးကို ခဲခဲ ယဉ်းယဉ်း ကြုံရဘို့ရှိတယ်၊ ဒါကြောင့် ဒို့ဒကာတွေ နေမဝင်ခင် တင်ကူးပီးတော့ လုပ်ရမဲ့အလုပ်ကို ကြိုးစားလုပ်ကြပါလို့ ကြပ်ကြပ်ကြီး သတိပေးလိုက်ပါတယ်။

ဒိဋ္ဌိစွဲနေရင် ဒိဋ္ဌိရှိနေသမျှ ယထာဘူတဉာဏ် နိဗ္ဗိန္ဒဉာဏ် မဂ်ဉာဏ် ဆိုတဲ့ ဉာဏ်သုံးချက်ဟာ အတက်မပေါက်နိုင်တော့ဘူး၊ အရွက်လူဘို့ ဖူးဘို့ ပွင့်ဘို့ အသီး-သီးနိုင်ဘို့ လမ်းပိတ်သွားဘီလို့မှတ်ကြ၊ ရှင်းကြပလား ?၊ အဲဒါနဲ့ အဂ္ဂိဝစ္ဆ ပြန်ဆက်အုံးစို့၊ အဂ္ဂိဝစ္ဆပုဏ္ဏားက သူ့ပြဿနာကို ဆက်လက်ပြီးမေးပြန်တယ်။

"ဒီလိုဖြင့် အရှင်ဂေါတမက ဘယ်ဒိဋ္ဌိအယူရှိပါသလဲ ?"

"အို···အဂ္ဂိဝစ္ဆ ငါဘုရားကား ဒိဋ္ဌိအယူဟူသမျှကို ပယ်သတ်ပြီးပြီ"

"ဒါဖြင့်-အရှင်ဂေါတမ သိမြင်တဲ့ တရားသဘောပြောပြပါအုံး" အဂ္ဂိဝစ္ဆ- ငါသိမြင်အပ် သိမြင်ပြီး သဘောကား—

"ရုပ်တရားဖြစ်တယ်, ရုပ်တရားပျက်တယ်၊ ဝေဒနာဖြစ်တယ်, ဝေဒနာပျက်တယ်၊ သညာဖြစ်တယ်,သညာပျက်တယ်

ဝိညာဏ်ဖြစ်တယ်, ဝိညာဏ်ပျက်တယ်၊ အားလုံး ရုပ်, နာမ် သင်္ခါရတရားစုဟာ ဖြစ်ပြီး-ပျက်ကြတဲ့သဘောရှိတယ်၊ ဒါ ငါ့ဘုရားရဲ့ အယူဝါဒဘဲ"။

"ဒီလိုဆိုရင် အရှင်ဂေါတမဟာ ဘယ်အကျိုးကို မြော်ကိုးလို့ ဒီ အယူဝါဒကို ယူထားပါသလဲ ?"

အို ပုဏ္ဏား ဒီ အယူ ယူတဲ့အတွက် တဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ ပပဉ္စအယူသေတယ်၊ ပပဉ္စအယူ မရှိတော့ဘူး၊ ဒီတဏှာ, မာန, ဒိဋ္ဌိဆိုတဲ့ တရားသုံးခုဟာ သံသရာ ချဲ့တတ်တဲ့ တရား သုံးခုဘဲ၊ ဒီအယူမရှိတော့ သံသရာမချဲ့နိုင်တော့ဘူး၊ ဒီလို-ရုပ်,နာမ်,ခန္ဓာ မမြဲဘူးလို့ယူတဲ့အယူက ပဋိစ္စသမုပ္ပါဒ် စက် ရဟတ် ပြတ်တဲ့အယူ ဒုက္ခစက်ကြီး ပြတ်တဲ့အယူဝါဒဘဲလို့ ဘုရားကဖြေဆိုတော်မူတယ်။

ဒီတော့ ဒို့ဒကာတွေ ရုပ်,နာမ်ဖြစ်ပျက်ကို တွေ့မှသာ ဗုဒ္ဓဘာသာ ဝင် အစစ်အမှန်ဖြစ်တယ်လို့ မှတ်လိုက်ကြ၊ ရုပ်ဖြစ်ပျက်, နာမ်ဖြစ် ပျက် တချက်ချက်မှာ ဉာဏ်မပိုင်သေးသမျှ ဗုဒ္ဓဘာသာအစစ်မဟုတ် ကြသေးဘူးလို့ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပလား ?။

ဗုဒ္ဓဘာသာ အယူဟာ ဒီနေရာက စ, တယ်လို့မှတ်၊ ရုပ် နာမ် ဖြစ်ပျက် မမြင်သေးရင် လူ မဖြစ်သေးဘူး၊ လူကြီးမဟုတ်သေးဘူး၊ ကလေးဘဝမှာဘဲ ရှိသေးတယ်လို့ စွဲထားကြ၊ ဖြစ်ပျက်မမြင်ရင် ဒိဋ္ဌိမပြုတ်ဘူး၊ ဒိဋ္ဌိမပြုတ်ရင် ဒီခန္ဓာ ငါထင်စွဲမယ်, ငါ့ကိုယ်လို့

စွဲမယ်၊ ငါရှိတော့ ငါ့ဥစ္စာရှိလာတယ်, ငါ့ကိုယ် ငါဟာ ဆိုတဲ့ ဒိဋ္ဌိ တဏှာရှိတော့ အဲဒီအပေါ်မှာ မာနက ငါကွဆိုပြီး အုပ်ချလိုက်တော့ ဒါပေါ့။

ဒါကြောင့် ဒိဋ္ဌိရှိနေရင် တဏှာ မာနတွေ ဝင်ပြီး သံသရာနယ် ချဲ့ သွားတော့မယ်၊ သံသရာနယ်ချဲ့တတ်လို့ ဒိဋ္ဌိမပြုတ်သမျှ သံသရာ သစ်ငုတ်ဘဲလို့ တထစ်ချ မှတ်ပေတော့။

ဘုရားရှင်က သတိပဋ္ဌာနသုတ်မှာ—

ဣတိ ရူပံ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော၊ ဣတိ ဝေဒနာ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော။

ဤကား ရုပ် ဤကား ရုပ်ဖြစ်ခြင်း၊ ဤကား ရုပ်ချုပ်ခြင်း၊ ဤကား ဝေဒနာ ဤကား ဝေဒနာဖြစ်ခြင်း၊ ဤကား ဝေဒနာချုပ် ခြင်း စသည်ဖြင့် ဟောတော်မူတယ်၊ အဲဒါ ဖြစ်ပျက်ကိုဟောဒါဘဲ။

အဲဒီလို ခန္ဓာအရှိမှာ ဉာဏ်နဲ့ကြည့်ရင် ရုပ်ဖြစ်ပျက် ဝေဒနာဖြစ် ပျက်၊ သညာဖြစ်ပျက်၊ သင်္ခါရဖြစ်ပျက်၊ ဝိညာဏ်ဖြစ်ပျက် ဆိုတဲ့ ခန္ဓာ ဖြစ်ပျက် တချက်ချက်ကို တွေ့မြင်ရမယ်၊ ၊အဲဒီ-ရုပ်နာမ်ဖြစ်ပျက် အရှိကို အမှန်သိမြင်ရင် သိမြင်ဒါနဲ့ တပြိုင်နက် ဒိဋ္ဌိချုပ်ရတယ်၊ ဒိဋ္ဌိချုပ်တော့ ဥပါဒါန်လဲ ချုပ်တော့ဒါဘဲ၊ ၊ဒိဋ္ဌိဆိုဒါ တဏှာ ဘဲ၊ မာနကလဲ တဏှာထဲဝင်တယ်၊ ဥပါဒါန်က ကာမုပါဒါန်, ဒိဋ္ဌု ပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဆိုတဲ့ လေးပါး

ချုပ်တာကို ပြောဒါ၊ ဥပါဒါန်ချုပ်တော့ ဘဝ, ဇာတိ စတဲ့ ဒုက္ခတွေ အကုန်ချုပ်တော့ဒါဘဲ။

"ဗုဒ္ဓ-သရဏံ-ဂစ္ဆာမိ"ဘုရားကိုးကွယ်ပါ၏ဆိုဒါဒုက္ခကြောက်လို့ ဘုရားကိုးကွယ်ကြဒါပါ၊ ကိုးကွယ်ရုံနဲ့ မရဘူး၊ ကိုးကွယ်ရုံ ကိုးကွယ်နေလို့တော့ ဒုက္ခက မလွတ်နိုင်သေးဘူး၊ ဘုရားအယူအတိုင်း လိုက်နာမှ သူ့တရားအတိုင်း ကျင့်ကြံမှ ဒုက္ခက လွတ်မယ်၊ ဒုက္ခလွတ်ချင်ရင် ဟောတဲ့အတိုင်း လိုက်နာကျင့်ကြံကြ၊ ရှင်းပလား ?၊ နောက်–ပုဏ္ဏားက ဆက်လက်မေးပြန်တယ်–

"အရှင်-ဂေါတမ ဥပါဒါန်ချုပ်ရင် ဘယ်သွားဖြစ်ပါသလဲ ?"

"အဂ္ဂိဝစ္ဆ ဥပါဒါန်ချုပ်ရင် ဒုက္ခတွေအားလုံး ချုပ်ဆုံးသွားပြီ၊ ဘယ်သွားတယ်လို့ ငါဘုရားဖြေတော်မမူဘူး"။

"ဒါဖြင့် ဥပါဒါန်ချုပ်ရင် ဘယ်မှသွားမဖြစ်တော့ဘူးလား ?"။

"ဒီလိုလဲ ငါဘုရား ဖြေတော်မမူဘူး"။

"ဒါဖြင့် ဥပါဒါန်ချုပ်ရင် ဖြစ်တလှဲ့ မဖြစ်တလှဲ့လား ?"။

"ဒီလိုလဲ ငါဘုရား ဖြေတော်မမူဘူး"။

"ဒါဖြင့် ဥပါဒါန်ချုပ်ရင် ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်လား ?"။

"ဒီလိုလဲဘဲ ငါဘုရား ဖြေတော်မမူဘူး"။

"အို-အရှင်ဂေါတမ အရှင်ဖြေဆိုသမျှ အကုန်သဘောကျပါတယ် ဒါပေမဲ့ ဒီ- နောက်မေးတဲ့ လေးချက်မှာတော့ သဘောမကျ, မကျေနပ်နိုင်ပါ"။

"အို-အဂ္ဂိဝစ္ဆပုဏ္ဏား ရုပ်,နာမ် ခန္ဓာတွေရှိလို့ သာ သတ္တာရှိတယ်လို့ဆိုဒါ၊ အမှန်စင်စစ်မှာ- ရုပ်ရှိ, ဝေဒနာရှိ, သညာရှိ, သင်္ခါရရှိ, ဝိညာဏ်ရှိ, ရုပ်တရား, နာမ်တရား, ခန္ဓာငါးပါးမျှသာရှိတယ်၊ ဒီ-ရုပ်နာမ်,ခန္ဓာကလွဲရင် ပုဂ္ဂိုလ်မရှိ, သတ္တာမရှိ, ယောကျ်ား, မိန်းမ, မရှိ, ဒါကြောင့်- ဥပါဒါန်ချုပ်လို့ ခန္ဓာငြိမ်းရင် ဒုက္ခဇာတ်လဲ သိမ်းတော့ဒါဘဲ၊ သံသရာလဲ ဆုံးတော့ဒါဘဲ၊ နောက်ထပ် သံသရာမှာ ကျင်လည်ဘို့ မရှိတော့ဘူး၊ သံသရာ ခရီးသယ်တွေ ဥပါဒါန် ချုပ်တဲ့နောက် သံသရာခရီး ဆုံးဘီလို့ မှတ်ရမယ်" လို့၊ ဟောကြား မိန့်မြွက်တော်မူလိုက်တယ်။

ဒို့ဒကာတွေ သဘောပါကြရဲ့လား ?၊ ဒါကြောင့် ဒို့ဒကာတွေ ဥပါဒါန်ချုပ်အောင် ကြိုးစားကြ၊ ဥပါဒါန်ချုပ်ရင့် နောက်-ခန္ဓာ မလာတော့ဘူး၊ သတ္တာ အဖြစ်မလာတော့ဘူး၊ ရုပ်,ဝေဒနာ, သညာ သင်္ခါရ, ဝိညာဏ်လို့ ခေါ်ဝေါ်မှု လွတ်ကင်းတဲ့ နိဗ္ဗာန်ရကြမယ်၊ ရှင်းကြပလား ?။

ကိုင်း ‥ ဒီတွင်ဘဲ ‥ တော်ကြအုံး။

---

# ဓမ္မရတနာ - မာတိကာ

## " ခန္ဓာချည်တိုင် မရုန်းနိုင် တရားတော် "

| "ခွေး" ဥပမာ | | "သတ္တဝါ" ဥပမေယျ | |
|---|---|---|---|
| ချည်တိုင် | မရုန်းနိုင်အောင် | ခန္ဓာချည်တိုင် | မလွတ်နိုင်အောင် |
| ကြိုး | အချည်အနှောင် | သက္ကာယကြိုး | အနှောင်အဖွဲ့ |
| လည်ပတ် | ခံနေရသည် | တဏှာလည်ပတ် | ခံနေကြရသည် |

**ဆောင်ပုဒ်**

လည်ပတ်မြဲခိုင်၊ ဖွဲ့ကြိုးပိုင်၊ ချည်တိုင် ပတ်ချာချာ။
ဒီတွင်နေစား၊ ဒီတွင်သွား၊ ဒီနား အိပ်ရရှာ။
ညစ်ကြေးစွန့်လျှင်၊ ဒီနားပင်၊ သေလျှင် နီးမကွာ။
ချည်တိုင်ရစ်ဝဲ၊ မခွာရှဲ၊ ခွေးနဲ့ ဥပမာ။ } ဥပမာ။

သတ္တဝါဆိုင်ဆိုင်၊ ခန္ဓာတိုင်၊ မြဲခိုင် မလွတ်သာ။
သက္ကာယကြိုး၊ တဏှာဆိုး၊ တုပ်မျိုး လည်ပတ်သာ။
တရစ်ပတ်ပတ်၊ လှည့်တုံလတ်၊ မပြတ် ဘယ်သံသာ။
သစ္စာမသိသူ၊ ထိုနည်းတူ၊ ဘယ်မှု မလွတ်ရာ။
အနမတဂ္ဂ၊ သံသာရ၊ သုတ္တာ မိန့်ခွန်းလာ။ } ဥပမေယျ

**တရားသား** ဒို့ဒုက္ခာတွေ သံသရာ ဘယ်က စခဲ့ကြသလဲ ? မသိပါဘူး၊ အဲ-ဟုတ်ပီ မသိဒါက စခဲ့ကြတယ်၊ ဒါကြောင့် သံသရာအစ အဝိဇ္ဇာကလို့ မှတ်ထားကြ၊ ရိပ်မိကြပလား ?၊ သံသရာ ဆုံးတော့ ဘယ်မှာဆုံးမလဲ ?၊ မဂ်ရရင် ဆုံးတော့မယ်၊ သံသရာဆုံး

ချင်ရင် မဂ်ရအောင် လုပ်ရလိမ့်မယ်၊ မဂ်မရသမျှ သံသရာ ဘယ်တော့မှ မဆုံးတော့ဘူးလို့မှတ်။

သံသရာမဆုံးလို့ ဒုက္ခစက် လယ်နေကြဒါ၊ သံသရာ မဆုံးရင်ဒုက္ခစက်ထဲလယ်ကြအုံး၊ အဖန်ဖန်ဖြစ်၊အဖန်ဖန်ပျက် ရုပ်•နာမ် ခန္ဓာ ဒုက္ခသစ္စာ အဆက်မပြတ်အောင် ဒလစပ် လှည့်ပတ်နေတော့တယ်၊ ဖြစ်-လိုက်၊ ပျက်လိုက်ဆိုတဲ့ ဖြစ်ပျက် ဒုက္ခစက်ကြီး အဆက်မပြတ်နိုင်တော့ဘူး။

ခန္ဓာရတော့ ခန္ဓာနဲ့နေ, ခန္ဓာနဲ့သေကြရ၊ လူခန္ဓာ, နတ်ခန္ဓာ ပြဟ္မာခန္ဓာ,ငရဲ တိရစ္ဆာန် ပြိတ္တာခန္ဓာ, ခန္ဓာအမျိုးမျိုးတွေ တမျိုးပြီး တမျိုးရကြမယ်၊ ခန္ဓာရတော့, ခန္ဓာနဲ့နေကြ, ခန္ဓာနဲ့ဘဲသေလို့ မဆုံးနိုင်တော့ဘူး၊ ဒုက္ခသစ္စာနဲ့နေ, ဒုက္ခသစ္စာနဲ့သေကြ၊ ဒုက္ခသစ္စာက လွတ်ခွင့်မရနိုင်ဘဲ၊ တဝဲလယ်လယ်လှဲပြီး ခံနေကြရတယ်။

ဘုရားပွင့်ရင် ဒုက္ခက လွတ်နိုင်ကြမယ်၊ ဘုရားပွင့်မှသာ ဒုက္ခသစ္စာနဲ့ အိုးစားကွဲမယ်လို့မှတ်လိုက်ကြ၊ ဘုရားမပွင့်သမျှ ဒုက္ခက လွတ်ခွင့်ကို မရနိုင်ကြဘူး၊ ဘုရားမပွင့်တဲ့အခါ ပွဲအမျိုးမျိုး ဆင်နွှဲနေကြရတယ်၊ ဇာတိပွဲ,ဇရာပွဲ, မရဏပွဲ ဆိုတဲ့ ပွဲအမျိုးမျိုးတွေဘဲ နွှဲနေရတယ် ဇာတိပွဲက,မလှဲသာပွဲ၊ ဇရာပွဲက, မတတ်သာပွဲ၊ ဗျာဓိပွဲက, အားနာပွဲ၊ မရဏပွဲက,နှင်ထုတ်တဲ့ပွဲ၊ မောင်းထုတ်ခံရတဲ့ပွဲလို့ မှတ်ကြ။

ဒို့ဒကာတွေ သစ္စာမသိသမျှ ဒီ·ပွဲတွေ ခံချင်ကြလို့ဘဲ၊ သစ္စာမသိရင် နောက်ပွဲ· ခံချင်သေးလို့ဘဲဆိုဒါ မှတ်ထားကြ၊ ဇာရာပွဲက—

အတွင်းတေဇော, အပြင်တေဇော အရိုက်ခံရတဲ့ ပွဲဘဲ၊ မရဏပွဲက- ပြည်ရွာက မောင်းထုတ်ပီး နှင်တဲ့ပွဲလို့ ခေါ်တယ်၊ ဒို့ဒကာတွေ ဘယ်ပွဲများ ခံချင်ကြသေးတုံး ?၊ မေးလိုက်ပါတယ်။

နောက်ပွဲ မခံချင်ရင် သာသနာကြုံတဲ့အခါ၊ ကြိုးစားကြ၊ မကြိုးစားရင် မျောက် သစ်ကိုင်းလွှတ်သလို လှလှကြီး ဒုက္ခတွေ့ရတော့မယ်၊ မျောက်နှစ်ကောင် သစ်ပင်ပေါ်မှာ တကောင်နဲ့ တကောင် ဒေါသ- ကြီးကြီးနဲ့ ရန်ဖြစ်,နပန်းလုံးတော့ နှစ်ကောင်လုံး သစ်ကိုင်းလွှတ်ပီး သစ်ပင်က ကျသေရတယ်၊ ဒို့ဒကာတွေလဲ သာသနာသစ်ကိုင်း လက်လွှတ်ခံကြရင် ကျသေဘို့ဘဲ ရှိတော့တယ်လို့ ဆုံးဖြတ်ချက်ချ။

ဗဟုသုတ မရှိကြတော့ ဒုက္ခခန္ဓာ အဟုတ်ကြီးထင်ပီး ဒုက္ခခန္ဓာ ခင်မင်နေကြတယ်၊ခင်လို့,မင်လို့ ခလုတ်မထိ,ဆူးမငြိအောင် လုပ်နေကြဒါပေါ့၊ ခန္ဓာကို ငါထင်ပီး ခန္ဓာကို ငါလုပ်နေဒါ သစ္စာမသိလို့ သစ္စာလဲမသိ, အကြားအမြင်လဲ မရှိတော့ ခန္ဓာခင်မင်နေဒါပေါ့၊ ၊ အကြားအမြင်ရှိ သစ္စာသိတဲ့ သူကတော့၊ ခန္ဓာမခင်ဘူး၊ ဘယ်ခင်တော့မလဲ သူက အမြင်မှန် သစ္စာအမြင် ရသွားဘီကိုး။

ခန္ဓာခင်တဲ့ ဒို့ဒကာတွေ သံသရာမှာ ဘယ်လိုများ နေကြသလဲ ?၊ "အနမတဂ္ဂ သံသာရ"သုတ်မှာလာတဲ့ ဥပမာကို ပြောရမယ်၊ ဥပမာ ခွေးကို လယ်ပတ်စွပ်, ကြိုးနဲ့ချည်, ချည်ပီးတော့မှ ချည်တိုင်မှာ မြဲအောင် ချည်ထားတယ်၊ ချည်ထားပီး ဒီတိုင်မှာ ဒီကြိုးနဲ့ ဒီလယ်ပတ်နဲ့ နေစေ, ဒီမှာနေ, ဒီမှာစား, ဒီမှာဘဲ ကျင်ကြီးကျင်ငယ်သွား-

ဒီနားမှာဘဲအိပ် မေးလဲ ဒီတိုင်နားမှာဘဲ သေတော့လဲ ဒီတိုင်နားမှာ ဘဲ သေပေတော့ဆိုပြီး ချည်တိုင်မှာ ချည်ထားတဲ့ ခွေးကလေး လို-ပါဘဲတဲ့။

ဒီခွေးဟာ ချည်တိုင်မှာ ချည်ထားတော့ ဒီတိုင်နားမှာဘဲ နေ, စား, အိပ်, ကျင်ကြီး-ကျင်ငယ်စွန့်၊ မွေးလဲ ဒီတိုင်နားမှာ,သေတော့လဲ ဒီတိုင်နားမှာဘဲ သေရတယ်၊ ၊သစ္စာမသိသူလဲ ဒီသဘောပါဘဲ၊ ဒီလို နေရတဲ့သူနဲ့ သစ္စာမသိတဲ့သူနဲ့ ဥပမာတူတယ်တဲ့၊ ဒါဟာ"အနမတဂ္ဂ သံသာရ"သုတ္တန်မှာ ဘုရားရှင်က ခွေး-ဥပမာ ထားပြီး ဟောခဲ့တဲ့ အဓိပ္ပါယ်ဘဲ၊ ကြမ်းတယ်လို့များ မထင်လိုက်ကြပါနဲ့ ဖြစ်စဉ်က ဒီအတိုင်း ကိုက်နေတယ်။

ခင်ဗျားတို့တတွေ ခန္ဓာချည်တိုင်က လွတ်နိုင်ကြရဲ့လား ?၊ ခန္ဓာ ချည်တိုင်မှာ ဒီက-မခွါနိုင်ကြဘူး ဘာကြောင့်လဲ ?၊ သက္ကာယကြိုးနဲ့ ချည်ထားတယ်၊ တဏှာလယ်ပတ်ကလဲ ပါနေတယ်၊ တဏှာလယ်ပတ်မှာ-သက္ကာယကြိုးဆွဲပြီး ခန္ဓာချည့်တိုင်မှာ ခိုင်ခိုင်ကြီး ချည်ထားလိုက်တော့ ဘယ်မှာ ရုန်းထွက် နိုင်ပါတော့မလဲ ?၊ ၊ ဒီ-ချည်တိုင်မှာဘဲ တရစ်ပတ်ပတ်နဲ့ မပြတ်အောင် လှည့်ပတ်နေရတော့ ဒါဘဲပေါ့၊ ရှင်းကြပလား ?။

ဒီအဖြစ်ဆိုးက သာသနာတွင်းကြုံမှ လွတ်နိုင်ကြမယ်၊ သာသနာတွင်းကြုံမှ ချည်တိုင်ပြုတ်မယ်၊ သာသနာနဲ့ မတွေ့-မကြုံရင် ချာချာပတ်ပြီး သံသရာဘဝလည်ကြအုံးတော့ဘဲ၊ အဲဒါကြောင့်အခွင့်ကောင်း

ကြုံတဲ့အခါ သစ္စာသိအောင် လုပ်ကြပါ သစ္စာသိအောင် မလုပ်ရင် သာသနာကြုံတယ်လို့ မခေါ်နိုင်ဘူး၊ အခုလိုအခါမှာချည်တိုင်ကျိုးအောင် ကြိုးပြတ်အောင် လယ်ပတ်ပြုတ်အောင် လုပ်ဘို့ရာ သင့်တယ်လို့ ဆုံးဖြတ်ကြ။

ဒီလိုအခွင့် ဒီလိုအခါမျိုးကို အင်မတန် ကံထိုက်လွန်းလို့ ရလာကြဒါ၊ ဒီအခါကောင်း၊ အခွင့်ကောင်းကိုမှ လက်လွတ် ခံကြရင် ခင်ဗျားတို့တတွေဟာ ကြာပင်ခြေရင်းမှာ ဝပ်နေကြတဲ့ ဘားကောင်ကလေးတွေလိုဘဲလို့မှတ်ကြ၊ ကြာပင်ခြေရင်းက ဘားဟာ ကြာရိုးကြာစွယ်·ကြာဝတ်ဆံဆိုတဲ့ အမွန်·အမြတ်ကို နီးရက်နဲ့ မစားရ·မသောက်ရဘူး၊ ၊သူ·ဘာစားရသလဲ ?၊ ရွှံ့ပုပ် ဗွက်ပုပ်တို့ စားပြီးသေရဒါပါဘဲ၊ သဘောပါကြရဲ့လား ?။

> သစ္စာသိအောင် အားမထုတ်ချင်ရင် ရွှံ့ပုပ်၊ ဗွက်ပုပ်နဲ့ သာ တန်တဲ့လူဘဲလို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်လိုက်ကြ။

ဒါကြောင့်·ဘုရားသာသနာတွင်းနဲ့ကြုံတွေ့ရတဲ့အခါ ကြိုးစားလိုက်ကြ၊ သူတော်ကောင်းကို ဆည်းကပ်ပြီး သစ္စာသိအောင် အားထုတ်ကြပါလို့ အလေးအနက် တိုက်တွန်းလိုက်တယ်။

ခင်ဗျားတို့ တတွေဟာ "အသုတဝါ ပုထုဇ္ဇနော" အဖြစ်နဲ့ နေခဲ့ကြဒါ၊ "အသုတဝါ ပုထုဇ္ဇနော" ဆိုဒါဗဟုသုတမရှိတဲ့ပုဂ္ဂိုလ်ပုထုဇဉ် ဥမ္မတ္တက ဘဲလို့ ဆိုလိုတယ်၊ သစ္စာအလုပ် မလုပ်ရင် ဒီအဖြစ်က မလွတ်နိုင်ဘူး၊ သစ္စာသိမှ ဒီ·အဖြစ်က လွတ်မယ်၊ သစ္စာသိရင်၊ ၊

"သုတဝါ အရိယသာဝကော" ဗဟုသုတနဲ့ ပြည့်ဝတဲ့ အရိယာ သာဝက၊ "အသုတဝါ ပုထုဇ္ဇနော"က ဗဟုသုတ မရှိတဲ့ ဗာလဥမ္မတ္တက ရှင်းကြပလား ?။

"သုတဝါ အရိယသာဝကော"ဖြစ်အောင် ဘာလုပ်ရမလဲ ?၊သစ္စာ အလုပ်၊ မဂ္ဂင်အလုပ် လုပ်ရမယ်၊ ၊ပထမဆုံး သမ္မာဒိဋ္ဌိ အမြင်ဆိုတဲ့ အမှန်မြင်ကြဘို့ဘဲ၊ အမှန်မြင်အောင် ဉာဏ်နဲ့ စိုက်ကြည့်ရမယ်၊ ဉာဏ် နဲ့ကြည့်တော့ ခန္ဓာအရှ ရုပ်အရှ နာမ်အရှ ဆိုတဲ့ အဟုတ်အမှန် ရှိတဲ့ ရုပ်နာမ်အရှကို မြင်ရမယ်၊ ဒီ- အမှန်အရှ ရုပ်တရား-နာမ်တရား တွေဟာလဲ အမြဲတည်တံ့ ခိုင်မြဲပြီး မနေတဲ့ အဖြစ်မှန်ကို သိလာကြ မယ်၊ ၊တခုခုမှာ စိုက်ကြည့်ရင် ဖြစ်ပြီး-ပျက်သွားတဲ့ သဘာဝအမှန် ကိုဘဲ မြင်ကြရမယ်။

ရုပ်ကြိုက်ရင်- ရုပ်ကြည့်၊ စိတ်ကြိုက်ရင်- စိတ်ကြည့်၊ ဒါပေမဲ့ သောတာပန် အမြန်တည်ချင်ရင် စိတ်ကြည့်ကြ၊ ၊ကြည့်တော့ ပေါ်လာသမျှ ဘာစိတ် ပေါ်ပေါ် ဖြစ်ပြီး- ပျက်သွားဒါကို မြင် အောင် အမှန်သဘာဝ ဖြစ်ပြီး- ပျက်တာဘဲ ရှိတယ်၊ ကုသိုလ်စိတ် ပေါ်လာလဲ- ရှု၊ အကုသိုလ်လာလဲ-ရှုပစ်၊ မလွှတ်စေနဲ့၊ ၊ဘုရား ရှိခိုးတဲ့အခါမှာ ရာဂကင်းနေတယ်၊ အဲဒါလဲ သိရမယ်၊ "ဝိတရာဂ စိတ္တံ ဝိတရာဂ စိတ္တန္တိ ပဇာနာတိ"ပေါ့၊ သဘောပါကြရဲ့လား ?။

ချည်တိုင်က မလွှတ်နိုင်ကြဘူး၊ ချည်တိုင် ကျိုးသွားအောင် ဘာ စိတ်ပေါ်ပေါ် ပေါ်လာတဲ့စိတ်ကို ဖြစ်ပျက်ရှု၊ ရှုတဲ့ စိတ်ကလေးကို

ပျက်တာကိုလဲ့ နောက်က မင်္ဂကလိုက်ပေး၊ နောက်-မင်္ဂက တိုင်ကျိုးအောင် ဖြတ်တောက်ပစ်လိုက်တာဘဲ၊ ၊အဲဒီလို ပေါ်သမျှ ရှေ့က ဖြစ်-ပျက် နောက်က မင်္ဂလာပစေ၊ ကိလေသာ ကြားမဝင်စေနဲ့. ကိလေသာ ကြားမဝင်ရင် မကြာခင် မင်္ဂရမယ်၊ မင်္ဂရရင် ဒုဂ္ဂတိ ခန္ဓာတိုင် တတိုင်ကျိုးပီလို့ ဆုံးဖြတ်ချက်ချ။

တရားလဲမနာ, နာတော့လဲ နာတဲ့အတိုင်း မလုပ်ရင် လယ်ပတ်မပြုတ်ဘူး လယ်ပတ် မပြုတ်သမျှ ဒုက္ခစက်ထဲမှာ တဝဲလယ်လယ်ဘဲလို့မှတ်၊ အဲဒီလိုမှ မလုပ်ကြရင် တိုင်ကျိုး ကြိုးပြတ် လယ်ပတ်ပြုတ်ဘို့ မမြင်တော့ဘူး ဆိုတဲ့. အချက် မြဲမြဲ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

ကိုင်း-ယနေ့..ဒီတွင်..တော်ကြအုံး။

# ဓမ္မရတနာ-မာတိကာ

"တိုင်ချိုး ကြိုးဖြတ် လည်ပတ်ဖြုတ် တရားတော်"

**သတိ**

ဝိပဿနာအစ၊ ဖြစ်ပျက်အမြင်ကစ။

ဝိပဿနာအဆုံး၊ ဖြစ်ပျက်အဆုံး မြင်မှုဆုံး။

**ဆောင်ပုဒ်**

တရားမနာ၊ သူတော်စွာလုပ်၊ အဟုတ်မကျင့်၊ ဖင့်နွဲ့လင့်၊ ကျွတ်ခွင့် လမ်းမရှိ။

ကမ္ဘာပျက်ချေ၊ သမုဒ်ရေချောက်၊ မြေလုံး ပျောက်ခါ၊ ဖြစ်နိုင်ရာ၊ မြတ်စွာ ဟောပြဘိ။

ထက်အောက် ပတ်ချာ၊ ယူဇနာဆောင်း၊ ရှစ်သောင်းလေး ထောင်၊ မြင့်မိုရ်တောင်၊ ပျောက်အောင် နီးသေး၏။

မနာမကျင့်၊ တရားနှင့်ဝေး၊ အလေးဗာလ၊ အဿုတ၊ မြုပ်ရ စုံးစုံးချည့်။

တိုင်လည်းမကျိုး၊ ကြိုးလည်းမပြတ်၊ လည်ပတ်မပြုတ်၊ လူမဟုတ်၊ ကျိုးယုတ် ခွေးတရှိ။

**တရားသား:** ဒီကနေ့ မနေ့က တရားအဆက်ကို ပြောရမယ်၊ ၊

မနေ့က အဆက်က ခန္ဓာချည်တိုင် ကျိုးဘို့၊ သက္ကာယ ကြိုးပြတ်ဘို့၊ တဏှာ လယ်ပတ် ပြုတ်ဘို့၊ တရားလဲမနာ သူတော်ကောင်း အလုပ်လဲ မလုပ်ကြဘူးဆိုရင်၊ ကျွတ်ဘို့ လွတ်ဘို့ မမြင်ဘူး၊

ကမ္ဘာကြီးပျက်ဘို့ နေငါးစင်းထွက် သမုဒ္ဒရာကြီး လေးစင်း ရေတွေခန်းရင်, ခန်းမယ်၊ ဒီလို တရားမနာ- တရားအားမထုတ်ရင် ကျွတ်လမ်း မမြင်တော့ဘူး၊ ၊ တိုင်းကျိုး ကြိုးပြတ် လည်ပတ် ပြုတ်ဘို့ မမြင်တော့ဘူးလို့ မှတ်ကြ။

ဒါမှမဟုတ်ရင် တရားအားမထုတ်တဲ့ သူအဘို့ရာ, တရားမနာတဲ့ သူအဘို့ရာ မြေကြီး ပျောက်ဘို့သာ မြင်တယ်၊ အောက်အထက် အစောက်, အကျယ်, ထုထယ်- ယူဇနာပေါင်း(၀၄၀၀၀)စီရှိတဲ့၊ မြင့်မိုရ်တောင်ကြီးဟာ ပျောက်ရင်, ပျောက်ဘို့သာ မြင်တယ်၊ ကျွတ်ဘို့, လွတ်ဘို့ မမြင်ဘူးလို့ ဘုရားဟောတော်မူတယ်၊ အရိယာသာဝက မဖြစ်သမျှ ကျွတ်ခွင့်မရနိုင်ဘူး။

"သုတဝါ အရိယ သာဝကော"ဖြစ်ပါမှ ကျွတ်လွတ် ခွင့်ကိုရမယ် မဖြစ်ရင် "အသုတဝါ ပုထုဇ္ဇနော" ဖြစ်နေလို့၊ အဲဒါ သိတ်ကြောက်စရာ ကောင်းလှပါတယ်၊ အရိယာသာဝက မဖြစ်ရင် ဘယ်တော့မှ တိုင်ကျိုး- ကြိုးပြတ် လည်ပတ်ပြုတ်ဘို့, မမြင်တော့ဘူး၊ ဘယ် မြင်ပါတော့မလဲ "အသုတဝါ ပုထုဇ္ဇနော"ဆိုဒါ ကိလေသာတောထနေတဲ့ သုတမရှိတဲ့ ပုထုဇဉ်ဘဲလို့ ဆိုလိုတယ်၊ မျက်စိကန်း, နားပင်း, ကိလေသာ တောထတဲ့ မြုပ်သမား, မျောသမား သက်သက်ဘဲ၊

ဒို့ဒကာခတွေ ဒီနှစ်စားထဲမှာ ဘယ်အစားထဲ ပါတုံး ? လို့ ဆန်းစစ်ကြည့်ကြ၊ မျက်စိကန်း, နားပင်း, ကိလေသာ တောထ ဆိုတဲ့ နာမယ်ဟာ ရုပ်က, ရွှာက, ချစ်လို့ မြတ်နိုးလို့ မှည့်တဲ့ နာမယ်-

မဟုတ်ဘူး၊ ဖြစ်စဉ်နဲ့ ညီညွတ်လို့ ရထားတဲ့ နာမယ်ဘဲလို့ မှတ်ကြ၊ နားကန်း မျက်စိကွယ် ကိလေသာ တောထ၊ အဲဒါ ခင်ဗျားတို့ နာ-မယ်ရင်းဘဲ မဟုတ်လားလို့ မေးလိုက်ပါတယ်။

ဒီ-နာမယ် ဆိုင်းဘုတ် မပြုတ်ကြရင် ဘယ်တော့မှ ကြက်သရေ မင်္ဂလာ မရှိဘူး၊ ဒါကြောင့် ဒီ-ဆိုင်းဘုတ် ပြုတ်အောင် လုပ်ရလိမ့်မယ်၊ "သုတဝါ အရိယ သာဝကော" ဖြစ်အောင် လုပ်ကြ၊ ရှင်းပလား?၊ သုံးတတ်ကြတယ် ပုထုဇဉ်ဆိုတော့မှားသေးဒါဘဲတဲ့၊ ဒို့ဒကာတွေက အဲဒါကို အကောင်းကြီး မှတ်နေကြတယ်၊ အသေအချာ ဆိုတော့ ကိလေသာ တောထနေလို့ သည်းခံပါလို့ ဆိုဒါနဲ့ အတူတူ ပါဘဲ။

"အသုတဝါ ပုထုဇ္ဇနော"က မျက်စိကန်း နားပင်း ကိလေသာ တောထ ဆိုတော့ ဘယ်နေရာမှ အသုံးမကျဘူးလို့ မှတ်လိုက်ကြ။

"အသုတဝါ ပုထုဇ္ဇနော"အဖြစ်က ဘယ်လောက်ဆိုးသလဲ၊ ခန္ဓာ ငါးပါး ချည်တိုင်က မခွါနိုင်၊ ခန္ဓာငါးပါး ခင် ကိုယ့်ကိုယ်ကိုခင်လို့ ပူတယ်-အိုက်တယ် ဆိုပြီး ယပ်ကလေးများတောင် ခပ်ပြီး ပူဇော်ကြတယ်၊ ဘုရားကို ဘယ်နှစ်ခါလောက် ယပ်ခပ်ပြီး ပူဇော်ကြဘူးသလဲလို့ မေးရင်အခက်ဘဲ၊ ကိုယ့်ကိုယ်ကို ခင်လို့ ရေချိုးပေးကြ၊ အဝတ်နူးနူး ညွှံညွှံ ကလေးများ ဝတ်ပြီး ပူဇော်ကြ၊ အစား အသောက် ကောင်းကောင်းမွန်မွန်ကလေးနဲ့ ပူဇော်လိုက်ကြ၊အဲဒါ-ခင်လွန်းလို့ မင်လွန်းလို့ ပူဇော်နေကြဒါပါ၊

ခင်ဒါက တဏှာ၊ ကိုယ်ပြုမှ-ကိုယ်နူမယ်တဲ့၊ သက္ကာယဒိဋ္ဌိက လာလိုက်သေးတယ်၊ ခင်ဒါက တဏှာ၊ ထင်ဒါက ဒိဋ္ဌိ၊ ခန္ဓာ ငါလုပ်ပီး၊ အဟုတ်ကြီး ထင်နေကြတယ်၊ ဘယ်မှာ ကောင်းနိုင်ပါတော့မလဲ၊ ဒီသဘောတွေကို အဟုတ်အမှန် သိစေချင်လို့ ဘုရားက ကျကျ နန ဟောတော်မူခဲ့တယ်၊ ဘုန်းကြီးကလဲ သေသေချာချာ ချဲ့ထွင်ပီး ဟောပြနေဒါ၊ ခင်ဗျားတို့တတွေက ပေတေတေ ကပ်တတ်တတ် လုပ်နေကြရင် တော်ပါ့မလား?၊ စဉ်းစားကြ။

ဒီက-ဘုန်းကြီးက လယ်ပတ် ဖြုတ်ပေးနေဒါဟာ အင်မတန် ကရုဏာ ကြီးလွန်းလို့ဘဲဆိုဒါ သံသယမရှိကြနဲ့၊ ရိပ်မိကြမလား?၊

မိမိဟာ ခန္ဓာနဲ့ ဘာတော်သတုံး? လို့ မေးရင် ငါ့ကိုယ်တဲ့ အဲဒါဒိဋ္ဌိဘဲ၊ ဒိဋ္ဌိဟာ ဘယ်လောက်ကြောက်စရာ ကောင်းသလဲ?၊ ငါမဟုတ်တဲ့ ခန္ဓာငါးပါး ငါထင်ပီး ငါလုပ်နေတယ်၊ ၊ အမှန်အရှိကို ဉာဏ်နဲ့သိရင်——

(၁)…ရုပ်အစု- ဖောက်ပြန်မှု သဘောသက်သက်။

(၂)‥ဝေဒနာအစု- ခံစားမှု သဘောသက်သက်။

(၃)…သညာအစု- မှတ်သားမှု သဘောသက်သက်။

(၄) ‥သင်္ခါရအစု- ပြုပြင်စီရင်မှု သဘောသက်သက်။

(၅)…ဝိညာဏ်အစု- သိမှု သဘောသက်သက်။

ဆိုတဲ့ အစုငါးမျိုး သဘော သဘာဝ သက်သက်မျှသာ ရှိတယ်ဆိုတဲ့ အဖြစ် ထင်ရှားပါတယ်၊ ဘာ-မဟုတ်တဲ့ သဘောမျှ ကလေး

တွေ့ကို ငါထင်နေ ငါလုပ်နေဒါဟာ ပိတ်ပိတ်တုံး ကန်းနေလို့သာဘဲ၊ ဆိုထိုက် မဆိုထိုက်။

ပိတ်ပိတ်တုံးကန်းနေရတဲ့ အထဲမှာ ဒို့ဒကာတွေက တိုင်ကျိုးမှာ ကြောက်ရှာလွန်းလို့ "လူမသေ ငွေမရှား" ဆိုပြီး အနာရောဂါ ပေါ်လာရင် ပစ္စည်းပုံတိုက်ပြီး ကုကြ၊ သကြ၊ မွမ်းမံကြတယ်၊ အဲဒါ ခန္ဓာ ငါထင်ပြီး ခန္ဓာခင်လွန်းလို့၊ ကန်းပါတယ်ဆို နားကပင်းပြီး ကိလေ-သာ တော့ထလိုက်သေးတယ်၊ ဘာမှမမြင်တော့ ဘာမဆို အကောင်း ချည့် မှတ်ထင်နေကြတယ်၊ ဒီက- မျက်စိမြင်တဲ့သူက အသေအချာ ညွှန်ပြနေဒါ၊ခင်ဗျားတို့ အဖြစ်ဆိုးတွေ မြင်လို့ဘဲဆိုဒါမှတ်ကြ၊ ရိပ်မိကြပလား ?။

> ဘုရားမပွင့်ရင် အရိယာသာဝက မဖြစ်နိုင်ဘူး၊ အရိယာသာဝက မဖြစ်ရင် ခွေးသေ--သေ၊ ခွေးနေ--နေ မှ တပါး ဘာမှမရှိဘူးလို့မှတ်၊

တိုင်မကျိုး၊ ကြိုးမပြတ်၊ လယ်ပတ်မပြုတ်တဲ့ ခွေးအဖြစ်ဆိုးမျိုးဘဲ၊ ဒီ-အဖြစ်ဆိုးဟာ မလွှတ်သမျှ "ဆပ်ကပ်ပွဲ" ရဲ့ ပြောင်းနေရသလို တပြောင်းထဲ ပြောင်းနေရမှာဘဲ၊ ၊ဒီ-ဆပ်ကပ်ရုံက ဟိုဆပ်ကပ်ရုံပြောင်း၊ ဟိုဘက်ကပြီးပြန်တော့ တခြားရုံပြောင်း ငြကြအုံး၊ ဆပ်ကပ်ပြပွဲဝင် တိရစ္ဆာန်တွေကတော့ အကောင် အမျိုးမျိုး၊ အသွင် အမျိုးမျိုး ဖြစ်ပေမဲ့ လက်ရင်းမတော့ ဒီ-အကောင်၊ ဒီ-အကောင်ပါဘဲ။

ဒို့ဒကာတွေ ဒီတိုင်, ဒီကြိုး, ဒီလယ်ပတ် တန်းလန်းကြီးနဲ့ ဘယ်ရုံမျှား ပြောင်းပြချင်ကြသေးတုံး ?၊ အရပ်တကာ, ရုံတကာလှည့်ပြီး ကိုယ့်ကိုယ်ကို အရှက်ခွဲကြအုံးမလား ?၊ ပြောင်းချင်ရင် အရှက်မရှိလို့ဘဲ ဆိုဒ့ါမှတ်ပါ။ မရောက်ဘူးတဲ့နေရာ မနေဘူးတဲ့အရပ်, ဆပ်ကပ်မပြဘူး မကဘူးတဲ့ ဘဝရယ်လို့ မရှိတော့ဘူး၊ အရှက်တကွဲ၊ အကျိုးနဲ့လဲ စုံခဲ့ဘီ၊ အရပ်တကာဖြင့် စုံခဲ့ပေါ့၊ ရုံတကာဖြင့် နှံ့ခဲ့ပေါ့၊ မရောက်ဘူးတဲ့ နေရာမရှိပါဘူး၊ ရောက်ရာဌာန ဘုံဘဝအသခေါ်မှာ ဒီတိုင်, ဒီကြိုး, ဒီလယ်ပတ်နဲ့ ချည့်ဘဲ။

အရှင်သာရိပုတ္တရာ မထေရ်က ဘဝသံသရာ တလျှောက်မှာ မိမိရဲ့ဖြစ်စဉ်ကို ပြန်ကြည့်လိုက်တော့ မဖြစ်ဘူးတဲ့ဘဝမျိုး မရဘူးတဲ့ စည်းစိမ်းမျိုးရယ်လို့ မရှိဘူး၊ ဖြစ်ဘူးတဲ့ဘဝ, ရဘူးတဲ့ စည်းစိမ်ချည့်ပါဘဲလို့ ဟောခဲ့တယ်။

ဒီတော့ သတ္တာအားလုံးအတွက်ရာ ဘယ်အဖြစ်မှာမှ အဆန်းမဟုတ်တော့ဘူး၊ကမ္ဘာ့တံထွာ ခံမှတာလက်ရိုး တရားပါဘဲ၊ ဒီလက်ရိုးတရား ဟာမဟုတ်တဲ ရုပ်အစု, နာမ်အစု, သင်္ခါရအစု ဒုက္ခမှုတွေမှာ နောက်ထပ် နှစ်မွန်းချင်ကြသေးရင် အခုန ပြောတဲ့ ခွေးသေ-သေ၊ ခွေးနေနေရရုံမှ အပ ဘာမျှ မရှိတော့ဘူး၊ ၊ ရှင်းကြပလား ?။

တိုင် ခင် ချင်ကြသေးသလား ?၊ မခင်, ချင်ရင် နည်းလမ်းရခိုက်လုံ့လစိုက်ကြ၊ မိမိသန္တာန်မှာ အမှန်အရှိက ရုပ်ဖြစ်- ပျက်, နာမ်ဖြစ်ပျက်ဘဲရှိတယ်၊ ဒီ-ဖြစ်ပျက်ကို ဉာဏ်ဖြင့် မြင်အောင် ရှုကြ၊ ဖြစ်ပျက်

မြင်ရင် ချည်တိုင် မခင့်တော့ပါဘူး၊ မျက်စိမြင်ပီ၊ နားပါးပီ၊ ကိလေသာပါးပီ လို့ မှတ်ကြ၊ မရှုမိဘဲနေရင် တဏှာဝင်မယ်၊ ဒိဋ္ဌိဝင်မယ်၊ ရှုနေတော့ တဏှာ-ဒိဋ္ဌိ သေမယ်။

ကြိုးစားကြ၊ မဂ်အမြန်ရချင်ရင် သောတာပန် အမြန်တည်ချင်ရင် စိတ္တာနုပဿနာရှု စိတ်ကိုရှုကြ၊ ဘာစိတ်ပေါ်ပေါ် ဖြစ်-ပျက်၊ ကောင်းတဲ့စိတ်၊ မကောင်းတဲ့စိတ် ပေါ်ချင်ဒါပေါ် ဖြစ်ပျက်သာရှုပစ်၊ မလွတ်စေနဲ့ လွတ်ရင် ကိလေသာ ကြားဝင်လာမယ်၊ ကိလေသာ ကြားဝင်ခံရင် ကြာမယ်လို့မှတ်ကြ၊ ၊စားချင်တဲ့စိတ်၊ အိပ်ချင်တဲ့စိတ်၊ ဘုရားရှိခိုးစိတ် ပေါ်သမျှရှု၊ ကြပ်ကြပ်ရှုရင် ဖြစ်ပီးပျက်သွားဒါချည့် မြင်လာမယ်။

ဖြစ်ပျက်ဟာ မျှားမျှားမြင်လေ၊ အဆင့်အတန်း တက်လေ၊ ဉာဏ်ရင့်လာလေဘဲ၊ အဲဒီကမှ ဖြစ်ပျက် ကုန်အောင် လိုက်ရမယ်၊ ဖြစ်ပျက်မကုန်ရင် ဒီဘ၀ မပီးသေးဘူး။ ဒါကြောင့် ဖြစ်ပျက်ကုန်အောင် လုပ်ကြ၊ ဖြစ်ပျက်ကုန်ဘို့က အမြင်မျှားလို့ ကြိုးစားရှုရင် မကြာခင် မုန်းလာမယ်၊ မုန်းလာရင် မကြာခင် ဆုံးသွားတယ်၊ အဲဒီ- အဆုံးမျိုးလေးကြိမ်ပီးရင် ဖြစ်ပျက်ကုန်တော့ဒါဘဲ။

ဒါဟာ အင်္ဂုတ္တိုရ်ပဏ္ဏာသကို ဟောတဲ့ အဓိပ္ပါယ်လို့မှတ်၊ ဖြစ်ပျက်ကုန်ရင် ဥပါဒါန်ကုန်တယ်၊ ဥပါဒါန်ကုန်ရင် နောက်ခန္ဓာမလာတော့ဘူး၊ သတ္တာအဖြစ်မလာတော့ဘူး၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခေါဝေါခြင်းက လွတ်ပြီ၊ လွတ်တာဟာ နိဗ္ဗာန်ဘဲလို့ ဟောတော်မူတယ်။

ဒို့ဒကာတွေအတွက်က စိတ်ကိုမြင်အောင်ရှု၊ နောက်မုန်းအောင်ရှု နောက် ဆုံးအောင်ရှုကြ၊ ခန္ဓာငါးပါးဆုံးရင် ဆုံးတဲ့အချိန်မှာ နိဗ္ဗာန်တွေ့ကြမယ်၊ နိဗ္ဗာန်တွေ့ဒါနဲ့ တိုင်ကျိုး ကြိုးပြတ် လယ် ပတ်ပြုတ်မယ်လို့ ဆုံးဖြတ်ချက်ချ၊ သဘောပါကြရဲ့လား ?။

ဒို့ဒကာတွေ တိုင်ကျိုးချင်ရင်, ကြိုးပြတ်ချင်ရင်, လယ်ပတ်ပြုတ်ချင်ရင် ကျွတ်လမ်း-လွတ်လမ်း ရချင်ရင် ဝိပဿနာအလုပ် လုပ်ကြရမယ်၊ ကိုယ့်အလုပ် မှန်, မမှန် ခရီး ရောက်- မရောက် သိချင်ရင်၊ ဝိပဿနာအစ, ဖြစ်ပျက်အမြင်ကစ၊ ဝိပဿနာအဆုံး, ဖြစ်ပျက်အဆုံး မြင်မှဆုံးတယ်လို့ မှတ်ကြ၊ သဘောပါကြပလား ?။

ကိုင်း -ယခုနေ့--ဒီတွင်--ဘော်ကြအုံး။

# ဓမ္မရတနာ - မာတိကာ

## " ခန္ဓာဉာဏ်စိုက် သုညဆိုက် တရားတော် "

(၁) ဓမ္မ၊ ခန္ဓာမှ ဖြစ်ပေါ်လာသဲ တရား။

(၂) အနုဓမ္မ ပဋိပတ္တိ၊ ထိုတရားနှင့်လျော်စွာ ကျင့်တဲ့အကျင့်။

**ဆောင်ပုဒ်**

တရားဓမ္မာ၊ ခန္ဓာမှာ၊ မှန်စွာ အမြဲရှိ။
ပေါ်လာကြုံခိုက်၊ ဉာဏ်စူးစိုက်၊ အလိုက် နုပတ္တိ။
ပေါ်သဲစိတ်စဉ်၊ ရှုစိတ်ဝင်၊ မှန်မြင် ဖြစ်ပျက်သိ။
ရှေ့စိတ်သုည၊ နောက်ဉာဏ်ရ၊ နတ္တ ဉာဏ်ကဝိ။
ခန္ဓာငါးခွင်၊ သုညမြင်၊ လွတ်စင် သေမင်းမိ။

**တရားသား** ဒို့ဒကာတွေ ခန္ဓာမှာပေါ်သမျှ ရှုမှတ်ကြလို့ ပြောတော့ ဘယ်အချိန်မှတ်ရမလဲမေးရင် ပေါ်တဲ့အချိန်မှတ်လို့ ပြောလိုက်ပါတယ်၊ ခန္ဓာမှာ တရားပေါ်တဲ့အချိန် မှတ်ကြ၊ ဘယ်လိုပေါ်တဲ့အချိန်လဲ ?၊ ဓမ္မာနုဓမ္မပဋိပတ္တိတဲ့၊ ဓမ္မ့က ပေါ်လာတဲ့ တရား၊ အနုဓမ္မပဋိပတ္တိက ဒီတရားနဲ့ လျော်တဲ့ အကျင့်ဘဲ။

ဒီဓမ္မက ပြတဲ့အတိုင်း ရှုရမယ်တဲ့၊ ဓမ္မက တရား၊ အနုက လျော်တဲ့၊ ပဋိပတ္တိက အကျင့်၊ ပေါင်းတော့ ခန္ဓာမှာ ပေါ်တဲ့ တရားနဲ့ လျော်အောင် ကျင့်တဲ့အကျင့်လို့မှတ်၊ တရားကျင့်တဲ့အခါ ဒါ-အရေး အကြီးဆုံး အချက်ဘဲလို့ မှတ်ထားကြ၊ တရားက ခန္ဓာမှာ တမျိုး တမျိုး အမြဲပေါ်နေဒါ၊ ပေါ်တဲ့အခါ ဉာဏ်နဲ့ စိုက်ကြည့်၊

ကြည့်တော့ ဖြစ်, ဖြစ်ပြီး- ပျက်, ပျက်သွားဒါကို မြင်ရမယ်၊ ဒီအခါ အောင်--ဖြစ်ပြီး, ပျက်တဲ့ ဖြစ်ပျက်ကိုး-လို့ သိလိုက်ရမယ်။

ဒီလိုကျင့်တော့ ဖြစ်-ပျက်, မြင်ရော၊ ဒီတော့ တရားနဲ့ မလျှော်ဘူးလား ?၊ အမှန်တကယ်အရှိ ရုပ်နာမ် ဖြစ်ပျက်တာကို တကယ်သိတော့ တရားနဲ့လျှော်ဒါပေါ့၊ ခန္ဓာမှာ ဓမ္မက အချိန်မရွေးရှိပါတယ် ဒါကို ခင်ဗျားတို့က သိဘို့အရေးကြီးတယ်၊ သဘောပါကြရဲ့လား?၊ သိအောင်ဉာဏ်စိုက်ထားကြ၊ ဉာဏ်မစိုက်ရင် အဝိဇ္ဇာဝင်မယ်၊ အဝိဇ္ဇာဝင်ဒါနဲ့ သံသရာစက် အစကနေပြီး မှောင်ကြီးအတိ ကျတော့မယ် ဆိုဒါ မှတ်လိုက်ကြ။

မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ အင်္ဂုဝစ္ဆပုဏ္ဏားကို ဟောတဲ့အချက်မှာ လာရှိတယ်လို့မှတ်၊ ဓမ္မက ဖြစ်ပျက်တရား၊ အနုပဋိပတ္တိက လျှော်တဲ့အကျင့်၊သတ္တဝါတွေ သံသရာရှေ့သလောက် ကိလေသာမကုန်နိုင်ဒါဟာ ဒီဟာနဲ့ ဒီဟာ မဟပ်မိလို့, ဒီဓမ္မနဲ့ ဒီအနုပဋိပတ္တိ မဟပ်မိကြလို့, သံသရာရှေ့ကြရဒါ၊ တခုနဲ့တခု မဟပ်မိလို့ ကိလေသာကြားထိုး, ကြားထိုးတော့ နိဗ္ဗာန် မရနိုင်ကြဘူးလို့ ဟောထော်မူတယ်။

ဘုရားဟောဒါက ဝိပဿနာအလုပ်, ဉာဏ်အလုပ်, မဂ္ဂင်အလုပ်၊ ဒို့ဒကာတွေ လုပ်နေဒါ သမထအလုပ်, သံသရာရှေ့တဲ့အလုပ်တွေဘဲ၊ အဲဒီတော့ ဒီ-ဓမ္မနဲ့အနုပဋိပတ္တိမဟပ်မိတော့ဘူး၊ ဓမ္မာနုဓမ္မပဋိပတ္တိ မဟုတ်တော့ဘူး၊ စေတနာကဟုတ်ပေမဲ့ ဉာဏ်မအုပ်နိုင်တော့၊ အလုပ်

ကာ မမှန်တော့ဘူး၊ အလုပ်မမှန်, အကျင့်မမှန်တော့ သံသရာလမ်းရှေ့ ရှောက်နေရဒါပေါ့၊ ရိပ်မိကြပလား ?။

ဓမ္မာနု ဓမ္မပဋိပတ္တိ-ဖြစ်ဘို့ ဘယ်ဓမ္မလို့ မဆိုဘူး၊ ခန္ဓာမှာပေါ်လာတဲ့၊စိတ်ဓမ္မ ဖြစ်ဖြစ်, ရုပ်ဓမ္မဖြစ်ဖြစ်၊ ပေါ်ဒါ မလွတ်အောင်ရှု၊ ပေါ်လာရင် နောက်က အနုပဋိပတ္တိလိုက်ရမယ်၊ ရှေ့ကဓမ္မ, နောက်က အနုပဋိပတ္တိဖြစ်ရမယ်၊ ဒီလို-ညီညွတ်ရင် ဒါဟာလျှော်တဲ့အကျင့်ဘဲ၊ ၊မဂ်,ဖိုလ်ရဘို့ သိတ်မခက်ပါဘူး၊ လျှော်အောင်ကျင့်နိုင်ရင် မဂ်ဖိုလ် မကြာခင် ရမယ်လို့ ဆုံးဖြတ်ချက်ချ။

ဒီလို-ရှေ့က- ဓမ္မ, နောက်က- အနုပဋိပတ္တိ ဖြစ်အောင် ကျင့်တော့ ကိလေသာ ကြားခထိုးနိုင်ဘူး၊ ကိလေသာ ကြား မထိုးရင် ညအားဆုတ်,မနက်ရမယ်၊ မနက်က အားထုတ်ရင်, ညမှာရမယ်လို့ ဟောတော်မူတယ်၊ ဒါဟာ—

"သာယမနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ"။

"ပါတမနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ"။

ဆိုတဲ့ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗောဓိရာဇကုမာရ သုတ်လာ အဓိပ္ပါယ်ပါဘဲ၊ ၊သံသယမရှိကြနဲ့၊ ၊ဒါကြောင့် ဒို့ဒကာတွေက လျှော်အောင် လုပ်ဘို့အရေးဟာ ဒို့အရေးပါလားလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပလား ?။

ဓမ္မက ဖြစ်ပျက်ပြပေမဲ့ နောက်က ဒါလေးက ကောင်းဘယ်လို့ ထင်နေတော့ မလျှော်တဲ့အကျင့် ဖြစ်သွားတယ်၊ အနုပဋိပတ္တိ--

မလာတော့ အဝိဇ္ဇာ-လာဒါပေါ့၊ တရားကတော့ ပြနေတယ်၊ သူက မကျင့်ဘူး၊ ၊ဒီလိုဖြစ်တာ ဘာ့ကြောင့်လဲ ? ဝိပ္ပလ္လာသ မကင်းလို့ ဘယ်လိုမကင်းသလဲ ? ဒါဟာ ငါ့စိတ်တဲ့၊ အဲဒါ- ဖေါက်ပြန်တဲ့ ဝိပ္ပလ္လာသ လက်ချက်၊ ၊ဒို့ဒကာတွေ တရားမရနိုင်ဒါ သိကြပလား ?၊ ပါရမီ မရှိလို့မဟုတ်ဘူး၊ နည်းပေးလမ်းညွှန် ဆရာကောင်းလိုလို့ဆို ဒါ ဆုံးဖြတ်ချက်ချ။

နည်းကောင်းလမ်းမှန် ရရင် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်၊ သံသယရှိနေဘို့မလိုဘူး၊ သဘောပါကြပလား ?၊ ၊ခန္ဓာမှာပေါ်တဲ့ ဓမ္မက ဖြစ်ပျက်ရှိနေဒါ၊ ဒီ-အမှန်ရှိတဲ့ ဖြစ်ပျက်ကို၊ နောက်-ဉာဏ်က အမှန်သိပြီး လိုက်နေရမယ်၊ အဲဒီလို လိုက်နေမှ လျှော်တဲ့အကျင့်ဘဲ၊ ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်၊ ဒီအတိုင်း ကိလေသာ မခြားအောင် လိုက်နိုင်ရင် မကြာခင် မဂ်ရတော့မယ်လို့ မှတ်လိုက်ကြ။

ပေါ်လာတဲ့ဓမ္မကို ကောင်းတယ်၊ မကောင်းဘူး ထင်ရင်ဝိပ္ပလ္လာသ ဝင်မယ်၊ အဲဒါမလျှော်တဲ့အကျင့် ဖြစ်သွားဒါဘဲ၊ မလျှော်တဲ့အကျင့်ဖြစ်ရင် ပဋိစ္စသမုပ္ပါဒ် ဆက်သွားပါရော၊ အနုပဋိပတ္တိ မဝင်မိလို့ ပဋိစ္စသမုပ္ပါဒ်ဆက်ရင် မြုပ်မျောဘို့သာ ပြင်ကြတော့။

ရှေ့က-တစ် ရှိရင်၊ တစ် ကို သိရမယ်၊ နှစ်-ရှိရင်၊ နှစ် ကိုသိ၊ သုံး-ရှိရင်၊ သုံးကိုသိ၊ သုည-ရှိရင်၊သုညသိကြပါ၊ မသိရင် ဖြစ်ပျက်နောက်က ကိလေသာ တောထနေမယ်ဆိုဒါ မှတ်ကြ၊ ၊သုည ဆိုဒါ ဖြစ်ပျက်ကို ဆိုဒါ၊ ရှေ့စိတ်ကို ရှုဉာဏ်လိုက်တော့ ဖြစ်ပြီးပျက်သွားဒါ

တွေ့ရမယ်၊ ဖြစ်ပီးပျက်သွားတော့ အဲဒီနေရာမှာ ဘာမှ မကျန်ဘူး၊ သုညဘဲကျန်တယ်၊ အဲဒါကို ဉာဏ်နဲ့မြင်အောင် ကြည့်ရမယ်လို့ပြောဒါ၊ ရှင်းကြပလား ?၊

ရှေ့က-သုည၊ နောက်က-လျှော်တဲ့အသိ၊ အဲဒီလို ကိုက်နေရမယ်၊ သုညသိရင် အဲဒီလိုကိုက်ရင် ရှေ့က သုည၊ နောက်က-မဂ်ဘဲ၊ တစ်-ကို နှစ်-ကို မတွေ့စေနဲ့၊ သုညတွေ့ပေစေ၊ အဓိပ္ပါယ်က ဘာစိတ်ညာစိတ် ဘာဝေဒနာ မတွေ့စေနဲ့၊ မကြည့်နဲ့ ဖြစ်ပျက်သာ တွေ့နေပေစေ၊ ဖြစ်ပျက်သာ ကြည့်ပေးလို့ ဆိုလိုတယ်၊ စိတ်, စိတ်ချင်း ရှုရင်၊ နောက် ရှုစိတ်ပေါ်ရင် ရှေ့စိတ် သုညဖြစ်တာဘဲ၊ နောက်စိတ်က ဘာလဲလို့ ကြည့်တော့ "ပျက်ပီ-ပျက်ပီ"ဟော- ပျက်ပီ"လို့ သိမြင်တယ်၊ အဲဒါ သုညဘဲ၊ ရှင်းပလား ?။

ဒီ-အဓိပ္ပါယ်စကားကို ဘုရားက မောဃရာဇ မထေရ်ကို ဟောတော်မူတယ်၊ သုတ္တနိပါတ်ပါဠိတော်မှာ လာတဲ့စကားလို့ မှတ်ကြ၊ ဘုရားက"မောဃရာဇ--မင်းတို့ခန္ဓာ သုညဖြစ်အောင်ရှုကြ၊ သုညဖြစ်အောင် ရှုတော့ အတ္တာနုဒိဋ္ဌိပြုတ်မယ်"လို့ ဟောတယ်။

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ
သတော၊ အတ္တာနုဒိဋ္ဌိံ ဉဟစ္စ၊ ဧဝံ မစ္စုတရော သိယာ၊
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

**ဘာသာပြန်** အို-မောဃရာဇ သက္ကာယဒိဋ္ဌိ အယူမှားကြီးကို၊ ပယ်စွန့် နှုတ်ပစ်၍၊ ပယ်စွန့်နှုတ်ပစ်နိုင်အောင် ဒုက္ခသစ္စာ

ခန္ဓာလောကကြီးကိုအနှစ်မပါဘလာအတိ ဘာမျှမရှိမှန်းသိရအောင် (ဝါ) သုညဖြစ်အောင် အမြဲတမ်း သတိချပ်ကာ ကြည့်ရှုပါလော့၊ ဤသို့ ကြည့်ရှု၍ အမှန်သိခဲ့သော် သေခြင်းမှ လွတ်မြောက်ပေရာ၏၊ အို-မောဃရာဇ--- ဒီဒုက္ခသစ္စာ ခန္ဓာလောက ဟူသမျှမှာ သုညသာ တည်းဟု ရှုကြည့်နေသူကို သေမင်း မမြင်နိုင်ပါတကား၊

ဒါကြောင့် ဒို့ဒကာတွေ သုညမြင်အောင် ရှုကြရမယ်၊ သုညတွေ့ရင် တဏှာဒိဋ္ဌိ သေတယ်၊ ရှေ့က သုညတွေ့ရင် နောက်က ခန္ဓာ အာယတန, ဓါတ်တွေ ရာဂ, ဒေါသ, မောဟတွေ ဆိတ်သုဉ်းတဲ့ သုညတ နိဗ္ဗာန်တွေ့ရမယ်၊ ဒါကြောင့် ဘာစိတ်ပေါ်ပေါ် ပေါ်လာသမျှရှု ရှုတော့ တစ်-ဖြစ်၊ နှစ်-ပျက် တကယ်ရှုတော့ တစ်-နှစ် မတွေ့ရတော့ ဘူး၊ သုညဘဲ တွေ့ရမယ်၊ အဲဒီလို တွေ့ရတဲ့ ဉာဏ်ဟာ အနတ္တဉာဏ် ဘဲ၊ သုညတွေ့မှ အနတ္တဉာဏ် ရမယ်လို့ မှတ်ကြ။

သုညကို မှတ်တတ်ဘို့ အရေးက ခင်ဗျားတို့ အရေး၊ ဒါမှ သုညတ နိဗ္ဗာန် တွေ့နိုင်မယ်၊ သုညတ နိဗ္ဗာန် ဆိုက်မယ်၊ သဘော ပါကြပလား ?၊ နည်းရရင် ကြိုးစား အားထုတ်ကြ၊ သုည မြင်-အောင် အားထုတ်ဘို့ ခင်ဗျားတို့တာဝန်၊ နည်းမှန် ရောက်အောင် ဟောပြောရေးက ဘုန်းကြီးတာဝန်၊ တာဝန် နှစ်ဝန် ကိုယ့်တာဝန် ကိုယ်ကျေအောင် ဆောင်ရွက်ကြ၊ တာဝန် လစ်ဟင်းရင် အဖျင်း တကာ့ ထိပ်ပိတ် တံဆိပ်ခတ်ဘို့ဘဲ ရှိတော့တယ်၊ ရှင်းပသလား ?။

ဒါကြောင့် ဒို့ဒကာတွေတာဝန်က ခန္ဓာငါးပါးကိုသုညဖြစ်အောင် လုပ်ကြ၊ ခန္ဓာငါးပါး သုညဖြစ်အောင် လုပ်နိုင်ရင် နောက်က သေမင်းကို ကျေးဇူးပြုမဲ့ တဏှာ, ဥပါဒါန်, ကမ်, ဇာတိ စတဲ့ တရားတွေ မလာတော့ဘူး၊ သဘောပါကြပလား ?၊ ဝိသုဒ္ဓိမဂ်မှာ "ဟုတွာ အဘာဝတ္တေန အနိစ္စံ"လို့ ဆိုတယ်၊ ဖြစ်ပြီး မရှိတော့ဘူးတဲ့၊ အဲဒါ- အနိစ္စပါဘဲတဲ့၊ ဖြစ်ပြီး ဘာမှမရှိတော့ဒါ သုညဘဲ၊ ဘာမှမရှိရင် သုညဘဲ ရှိဒါပေါ့။

ခန္ဓာမှာ ဉာဏ်နဲ့ရှာကြည့်ရင် ဘာမှမရှိပါဘူး၊ ငါမရှိ,ငါ့ဥစ္စာမရှိ တကယ်အရှိက ဖြစ်ပျက် အပျက်ဘဲရှိဒါ၊ သုညဘဲ ရှိဒါပါဘဲတဲ့၊ အဲဒီသုညမြင်အောင် ကြည့်ကြ၊ မကြည့်ရင် မဖြစ်ဘူး၊ ခင်ဗျား တို့တွေဟာ ခန္ဓာ ရထားကြတဲ့လူချည့်ဘဲ၊ ခန္ဓာ ရထားတဲ့လူဟာ ဒီအလုပ်မလုပ်ရင် အသေစောင့်နေဒါဘဲ၊ သေမင်းစောင့်နေဒါလို့မှတ်၊ အသေ ခန္ဓာ ကိုယ်ပိုင်ရထားမှတော့ ဒီအသေက မလွတ်ကြဘူး၊ ဒီတော့ ပေါ့နေလို့ မဖြစ်တော့ဘူးဆိုဒါ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပလား ?။

ဒို့ဒကာတွေ အရင်တုန်းကဆိုရင် သေမင်းစောင့်ဒါနဲ့ဘဲ အချိန်ကုန်လာခဲ့ကြတယ် ဆိုရင်မမှားဘူး၊ အစားလေး စားပြီး စောင့်ကြ၊ အဝတ်ကလေး ဝတ်ပြီး စောင့်ကြ၊သေမင်းကလဲ ခန္ဓာဝန်နဲ့အခွန်ဆက်မှ လက်ခံမှာ၊ ဒီပြင် ဘာနဲ့မှ လက်မခံဘူး၊ ဒို့ဒကာတွေ နောက်ထပ်သေမင်းကို အခွန်ဆက်ချင်ကြ သေးသလား ? လို့ မေးလိုက်ပါတယ် နောက်ထပ် မဆက်ချင်ဒါ ဟုတ်ရင် အားထုတ်ကြ။

ဒိုဒကာတွေ သေမှာတော့ ကြောက်တယ် မဟုတ်လား ?၊ ၊ မကြောက်ဘူးဆိုရင် ရှုးလို့ဘဲ၊ ကြောက်တယ်ဆိုရင် ခန္ဓာ သုညဖြစ်အောင် ကြည့်ကြ၊ ခန္ဓာ သုည ဖြစ်မှ ဒီအသေဒုက္ခက လွတ်နိုင်ကြမှာ၊ ခန္ဓာမှန်ရင် ဘာခန္ဓာဖြစ်ဖြစ် သေမင်း စားဖတ် ဝါးဖတ်ချည့်ဘဲ ခန္ဓာရသူ မှန်သမျှ သေမင်း စားဘို့ ဝါးဘို့ အခွန်ဆက်ကြ၊ ဘဝ ပေါင်း အသချေ်နဲ့ အနန္တ သေမင်း စားဖတ် ဝါးဖတ်အဖြစ် ခံကြရတယ်၊ အဲဒါ သုညမဖြစ်လို့ ခန္ဓာသုညဖြစ်အောင် မလုပ်ကြလို့ဘဲ သဘောပါကြပလား ?၊ ဓမ္မက ရှိပေမဲ့ အနုပဋိပတ္တိ မဖြစ်လို့။

ဒါကြောင့် ဒိုဒကာတွေ ညွှန်ပြတတ်တဲ့ ဆရာနဲ့ ကြုံကြိုက်တုန်း ခန္ဓာ သုညဖြစ်အောင် လုပ်ကြ၊ ကြိုးစား အားထုတ်ကြပါလို့ အာ လေး အနက် တိုက်တွန်းလိုက်တယ်။

ကိုင်း••ယနေ့••ဒီတွင်ဘဲ••တော်ကြအုံး။

---

# ဓမ္မရတနာ-မာတိကာ

## “ ဒိဋ္ဌိသစ်ငုတ် အမြစ်ဖြုတ် တရားတော် ”

**ဆောင်ပုဒ်**

ဗြဟ္မာ့ပြေကာ၊ အပ်ကိုချ၊ ဒီက အပ်တစင်း၊
အပ်သွားချင်းသာ၊ ထိနိုင်ရာ၊ ပမာ မှတ်လေမင်း။
မနုဿတ္တ၊ ဒုလ္လဘ၊ လွန်ရခဲဘိ ခြင်း။
အရတော်စွာ၊ ခုကြုံလာ၊ အခကာ ငါ့မာန်တင်း။
ပါရမီရှိလာ၊ သာသနာ၊ ထောင်ငှါ- နှားရှိရင်း။
ကျင့်စဉ်မှန်ရ၊ ကျင့်ပါက၊ မဂ်ရ- ခုလက်ငင်း။

**သတိချပ်**

ဘဝသံသရာ၊ ကျင်လည်ခါ၊ များစွာ မှောက်မှားရှိ။
ဒိဋ္ဌိအယူ၊ စွဲဝင်သူ၊ ဘယ်မူ မလွတ်ဘိ။
သံသရာ့သစ်ငုတ်၊ ဝဲဇာလုတ်၊ နှစ်မြုပ် လားဝိစိ။
ကြိုက်ကြုံတုန်းမှာ၊ ဒိဋ္ဌိခွါ၊ ပါယ်ရွာ လွတ်လမ်းရှိ။
ဒိဋ္ဌိကွာစင်၊ တရားဝင်၊ မြန်လျှင် မဂ်ရ၏။
ဒိဋ္ဌိတန်းလန်း၊ တရားလမ်း၊ အလှမ်း ကွာလှ၏။

**တရားသား:** ဒီကနေ့ ဒိဋ္ဌိသတ်တရား ဟောရမယ်၊ ပေါ့ပေါ့ တန်တန် မမှတ်ကြနဲ့၊ လေးလေးစားစား မှတ်ယူကြလို့ ကြိုတင် သတိပေးလိုက်ပါတယ်၊ ၊ဒီနေ့ ပဌမ ဒိဋ္ဌိပြုတ်အောင် ဟောရမယ်၊ နောက်- ဒိဋ္ဌိပြုတ်ပြီး သောတာပန် ဖြစ်အောင် ဟောမယ်၊ နောက်- အထက်ဉာဏ်ပို ဟောလိမ့်မယ်လို့ မှတ်ထားကြ။

ဘုရားရှင် ပွင့်တော်မမူခင် အခါက ဒိဋ္ဌိချည့်ဘဲများတယ်၊ ဘုရား ပွင့်တော့ ဒိဋ္ဌိ-တော ရှင်းနေရဒါက အကြာကြီးဘဲ ဒိဋ္ဌိ-တော ရှင်း လင်းနေရဒါနဲ့ အချိန်ပို အများကြီး ကုန်သွားတယ်လို့ ဆိုနိုင်တယ် အခု ဒို့ဒကာတွေ အတွက်လဲ ပဌမ ဒိဋ္ဌိတောကို ရှင်းပစ်ရလိမ့်မယ်၊ ဒုတိယ တဏှာ တောကို ရှင်းရမယ်လို့ မှတ်ကြ။

အခုနေမှာ ခင်ဗျားတို့ တတွေက ရှင်းချင်ရာ ရှင်းနေကြတော့ လိုရင်း-မရောက်ကြဘူး၊ ပဌမ ရှင်းရမဲ့ ဒိဋ္ဌိကို ဒုတိယ၊ ဒုတိယ-ရှင်းရမဲ့ တဏှာကို ပဌမ လုပ်နေတော့ အရင်ဟာက-နောက်၊ နောက်-ဟာက အရင် ဖြစ်နေကြတယ်၊ ဒီလို-ပြောင်းပြန် ဖြစ်နေတော့ တရားမရ ကြဘူး၊ တရား မရနိုင်ကြတော့၊ ပါရမီ လွှဲချကြတယ်၊ ကိုယ်ဖျင်းဒါ ကိုယ်မသိဘဲ ပါရမီလွှဲချနေကြဒါ၊ နောက်-ပါရမီ မချကြနဲ့၊ ရိပ်မိ ကြပလား ?။

သာဝက ဉာဏ်အရာမှာ ပါရမီမဆိုနဲ့ ပါရမီမလိုဘူး၊ ပါရမီက ရှိကြပြီးသား၊ လူ့အဖြစ်ကိုလဲ ရနေကြဘီ၊ သာသနာနဲ့လဲ ကြုံနေဘီ၊ ထောင်နိုင်တဲ့နားလဲ ပါကြတယ်၊ ဒါတွေပြည့်စုံရက်နဲ့ တရားမရဒါ ဟာ ကျင့်စဉ်မမှန်လို့ မရကြဒါဘဲလို့ ဆုံးဖြတ်ချက်ချ၊ ကျင့်စဉ် မမှန်ရင် ဘယ်အခါမှ နိဗ္ဗာန်မရနိုင်ကြဘူး၊ ကျင့်စဉ်မှန်မှ နိဗ္ဗာန် ရ ကြမယ်၊ သဘောပေါက်ရဲ့လား ?။

ဒို့ဒကာတွေမှာ ပါရမီကလဲ ပါလာကြ၊ လူ့အဖြစ်ကိုလဲ ရထား ကြ၊ သာသနာတွင်း ဆိုတဲ့ အခွင့်အခါ ကောင်းနဲ့လဲ ကြုံကြိုက်—

ထောင်နိုင်တဲ့နားကလဲ ရှိပြီးဆိုတော့ ဘာများလိုသေးသလဲ?နောက် ပါရမီ မချကြနဲ့၊ ကျင့်စဉ်မမှန်သေးလို့ဘဲဆိုဒါ၊ မှတ်လိုက်ကြ၊ ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ ဆိုတဲ့ အကျင့်၊ တချို့ ကျင့်နေကြတယ်၊ သုံးဆဲ့နှစ်ကောဋ္ဌာသ၊ အကျင့်က တဏှာသတ်တရား၊ တဏှာ သတ်ဘို့ အချိန်မဟုတ်သေးဘဲ တဏှာသတ်နေတော့ အကျင့်လွဲနေဒါပေါ့၊ ၊ ဒါနဲ့ဘဲ သူများပါးစပ်ဖျား လမ်းဆုံးနေကြရတယ်။

ပဋ္ဌမ့သောတာပန်ဖြစ်ဘို့ ဒိဋ္ဌိသတ်ရမယ်၊ ဒိဋ္ဌိသေပီးတဲ့နောက်မှ တဏှာသတ်ရမယ်၊ အဲဒီ·မွေသဘာဝ အစဉ်ကို ဇောက်ထိုး၊ မိုးမြှော် ထင်ရာ လုပ်နေတော့ ခရီး မရောက်တော့ဘူး၊ ဒါ ဘာကြောင့်လဲ ?၊ နည်းမှန်ညွှန်ပြတတ်တဲ့ ဆရာကောင်း မရကြလို့ဘဲ၊ ၊ဒါကြောင့် ဟောတဲ့လူက စ့လွဲတော့ အဟောလွဲ၊ အဟောလွဲတော့ အကျင့်လွဲ အကျင့်လွဲတော့ အရောက်လွဲဘို့ဘဲ ရှိတော့တယ်၊ ၊ဒီလို အလွဲမျိုး ကြုံတော့၊ ရတဲ့ ပါရမီလဲ ဆုံးပါလေရော့၊ ကောင်းနိုင်ပါအုံး မလား ?။

> ဒီလိုအဖြစ်မျိုး ကြုံရင် ဘုရားတောင် ရင်မ့တော် မူရှာမယ်။ ဒါကြောင့်မို့·ဒို့ဒကာတွေ ကြပ်ကြပ်ကြီး သတိပေးလိုက်ပါ တယ်။

ဘုရားလက်ထက်က ယမကေ့ဆိုတဲ့ ရဟန်းတပါးရှိတယ်လို့ မှတ်ရ မယ်၊ အဲဒီ·ယမက့ ရဟန်းက ရဟန္တာသေရင် ပြတ်တယ်လို့ ယူတဲ့ ဥစ္ဆေဒ အယူရှိနေတယ်တဲ့။

“တထာဟံ ဘဂဝတာ ဒေသိတံ ဓမ္မံ အာဇာနာမိ”။

“ဘုရားဟောတဲ့အတိုင်း ငါသိပါတယ်တဲ့”။

“ယထာခီဏာသဝေါ ဘိက္ခု ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ နဟောတိ ပရံ မရဏာ”။

“ရဟန္တာသေရင် ပြတ်တယ် ပျောက်သွားဒါဘဲ သေပြီးတဲ့နောက် မဖြစ်တော့ဘူးတဲ့” အဲဒီလို မိစ္ဆာဒိဋ္ဌိ အယူရှိပြီးနေတယ်။

ဒီလို မိစ္ဆာဒိဋ္ဌိအယူ ဖြစ်ရဒါဟာ နိဗ္ဗာန်သဘောမကျလို့ဘဲလို့ မှတ်ကြ၊ ဒို့ဒကာတွေ ဒါကြောင့် နိဗ္ဗာန်သဘောကျအောင်လုပ်ရမယ် နိဗ္ဗာန်သဘောမပေါက်လို့ ဥစ္ဆေဒ-အယူဖြစ်ရဒါ၊ ၊ဥစ္ဆေဒ အယူဟာ ပေါ့ပေါ့ကလေးများ မမှတ်လိုက်ကြနဲ့၊ ပဉ္စာနန္တရိယ ကံထက်ကြောက်စရာ ကောင်းတယ်၊ ပဉ္စာနန္တရိယ ကံပြုမိတဲ့သူက လွတ်ရက်ရှိသေးတယ်၊ ဒီ-မိစ္ဆာအယူရှိရင် လွတ်ရက်မရှိတော့ဘူး။

ဒီ-ကမ္ဘာပျက်ရင် ဟိုဘက် ကမ္ဘာပြောင်းခံ၊ ဒီ-အယူ မစွန့်သမျှအဝီစိက လွတ်ဘို့မရှိဘူး၊ ဒါကြောင့် သူ့ကို ကမ္ဘာ့သစ်ငုတ်,သံသရာ့သစ်ငုတ် အယူလို့ခေါ်တယ်၊ ရိပ်မိကြပလား ?။

ဒါကြောင့် ဒို့ဒကာတွေအတွက် ဒီ-အချက်ဟာ အလွန် အရေးကြီးတယ်လို့ မှတ်လိုက်ကြ၊ ၊ဒီလိုဒိဋ္ဌိတွေ မရှင်းဘဲ, မလင်းဘဲအရိုးကျေအောင် တရားအားထုတ်ပေမဲ့ မဂ် - ဖိုလ် မရနိုင်ဘူးလို့မှတ်ထားကြ။

အခုခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ယမက, သုတ်မှာလာတဲ့ ယမက, ရဟန်းဝတ္ထုကို ရှင်းလင်းပြောမယ်လို့ မှတ်ကြ၊ အဲဒီ·ယမကရဟန်းက ဥစ္ဆေဒအယူ ပြတ်တဲ့အယူ ရှိနေတယ်တဲ့၊ ဒီရဟန်းရဲ့ စိတ်ထဲမှာ အသက် ရှင်နေတုန်းတော့ သဿတ,အဆက်ယူတယ်၊ ရဟန္တာသေတော့ ဥစ္ဆေဒ,ပြတ်တယ်လို့ ယူဆတယ်တဲ့။

ဒါ-ဘာကြောင့်လဲဆိုတော့ ယမက, ရဟန်းရဲ့အယူမှာ ပုဂ္ဂိုလ်ရှိ, သတွာရှိ့, ရဟန္တာရှိ, ဆိုပြီး အဟုတ်မရှိကို အဟုတ်အရှိလို့ ထင်မှတ် ယူစွဲနေတဲ့ အတွက် ဖြစ်ပေါ်လာတဲ့ မိစ္ဆာဒိဋ္ဌိ အယူဘဲလို့ မှတ်ကြ၊ မိစ္ဆာဒိဋ္ဌိ အယူဟာ စူးမိရင် တော်တော် အဖြုတ်ခက်တဲ့အယူ၊ နှယ်-နှယ် ရရများ မမှတ်လိုက်ကြနဲ့၊ အလွန်ကြောက်စရာ ကောင်းတယ်လို့ မှတ်လိုက်ကြ။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ အရှင် သာရိပုတ္တရာ မထေရ် သီတင်းသုံးနေတဲ့ အခါဖြစ်တယ်၊ အဲဒီ အခါမှာ ယမက ရဟန်းဟာ သူ့အယူရှိတဲ့အတိုင်း သီတင်းသုံးဘက်ဖြစ်တဲ့ ရဟန်းတော် များကို လှဲပြီး ပြောဆိုနေတယ်တဲ့၊ "ဘုရားဟောတဲ့ ငါသိပါတယ်၊ ရဟန္တာသေရင်ပြတ်တယ်, နောက်မဖြစ်တော့ဘူး၊ တခါထဲ ပျောက် သွားဒါဘဲ"တဲ့၊ ဘုရားက ဒီလိုဟောတယ်ဆိုပြီး ဝါဒ, လယ်ဖြန့် နေ တယ်တဲ့။

ဒါနဲ့ သီတင်းသုံးဘော် ရဟန်းတော်တွေက အဲဒီ-ယမက, ရဟန်း ကို၊ ဝိုင်းဝန်းတားမြစ် ဆုံးမကြတယ်၊ "ငါ့ရှင် ယမက, ဒီလို မပြော

ဟောပါနဲ့၊ ဘုရားက ဒီလိုမဟောဘူး” ဆိုပြီး၊ အကြိမ်ကြိမ် ဆုံးမ တားမြစ်ကြပေမဲ့ နားမထောင်ဘူးတဲ့၊ အဲဒီလို ပြောဆို ဆုံးမလို့ မရ နိုင်ကြဒါနဲ့ ရဟန်းတော်တွေက “အော်--- သာသနာမှာ ဒိဋ္ဌိ သူပုန် ထလာပြီ ပွားလာရင်ဖြင့် ခက်ကုန်လိမ့်မယ်” ဆိုပြီး၊ ယမက ရဟန်းရဲ့ အကြောင်းစုံကို အရှင်သာရိပုတ္တရာ မထေရ်ထံ သွားရောက် လျှောက် ထားကြတယ်။

ဒီတော့ ရှင်သာရိပုတ္တရာ မထေရ်ကလဲ “အင်း-- ဒီလိုသာဆိုရင် အ ပါယ်စာဖြစ်ဘို့ရှိတယ်၊ ဒီအယူမှားကို အခု လိုက်ပြီး ကယ်ချွတ်ပေးမှ ဖြစ်တော့မယ်” ဆိုပြီး ယမကရဟန်း ရှိတဲ့နေရာကို ချက်ချင်းဘဲ ကြွ- လိုက်လာတယ်တဲ့၊ အဲဒီ-ကျောင်း ရောက်တယ်ဆိုရင်ဘဲ ယမကရဟန်း ကို ခေါ်ယူစစ်ဆေး မေးမြန်း စီစစ်တော်မူတယ်။

“ငါ့ရှင် ယမက အသင်ဟာ ဒီလို မိစ္ဆာအယူရှိပြီး ဒီအတိုင်း လယ် ပြောနေတယ်လို့ ရဟန်းများ ပြောပြလို့ သိရတယ်၊ ဒီကြားတဲ့ အ တိုင်း မှန်သလား ?”။

“မှန်လှပါ ရဟန်းများ လျှောက်ထားတဲ့ အတိုင်းပင် အမှန်ဖြစ် ပါသည်ဘုရား ”။

“ဒါဖြင့် ငါ့ရှင်ကို မေးမယ်၊ သေသေချာချာ စဉ်းစားပြီး သင့် ဉာဏ် မြင်တဲ့ အတိုင်း ဖြေဆိုစမ်းလော့”။

“မှန်လှပါ ဉာဏ်မှီသမျှ ဖြေဆိုပါမည်ဘုရား”။

"ငါ့ရှင်-ယမက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေဟာ မြဲသလား ?၊ မမြဲဘူးလား ?"။

"မမြဲတဲ့ အနိစ္စစင်စစ် အမှန်ပင် ဖြစ်ပါသည်ဘုရား"။

"ဒီ-မမြဲတဲ့ အနိစ္စ ခန္ဓာငါးပါးကို သုခလို့ ဆိုမလား ?၊ ဒုက္ခလို့ ဆိုမလား ?"။

"မှန်လှပါ မမြဲတဲ့ သဘောဟာ ဒုက္ခစင်စစ်ပင် ဖြစ်ပါသည်ဘုရား"။

"ဒီ-မမြဲလို့ ဒုက္ခအမှန်ဖြစ်တဲ့ ခန္ဓာငါးပါးကို ငါ့အတ္တဘဲ၊ ငါ့ကိုယ်ဘဲလို့ စွဲယူသင့်သလား ?"။

"မမြဲလို့ ဆင်းရဲတဲ့ သဘောဖြစ်တဲ့အတွက် ငါ့အတ္တ, ကိုယ်ဘဲလို့ စွဲယူစရာ မရှိပါဘုရား"။

"ဒီ-ဒုက္ခစင်စစ် ဖြစ်တဲ့အတွက် ငါ့အတ္တ, ကိုယ်ဘဲလို့ စွဲယူဘို့ရာ မသင့်တဲ့ ခန္ဓာငါးပါးကို ပုဂ္ဂိုလ် ဆိုသိုက်မလား ?၊ သတ္တဝါ ဆိုထိုက်မလား ?"။

"ဒီ-ခန္ဓာငါးပါးကို ပုဂ္ဂိုလ်-သတ္တဝါ ဘာတခုမျှ ဆိုစရာမရှိ, မဆိုထိုက်ပါဘုရား"။

"ဒါဖြင့်-ငါ့ရှင်ယမက ခန္ဓာငါးပါးဟာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ပုဂ္ဂိုလ်, သတ္တဝါက တခြား၊ ခန္ဓာငါးပါးက တခြားလို့ကော ဆိုမလား ?"။

"ဒီလိုလဲ မဆိုရပါ ဘုရား"။

"ဒါဖြင့် ခန္ဓာငါးပါးမှာ ပုဂ္ဂိုလ် သတ္တဝါ တည်ရှိနေတယ်လို့ ကော ယူဆထိုက်သလား ?"။

"ဒီလိုလဲ မယူဆထိုက်ပါ ဘုရား"။

"ဒါဖြင့် ခန္ဓာငါးပါးက အလွတ်မှာ ပုဂ္ဂိုလ် သတ္တဝါ တည်ရှိတယ် လို့ကော ယူဆထိုက်သလား ?"။

"ဒီလိုလဲဘဲ မယူဆထိုက်ပါ ဘုရား"။

"ငါ့ရှင်ယမက ခန္ဓာငါးပါးဟာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ ၊ခန္ဓာ ငါးပါးက အလွတ်မှာ ပုဂ္ဂိုလ် သတ္တဝါလို့လဲမရှိ၊ ၊ဒီလို ပုဂ္ဂိုလ်သတ္တဝါ ဆိုစရာမရှိ၊ စင်စစ် မရှိရှိုးမှန်ပါလျှင် ရဟန္တာပုဂ္ဂိုလ်သေရင် ပြတ်တယ် လို့ အသင်ယူတဲ့ အယူဝါဒဟာ သင့်မြတ် မှန်ကန်ပါ့ာလား ?"။

"မှန်လှပါဘုရား တပည့်တော် ရှေးက မလိမ္မာလို့ ဒီလို ယူမိပါ သည် သည်းခံတော်မူပါဘုရား၊ ၊ယခုအခါ အရှင်ဘုရားရဲ့ ကျေးဇူး တော်ကြောင့် အရှင်ဘုရား၏တရားစကားကို ကြားနာရသဖြင့်၊ မိစ္ဆာ အယူလည်း ပျောက်ကင်းပါပြီ၊ တရားအထူးကိုလဲ သိမြင်ရ ပါပြီ ဘုရား"။

"ကောင်းပြီဒါဖြင့် ရဟန္တာပုဂ္ဂိုလ်သေရင် ဘယ်လိုဖြစ်သလဲ?လို့ ငါ့ရှင်ကို သူများတွေက မေးခဲ့ကြရင် ဘယ်လိုပြောမလဲ ?"။

"ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ မမြဲတဲ့ အနိစ္စမျိုးသာ အ မှန် ဖြစ်တယ်၊ အနိစ္စမျိုးဟူသမျှ ဒုက္ခမျိုးသာ အမှန်ဖြစ်တယ်၊ ၊

ပုဂ္ဂိုလ် သတ္တာ ရဟန္တာလို့ ဆိုစရာမရှိ တကယ်ဆိုစရာ ရဟန္တာ ရယ်လို့ မရှိတော့ ရဟန္တာသေတယ်လို့လဲ ဆိုစရာမရှိ၊သေပြီးတဲ့နောက် ပြတ်တယ်၊ မပြတ်ဘူးလို့လဲ ဆိုစရာမရှိ။ ၊ဒုက္ခမျိုးအမှန်ဖြစ်တဲ့ ခန္ဓာ ငါးပါးသာ ချုပ်ဆုံးသွားဒါဘဲ, ခန္ဓာငါးပါးသာ ကွယ်ပျောက်သွားတဲ့ သဘောဘဲ" လို့ ပြောကြားပါမည်ဘုရား။

"သာဓု သာဓု ငါ့ရှင်-ယမက ကောင်းလေစွ့, ကောင်းလေစွ့" ဒီလို--- အရှင်သာရိပုတ္တရာ မထေရ်က ဝမ်းမြောက် ဝမ်းသာ၊ သာဓု ခေါ်ပြီး ဇေတဝန်ကျောင်း ပြန်ကြွတော်မူတယ်။

ဒို့ဒကာတွေ သိဘို့က ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ငါးခုအစု ရုပ်စု နာမ်စုဘဲ ရှိနေဒါ၊ ဒီ-- ခန္ဓာထဲမှာ နဂိုက ရဟန္တာ-မပါ၊ ပုဂ္ဂိုလ်-မပါ၊ သတ္တာ-မပါဘူး ဆိုတဲ့ အချက်ဘဲ၊ ဒီ-- အချက်ကို မသိတော့ ပုဂ္ဂိုလ်, သတ္တာ, ငါ, ကိုယ်လို့ စွဲယူပြီးတော့၊ ရဟန္တာသေရင် ပြတ်တယ်လို့ ယူလိုက်တော့ဒါပေါ့၊ အဲဒီလိုယူလိုက်တော့ ဥစ္ဆေဒဒိဋ္ဌိဖြစ်၊ ဒီကနေ နိယတမိစ္ဆာဒိဋ္ဌိဖြစ်ရင် အဝီစိ စာမှတပါး တခြားမရှိတော့ဘူးလို့ မှတ်သိုက်ကြ။

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးခု ရုပ်နာမ်အစုဟာ အမြဲတမ်း ဖြစ်ပြီးပျက်,ဖြစ်ပြီးပျက်နဲ့ အမှန်အရှိက ဖြစ်ပျက်ဘဲ ရှိနေဒါ၊ ဒီ-ဖြစ်ပျက် အနိစ္စအချက်ကို ပိုင်နိုင်ရင် ဒုက္ခ အချက် ပိုင်မယ်၊ ဒုက္ခအချက် ပိုင်ရင်၊ အနတ္တအချက် ပိုင်မယ်၊အနတ္တ အချက် ပိုင်ရင်၊ အတ္တဒိဋ္ဌိ ပုဂ္ဂလဒိဋ္ဌိ ကွာရော၊ အတ္တဒိဋ္ဌိ ကွာတော့

ရဟန္တာရယ်လို့ တကယ်မရှိတဲ့ အဖြစ်ကို မြင်သိလာမယ်၊ ဒီလို သိမြင်တော့ သေပြီးတဲ့နောက် ပြတ်တယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိလဲ ပြုတ်တော့ ဒါဘဲ၊ နဂိုကမှ ပုဂ္ဂိုလ် ရဟန္တာလို့ အဟုတ်မရှိဒါမို့ သေရင်ပြတ်တယ် မပြတ်ဘူးလို့ ဆိုစရာမရှိတော့ဘူးပေါ့။

အပြတ်ယူရင် ဥစ္ဆေဒဒိဋ္ဌိ အဆက်ယူရင် သဿတ၊ ဒွိဒကာတွေ ထတိပေးလိုတယ်၊ ဒကာတို့တတွေ မိရိုးဖလာနဲ့ နေလာဒါ ဘာမှ မသိကြဘူး၊ မသိတော့ ဘလောက် နစ်နာသလဲ ?၊ အဲဒါ မသိနာ နာကြရဒါ၊ ဆရာဘုန်းကြီးက ဟောပြလို့ အခုနေ သိကြရဘီ၊ သိရင် သိတဲ့အတိုင်း လုပ်ကြ၊ သိပြီး မလုပ်ရင် သိနာ နာမှာဘဲ၊ အဲဒီ သိနာ နာရင် သာဆိုးတယ်၊ ရှင်းကြပလား ?၊ ဒါကြောင့် သိပြီး မနာ ရအောင် လုပ်ကြ။

မြဟ္မာ့ပြည်က အပ်ကလေး တစင်းကို ချလိုက်၊ အောက်· လူ့ပြေက အပ်ကလေး တစင်းကို ထောင်ထား အပ်သွား အချင်းချင်းသာ ထိခိုက်နိုင်ဘွယ် ရှိတယ်၊ လူ့ဘဝ ရဘို့ရာ ဒီ·အပ်သွားချင်း ထိဘို့ ထက် အဆ·ရာထောင်မက ခဲယဉ်းသေးတယ်တဲ့၊ ဒါလောက် ခဲယဉ်း ဒါတောင် အခု·ရနေကြဘီ၊ ဒီလို ခဲခဲယဉ်းယဉ်း ရလာတဲ့ အခါ ကလေးကို လက်မလွှတ်ကြစေနဲ့၊ ရိပ်မိကြပလား ?၊ လက်လွှတ်ခံရရင် ဒီထက်ရှုံးဖြင့် မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချကြ။

ဒီ·အခုပြောခဲ့တဲ့ ဆက်မှား·ပြတ်မှား ဆိုတဲ့ မိစ္ဆာ အယူတွေ၊ မိမိ သန္တာန်မှာရှိနေသလား?၊မရှိဘူးလား?၊ကိုယ်တိုင်ဆန်းစစ်ပြီးကြည့်ကြ

တကယ်လို့များ ရှိနေသေးရင်၊ မကွာ ကွာအောင် ဆရာကောင်း ကြုံတိုင်း ခွါထုတ်ပစ်ကြ၊ ဒီ- သဿတ, ဥစ္ဆေဒ စတဲ့ အယူမျိုးတွေ ရှိနေရင် မဂ်လမ်း- ဖိုလ်လမ်းနဲ့ ဖီလာသွားမယ်၊ မဂ်လမ်း- ဖိုလ်လမ်း အသာထားအုံး၊ ဝိပဿနာ ဥာဏ်နား တောင်မှ သီနိုင်ကြမယ် မဟုတ်ပါဘူး၊ ဒီလို ရှိနေသူဟာ ဘုရား, တရား, သံဃာ, သာသနာနဲ့ တွေ့ရတယ်လို့ မဆိုနိုင်ဘူး၊ သာသနာပ လူဘဲ။

ဒိဋ္ဌိကွာအောင် ဘယ်လို လုပ်ရမလဲ?၊ အကြောင်း ကြောင့် အကျိုးဖြစ်တယ်၊ အကြောင်းတရားက ပြုပြင်လို့ အကျိုးတရား ပေါ်လာတယ်၊ နောက်- ဘဝက မသိလို့ အမျိုးမျိုးတွေ လုပ်ခဲ့ကြ တယ်၊ အဲဒီ- အမျိုးမျိုး လုပ်ခဲ့တဲ့ အကြောင်းကြောင့် ဒီ- ဘဝမှာ ဝိညာဏ်ပေါ်လာတယ်၊ ဒီ-ဝိညာဏ်ကြောင့် နာမ်-ရုပ် ပေါ်၊ အဲဒီ လို သင်္ခါရ အဆက်ဆက်ဖြစ်၊ ဖြစ်ပြီး- ချုပ်နေဒါဘဲ ရှိတယ်၊ ၊ ဒီလို သိရင် ဥစ္ဆေဒ ဒိဋ္ဌိပြုတ်မယ်။

ယမက ရဟန်းရဲ့ နေရာမှာ သင်္ခါရဖြစ်ပြီး ချုပ်တာဘဲ ရှိတယ်၊ ရဟန္တာသေဒါရယ်လို့ မရှိဘူး၊ ရှေ့-သင်္ခါရ ဖြစ်ပြီးချုပ်၊ နောက် သင်္ခါရ ဖြစ်ပြီးချုပ်၊ ဒီလို ရုပ် နာမ်-သင်္ခါရ အဆက်ဆက် ဖြစ်ချုပ် တွေဘဲ ရှိတယ်၊ ၊သင်္ခါရချုပ်ဆိုဒါ ဒုက္ခအစု ချုပ်တာ ရဟန္တာ သေဒါမဟုတ်၊ ဒုက္ခအစုတွေ ချုပ်တာဘဲ တကယ်ရှိတယ်လို့ သိရင် ဒိဋ္ဌိစင်ဘီ ဆိုဒါမှတ်ကြ။

သင်္ခါရ ဒုက္ခအစုချုပ်တော့ အသင်္ခတ သုခရတယ်၊ သင်္ခါရ ဒုက္ခအစုတွေက လွန်မြောက်ပီး အသင်္ခတ သုခဆိုတဲ့ ဒိဗ္ဗဘက် ကူးသွားတယ်လို့ မှတ်ထားကြ။

ဒွိဒကာတွေ ပြောတတ်ကြတယ် "သိ ပီးရော သိရင် ပီးဒါဘဲ ဘာမှမလိုတော့ဘူးတဲ့" အသိပြတ်ရုံနဲ့ အပါယ် စိတ် မချရဘူးလို့ မြဲမြဲမှတ်၊ အသိကလေးနဲ့ မရ၊ အကျင့်နဲ့ ဖြတ်နိုင်မှသာ သေချာမယ်၊ ၊ဝါးသုံးခေါင်းထဲ လ သာပီး ကိုယ့်အသိကလေးနဲ့ ကိုယ်တော်သေးရဲ့အောင့်မေ့ပီး ကျေနပ်မနေကြနဲ့၊ ။လောကထဲမှာ သင်္ခါရ ဒုက္ခနဲ့ နေကြရလို့ သတ္တာမှန်သမျှ အားလုံး လူဆင်းရဲချည့်ဘဲ ဆိုဒါ သိထားကြ၊ သဘောပါကြပလား ?။

ကိုင်း··ယနေ့··ဒီတွင်··တော်ကြအုံး။

# ဓမ္မရတနာ - မာတိကာ

## " ဒိဋ္ဌိသက္ကာယ မြန်စွာချ တရားတော် "

**ဆောင်ပုဒ်**

ဒါန, သီလ၊ သမထ၊ ရှုံမျှပမာနဲ့။
မဂ်ရမှန်လစ်၊ ဇမ္ဗူရာဇ်၊ အနှစ် ရွှေစင်ခဲ။
ရဟန်းလူရှင်၊ မဂ်မမြင်၊ ပါယ်ခွင် ကျဘို့မြဲ။
ရဟန်းလူရှင်၊ မဂ်ရလျှင်၊ ပါယ်ခွင် အိုးစားကွဲ။
အိုးစားကွဲရာ၊ ရဘို့ငှါ၊ လျင်စွာ အားသစ်ကြဲ။
ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်၊ ပမာဆောင်၊ ရအောင်
ကြိုးလို့ခဲ၊

**တရားသား** ဒီကနေ့ မနေ့က တရားအဆက်ကို ပြောရမယ်၊ ၊

ဒိဋ္ဌိဟာ အလွန်ကြောက်စရာ ကောင်းတယ် ဆိုတဲ့ အချက် ပြောခဲ့ပြီ၊ ဒိဋ္ဌိမကွာကြရင် အပါယ်သံသရာက လွတ်ရက် မရှိတော့ဘူး၊ ဒါကြောင့် ဒို့ဒကာတွေ မဂ်ကို အမြန်ဆုံး လက်ရှိရ အောင် ကြိုးစားကြလို့ အထူးတလည် တိုက်တွန်းလိုက်ပါတယ်၊ ၊ ရဟန်းဖြစ်နေပေမဲ့ မဂ်မရသေးရင် ဒိဋ္ဌိအပြည့်အစုံ ရှိသေးတယ်လို့ မှတ်လိုက်ကြ၊ ယမကာ ရဟန်းကိုဘဲ ကြည့်ကြတော့။

ရဟန်းဖြစ်ဖြစ် လူဖြစ်ဖြစ် ရုပ်နာမ် ဖြစ်ပျက်နဲ့ ရုပ်နာမ်ဖြစ်ပျက် အဆုံး၊ နိဗ္ဗာန်မသိသေးသမျှအပါယ်နဲ့ အိုးစားမကွဲသေးဘူးလို့မှတ်၊ ရုပ်နာမ်ဖြစ်ပျက်နဲ့ ဖြစ်ပျက်ဆုံးရာ နိဗ္ဗာန်မြင်ပီးမှသာ အိုးစားကွဲမှာ၊

အခုနေ ဘယ်လောက်ဘဲ အထက်တန်း ရောက်ရောက် ခေတ္တ· ယာယီဘဲလို့မှတ်၊ ဒီတော့ ဒို့ဒကာတွေ ယာယီအနေမှာ စိတ်မချရသေးဘူး၊ ဘဝင်မမြင့်ကြနဲ့ အုံးလို့ ပြောလိုက်ပါတယ်။

ဘုရားက ပေါဋ္ဌိလရဟန်းကို ဘာကြောင့် နှင်ထုတ်တော် မူသလဲ?၊ ပိဋကတ်တော်တွေကို ထုံးလိုချေပြီး ရေလိုနှောက်နိုင်တဲ့သူ ဖြစ်ပေမဲ့ ဘာမဝ်မှ မရသေးတော့ မချီးကျူးဘူး၊ တုစ္ဆပေါဋ္ဌိလ အလကား ပေါဋ္ဌိလ ဆိုပြီး နှင်ထုတ်တော်မူတယ်၊ ဒီလိုနှင်ထုတ်တဲ့ သာဓကကို ထောက်ကြည့်ရင် ဘုရားရှင်ရဲ့ ဆန္ဒတော် ကရုဏာတော်ကို သိနိုင်ပါတယ်၊ ဘုရားရှင်ရဲ့ အလိုဆန္ဒတော်က မဂ်ရမှ လိုရင်းကျမယ် လို့ မှတ်ကြ။

ဒိဋ္ဌိဟာ တော်တော်အစွမ်းထက်တယ်၊ တရားနာရင်းကတောင် ဒိဋ္ဌိဖြစ်နေသေးတယ်၊ အလွတ်နေတဲ့အခါဆို ဘယ်ပြောစရာရှိတော့မလဲ၊ သူက အပါယ်ကို ဇောက် (စောက်) ထိုးချနိုင်တဲ့ အစွမ်းရှိတယ်၊ ဒါကြောင့် ဒို့ဒကာတွေ သူ့နယ်က အမြန်လွတ်မြောက်အောင် ကြိုးစားကြ၊ ၊ဒီ· အဓိပ္ပါယ်စကားကို ဘုရားရှင်က သံယုတ်ပါဠိတော်မှာ ဟောတော်မူခဲ့တယ်။

"ဥပမာ··· ရင်ဝမှာ လှံစူးနေရင် ဒီပြင်ကိစ္စ မလုပ်နိုင်ဘူး စူးတဲ့လှံ အရင်နှုတ်ပစ်ရမယ်၊ ခေါင်းမှာ မီးလောင်နေရင်လဲ ဒီပြင်အလုပ် ဘာမှ မလုပ်နိုင်ဘူး၊ ဒီမီးကို အရင် ငြိမ်းသတ်ရမယ်၊ ဒီပြင် လုပ်စရာရှိသမျှ နောက်မှ လုပ်ရမယ်၊ ၊

ဒီကဲ့သို့ဘဲတဲ့ သက္ကာယဒိဋ္ဌိ အစွဲရှိနေရင် ဒီပြင်ကိစ္စတွေ အသာ ချထားပြီး၊ ဒီသက္ကာယ အစွဲ အရင်ပြုတ်အောင် ပယ်နုတ် ပစ် ရမယ်၊ ဒါက အရေးတကာ့ အရေးထက် ပိုပြီး အရေးကြီး တယ်" လို့ ဟောတော်မူတယ်။

သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

( သံယုတ်-ပါဠိတော် )

**အာသာပြန်** လှံမကြီး ရင်ဝမှာ စူးဝင်နေသူကဲ့သို့ရင်း, ဦးခေါင်း ထက်မှာ မီးဟုန်းဟုန်း တောက်လောင် နေသူကဲ့သို့ ရင်း၊ သက္ကာယဒိဋ္ဌိ အယူမှားကို ပယ်ဖြုတ်ဘို့ရာ သံသရာအပါယ်ဘေး ကြီးကို မြော်တွေးမြင်သူ ရှင် လူ ရဟန်းသည် မမေ့မလျော့ မပေါ့ သော သတိရှိလျက် ဝိပဿနာ အလုပ်ကို အဟုတ်လျင်စွာ အားထုတ် လေရာသတည်း။

ဒို့ဒကာတွေက ရွှံ့လုံးကို ရွှေလုပ်ပြီး အားကိုးနေကြတယ်၊ ဒီရွှံ့လုံး က မိုးကျတော့ အကုန်လုံး အရေပျော်သွား မှာဘဲ၊ ဒါန- သီလ- သမထတွေဟာ ရွှံ့လုံးနဲ့ အတူတူပါဘဲ၊ ဝိပဿနာ မဂ်နဲ့ကျမှ ဇမ္ဗူ ရာဇ် ရွှေစင်ကို ရကြမယ်၊ ဇမ္ဗူရာဇ်ရွှေစင် ကိုယ်ပိုင် ရထားအောင် ကြိုးစားကြ၊ ဒါမှသာ စိတ်ချရမယ်၊ ရှင်းပလား ?။

ကြိုးစားကြ အားထုတ်ကြ ဆိုတော့ တချို့တွေက ရမ်းပြီးလုပ်နေ ကြတယ်၊ မဲမဲမြင်တိုင်း ရန်သူမှတ်ပြီး သတ်နေကြတယ်၊ မဲ့မဲမြင်ရာ

ရမ်းပီးသတ်တော့ ခရီးမရောက်ဘူး, မငြိမ်းမပျောက်ဘူး၊ ရန်သူ အမှန်ကို သတ်မှငြိမ်းမယ်, ပျောက်မယ်, သဘာဝကျမယ်လို့ မှတ်ကြ၊ ဒိဋ္ဌိအပိုင်းမှာ ဒိဋ္ဌိသတ်ရမယ်၊ တဏှာအပိုင်းကျမှ တဏှာသတ်ရမယ်၊ သူ့ဆိုင်ရာ သူမသတ်ဘဲ မဆိုင်ရာ သတ်နေရင် ဘယ်တော့မှ လမ်းမဆုံးဘူး၊ ခုတ်ရာဘခြား, ယှ့်ရာတခြား ဆိုသလို အလကား နေမယ်လို့ မှတ်ကြ။

ဒါကြောင့် ဆရာအရေးကြီးတယ်၊ နည်းမှန် ပြတတ်တဲ့ ဆရာကောင်း ရှာကြလို့ အခါခါမှာခဲ့ဒါဘဲ၊ ဘုရား သက်တော်ထင်ရှားအခါကတောင် လွဲမှားနိုင်သေးတယ် ဆိုရင် အခုလို အခါမျိုးမှာ ပြောစရာမရှိဘူး၊ ပေါ့ပေါ့ကလေးများလို့ မထင်လိုက်နဲ့၊ ယမကရဟန်းဟာ သူ့ဉာဏ် ယုံခြေထောက်နဲ့ သမုဒြာ ပညာစခန်း ထောက်ကြည့်လို့ မမှီနိုင်ဘူး၊ မမှီနိုင်တော့ တောင်ရောက် မြောက်ရောက် ရောက်ချင်ရာ ရောက်သွားတော့ဒါပေါ့။

အမှန်က သူ့ သဘာဝတရားဟာ အမှောင်ပျောက်ပီး အလင်းရောက်တဲ့ ဥပမာကဲ့သို့ပါဘဲ၊ နိဗ္ဗာန်သဘော အမှန်သိဘို့ရန် ဒုက္ခပျောက်ပီး သုခရောက်ပုံဘဲလို့ မှတ်ကြ၊ အမှောင်ပျောက်ရင် အလင်း ရောက်သလို၊ ′ဝါ--- အလင်း ရောက်တာနဲ့ အမှောင် ခါတ်ပျောက်ရလလို ဒုက္ခ အစု ပျောက်တာနဲ့ သုခ နိဗ္ဗာန် ရောက်တော့ ဒါပါဘဲ၊ရှင်းကြပလား?၊ ယမကဟာ ဒီ-နိဗ္ဗာန်ရဲ့ သဘာဝကို သဘောမပေါက်တာနဲ့ တောင်ရောက် မြောက်ရောက် ရောက်သွားဒါဘဲ၊ ။

ဒါကြောင့်ဒွိဒကာတွေ နည်းမှန် လမ်းမှန် ရတုန်းမှာ လက်မလွှတ်ကြ စေနဲ့။

ခန္ဓာမှာ တကိုယ်လုံး အနာတွေ ရှိပြီးနေဒါ၊ အခု့နဲ့နဲ့မကောင်း၊ နောက်-ပိုမကောင်း၊ နောက်-ဒီထက်ပိုမကောင်းဒါဘဲရှိတယ်၊ ဘုရားက "အာဗာဓတော, ရောဂတော" လို့ ဟောတယ်၊ ခန္ဓာမှာ ဘာမှ ကောင်းဒါ မပါဘူးတဲ့၊ အနာအပြည့် ရောဂါအပြည့်တွေဘဲရှိတယ်တဲ့၊ ခန္ဓာမှာ ရောဂါနဲ့အမြဲတွဲ တွဲနေတယ်၊ ရောဂါအမြဲ မကင်းဘူး၊ ဒါနဲ့ ဒွိဒကာတွေက အနာတွေ ပြည့်နေတဲ့ အနာကောင် သိမ်းပိုက် ထားချင်ကြ သေးသလား?၊ အနာကောင်များ သိမ်းပိုက် ထားချင် ကြသေးသလား?၊ တော်လောက်ကြရောပေါ့။

ပြောတဲ့ ဟောတဲ့စကား နားမထောင်ကြရင် ဒုက္ခ အဆုံးမမြင် တော့ဘူး၊ ဘုရားရှင်က ဒီ-ဒုက္ခတွေမြင်လို့ ကိုယ်တင်ဘို့ရာ ပါရမီ ဖြည့်ရဒါ၊ သတ္တဝါတွေ တရားဟောဘို့ မခက်ဘူး၊ တန်ခိုး ပြဘို့က ခက်တယ်၊ တန်ခိုးပြနိုင်အောင် တန်ခိုးပြဘို့အတွက် ပါရမီဖြည့်ရဒါ၊ ဘုရားပါရမီတော် ဖြည့်စဉ်ကို ကြည့်ရင် သိနိုင်ပါတယ်၊ သုမေဓာ ရသေ့ဘဝ မရောက်ခင်ကလဲ ကမ္ဘာအသင်္ချေ မရေမတွက်နိုင်အောင် ဖြည့်ခဲ့ရတယ်၊ အဲဒီ သုမေဓာ ဘဝကနေပြီး ဒီဘက်မှာ နှစ်ကျိပ်လေး ဆူသော ဘုရားရှင်တို့ထံမှာ ဗျာဒိတ်ခံရင်းနဲ့ ကမ္ဘာပေါင်းများစွာ ပါရမီတွေ ဖြည့်ခဲ့ရတယ်။

အဲဒီလို ကမ္ဘာအသင်္ချေမရေမတွက်နိုင်တဲ့ အသင်္ချေပေါင်း လေး အသင်္ချေနဲ့ ကမ္ဘာကြီးပေါင်း တသိန်း အတွင်းမှာ ကိုယ်တော်,

စိတ်တော် ဆင်းရဲဒုက္ခအမျိုးမျိုးခံ့ မျက်လုံးသုတ်လှူ့ လက်ဖြတ်လှူ ဇက်(ခေါင်း)ဖြတ်လှူဆိုတဲ့ အင်မတန် ခဲယဉ်းတဲ့ အလှူကြီးမျိုးတွေ ပြင်ပအလှူမျိုးမှာတော့ ပြောရာမရှိတော့ဘူး၊ ၊အဲဒီလို အနစ်နာ အမျိုးမျိုး ဆင်းရဲဒုက္ခအမျိုးမျိုးတွေခံပီး သဗ္ဗညုဘုရားဉာဏ် ရှာတော်မူခဲ့ရတယ်။

ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါး စတဲ့၊ အကျင့်တွေ အတုမရှိအောင် လုပ်ခဲ့ရတယ်၊ အဲဒါ ဘာ့ကြောင့်လဲ ?၊ ခင်ဗျားတို့တတွေကို တန်ခိုးပြဘို့ဘဲ ဆိုရင် မမှားပါဘူး၊ ၊ ဗုဒ္ဓကာတွေ အကျင့်က သာမန်နဲ့ ဟောလို့ မရနိုင်ဘူး၊ ပဥ္စမ တန်ခိုးပြ့ တန်ခိုးမြင်တော့ အထင်ကြီးပီး ဆည်းကပ်ကြမယ်၊ အဲဒီအခါမှာမှ ဟောလို့ လွယ်တယ်ဆိုပီး ပါရမီဖြည့်ရဒါ၊ ၊ဒါ- ဘာ့ကြောင့်လဲ ?၊ ခင်ဗျားတို့တတွေရဲ့ ဒုက္ခထုထယ်တွေကိုမြင်လို့ ခင်ဗျားတို့ကို အင်မတန် သနားတော်မူလွန်းလို့ အမျိုးမျိုး အနစ်နာခံပီး ပါရမီဖြည့်ရဒါဘဲဆိုတဲ့ အချက်ကို မြဲမြဲကြီး မှတ်လိုက်ကြ၊ သဘောပါကြပလား ?၊

ဒီကြားထဲကမှ ဘုရားရှေ့မျက်နှာတော် မထောက်၊ ဘုရား မဟာကရုဏာတော် မထောက်ထားဘဲ အမှိုက်ပုံ ရှာဖွားချင်နေ သေးရင် ရှူးလို့ဘဲဆိုဒါ၊ ဆုံးဖြတ်ချက်ချ၊ ၊ရွှေငွေ ရတနာ တိုက်တာ အိမ်ခြေကားတွေ တဝီဝီနဲ့ ပျော်ကြ၊ ပါးကြ၊ မေ့ကြ၊ ကြွားကြ၊ အဲဒါ အမှိုက်ပုံ ရှာဖွားနေဒါဘဲ၊ ၊တယောက်နဲ့ တယောက် မြှောက်ကြ၊

ခင်ဗျားတို့က ကုသိုလ်ကောင်းပေတယ်၊ မဒေဝါဒ် မတေ့ မကြောင့် မကျနဲ့ ပြည့်စုံပါပေကယ်နဲ့ မြောက်နေကြ၊ ကြားနေရတဲ့ လူက စိတ်ကြီးဝင်ပြီး ဘဝင်မြင့် မြေကြီး ခြေမကျဘူး၊ ပြောတဲ့ လူကလဲ ကျုပ်တို့ပဲ တနေ့ဒီလို ရှုံးချင်သေးတယ်၊ ရှုံးရအုံးမယ်လို့ ဆိုသလို ပါဘဲ။

ခင်ဗျားတို့ဟာတွေ ယမက - ထက်ခေတောင် ပိုပြီး ရှုပါသေး တယ်ဆိုရင် ပြဿနာတို့များ ရှိသေးသလား ?။

ကိုယ့်မျက်စိက တိမ်သလာ အပြေ့နဲ့ ကုသလို့လဲမရ၊ ဒီအနေ က သူများ ကုချင်၊ သချင်၊ သနားချင်တယ်ဆိုရင် ယုတ္တိ ရှိပါမှ လား ?၊ ဒီတော့ သူများကို အသာထားပြီး ကိုယ့်ကိုယ်ကို အရင် သနားကြ၊ ဒါကြောင့် ဘုရားက --

"အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ" လို့ ဟောတော် မူတယ်၊ ကိုယ့်ကိုယ်ကို သနားပြီး ကိုယ်ဟာကိုယ် အရင်ပြီးအောင် အလုပ်လုပ်ကြ၊ ကိုယ့်အပါယ်တခါး ကိုယ်စိတ်ချရအောင် စာရင်း ပိတ်ကြ၊ နောက်မှသူများအတွက် ပူစရာရှိချင် ပူကြလို့ဆိုလိုတယ်။

ဒို့ဒကာတွေကတော့ ပြောင်းပြန် လုပ်နေကြတယ်၊ အိမ်ကဘသူ့ စိတ်မချလို့၊ ကလေးတွေက ငယ်သေးလို့၊ ဘယ့်နှယ်၊ ညာ့နှယ်နဲ့ ရမယ်ရှာပြီး၊ သနားနေတတ်ကြတယ်၊ အဲဒါနဲ့ ကိုယ့်ကိစ္စ လစ်ဟင်း သေမင်းနောက် ကောက်ကောက်ပါတော့မှ အမယ် ကယ်ပါ၊ ဘ ကယ်ပါ လုပ်လို့ မရဘူး၊ အဲဒီ အချိန်ရောက်မှ အကြီးအကျယ်၊ ၊

မျက်ရည်ကျရမယ်ဆိုဒါ မှတ်ကြ၊ သားတွေ၊ သမီးတွေ ဆိုဒါ တကယ်လူတွေ၊ ကိုယ်က သင်းချိုင်း မျက်စောင်းထိုးနေဘိ၊ သေချင်းသေရင် ကိုယ်က အရင်သေရမှာ သူများကိုချည့် သနားမနေနဲ့၊ ကိုယ့်ကိုယ်ကို အရင် သနားကြ၊ အချိန်သိတ်မရတော့ဘူး၊ ရိပ်မိကြပလား ?။

ဒါကြောင့် သက္ကာယဒိဋ္ဌိခွါတို့၊ အပါယ်တံခါးပိတ်ဘို့ ဖင့်နွဲ့မနေကြနဲ့၊ ပေါ့တန်မနေကြနဲ့လို့ လေးလေးနက်နက် ပြောလိုက်ပါတယ်၊ ဒီလိုအခွင့်အခါကောင်း၊ ဆရာသမားကောင်းနဲ့ ကြုံကြိုက်ဘို့ရာ မလွယ်ပါဘူး၊ အနှစ်ရှစ်ရာ တထောင်မှ တကြိမ်ဆိုသလို အင်မတန်မှ ခဲယဉ်းတယ်ဆိုဒါ မှတ်လိုက်ကြ၊ အခါကောင်းကြုံခဲပမဲ့ ယခုကဟာ မျက်စိသယ်သွားတဲ့ အချက်ကို စဉ်းစားကြ၊

ယခုကဟာ နိဗ္ဗာန်မရှိဘူးလို့ ယူလိုက်တာဘဲ၊ အဲဒါ ခမ္ဘမသိရှာလို့၊ ဘုရားက သစ္စာနှစ်မျိုးကို ခွဲခြား ဟောတော်မူတယ်၊ "ဒွေ သစ္စာနိ အက္ခာသိ"ဆိုဒါဘဲ၊ ပရမတ္ထသစ္စာကရှိမှန်၊ မှန်တယ်၊ သမုတိသစ္စာက မရှိမှန်၊ မှန်တယ်၊ ယမကဟာ အဲဒီ ရှိမှန် ပရမတ္ထ သစ္စာနဲ့ မရှိမှန်၊ သမုတိသစ္စာ ဒီနှစ်ပါးကို ခွဲခြမ်းပီး မသိလို့ဘဲလို့ မှတ်ကြ၊ ခွဲခြမ်းပီး မသိတာတော့ ဘွေးကြည့်၊ တွေးသိမှာဘဲ လမ်းဆုံးသွားဒါပေါ့၊ ရိပ်မိကြပလား ?။

ဒို့ဒကာတွေ ကလေးငယ် ကလေး၊ လက်ဆွဲရသလိုဘဲ၊ ခဏခဏ ခွေလဲကျနေတော့ အခက်သားကလား၊ ကလေးငယ် လမ်းသွားသင်ရဒါကမှ လွယ်လိမ့်အုံးမယ်၊ ခင်ဗျားတို့က ဒ်ထက်ပိုဆိုးပါသေးတယ်

ဆိုရင် လွဲသလား ?၊ အေး····မလွဲဘူးဆိုရင် ကြိုးစားလိုက်နား ကြ၊ လောက သမုတိအနေမှာ မရှိမှန်, မှန်တဲ့ သမုတိသစ္စာ၊ ပရမတ္ထနယ်မှာ အဟုတ်ရှိ, အမှန်ရှိပြီး ရှိမှန်, မှန်တဲ့ ပရမတ္ထသစ္စာ၊ ဒီ-သစ္စာနှစ်မျိုးကို ခွဲခြားပြီး နားလည်ကြရမယ်၊ ဒီနှစ်ခု မခွဲခြားတတ်ရင် ပရမတ်ပေါက်ထွက်သွားမယ်ဆိုဒါ မှတ်ထားကြ၊ ဒီ- သစ္စာနှစ်မျိုးကို နက်ဖြန်မှ ပြောမယ်။

ကိုင်း -ယနေ့··ဒီတွင်··တော်ကြ အုံး။

# ဓမ္မရတနာ - မာတိကာ

"သစ္စာနှစ်ရပ် ခွဲခြားမှတ် တရားတော်"

## သစ္စာနှစ်မျိုး

(၁) မရှိဘဲ မှန်ကန်ခြင်းသည် သမုတိသစ္စာ။
(၂) အဟုတ်ရှိ၍ မှန်ကန်ခြင်းသည် ပရမတ္ထသစ္စာ။
(၁) နတ်ရွာ, သုဂတိ, ပြဟ္မာပြည် ရောက်လိုက သမုတိသစ္စာ ကြိုးစားရာ၏။
(၂) မဂ်,ဖိုလ်,နိဗ္ဗာန် ရလိုက ပရမတ္ထသစ္စာ ကြိုးစားရာ၏။
(၁) သမုတိသစ္စာ နားမလယ်လို့ ပယ်ရင် အပါယ်ကျမည်။
(၂) ပရမတ္ထသစ္စာ ပယ်ရင် (၃၁)ဘုံက မလွတ်, နိဗ္ဗာန် မရောက်နိုင်။
(၁) သမုတိသစ္စာအလုပ်က သဒ္ဓါပြခါန်းသည်၊ သဒ္ဓါလိုရင်းစွဲ။
(၂) ပရမတ္ထသစ္စာအလုပ်က ပညာပြခါန်းသည်၊ ညာလိုရင်းစွဲ။

**ဆောင်ပုဒ်**

သစ္စာနှစ်ပါး၊ မြတ်ဘုရား၊ ခွဲခြားဟောမိန့်သွန်း။
မရှိမှန်ဘိ၊ သမုတိ၊ လောကီနယ် တဝှမ်း။
ရှိမှန်, မှန်လှ၊ ပရမတ္ထ၊ လောကာသက် မြတ်လွန်း။
သစ္စာနှစ်ပြင်၊ မသိလျှင်၊ လွဲစင် ဒိဋ္ဌိဝန်း။
ဒိဋ္ဌိချုပ်ကာ၊ ပါယ်လေးရွာ၊ သေခါ ကျဘို့တန်း။

**သတိ**

လောဘမျိုးစေ့ ပြိတ္တာလ့စွဲ၊ ငရဲဒေါသ၊ မောဟတိရစ္ဆာန်
ကျိုးပေးသန်၊ သင်းခံရမြဲလမ်း။

**တရားသား** ဒီကနေ့ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ နှစ်မျိုးကို ခွဲခြားပြီး ပြောမယ် ယမကဟာ ဒီ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ နှစ်မျိုးကို ခွဲခြားပြီး မသိလို့၊ ခွဲခြားပြီး နားမလည်လို့ ဒိဋ္ဌိဖြစ်တယ်ဆိုဒါ မှတ်ကြ၊ ဒီ သစ္စာနှစ်မျိုး မကွဲပြားရင် ဘယ်လောက် အပြစ်ကြီး သွားနိုင်တယ်ဆိုဒါ ရိပ်မိကြပလား၊ ဒီနှစ်ချက် မကွဲရင် ဒိဋ္ဌိခွင့်၊ ဒိဋ္ဌိမစင်သေးသမျှ ငရဲနဲ့ အိုးစား မကွဲသေးဘူးလို့ ဆုံးဖြတ်ချက်ချကြ။

ဒါကြောင့် ဒိုဒကာတွေ ဒီနှစ်ခု ခွဲခြားပြီး သိဘို့လိုတယ်၊ သမုတိသစ္စာက မရှိဘဲနဲ့ မှန်တဲ့တရား၊ ပရမတ္ထသစ္စာက ရှိပြီး မှန်တဲ့တရားလို့ မှတ်၊ သမုတိသစ္စာနယ်မှာ အမေ၊ အဖေ၊ ရဟန်း စတဲ့ ပုဂ္ဂိုလ်တွေဟာ ပရမတ္ထ မျက်စိနဲ့ ကြည့်ရင် အမှန်ရှိတဲ့ အရာမဟုတ်ဘူး၊ အမေဆိုဒါ ဘယ်ဟာလဲ?၊ အဖေဆိုဒါ ဘယ်ဟာလဲ?၊ ရဟန်းဆိုဒါ ဘယ်ဟာခေါ်သတုံး? ဆိုပြီး ကြည့်လို့၊ ကိုင်တွယ် စမ်းသပ်လို့ မရဘူး၊ ကိုင်တွယ်ကြည့်ရင် အဖေ မတွေ့၊ အမေလဲ မတွေ့၊ ရဟန်းလဲ မတွေ့ရဘူး။

ဒါဖြင့် ဘာကိုတွေ့မလဲ?၊ စမ်းသပ်ကြည့်ရင် ပူဒါရင်လဲတွေ့မယ်၊ ခဲအေးဒါရင်လဲတွေ့မယ်၊ မာဒါ-ပျော့ဒါ တခုခုတွေ့မယ်၊ ဒီလို အမှန်-

အရှိဖြစ်ဘဲ ဓါတ်ကြီးလေးပါး တပါးပါးကို တွေ့ရမယ်၊ သမုတိ သစ္စာ ဆိုတဲ့ အမှန်က မှုသားမဖြစ်ရုံ မှန်ကန်ဒါဘဲ၊ အခုန ပူ့အေး့ မာ့ ပြေ့ စတဲ့ ဓါတ်တရားကမှ အမှန်ရှိဖြစ်တဲ့ ပရမတ္ထ သစ္စာလို့ မှတ်ကြ၊ ပရမတ္ထက သစ္စာထိုက်အောင် မှန်တယ်၊ သမုတိက သစ္စာ ထိုက်အောင် မမှန်ဘူး၊ သစ္စာထိုက်အောင် မမှန်ရင် နိဗ္ဗာန် ရောက် မယ် မဟုတ်ဘူး။

ဒါနဲ့ သမုတိသစ္စာ ပယ်ရမလားလို့ မေးစရာရှိတယ်၊ ဘုရားရှင်က "ငါဘုရား အောက်မေ့ကြ၊ ငါဘုရား အောက်မေ့ရင် ကြောက်ခြင်း ကြက်သီး မွေးညှင်းထခြင်း စတဲ့ အန္တရာယ်တွေ ပျောက်မယ်" လို့ ဟောတယ် နိဗ္ဗာန်တော့ မရောက်ဘူး၊ ဆရာ- သမား မိဘများကို ရှိခိုးပူဇော်ကြ၊ ဖူးမျှော် ကန်တော့ကြ၊ ကုသိုလ်တော့ ရတယ်၊ နိဗ္ဗာန် တော့ မရဘူးတဲ့၊ ဆရာသမား မိဘများကို ဆည်းကပ်ကိုးကွယ်ကြ၊ ဆည်းကပ်ကိုးကွယ်ရင် ချမ်းသာအမျိုးမျိုးကို ရကြမယ်၊ နိဗ္ဗာန် ချမ်း သာ ကိုတော့ မရနိုင်ဘူးတဲ့။

ဘာ့ကြောင့်လဲ ဆိုတော့ သမုတိက သစ္စာထိုက်အောင် မမှန်လို့ ဘဲတဲ့၊ သမုတိက တထ လက္ခဏာရှိတဲ့ သစ္စာမထိုက်လို့ဘဲတဲ့၊ တကယ် မချွတ်မယွင်းမှန်ဒါက တထ လက္ခဏာဘဲလို့ မှတ်ကြ၊ ရှိသေ ကိုင်း ညွှတ်ရမဲ့ သစ္စာက သမုတိသစ္စာ၊ သိသမပျက်ရုံ မှန်ကန်တယ်၊ အား ကိုး အားထား ပြုရမဲ့သစ္စာက ပရမတ္ထသစ္စာ၊ နိဗ္ဗာန်တိုင်အောင် မှန် ကန်တယ်လို့ မှတ်ထားကြ၊ ရှင်းပလား?။

သမုတိပယ်ရင် အမေမရှိ, အဘေမရှိ ဖြစ်မယ်၊ သမုတိလဲ သူ့နေရာနဲ့ သူ မှန်ကန်လို့ မပယ်ရဘူး၊ သူ့နေရာနဲ့သူ နားမလည်ယ်ရင် အပါယ်ကျမယ်လို့မှတ်ကြ၊ သမုတိနယ်ကရဟန္တာလို့ဆိုရတယ်၊ပရမတ္ထနယ်မှာက ရဟန္တာမရှိ,ရုပ်နဲ့နာမ်ဘဲရှိတယ်၊ သမုတိအနေနဲ့ တကယ်မရှိဆိုပြီး ပြစ်မှားရင် အန္တရာယ်ထိုက်မယ်၊ ဒါကြောင့်·ဒီသစ္စာနှစ်မျိုးကို ခွဲခြားပြီး သိထားရမယ်၊ ဒီသစ္စာနှစ်ပါး နားမလည်ယ်ရင် ဒုက္ခ အသီးသီး ရောက်ကြမယ်ဆိုဒါ မှတ်လိုက်ကြ။

ဦးထိပ်မှာ သံမှိုစွဲသလို မြဲမြဲကြီး မှတ်လိုက်ကြလို့ ပြောလိုက်တယ် နတ်ရှာ, သုဂတိနဲ့ပြဟ္မာပြည် ရောက်ချင်ရင် သမုတိသစ္စာ ကြိုးစားကြ၊ နိဗ္ဗာန်ရချင်ရင် ပရမတ္ထသစ္စာ ကြိုးစားကြ၊ သဘောပါကြပလား?၊ ၊သမုတိနားမလည်ယ်ရင် လဝ,နယ်က လူရိုင်းဘဲတဲ့ ငရဲနဲ့လဲ အဆက် မပြတ်တော့ဘူး၊ ဘုရားမြတ်သော်မှလဲ မကယ် မချွတ် နိုင်အောင် ဖြစ်တော့မယ်၊ ဘုရားမှ မကယ်နိုင်တဲ့ အခြေရောက်ရင် ဒုက္ခ ကိုယ်ပိုင်နဲ့ အမြဲနေကြရတော့မယ် ဆိုဒါ၊ ဆုံးဖြတ်ချက်ချလိုက်ကြ။

ဘုရားကြည်ညိုဒါဟာ သဒ္ဓါနဲ့ကြည်ညိုဒါ ပညာနဲ့ မဟုတ်ဘူး သဒ္ဓါနဲ့ချည့် နိဗ္ဗာန်မရောက်ဘူး၊ ပညာနဲ့မှ နိဗ္ဗာန်ရောက်မယ်၊ သမုတိသစ္စာက သဒ္ဓါလုပ်ငန်း၊ ပရမတ္ထသစ္စာက ပညာလုပ်ငန်း၊ ဒါကြောင့် ဒိုဒကာတွေ သမုတိလဲ မပယ်နဲ့, ပရမတ္ထကိုလဲ ကိုယ်ပိုင်ရအောင်၊ အားထုတ်ကြ။

ယမက- ရဟန်းဟာ ဒီသစ္စာနှစ်ပါးကို ခွဲခြားမသိတော့ အပြတ်ယူလိုက်တာပေါ့၊ ပြတ်တယ်ယူဒါ မရှိဒါကို ပြတ်တယ်လို့ ယူနေဒါ၊

ဥပမာ---- အပ်ချည်မရှိဘဲနဲ့ ပြတ်တယ်ဆိုဒါ မဖြစ်နိုင်သလိုဘဲတဲ့၊ ပရမတ္ထနယ်မှာ နဂိုကမှ ပုဂ္ဂိုလ်, သတ္တဝါမရှိ, ရဟန္တာ မရှိဆိုတော့၊ ရဟန္တာသေတယ်ဆိုတဲ့စကား မရှိနိုင်တော့ဘူး၊ မရှိဒါကို အရှိလုပ်ပြီး ပြောတော့ အကုန်လုံး လွဲတော့ဒါပေါ့။

ပြတ်တယ်ဆိုဒါ နိဗ္ဗာန်ကို ပယ်လိုက်တာ၊ နိဗ္ဗာန်ပယ်တဲ့ အယူဟာ သံသရာသစ်ငုတ်အယူဘဲ၊ သံသရာသစ်ငုတ်ဆိုဒါ ဘယ်ဘုရားလာလာ ခလုပ်သာတိုက်သွားမယ်၊ ကယ်ချွတ်လို့ တော့ မရနိုင်တော့ဘူး၊ ရိပ်မိကြပလား?၊ ဒို့ဒကာတွေ ကြပ်ကြပ် စဉ်းစားကြ၊ ကိုယ့်အထဲမှာ ငရဲမျိုးစေ့ အပြည့်ရှိပြီးနေဒါ၊ ဒီငရဲမျိုးစေ့ရှိနေဒါ သိပြီးရင် ကြိုးစားကြ၊ မဂ်နဲ့မပယ်ရသေးသမျှ၊ အပါယ်စာ ဖြစ်ရဘို့ဘဲရှိတယ်၊ ဒီမျိုးစေ့တွေ ရှိနေတော့ သေရင် အပါယ်ပင်ဘဲပေါက်မယ်။

မျိုးစေ့တွေဟာ လောဘ, ဒေါသ, မောဟဆိုတဲ့ မျိုးစေ့တွေ လောဘမျိုးစေ့က ပြိတ္တာပင်ပေါက်မယ်၊ ဒေါသမျိုးစေ့က ငရဲပင် ပေါက်မယ်၊ မောဟမျိုးစေ့ကတိရစ္ဆာန်ပင်ပေါက်မယ်၊ အဲဒီ အပါယ် ပင် အမျိုးမျိုးတွေဟာ ဆိုင်ရာဆိုင်ရာ ပေါက်လာကြမယ်၊ ရိပ်မိကြပ လား?၊ ဒီဥစ္စာက ငရဲမျိုးစေ့ ငရဲပင်ပေါက်မယ်။

ခင်ဗျားတို့တတွေဟာ ကမ္မသမင်္ဂီ ပုဂ္ဂိုလ်တွေဖြစ်နေကြတယ်၊ ဝမ်း ထဲက ကံမျိုးစုံ အပြည့်ရှိတယ်လို့ မှတ်ကြ၊ ဒီကံတွေ အဟောသိကံ မဖြစ် သမျှ, မဂ်မလာသမျှ မပြုတ်တော့ဘူး၊ အကျိုးရမှာဘဲ၊ ဒီပါလာသမျှ အကုသိုလ် မျိုးစေ့တွေ မကျေ,ကျေအောင် အကျိုးပေးခံပြီး ခန္ဓာ နဲ့သာ ဆပ်ကြပေတော့။

နောက်ဘဝ ဒီဘဝ ရှေးရှေး ဘဝတွေက လုပ်သမျှ သမုဒယက ထိန်းထားတယ်၊ ဘာလုပ်ဘို့ထိန်းထားသလဲ?၊ ခင်ဗျားတို့အတွက်၊ ဒီ-ဒယ်ကနေ ဟိုဘက်ဒယ်အိုးရောက်ဘို့, ဒယ်အိုးကလေးကနေ, ဒယ်အိုးကြီးကြီးရဘို့, ခွေးဘဝကနေ ဝက်ဘဝပေးဘို့, ထိန်းထားဒါဟာ သမုဒယကဘဲ၊ သမုဒယဟာ ခင်ဗျားတို့ရဲ့ ဘဏ္ဍာစိုး-ဘဏ္ဍာရေးမှူး ဘဲလို့ဆိုရင်မမှားဘူး၊ ဥပမာ-ဆိုရင် စိန်နားပန်ပွင့် လေဘိုက်ချလိုက် သလိုဘဲတဲ့၊ စိန်နားပန်ပင် လေတိုက်ချလိုက်တော့ မျိုးစေ့ကလေး တွေဟာ ဟိုကျ-ဒီကျ ကျချင်သလိုကျပြီး ဟိုပေါက်,ဒီပေါက်၊ ပေါက် ချင်သလို ပေါက်လာကြတယ်။

ဒီ-ဥပမာလိုဘဲ ဘဝအဆက်ဆက်က ပြုသမျှကံတွေကို စုထားဒါ၊ သမုဒယက စုထားဒါ၊ စုထားပြီး ကျချင်ရာကျ, ရောက်ချင်သလို ရောက်အောင်၊ ခင်ဗျားတို့ကို အကျိုးပေးတော့မယ်၊ အကျိုးပေးဒါ တဏှာရှိလို့, တဏှာက ကံတွေစုထားလို့၊ ရိပ်မိကြပလား?၊ ကမ္မသမင်္ဂီ ပုဂ္ဂိုလ်ဖြစ်နေသမျှ ဒီလိုအဖြစ်က မလွတ်နိုင်ကြဘူး၊ ဒီတော့ ဒို့ ဒကာတွေ ဒီအဖြစ်ကလွတ်အောင် ဘယ်လိုလုပ်ကြမလဲ?။

ကမ္မသမင်္ဂီ ပုဂ္ဂိုလ်အဖြစ်က လွတ်အောင်လုပ်ကြဘို့ ပဌမအနေနဲ့ သက္ကာယဒိဋ္ဌိကို ဖြုတ်ကြရမယ်၊ အဲဒီကမှ နောက်ဘာဆင့်ဘက် လုပ်ရ မယ်၊ ဒါကြောင့် လက်ဦးဆုံး အနေနဲ့ သက္ကာယဒိဋ္ဌိ ပြုတ်အောင် ကြိုးစားကြလို့ပြောလိုက်ဘယ်၊ သဘောပါကြရဲ့လား?။

ကိုင်း…ယနေ့ ဒီတွင်ဘဲ တော်ကြအုံးတနာရီစေ့သွားဘီ။

# ဓမ္မရတနာ - မာတိကာ။

## " ဒေါ်သယ်အိမ်သယ် ဉာဏ်ဝန်းချယ် တရားတော် "

### သမုတိသစ္စာ ဟောတော်မူခြင်း

**အကြောင်းရှစ်ပါး** ဟီရောဋ္ဌာပ္ပ, ကမ္မဿကတာ, ပဋိကာရံ, ပဉ္စာနန္တရိ, ပုဗ္ဗေနိဉာဏ်, လှူခံယုတ်မြတ်၊ ပညာတ်မပယ်, မေတ္တာသာယ်ကျိုး, ဤရှစ်မျိုးကြောင့်၊ ခေါ်ရိုးသမုတိ, သစ္စာချိကို၊ မုနိရှင်ချစ်၊ ဟောဘော်လှစ်သည်၊ ၊စဉ်စစ်နှောင်လာ မှတ်ရန်တည်း။

**ဆောင်ပုဒ်**

ဒေါ်သယ်, အိမ်သယ်၊ စိတ်နှစ်သွယ်၊ ကိုယ်ဝယ် အမြဲလှည့်၊
အကြောင်းတိုက်ခါ၊ ပေါ်ထွက်သာ၊ စိတ်မှာဒေါ်သယ်ချည့်၊
ရှုရှိုက်စိတ်မှာ၊ အိမ်သယ်သာ၊ မှန်စွာ မြဲတည်ဘိ။
ဒေါ်သယ်ခြောက်ယောက်၊စိတ်ကြံပေါက်၊လာရောက်ခိုဝင်၏၊
ဒေါ်သယ်ထွက်ဝင်၊ သတိယှဉ်၊ ဉာဏ်မြင် ရှုမှတ်ကြည့်၊
အရှုများခါ၊ ပျက်မြင်လှာ၊ ပြုတ်ကွာ မျိုးဒိဋ္ဌိ။

**သတိချပ်ရန်**

ဝိပဿနာ၊ ရှုဆဲခါ၊ သာသနာ တည်မှတ်၏၊
မရှုလှဲ့ဖယ်၊ သာသနာကွယ်၊ ဘယ်ဝယ် မမြင့်မြတ်။
သတိပဋ္ဌာန်၊ ကိုယ့်သန္တာန်၊ ကိန်းရန် လုံ့လကပ်၊
ကိုယ့်သန္တာန်မှာ၊ ကိန်းဝပ်လာ၊ သာသနာ တည်မှာတ်၏၊
သာသနာရှုံး၊ လူထင်းတုံး၊ စုံးစုံး ပါယ်လေးရပ်၊

**တရားသား** ဒီကနေ့ ဒိဋ္ဌိကွာဘို့ လုပ်ငန်းစဉ်ကို ပြောရမယ်၊ ၊ ပဋ္ဌမဆုံးအနေနဲ့ ဒိဋ္ဌိကို ခွါပစ်ရမယ်၊ ဒိဋ္ဌိကွာအောင် ဘာလုပ်ရမလဲ?၊ ဒိဋ္ဌိကွာအောင် စိတ္တာနုပဿနာ ရှုကြလို့ပြောလိုက်ပါတယ်၊ ၊ သမ္မောဟဋ္ဌကထာက စိတ္တာနုပဿနာဟာ ဒိဋ္ဌိကွာစေတယ်လို့ ဖွင့်ဆိုထားတယ်၊ အရှင်အာနန္ဒာကလဲ "ပေဋကောပဒေသ" မှာ ဒီအတိုင်း ဟောခဲ့တယ်လို့ မှတ်ကြ။

အရှင်သာရိပုတ္တရာ မထေရ်ကလဲ····

ကာယမိမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ။

ကာယေ သဘာဝံ ဝိဒိတ္တာန၊ ဒုက္ခဿန္တံ ကရိဿထ။

လို့ဟောတော်မူတယ်၊ မိလိန္ဒပဥှာ ပါဠိတော်မှာလဲ ဒီအတိုင်း ဟောခဲ့ဒါဘဲ။

**ဘာသာပြန်** ငါ့ရှင်တို့·· အသင်တို့သည် ဤတလံမျှလောက်သော ခန္ဓာကိုယ်ကို အဖန်တလဲလဲ သုံးသပ် ဆင်ခြင်ကြလော့၊ ပိုင်းခြား၍လဲသိကြလေလော့၊ တလံမျှလောက်သောကိုယ်ဝယ် သဘောအမှန်ကို ကောန်သိမြင်ရ၍ ဆင်းရဲအဆုံးကို ပြုကြလော့၊ ဝါ·· တလံမျှလောက်သောကိုယ်ဝယ် သဘောမှန် ကောန်သိမြင်ရလျှင် ဒုက္ခအဆုံးကို ရောက်နိုင်ကြ ပေလိမ့်လတ့်။

ဒါကြောင့် ဒို့ဒကာတွေ ဒိဋ္ဌိကွာချင်ရင် မိမိခန္ဓာမှာ စိတ်စိုက်ထား၊ ဘေးက· ဘာစိတ်လာလာ ဖြစ်ပျက်ရှု၊ အရှုအပွားများရင် ဉာဏ်ထက်သလောက် အမြင်စင်ကြယ်မယ်၊ စင်ကြယ်ရင်ခန္ဓာကိုယ်ရဲ့

သဘောအမှန်၊ ဝါ- အဖြစ်နဲ့ အပျက်ဘဲ ရှိတယ်ဆိုတဲ့ သဘောမှန်ကို ဉာဏ်နဲ့ ကေန် သိမြင်လာမယ်၊ ဒီလို အမှန်သိရင် ဒုက္ခဆုံးရာ နိဗ္ဗာန်ရတော့မယ်ဆိုဒါ၊ သေချာပါလို့ မှတ်လိုက်ကြ၊ သဘောပါကြရဲ့လား၊? ဒိဋ္ဌိသေဒါကို ပြောဒါဘဲ၊

ယမကဟာလဲ ဒိဋ္ဌိသေလို့ သေဘာဘပန်တည်ဒါ၊ ဒိဋ္ဌိကလဲ စိတ်မှာသာစွဲနေဒါ၊ ဒိဋ္ဌိသေရင် အပါယ်စိတ်ချရဘီ၊ အပါယ် တံခါးပိတ်ပီလို့မှတ်၊ ဒီတော့ အားထုတ်ဘို့ မသင့်ပေဘူးလား?၊ သင့်ရင် အခုဘဲ ကြိုးစားကြ၊ အချိန်က သိတ်မကျန်တော့ဘူး၊ နှုတ်တဲ့ အချိန်က များနေတော့ လုပ်ဘို့အချိန်က မကျန်တော့ဘူး အိပ်တာက အသက်တန်း တဝက်နှုတ်မယ်၊ ဒီကြားထဲ စားတဲ့ အချိန်လဲ နှုတ်မယ်၊ သွားရေး, သွီးရေး, စီးပွားရေး စတဲ့ အချိန်တွေကလဲ နှုတ်ပစ်အုံးမယ် ဆိုတော့ ကိုယ့်ဘို့ ဘာကျန်သေးသလဲ? ရိပ်မိကြပလား ။

ယမကဟာ သမုတိနားမလယ်လို့ ချာချာ လယ်သွားဒါ၊ သူ့နေရာနဲ့ သူ နားလယ်ထားရမယ်၊ သမုတိလဲ မပယ်ရဘူး၊ သမုတိပယ်ရင် အပြစ်ရောက်မယ်၊ အပါယ်ကျမယ်၊ ပရမတ္ထ ပယ်ရင် နိဗ္ဗာန်မရောက်ဘော့ဘူးလို့မှတ်၊ သမုတိလဲ သူ့နေရာနဲ့သူ အမှန်၊ ပရမတ္ထက လုံးလုံးအမှန်တရား၊ သမုတိကော ပရမတ္ထကော ဘုရားဟောချည့်ဘဲလို့ မှတ်ထားကြ၊ ။ သမုတိသစ္စာကို ဘာ့ကြောင့် ဟောသလဲ?၊ ဘယ်အကျိုးငှါ ဟောသလဲ?၊ သမုတိသစ္စာကို အကြောင်းရှစ်မျိုး အကျိုးရှစ်ပါးကြောင့် ဟောတော် မူ တ ယ် လို့မှတ်။

## အဲဒီရှစ်မျိုးက

(၁) ဟီရိ, ဩတ္တပ္ပ တရားနှစ်ပါး အလို့ငှါရင်း။
(၂) ကမ္မဿကတာ ဉာဏ် အလို့ငှါရင်း။
(၃) ပဋိကာရံ ကိုယ်တိုင်ပြုခြင်း, သူတပါး ပြုစေခြင်း, နှစ်မျိုးတွင် ကိုယ်တိုင်ပြုက ပို၍ အကျိုးများကြောင်း သိစေခြင်းငှါရင်း။
(၄) ပဋ္ဌာနန္တရိယကမ် အကျိုးငှါရင်း။
(၅) မေတ္တာအကျိုးငှါရင်း။
(၆) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အကျိုးငှါရင်း။
(၇) အလျှုခံ အယုတ်, အလတ်, အမြတ်ကို သိစေခြင်းငှါရင်း။
(၈) ဘုရားရှင်က လောက ပညတ်ကို မပယ်လိုသောကြောင့်ရင်း။

ဒီအချက် ရှစ်ချက်ကြောင့် သမုတိသစ္စာကို ဟောတော်မူခဲ့တယ်လို့မှတ်ထားကြ။ ။ သဘောပါကြပလား?။

သစ္စာနှစ်ပါးနားမလယ်ရင် အလွန်နစ်နာတတ်တယ်၊ဒါကြောင့် ဒီနှစ်ပါးနားလယ်အောင် လုပ်ထားကြ။ ။ သမုတိ နားလယ်ရင် ပရမတ္ထနားလယ်ဘို့လိုသေးတယ်၊ ပရမတ္ထက ဒီလိုနဲ့မရဘူး၊ ကိုယ်တိုင်အလုပ်လုပ်မှ သိကြမှာ၊ ဒါကြောင့် ပရမတ္ထကိုသိဘို့ အခုလုပ်ရမယ်၊ ဒီဒကာတွေ ခန္ဓာငါးပါးရှိတယ် ဆိုတာသိကြပီ၊ အဲဒီငါးပါး

ထဲက ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကို ကြည့်ရမယ်၊ အဲဒီ- စိတ်ဟာလဲ ဧည့်သည်စိတ်နဲ့ အိမ်သည်စိတ်လို့ ကိုယ့်သန္တာန်မှာ နှစ်မျိုးရှိတယ်လို့ မှတ်ထားကြ။

အကြောင်းတခုခု တိုက်ဆိုင်မှ ပေါ်လာတဲ့ စိတ်ကို ဧည့်သည်စိတ်၊ ပင်ကိုသဘာဝရှိနေတဲ့ စိတ်ကို အိမ်သည်စိတ်လို့ မှတ်၊ ၊ ဧည့်သည်စိတ် ချုပ်သွားတော့ အိမ်သည် စိတ်နဲ့ အသက်ရှင်နေရတယ်၊ ရှူထုတ်တဲ့စိတ်၊ ရှိုက်သွင်းတဲ့ စိတ်ဆိုတဲ့ ရှူ၊ ရှိုက် စိတ်ဟာ အိမ်သည်စိတ်ဘဲ၊ သူက အမြဲထာဝရ ဖြစ်ချုပ်၊ ဖြစ်ချုပ်နဲ့ နေတဲ့ စိတ်ပါဘဲ၊ ရှုဟဲ့ ရှုဟဲ့ဆိုတော့ ရှုလိုက်ကြ ရမ်းပီးရှုမနေကြနဲ့၊ ရှုတဲ့ အခါ ဧည့်သည်၊ ဧည့်သည် စိတ်ချင်း ရှုရမည်လို့ မှတ်ထားကြ။

ကိုယ့်သန္တာန်မှာ အလယ်လာတဲ့စိတ်ကို ဆရာကပေးတဲ့ စိတ်နဲ့ ရှုကြ၊ ဧည့်သည်တွေ အမျိုးမျိုးလာမယ်၊ 'ဘာလာလာ၊ လာသမျှ မလွှတ်တန်းရှု၊ ဧည့်သည်လာရင် အလွန်ဆိုး ခြောက်ယောက်ပါဘဲ၊ ဒီအထဲက ဘသူလာမယ်မသိဘူး၊ တယောက် ယောက်ကတော့ အမြဲလာမှာဘဲ၊ လာတဲ့အခါသာ ကျောလွှဲမနေနဲ့၊ ကျောပေးမနေဘဲ အသိအမှတ် ပြုလိုက်ပါ၊ အဲဒါဟာ ပဇာနာတိ လုပ်လိုက်ပါလို့ ပြောဒါဘဲ၊ စားချင်စိတ်ကလေး ပေါ်လာရင် "သရာဂစိတ္တ" သရာဂစိတ္တံန္တိ ပဇာနာတိ" စားချင်စိတ် ဖြစ်ပျက်လို့ သိလိုက်ပါလို့ ပြောဒါဘဲ၊ ရှင်းကြပလား?။

ကျောပေးနေမိရင် မိစ္ဆာမဂ္ဂင်ဝင်လို့ ကျောပေးဒါ မိစ္ဆာမဂ္ဂင် ဧါးပါးနဲ့ ကျောပေးဒါဘဲ၊ ဧည့်သည်စိတ်ဝင်လာဒါသိရင်သမ္မာမဂ္ဂင်

ငါးပါ ဖြစ်ပီလို့မှတ်ကြ၊ မိစ္ဆာမဂ်ဆိုဒါ မိစ္ဆာဒိဋ္ဌိဘဲ ညှော်ငင်လာဒါ မသိလိုက်တော့ မသိလို့ အဝိဇ္ဇာလာ၊ လာတော့ သံသရာလယ်ရော၊ ဒီတော့ သံသရာမလယ်ရအောင် ညှော်သယ်လာသမျှ အသိအမှတ် ပြုကြဘို့ မမေ့နဲ့၊ မသိလိုက်ဘူးဆိုရင် အလွန်ဆိုးဝါးသွားမယ်။

ကိုယ့်စိတ် ကိုယ်မသိတဲ့သူဟာ ဘယ်လိုလူတုံး?၊ ကိုယ့်စိတ်မှ ကိုယ်မသိဘူးဆိုဒါ အရူးမို့ဘဲ၊ ဒီထက် နာနာ ပြောရရင် အပါယ် သွားမဲ့လူဘဲလို့မှတ်လိုက်ကြ၊ ကျောပေးဒါဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ကျောပေးဒါဘဲ၊ ဒီတော့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် မရနိုင်တော့ဘူးပေါ၊ သဘောပါကြရဲ့လား?။

ပေါ်လာတဲ့ ညှော်သယ် ကျောပေးဒါ မသိလို့ ကျောပေးဒါ၊ ကျောပေးဒါ အဝိဇ္ဇာဘဲ၊ အဝိဇ္ဇာဖြစ်တော့ သင်္ခါရဖြစ်ရော၊ သင်္ခါရ ဖြစ်တော့ ပဋိသန္ဓေ ဝိညာဏ်လာမယ်၊ အဲဒီ ပဋိသန္ဓေ ဝိညာဏ်ဟာ အပါယ်ပဋိသန္ဓေဝိညာဏ်ဘဲဆိုဒါမှတ်လိုက်ကြ၊ ဒါကြောင့်ညှော်သယ် လာရင် လာဒါသိရမယ်၊ သိတော့ ဘုရားပေးတဲ့စိတ်နဲ့သိရမယ်၊ သိ လိုက်ရင် နောက် ကံမဆက်တော့ဘူး၊ နောက် ကံမဆက်ရင် သံသရာ စက် ပြတ်ကရော၊ ရှင်းကြပလား?၊ ဒါကြောင့် လာသမျှ မသိလိုက် မရှိစေနဲ့၊ သိအောင် ဂရုစိုက်ကြ၊ ဒါမှ သံသရာဒုက္ခစက်ပြတ်မှာ။

ပဇာနာတိ၊ သိအောင်လုပ်ပါဆိုဒါ၊ ဘုရားပွင့်မှ ပေါ်တဲ့ ညှော် သယ်ဘဲ၊ အမြဲ သံသရာ အဆက်ဆက်မှာ ရှိနေတဲ့ညှော်သယ်ကို၊ ဘုရား ပွင့်မှ ပေါ်တဲ့ညှော်သယ်နဲ့ရှုကြလို့ပြောဒါ၊ အဓိပ္ပါယ်က သံသရာ

ဘာဝအဆက်ဆက်ကထဲက အမြဲပေါ်ပေါက်နေတဲ့ ဝိညာဏ် ခြောက်ပါး အသိစိတ် ခြောက်ခုကို ဘုရားကပေးတဲ့ ရှုစိတ်၊ ရှုဉာဏ်နဲ့ ပေါ်သမျှ မလွတ်အောင် ရှုပေးကြလို့ ဆိုလိုတယ်၊ ဝိပဿနာ မရှုတဲ့ အခါ ကိုယ့်သန္တာန်မှာ သာသနာ ကွယ်နေတယ်၊ ရှုတဲ့အခါမှ သာသနာ တည်တယ်လို့ မှတ်ကြ၊ ကိုယ့်သန္တာန်မှာ သတိပဋ္ဌာန်ကိန်းမှ သာသနာနဲ့ ကြုံဒါ၊ သာသနာတည်တယ် ခေါ်ဒါဘဲဆိုဒါ ဆုံးဖြတ်ချက်ချ။

ပြောတဲ့ဟောတဲ့စကား နားမထောင့်မရှုမိဘဲ အမှတ်တမဲ့နေရင် အပါယ်သွားမှာပါဘဲ၊ ဒီလို ပေါ့တန်နေရင် "မထူးပါဘူး၊ ငါသေရင် ဆွမ်းမသွတ်ကြနဲ့"လို့ သာ မှာခဲ့ကြ၊ ဒါဘာလို့လဲ?၊ မေ့လျော့ ပေါ့တန်နေရင် ခင်ဗျားတို့တတွေ သွားနေကျ၊ သွားရမှာက သေချာလို့ဘဲတဲ့၊ သွားနေကျဆိုဒါ အပါယ်ကို ပြောဒါဘဲ၊ ရိပ်မိကြပလား ?။

ကိုင်း--ယနေ့--ဒီတင်--တော်ကြအုံး။

# ဓမ္မရတနာ- မာတိကာ

## " ခန္ဓာငါးရပ် သူသတ်ငါးဦး တရားတော် "

**မှတ်ရန်**

(၁) သူသတ် ယောက်ျား၊ ခန္ဓာငါးပါးက သက္ကာယ } အသူ။
(၂) ခန္ဓာငါးပါး၊သူသတ်သားကို၊အတွင်းလူထင်က ဒိဋ္ဌိ }
(၁) ဉာဏ်နဲ့ ခန္ဓာတွဲရင် မိစ္ဆာဒိဋ္ဌိအလုပ်၊
(၂) ဉာဏ်နဲ့ ခန္ဓာကွဲနေရင် သမ္မာဒိဋ္ဌိအလုပ်။

**ဆောင်ပုဒ်**

ခန္ဓာသူသတ်၊ မိတ်ဆွေမှတ်၊ ပေါင်းလတ် ဒိဋ္ဌိစွဲ။
သူသတ်ယောက်ျား၊ ခန္ဓာငါး၊ သတ်ဖြား ဘိုင်းဘိုင်းလဲ။
သက္ကာယက၊ အပါယ်ချ၊ နန္တသံသာဝဲ။
အဿုတဝါ၊ ဉာဏ်မဲ့ရှာ၊ ပါယ်ရွာ ရောက်ဘို့မြဲ။
သက္ကာရန်သူ၊ မှန်သိမူ၊ နိဗ္ဗူရောက်မလွဲ။

**ဇရားသား** ဒီကနေ့ တဏှာသတ် တရားကို ဟောလိမ့်မယ်လို့ မှတ်ကြ၊တဏှာသတ်မှ အထက်မဂ်ဖိုလ်ရမယ်၊တဏှာ မသတ်နိုင်ရင် တတိယမဂ်ကို မရနိုင်ဘူးလို့ မှတ်ကြ၊ ၊တဏှာသေဘို့ ရာ ဒုက္ခအချက်ကို မြင်အောင် ကြည့်ရမယ်၊ ဒုက္ခသစ္စာမြင်မှ တဏှာ သေမှာ၊ ဒုက္ခရောက်မှန်းသိမှ အခင်အတွယ်ကို လွှတ်နိုင်မယ်၊ ဆင်းရဲ မှန်း မသိသေးရင် ခင်ဘွယ်မှုလက်မလွှတ်နိုင်ဘူး၊ ခင်တွယ်မြဲ ခင်တွယ် မယ်ဆိုဒါမှတ်ကြ၊ ၊ဒါကြောင့် ခင်မင်တွယ်တာမှုဆိုတဲ့ တဏှာက လွှတ်အောင် ဆင်းရဲအမှန် ဒုက္ခသစ္စာ, ဉာဏ်နဲ့ မြင်အောင်ကြည့်ကြ။

ဒီနေရာမှာ အရှင်သာရိပုတ္တရာ မထေရ်--ဟောတဲ့ ဥပမာစကား တရားအချက်ကို ထုတ်ပြရမယ်၊ ၊ဥပမာ--ပစ္စည်း ဥစ္စာ ချမ်းသာ ကြွယ်ဝတဲ့ သူဌေးတဦး ရှိဘယ်ဆိုပါတော့ အဲဒီသူဌေးကို လူဆိုးကြီး ငါးယောက်က၊ အသေသတ်ဘို့ရာ ကြံစည်ကြဘယ်၊ ဒါပေမဲ့ သူ့ကို သတ်နိုင်ဘို့ရာက မလွယ်ဘူးတဲ့၊ ၊သူ့မှာ အသင်း, အပင်း, အခြွေ အရံ ကျေးကျွန်တွေက အလွန်များပြားတယ်ဘဲ့။

ဒီတော့ လူဆိုးကြီးငါးယောက်က ဒို့တတွေ ပြင်ကနေပြီး သာမန် အနေနဲ့ သတ်နိုင်ဘို့ရာ မလွယ်ဘူးတဲ့၊ ဒီတော့ ဘယ်လိုလုပ်ကြမလဲ?၊ သူဌေးနဲ့ အကျွမ်းဘဝင် အတွင်းလူဖြစ်အောင် ပဌမ ကပ်ပေါင်းကြ ရမယ်၊ ကပ်ပေါင်းလို့ အတွင်းလူယုံဖြစ်တဲ့ အခါကျတော့မှ သတ်လို့ လွယ်တယ်၊ ဒါကြောင့် ဒို့ငါးယောက် သူဌေးအတွင်းလူ လူယုံတော် များ ဖြစ်အောင် ကပ်ပြီးပေါင်းသင်းကြစို့ရဲ့ လို့ တိုင်ပင်ပြီး သူဌေးဆီ ဝင်လာပြီး ပေါင်းသင်းနေကြတယ်တဲ့။

ဒီလိုနဲ့ ဒီလူဆိုးငါးယောက်ဟာ သူဌေးရဲ့ဝေယျာဝစ္စ ကိစ္စ ကြီး ငယ်များမှာ ဘာမှ မလစ်ဟင်းရအောင် လုပ်ဆောင် ပေးကြတယ်၊ လိုသည်ထက် ပိုပြီး တာဝန်ဝတ္တရား ကျေပြွန်ကြတယ်ဘဲ့၊ ၊ဒီတော့ သူဌေးကလဲ အလွန်သဘောကျ ကျေနပ်ပြီး ဒီလူဆိုးငါးယောက်ကို ပြန်ပြီး ပြုစုစောင့်ရှောက်ပေးတယ်တဲ့၊ ၊အဲဒါနဲ့ကြာတော့ လူဆိုး ငါးယောက်ဟာ သူဌေးရဲ့ အတွင်းလူယုံ အချစ်တော်များ ဖြစ်လာ ကြတော့တယ်။

အဲဒီအခါကျမှ လူဆိုးငါးယောက်က ငါတို့အကြံအောင်ပြီ,ငါတို့ အောင်ပြီ, ငါတို့အကြံ ခုမှပိုင်တော့တယ်, ချက်ကောင်းမိပြီလို့ ဆိုပြီး အလစ်မှာ ဝိုင်းသတ်သိုက် ကြတယ်၊ သူဌေးကတော့ သူတို့ အကြံ အစည်တွေ နဲနဲမှ မရိပ်မိလိုက်ဘူးပေါ့၊ မရိပ်မိလို့လဲ အတွင်းလူယုံဆို ပီး ထားခဲ့သေးဒါဘဲ၊ အဲဒီလို အသတ်ခံရဒါ ဒီသူဌေးဟာ အ, လို့, ထူလို့,ဖျင်းလို့ဘဲမဟုတ်လား?၊ သူဖျင်းလို့, အ,လို့,ထူလို့သာ ခံရ ဒါပါဘဲ၊ ရိပ်မိကြပလား?။

ဒီ-ဥပမာအတိုင်းပါဘဲ ခန္ဓာငါးပါးဆိုဒါကသူသတ်ယောက်ျား လူဆိုးကြီးငါးယောက်, ခင်ဗျားတို့က သူဌေးဘဲ၊ သက္ကာယဒိဋ္ဌိအမြင် နဲ့ ခန္ဓာသူသတ်ကို မိတ်ဆွေလို့ အမှတ်မှားနေကြတယ်၊ အတွင်းလူ လူယုံတော်လို့ ထင်နေကြတယ်၊ အဲဒီလိုထင်ဒါ အသတ်ခံချင်ကြလို့ ဘဲ၊ ဒီလို အတွင်းလူယုံလုပ်ထားရင် အသတ်ခံရတော့မယ်ဆိုဒါ သေ ချာဘီ၊ မလစ်နဲ့,လစ်ရင် နေ့လား,ညလားဆိုဒါ မပြောနိုင်ဘူး၊သေ ဘို့သာ ပြင်ထားကြ၊ ရိပ်မိပလား?။

သူသတ်ယောက်ျား ခန္ဓာငါးပါးက သက္ကာယ၊ ဒီခန္ဓာကို အတွင်း လူလို့ အထင်မှားနေဒါက ဒိဋ္ဌိ၊ အဲဒီလို အထူးကို မှတ်ရမယ်၊ "မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ" ဆိုတဲ့ အတိုင်း မှားသောအားဖြင့် မြင် တဲ့ အမြင်, အမှားမြင်ကို ဒိဋ္ဌိလို့ခေါ်တယ်၊ ဘယ်လိုမှားသလဲ?၊ ခန္ဓာငါးပါးဆိုတဲ့ သက္ကာယပေါ်မှာ မှားလို့ဘဲ၊ ဒါကြောင့် သက္ကာယပေါ်မှာ အမှားမြင်တဲ့ သဘောကို သက္ကာယ ဒိဋ္ဌိလို့ မှတ်ကြ။

အသတ်မခံရအောင် ဒီအများမြင်ကိုသိရင် အမှန်မြင်ကို ပြင်ကြရမယ်၊ အမှန်မြင်မှ အသတ်ခံဘေးက လွတ်ကြမှာ၊ အမှန်မြင်အောင် အများမြင်ကို ပယ်ပစ်ရမယ်၊ သက္ကာယကို မပယ်ရဘူး၊ ဒိဋ္ဌိကို ပယ်ရမယ်လို့ မှတ်လိုက်ကြ၊ သဘောပါကြပလား ?။

ပယ်ပယ်ဆိုလို့ ရမ်းပယ်နေရင် မဖြစ်ဘူး၊ "စကားက မှန်တယ်၊ ဉာဏ်က မမီဘူး"ဆိုရင် နေရာမကျနိုင်ပေဘူး၊ သက္ကာယဟာ အတွင်းရန်သူကြီး၊ ရန်သူ ရန်သူမှန်းသိရင်ဖြင့် နိဗ္ဗာန်ရောက်မယ်၊ ရန်သူ့ ရန်သူမှန်းမှ မသိကြရင် အပါယ်ကျမယ်, အပါယ်စာဖြစ်မယ်ဆိုဒါ၊ ဆုံးဖြတ်ချက်ချ၊ " သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေး " ဆိုသလို သက္ကာယကြောင့် နိဗ္ဗာန် ရောက် နိုင်တယ်၊ သက္ကာယ ကြောင့်ဘဲ အပါယ်ကျနိုင်တယ်၊ ဒါကြောင့် သုံးတတ်အောင် ကြိုးစားကြ။

"အသုဘာဝါ ဗထုဇ္ဇနော"ဆိုဘဲ့ ပညာမရှိသူဖြစ်ရင်, ပညာမရှိရင် အသတ်ခံရမယ်၊"သုဘဝါ အရိယ သာဝကော"ဆိုတဲ့ ပညာရှိသူဖြစ်မှ လွတ်နိုင်မယ်, ပညာရှိအောင်လုပ်ကြ၊ မိတ်ဆွေမှန်း ရန်သူမှန်း မသိတတ်တော့ "ရူပံ အတ္တတော သမနုပဿတိ" ရုပ်ကို ငါ့ကိုယ်လို့ ထင်မြင်သုံးသပ်ဘယ်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလဲ ငါ့ကိုယ်ဘဲ ဆိုပြီး စွဲယူနေတတ်တယ်။

အဲဒါ ပညာမရှိလို့ "အသုဘာဝါ ပုထုဇ္ဇနော"မို့ဘဲ၊ ဒီလိုဆိုရင် သေရင် အပါယ်သွားရမယ်၊ အဲဒါဟာ သက္ကာယ ဒိဋ္ဌိကြောင့်ဘဲလို့ မှတ်၊ ငါ့ကိုယ်ဘဲ, ငါ့လက်ဘဲ, ငါ့ခြေဘဲလို့ မှတ်ယူဒါ စွဲလမ်း

ထားဒါဟာ ရှင်ကို ငါ့မှတ်လို့ဘဲ၊ ရုပ်ကို ငါ့ဘဲလို့ စွဲထားတော့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကို ငါလို့ စွဲထားတော့ အငြိမ်ကို မနေကြရဘူး၊ အနာပေါက်လို့၊ မမာလို့၊ နေထိုင်မကောင်းလို့ ဆိုပြီ ဆေးလေးနဲ့ကုသရ၊ ဓါတ်စာလေးနဲ့ ပြုစုရ၊ ပြုစုနေကြတယ်၊ အဲဒါ အမှန်က သူသတ်ရန်သူကို မိတ်ဆွေထင်ကြလို့ဘဲ။

ဒီနည်းနဲ့ ဆရာကောင်းမကြုံရတော့ ဘဝများစွာ အသတ်ချည့်ခံခဲ့ကြရအံ့၊ ဒီလို အသတ်ချည့်ခံနေရဒါ ကိုယ်က ရန်သူ ရန်သူမှန်းမသိဘဲ၊ အတွင်းလူ ထင်မိလို့ဆိုဒါမှတ်ကြ၊ မိတ်ဆွေဟုတ်မှန်း သိမြင်တဲ့ လူကိုမသတ်ပါဘူး မသတ်နိုင်တော့ဘူး၊ ခင်ဗျားတို့တတွေ လိုက်လိုက်ပို့နေရတဲ့ မသာတွေဟာ ဒီငါးယောက်သတ်လို့ သေတဲ့မသာချည့်ဘဲ ရိုပ်မိကြပလား?၊ နည်းလမ်းညွှန်ပြတဲ့ ဆရာနဲ့ ကြုံတုန်းမှာ မရိပ်မိကြသေးရင် နောက်ထပ်အသတ်ခံရဦးဘဲရှိတယ်လို့ မှတ်ကြ။

အပူလွန်လို့သေတယ်တဲ့၊ အဲဒါ၊ ရူပက္ခန္ဓာက သတ်လိုက်တာ၊ ရင်ပြည့် ဝမ်းရောင်ဖြစ်လို့ သေပြန်ပြီတဲ့၊ အဲဒါ စားကောင်းလို့ ဝေဒနက္ခန္ဓာက သတ်လိုက်တာ၊ အစားမှားလို့သေ၊ ဆေးထိုးမှား၊ ဆေးစားမှားလို့လဲ အခုကာလ သေနေကြတယ်၊ အဲဒါ၊ သညာက္ခန္ဓာက သတ်တာ၊ သင်္ခါရက္ခန္ဓာကလဲ သတ်တာဘဲ၊ စိတ်အလိုမကျလို့တဲ့၊ စိတ်ညစ်လွန်းလို့တဲ့ ကိုယ့်ကိုယ်ကို သတ်သေလိုက်တယ်တဲ့၊ အဲဒါလဲ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ သူသတ် တွေက သတ်လိုက် တာပါ၊ ရှင်းကြပလား?။

ရာခရဟန်းက မေးလျှောက်တယ်တဲ့၊ "အရှင်ဘုရား သူသတ် သူသတ်လို့ ဆိုဒါ ဘာကိုခေါ်ဒါပါ" တဲ့၊ ဒီတော့ ဘုရားရှင် က "ရှုံ ခေါ ရာဓ မာရော ဝေဒနာ မာရော သညာ မာရော သင်္ခါရာ မာရော ဝိညာဏံ မာရော" ရုပ်ကို သူသတ်လို့ ရှုမြင် လော့၊ ဝေဒနာကို သညာကို သင်္ခါရတွေကို ဝိညာဏ်ကို သူသတ် ယောကျ်ားလို့ ရှုမြင်လော့" လို့ ဟောတော်မူတယ်၊ အဲဒါ သံယုတ်ပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်ဘဲ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာလဲ "ပရတော၊ သူစိမ်းပြင်ပ၊ ဝဓ ကတော၊ သူသတ်ယောကျ်ားလို့ ရှုရမယ်" လို့ ဟောတော်မူတယ်၊ ဒွိဒကာတွေကို တသံသရာလုံး လိုက်သတ်နေဒါဟာ သူတို့ဘဲ၊ အသတ် မခံချင်ရင် သူစိမ်းပြင်ပအသွင် သူသတ်ယောကျ်ားအသွင် မြင်အောင် ရှုပေးကြ၊ ရှင်းကြပလား"၊

ဒွိဒကာတွေကတော့ ဒီသူသတ်ကိုဘဲ ရေချိုးပေးကြ၊ အစားလေး ကျွေးကြ၊ ညောင်းတယ် ညာတယ်ဆိုပြီး နှိပ်နင်းပေးကြ၊ တယုတယနဲ့ ပြုစုနေကြတယ်၊ အဲဒါ ရန်သူ သူစိမ်းမှန်း သူသတ်မှန်း မသိကြလို့ ဘဲ၊ မသိရင့်မသိတဲ့သူကို အသေသတ်လိမ့်မယ်ဆိုဒါမှတ်ကြ၊ မသိဒါ ဒိဋ္ဌိဝင်နေလို့၊ ဒိဋ္ဌိလက်ချက်ဘဲ၊ ဒိဋ္ဌိနဲ့ စွဲထားတော့ သက္ကာယ ငါ့ ကာယ ထင်နေတော့ဒါပေါ့၊ ထင်နေတော့ အမှန်မမြင် ပိတ်တုန်း ကန်း၊ ကန်းတော့ အသေခံရဘို့ သေလမ်း သွားဘို့က လွဲရင် ဒီပြင် မရှိဘူးလို့ မှတ်။

သက္ကာယက လျှော်နဲ့တူတယ်၊ လူက လျှော်တတ်သူနဲ့တူတယ်တဲ့၊ သက္ကာယက သူ့ဖါသာသူနေဒါ၊ လျှော်တတ်တဲ့လူ ခင်ဗျားတို့တတွေက ရမ်းပြီးလျှော်နေကြ၊ တောင်ရောက်၊ မြောက်ရောက် ရောက်ချင်သလို ရောက်ကုန်ဒါပေါ့၊ ၊ ဒီကရှေ့ ဆရာနဲ့တွေ့လို့ နည်းလမ်းရရင် ရမ်းပြီးမလျှော်ကြနဲ့တော့၊ ဒိဋ္ဌိမပါစေကြနဲ့၊ ပညာနဲ့လျှော်ကြ၊ ဒါမှ လိုချင်တဲ့ကမ်း၊ ကပ်နိုင်မှာ၊ ရမ်းလျှော်နေရင် စုပ်ပဲ၊ မှုတ်ဝဲ အမျိုးမျိုးနဲ့တွေ့ပြီး မြုပ်ဘို့မျောဘို့ မြုပ်မျောလမ်းစ မဆုံးတော့ဘူး။

ဒါကြောင့် ဉာဏ်ဦးစီးကြလို့ ပြောလိုက်ပါတယ်၊ ဉာဏ်နဲ့ ရှုတော့ "ဝဓကတော၊ ဝဓကတော၊ သူသတ်တွေ၊ သူသတ်တွေ" လို့ ရှုပေး၊ ၊အောက်မဂ်လိုချင်ရင် ဒိဋ္ဌိသတ်ရမယ်၊ အထက်မဂ်လိုချင်ရင် တဏှာသတ်ရမယ်၊ အဲဒါ အကွက်ကျတဲ့ လမ်းမှန်တဲ့ သတ်နည်းဘဲ၊ သတ်ချင်ဒါ ရမ်းသတ်နေလို့ မရဘူးလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား?၊ ရှုဒါကတော့ ဖြစ်ပျက်ပါဘဲ၊ ဒါပေမဲ့....."အော်သူသတ်တွေ သူသတ်တွေ"လို့ နှလုံးသွင်းပေးရမယ်။

လူသေတော့ ဘာဖြစ်လို့ သေဒါတုန်းလို့မေးတော့ ဆေးသမားက ပြောတယ်၊"ပထဝီပျက်လို့ သေဒါဘာတဲ့၊ ဒီကတော့ တေဇော လွန်လို့သေဒါတဲ့"ဒီလိုပြောတယ်၊ အဲဒါ ရုပ်သူသတ်က သတ်လို့သေဒါ၊ရုပ်သူသတ်က သတ်လိုက်တာဘဲလို့မှတ်ကြ၊ ၊ခင်ဗျားတို့တတွေ လူဖြစ်ရပါလို၏လို့ ဆုတောင်း ဒါဟာ လူ့ခန္ဓာ ငါးပါး သတ်ပြီး သေရပါလို၏လို့ တောင်းဒါဘဲ၊ ၊နတ်ဖြစ်ရပါလို၏၊

ဖြဟ္မာဖြစ်ရပါလို၏ ဆိုဒါလဲ နတ်ခန္ဓာ သတ်ခံရပါလို၏, ဖြဟ္မာ ခန္ဓာ သတ်ပီး သေရပါလို၏လို့ တောင်းလိုက်ဒါပါဘဲ။

အောက်မင်္ဂရချင်ရင် ဒိဋ္ဌိသတ်၊ အထက်မင်္ဂရချင်ရင် တဏှာသတ် ရမယ်၊ ယမက, ရဟန်းဟာ အရှင်သာရိပုတ္တရာက ဒိဋ္ဌိသတ် တရား ဟောပြောပြလို့ သောတာပန် တည်သွားတယ်၊ ၊နောက် တဏှာ သတ်တရား၊ အနတ္တ ဝိဇ္ဇာဉာဏ်ရောက်အောင် ဟောပြလို့ ရဟန္တာ ဖြစ်သွားတယ်၊ အစဉ်မမှားအောင် ကြိုးစား လိုက်နာကြ၊ ဘာမှ သံသယမရှိကြနဲ့။

ပဌမအနေနဲ့ ဒိဋ္ဌိသတ် အလုပ်လုပ်၊ လုပ်ဆိုတော့ ဒိဋ္ဌိသေအောင် သမ္မာဒိဋ္ဌိအလုပ် လုပ်ရလိမ့်မယ်၊ ငါနဲ့ခန္ဓာနဲ့ တွဲမနေစေနဲ့၊ငါနဲ့ခန္ဓာ တွဲရင် ဒိဋ္ဌိအလုပ်၊ ဉာဏ်နဲ့ ခန္ဓာခွဲနေရင် သမ္မာဒိဋ္ဌိအလုပ်ဘဲ၊ ခွဲနေ ဆိုဒါ ခန္ဓာဘာဖြစ်ဖြစ် လိုက်ပီး ရောမနေရဘူး၊ ခန္ဓာဖြစ်တာ ပျက် တာ ဉာဏ်ကသိရမယ်၊ ခန္ဓာဖြစ်ပျက်တိုင်း, ဉာဏ်ကသတိနဲ့ ကပ်ပြီး စောင့်ကြည့်၊ ကြည့်တော့အမှန်သိ, အမှန်မြင်လိမ့်မယ်၊ ဒါကြောင့် မရောဘဲ ခွဲနေမှ သမ္မာဒိဋ္ဌိအလုပ် ဖြစ်မယ်လို့ ပြောဒါ။

ဒုတိယပိုင်းက ခန္ဓာမခင်အောင် လုပ်ရမယ်၊ ခန္ဓာမခင်အောင် သူ သတ်အဖြစ်မြင်အောင် ရှုကြရမယ်၊ကိုယ်ကခင်လို့ မင်လို့ ဆုတောင်း ထားကြတော့၊ ဟော,အခု,အကြိုက်အတိုင်း လူ့ခန္ဓာ, နတ်ခန္ဓာဆိုတဲ့ ခန္ဓာအသီးအသီးရကြ၊ လာပီးရဒါတာ ဘာလုပ်ဘို့လဲ?၊ သတ်မလို့ ခ,စားလာဒါလို့ မှတ်လိုက်ကြ၊ ၊အမိဝမ်းမှာကိန်းလာဒါ ကြီးပွားဘို့

မဟုတ်ဘူး အသေခံဘို့လာဒါပါ၊ ရိပ်မိကြပလား?၊ ၊ခန္ဓာက သတ်မယ်၊ သတ်မယ်နဲ့ ဒါး ဂုတ်ပေါ်ဝဲနေဒါ ခင်ဗျားတို့က မသိရှာကြဘူး သူကတော့ ဘယ်အချိန် သတ်ရပါ့မလဲဆိုပီး အမြဲရှယ်နေဒါဘဲ၊ ၊ ခင်ဗျားတို့ တတွေကတော့ ခန္ဓာသူသတ်ကို လူယုံကြီးမှတ်ပီး ပြောလိုက်ကြသေးတယ်၊ "ကိုယ့်ကိုယ်ကို မခင်လို့ ဘာသူခင်မတုံး" တဲ့၊ မသိတဲ့အဖြစ်ဟာ ဘယ့်လောက်ဆိုးဝါးသွားသလဲ၊ စဉ်းစားကြ။

နောက်ပီး-ရှိသေးတယ်၊ တချို့က "ရှင်ဗာကူလ မထေရ်မြတ်ကဲ့သို့ အနာရောဂါ ကင်းရှင်းရပါလို၏" တဲ့၊ ရှင်ဗာကူ့ တောင်း၊ ရှင်ဗာကူ ခန္ဓာငါးပါး အသတ်ခံရဒါဘဲ၊ ၊ဒို့ဒကာတွေက ရှင်ဗာကူလ အစပိုင်းလဲမသိ၊ အဆုံးပိုင်းလဲမသိကြဘဲ အလယ်ပိုင်းသာ တောင်းနေကြဒါ၊ အစပိုင်းမှာ ငါးမျိုခံရတယ်၊ အဆုံးပိုင်းမှာ ခန္ဓာ အသတ်ခံရတယ်၊ တောင်းရင် အစအဆုံးလဲကြည့်ပီးတောင်းကြမှပေါ့၊ ဘာဆိုတောင်းတောင်း တောင်းချင်ရာ တောင်း အသတ် ခံရမှာချည့်ဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဘုရားသခင်တောင်မှဝမ်းတော်လား၊ ဝမ်းလျှောပီး ပရိနိဗ္ဗာန်ပြုတော်မူရှာရတယ်၊ အဲဒါ ရူပက္ခန္ဓာ သတ်လို့ဘဲလို့ မှတ်ကြ၊ ဘာတောင်းတောင်း ရလာတဲ့ခန္ဓာ သူသတ်လက်ချက်မိမှာဘဲဖြေးမလွတ်ပါဘူး၊ ဒီတော့ ဒို့ဒကာတွေ ဘာများ တောင်းချင်ကြသေးသတုံး?၊ တော်လောက်ကြရောပေါ့၊ အသတ်ခံလို့အားမရကြသေးဘူးလား?၊ သဘောပါကြရဲ့လား?၊

ကိုင်း…ယနေ့…ဒီတွင်ဘဲ…တော်ကြအုံး။

# ဓမ္မရတနာ- မာတိကာ။

## “ အမြင်မှန်မှ နိဗ္ဗာန်ရ တရားတော် ”

### အမြင်နှစ်မျိုး

(၁) ခန္ဓာပေါ်မှာ အမှန်မြင်လျှင် သမ္မာဒိဋ္ဌိ၊ ၊နိဗ္ဗာန်သွားမည်။
(၂) ခန္ဓာပေါ်မှာ အမှားမြင်လျှင် မိစ္ဆာဒိဋ္ဌိ၊ ၊အပါယ်သွားမည်။

**ဆောင်ပုဒ်**

အမှားမြင်လျှင်၊ ခန္ဓာခွင်၊ မြဲဖြင် ရစ်ကာဝဲ။
တဏှာ့ပြဒါန်၊ ကမ်သုံးတန်၊ တရံ ဖြစ်မစဲ၊
မာန တဏှာ၊ ဒိဋ္ဌိလာ၊ ပါယ်ရွာ ဇာတိမြဲ။
ကျောက်ခဲရေကြ၊ ပမာန၊ လုံးဝ အောက်ချီးစွဲ။
ဖြစ်ပျက် ရုပ်နာမ်၊ အမြင်မှန်၊ ကောန် ရဘို့ခဲ။
အမှန်မြင်လာ၊ တဏှာကွာ၊ ဥပါကမ်ချုပ်စဲ။
တဏှာမာန၊ ဒိဋ္ဌိပ၊ လုံးဝ လွတ်လပ်မြဲ။

**တရားသား** ဒီကနေ့ ခန္ဓာပေါ်မှာ မြင်တဲ့ အမြင်နှစ်မျိုး ရှိတယ်လို့ မှတ်ကြ၊ အမှန်မြင်နဲ့ အမှားမြင်တဲ့၊ ၊ခန္ဓာပေါ်မှာ အမှန်မြင်ရင် နိဗ္ဗာန်သွားမယ်၊ ခန္ဓာပေါ်မှာ အမှားမြင်ရင် အပါယ်သွားမယ်လို့ မှတ်ထားကြ၊ ၊ဒို့ဒကာတွေ သံသရာမှာ အမေမှား, အဘေမှား, ဆရာမှား, မှားခဲ့ကြလို့ အမြင်မှန် မရခဲ့ကြဘူး၊ တောက်လျှောက် အကုန်မှားခဲ့ကြတယ်၊ မှားတော့ အမြင်မှန်မရကြ၊ မရကြတော့ တသံသရာလုံး ဒုက္ခရောက်လာခဲ့ကြရတယ်။

ဒါကြောင့် အခုအခါမှာဖြင့် ဆရာကောင်းနဲ့ကြုံတုံး အမြင်မှန်အောင် ကြိုးစားယူကြလို့ ပြောလိုက်ပါတယ်၊ အမှန်အစစ်က ခန္ဓာဟာ ကိုးစားရာ အားထားရာ မဟုတ်ဘူး ကိုးစားရာ အားထားရာ ငါ့ကိုယ် ငါ့ဟာထင်နေရင် အပါယ်သွားရဘို့ဘဲ ရှိတယ်လို့ မှတ်ကြ၊ အဲဒီလို ထင်နေဒါ ဘယ်သူ့ လက်ချက်လို့ ထင်သလဲ ?၊ မိစ္ဆာဒိဋ္ဌိ လက်ချက်ဘဲ၊ "မိစ္ဆာ ပဿတိတိ ဒိဋ္ဌိ" ဆိုတဲ့အတိုင်း သူ့မူလ ပင်ကိုယ်သဘာဝ အမှန်မမြင်ဘဲ အမှားမြင်နေလို့ အမြင် မှားနေအောင် လုပ်ထားလို့ဘဲ မှတ်ကြ။

ခန္ဓာရဲ့ ပင်ကိုယ်သဘာဝ အရှိအမှန်ကို သိမြင်ရင် သမ္မာဒိဋ္ဌိဘဲ၊ ဒို့ဒကာတွေမှာ သဘာဝကိုက မိစ္ဆာဒိဋ္ဌိ ရှိပြီးနေကြဒါ၊ ဒါကိုဘုရားသာသနာ ကြုံတုံးမှ မခွါနိုင်ရင် ကွာနိုင်ဘို့ လမ်းမမြင်တော့ဘူး၊ ဒါမကွာရင် အပါယ်လေးပါးစာ၊ အပါယ်သံသရာဟာ ကိုယ့်အိုးအိမ်ဘဲ မှတ်ထားကြ၊ ရိပ်မိကြပလား ?၊ ဒါကြောင့် အပါယ်စာက လွတ်အောင် ခန္ဓာအရှိကို အမှန်သိမြင်အောင် လုပ်ကြရမယ်။

ခန္ဓာမှာ အမှန်ရှိက ရုပ်နာမ် အဖြစ်နဲ့ အပျက်ဘဲရှိတယ်၊ ဒီအမှန်အရှိ ရုပ်နာမ် ဖြစ်ပျက်ကိုမြင်မှ အမြင်မှန်ရောက်မယ်၊ ဒီ-အဖြစ်အပျက် မမြင်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိ မကွာနိုင်ဘူး၊ မကွာတော့ ခန္ဓာကို ငါ့ကိုယ် ငါ ငါ့ဥစ္စာလုပ်နေတော့ဒါပေါ့၊ ငါ့ကို၊ ငါ၊ ငါ့ဥစ္စာ မဟုတ်လို့သာ ဖြစ်ပြီးပျက်နေဒါဘဲလို့ မြင်ရင် အမှန်မြင်ကြပြီ၊ အဲဒီလိုမြင်ရင် တိဟိတ်လို့ မှတ်လိုက်ကြ၊ သဘောပါကြပလား?၊ အပျက်မြင်တိုင်း ငါ့ကိုယ်၊ ငါ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချကြ။

ဒါကြောင့် ခန္ဓာငါးပါးကို သမ္မာဒိဋ္ဌိအမြင် အမှန်မြင်နဲ့ ကြည့်ရမယ်၊ ကြည့်တော့ တပါးပါးပျက်သွားဒါကိုမြင်ရမယ်၊ မြင်ရင် တဏှာ မာန ဒိဋ္ဌိကွာချော၊ မြင်ရင်တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်ကုန်ချော၊ အဖြစ် အပျက် မမြင်ရင် မိစ္ဆာဒိဋ္ဌိ အမြင်ဖြစ်မယ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိပွားမယ်၊ အဲဒါအပါယ်သွားဘို့ရာ လမ်းဖြောင့်ဘီလို့ မှတ်လိုက်ကြ။

အဖြစ်အပျက်မြင်ရင်နောက်ခန္ဓာအတွက် မလာဘူး၊ တဏှာ ဥပါဒါန် ကမ္မဘဝ ချုပ်တယ်၊ မမြင်တော့ တဏှာ ဥပါဒါန် ကမ္မဘဝဆက်လာ၊ နောက် ခန္ဓာအတွက်ရကြ၊ အဲဒါ အခုဘဝ အမှားမြင်တဲ့သူ အတွက် မှားပြစ်သုံးခုရလိုက်တာဘဲ၊ ဒီမှားပြစ်သုံးခုရတော့ နောက် ဇာတိ ဇရာ မရဏ စတဲ့ မှားပြစ်တွေ တသီတန်းကြီး ဆက်တိုက်ရဘီလို့မှတ်၊ ဒီမှားပြစ်တွေနဲ့ သံသရာ ဒုက္ခအစု ပြန်လွှဲ ခံကြတော့ဘဲ၊ ရိပ်မိကြပလား?။

မိစ္ဆာဒိဋ္ဌိကို လက်မခံကြနဲ့၊ မိစ္ဆာဒိဋ္ဌိ ခန္ဓာမှာဝဲနေရင် အဲဒီ မှားကြောင်း သုံးခု အမြဲလိုက်နေမယ်လို့မှတ်ကြ၊ မှားကြောင်းသုံးခုနဲ့ သေရင် အပါယ်ဇာတိ အပါယ်ဇရာ မရဏ စတဲ့ မကောင်းဒါရှိသမျှ အကုန်လာမယ်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ နောက် အပါယ် ဇာတိ၊ ဇရာ၊ မရဏတွေဘဲ ရစရာရှိတယ်၊ ဒီပြင်ဘာမှ မရှိတော့ဘူး၊ ဒါဟာ သူများ အနေပြောမဟုတ်ပါဘူး၊ ကမ္ဘာ့နိယာမ ဓမ္မသဘာဝ အတိုင်း အမြဲတည်ရှိနေတဲ့ သဘောမှန်တရားကြီးဘဲ၊ ဒီကမ္ဘာ့နိယာမ ဖြစ်မြဲတရားမို့ ဘုရားကလဲ ထုတ်ဖေါ်ဟောပြလို့လဲ သိကြရဒါလို့ မှတ်ကြ။

ဒီတရားဟာ ကမ္ဘာ့နိယာမ ဓမ္မနိယာမ သူ့သဘာဝအတိုင်း အဖြစ်မြဲ တရား ဒီတရားကို ဘုရားတဆူတဆူပွင့်မှ ဟောပြလို့ သိကြရဒါ၊ ဘုရားနဲ့ မကြုံတဲ့အခါမျိုးမှာ သတ္တဝါတွေဟာ အမှောင်ထု လျှောက်နေကြဒါပါဘဲရှိတယ်၊ ဘုရားပွင့်တော်မူဒါဟာ သတ္တဝါတွေကိုသမ္မာဒိဋ္ဌိဖြစ်စေချင်လွန်းလို့ အလင်းရောင် ရပါစေတော့ဆိုပြီး ပွင့်တော်မူလာဒါ၊ ကမ္ဘာ့နိယာမ တရားဆိုဒါ ဘုရားက ဟောဟော၊ မဟော ဟောသူ့သဘောအတိုင်း သူဆောင်ရွက် သွားမှာဘဲ၊ ဒါကိုမြင်လို့ ဘုရားက ခင်ဗျားတို့ကို အင်မတန်သနားလို့ ကယ်ချွတ်ပေးဘို့ ပွင့်လာရဒါရှင်းပလား ?။

ဒါကိုမှ မလိုက်နာချင်သေးရင် မှောက်ချင်တိုင်း မှောက်တော့မယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ခန္ဓာက သေချာဒါ မဟုတ်ဘူး၊ နက်ဖြန်သဘက် သေချင်ရင် သေနိုင်တယ်၊ အခုတော့ စိတ်မချရပါဘူး၊ နိယာမ အမှားတွေခုပြင်ကြ၊အခုမှမပြင်ကြရင် လှလှကြီးဒုက္ခတွေ့နိုင်တယ်၊ နည်းမှန် လမ်းမှန်ပြတတ်တဲ့ ဆရာ၊ ပြမဲ့ဆရာကလဲ အလွန်ရှားတယ်၊ ပြင်ချိန်ကလဲ သိတ်မရှိတော့ဘူး၊ ဒါကြောင့်အခွင့်ရတုံး အခုပြင်ကြ လို့ ပြောလိုက်ပါတယ်၊ ဒီထက်ကောင်းတဲ့အချိန်မရှိတော့ဘူး၊ အခုဟာ အကောင်းဆုံး အချိန်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒီနေ့တော့ ဘာကြေစင့်မို့ နေပါအုံး၊ နက်ဖြန်တော့ လုပ်မယ်၊ နက်ဖြန်ခါမှ လုပ်ပါရစေ၊ ဘယ်နေ့ကျမှ လုပ်မယ်နဲ့ ရက်ရွှေ့အချိန်ရွှေ့ရွှေ့တတ်ကြတယ်၊အဲဒီ အချိန်ရွှေ့ရက်ရွှေ့နေဒါသဿတဒိဋ္ဌိဘဲ၊

သဿတဒိဋ္ဌိ အစွဲရှိလို့, မသေသေးဘူး ထင်လို့, မသေနိုင်သေးဘူး အောက်မေ့လို့ ပြောဒါဘဲ၊ ပေါ့တယ်များ မမှတ်လိုက်ကြနဲ့၊ အဲဒါ ရိုးရိုးရူး မဟုတ်ဘူး၊ အလွန်ရူးတဲ့ အရူးဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြ ပလား ?။

ဒို့ဒကာတွေ ဇာတိဒုက္ခကြီး ကိုယ်ပိုင်ရလာကြမှတော့ ဇရာ, မရဏ-အို-သေ ဒုက္ခက လွှဲဖယ်လို့ မရတော့ဘူး၊ သစ်ပင် ကိုင်းပီးပေါက်လာ တဲ့ ဥပမာလိုဘဲလို့ မှတ်ကြ၊ တဘက်ဘက်ကိုင်းပီး ပေါက်လာတဲ့ သစ် ပင်ဟာ လဲရင် အဲဒီ-ကိုင်းတဲ့ဘက် လဲရတို့ဘဲ ရှိသလို ခင်ဗျားတို့ တတွေ လဲ မွေးလာတယ် ဆိုကတဲက သေမဲ့ဘက် ကိုင်းလာဒါ၊ ထောင်ထောင် ရောင်ရောင် မဟုတ်ပါဘူး၊ သုသာန်ဘက် ကိုင်းလာကြဒါဘဲ၊ ရိပ်မိကြ ပလား?၊ ဒီတော့ လဲချင်း-လဲရင် အသေဘဲရှိတယ်၊ ဒါနဲ့ အချိန် ရွှေ့ကြအုံးမလား ?။

နောက်ထပ် အချိန်မရွှေ့ကြနဲ့တော့၊ ရွှေ့စရာအချိန်မရှိတော့ဘူး၊ အခုလား?၊ တော်တော်နေလား? ဆိုဒါ ဘသူမှ မသိဘူး၊ သဘောပါ ကြရဲ့လား?၊ မျက်စိမှုန်လာဘိ, သွားကျိုးလာဘိ, နားထိုင်းလာဘိ, ဆိုဒါ အသေဘက်ကိုင်းလာဒါ၊ တောင်ဝှေး ထောက်တာဟာ သိသိ သာသာ ကိုင်းလာဒါ မြေထဲဝင်တော့မှာတဲ့၊ ခန္ဓာကပြောသလိုပါဘဲ၊ ဒါကြောင့် အခု အချိန်ကလေးဟာ အကောင်းဆုံး အချိန်ဘဲဆိုဒါ၊ ဆုံးဖြတ်ချက်ချကြ။

အခု အနေမှာ ဘာမှ လုပ်မိရင် ခင်ဗျားတို့ ဝတော့ လူ့ဘဝ တောင်းဒါဟာ ကြေကြီး ကြီးပွားရေး တောင်းသလို ရှိမှာပဲ၊ အမှတ် တမဲ့နေ့ အမှတ်တမဲ့သေသွား ကြောင်း ကြေကြီး ကြီးပွားရေးဟာ ရှိတယ်၊ ဒီပြင်ဘာမှ မရှိနိုင်ဘူး၊ လူဖြစ်လာတဲ့ဘဝမှာ ကိုယ့်ဒုက္ခ ကိုယ့်စီး ပွါးဆိုလို့ ဘာမှ မလုပ်ရသေးဘူး၊ ဘာမှ နှင့်ကြေသေးပါဘူး ဒို့ဒကာ တွေ စုမိ့ဆောင်းမိတဲ့ စီးပွါးရေးက ကြေကြီး ကြီးပွားရေးနဲ့ အပါယ် စီးပွါးရေးဘဲလို့ ဆိုရမယ်။

ဘာ့ကြောင့်လဲ?၊ မျက်လုံးကလေး တခါဖွင့်လိုက်တာနဲ့ တကျော ရယ်၊ ဥပါဒါန်ရယ်၊ ကမ္မ ဝဲယ်၊ နားတံခါးဖွင့်တင်း ဝကျော့ ဥပါ ဒါန့် ကမ်၊ နှာခေါင်း့ လျှာ့ ကိုယ့် စိတ် တခုခု ဖွင့်ဝင်း့ ဖွင့်တိုင်း တကျော့ ဥပါဒါန့် ကမ်ဒါတွေဘဲ လာနေဒါ၊ တခါတင်ဒီသုံးခု သိမ်း ပိုက်လိုက်၊ တခါလာ ဒီသုံးခုဘဲ ထေးလိုက်၊ တနေ့မှာဆင့် အကြိမ် ပေါင်း့ အခါပေါင်း မရေတွက်နိုင်အောင် သိမ်းပိုက်ဝယ်၊ ကိုယ် ပိုင်ရတယ်၊ ဒီတော့ဂယ်သူ ဆယ်ဒု ပြင့်ပေးဘိလို့ မှတ်ကြတော့။

> ဒီဟာတွေ ကျေအောင်ဆပ်ဘို့ မဂ်ကိုရမှာဘဲ ကျေနိုင်မယ် ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒါကြောင့် အခုမဂ်ဒေသင်လုပ်ဘို့ အခု့ ထပ်းလုပ်မှာဘဲ ဖြစ်တော့မယ်ဆိုဒါ ထင်ရှားလား?။

မှုမပြောင်းဘဲ ဒီအတိုင်းသာ သွားကြရင်၊ သံသရာစခန်းသင်စရာ မမြင်တော့ဘူး၊ ဂရုစိုက်ကြ ပေါ့ပေါ့တန်တန်နဲ့ ခပ်ပေပေဘဲနေကြ မယ် ဆိုရင် ကျောက်ခဲရကျ "လေပ်"ဆိုဒါနဲ့ တချက်ထဲ ပေါ်ဘို့

လမ်းမရှိတော့ဘူး၊ ၊ဒိဋ္ဌိဒကာတွေရဲ့ လက်ကိုင်က ပရိယာယ်, ဆင်ခြေ, ဆင်လက်တွေ များတတ်ကြတယ်၊ ကိုယ့်ကိုယ်ကို သနားရင် ပရိယာယ်တွေ ဆင်ခြေတွေလုပ်မနေကြနဲ့ဟော့ ကိုယ့်ကိုယ်ကို သနားကြအုံး၊ ၊ဆင်ခြေဟာ ကိုယ့်ကိုယ်ကို ရင်ဝ လှံနဲ့ထိုးဒါထက် ဆိုးသေးတယ်လို့ မှတ်ကြ၊ ရိပ်မိကြပလား?၊

ကိုယ့်ကိုယ်ကိုမှ မသနားတဲ့သူ ဆိုရင် အရှုံးမို့ဘဲ၊ ဆိုထိုက် မဆိုထိုက် အလေးအနက် စဉ်းစားကြ။

ဒီတော့ ဒိဋ္ဌိဒကာတွေ ဘာလုပ်ကြမလဲ?၊ မိမိခန္ဓာမှာ သတိကပ်ပြီး ဉာဏ်နဲ့ စိုက်ကြည့်၊ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကိုကြည့်၊ ကြည့်ရင် ဖြစ်သွားဒါလဲ မြင်ရမယ် ပျက်သွားဒါလဲ မြင်ရမယ်၊ ၊ဘာစိတ် ပေါ်ပေါ်, ပေါ်ချင်ဒါပေါ်, ပေါ်သမျှ မလွတ်အောင်ကြည့်ပေး၊ မလွတ်ဘို့ ကိုယ့်တာဝန်၊ အကြည့်များလာရင် အဖြစ်နဲ့အပျက်ဘဲမြင်ရမယ်၊ ဒွိဖြစ်ပျက်မြင်ရင် အမြင်မှန်ကျလာဘီ၊ အဲဒါ သမ္မာဒိဋ္ဌိအမြင်။

ပျက်သွားဒါ မြင်တိုင်း ငါမဟုတ်, ငါ့ဥစ္စာ မဟုတ်လို့ ရှုပေးကြ၊ ဒါက ဒိဋ္ဌိသတ်ဘို့ ရှုရဒါ၊ ပျက်တိုင်း ပျက်တိုင်း အရှိန်နဲ့ အသိ ကိုက်အောင်ကြည့်၊ ကြည့်ဘဲ့အခါ အရှိန်နဲ့ အသိကိုက်ရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-ဆိုဘဲ့ မဂ္ဂင်ငါးပါး ရမယ်၊ ၊အကြည့်များလာရင် ငါမဟုတ်, ငါ့ဥစ္စာ မဟုတ်ဘဲ့အဖြစ် အမြင်များလာမယ်၊ အမြင်ချာလာပြီး နောက် မုန်းလာမယ်၊ မုန်းလာပြီး မကြာခင် ခန္ဓာဆုံးတော့ဒါဘဲ၊ ခန္ဓာဆုံးရင် နိဗ္ဗာန်တွေ့ပီလို့

မှတ်ကြ၊ အဲဒါ- မင်္ဂလာရှစ်ပါးပြည့်ပြီး သောတာပန် တည်ဘီလို့မှတ်၊ သောတာပန်တည်ဒါနဲ့ အပါယ်နဲ့ အိုးစားကွဲဘီ အပါယ်ပဋိသန္ဓေ မလာတော့ဘူး၊ ရှင်းကြပလား ?။

သကဒါဂါမ်၊ အနာဂါမ်တည်ချင်ရင် ဒီနည်းနဲ့ မရှုရဘူး၊ သောတာပန် တည်ချင်ရင် ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်လို့ ပျက်တာဘဲလို့ ဉာဏ်ရောက်အောင်ရှု၊ ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့ ပျက်တာဘဲလို့ ရှုပါများတော့၊ မုန်းစရာဘဲလို့ မြင်လာမယ်၊ မုန်းရာကနေ ဆုံးရင် ကောင်းမှာဘဲဆိုတဲ့ ဉာဏ်ရောက်လာမယ်၊ နောက်- မကြာခင် ဆုံးရာ မြင်ပြီး နိဗ္ဗာန် မျက်မှောက် ပြုရတော့ ဒါပါဘဲ၊ သဘောပါကြ ပလား?။

အထက်ဉာဏ်ကျတော့ ခန္ဓာငါးပါးဟာ ရန်သူတွေဘဲ သူသတ် ယောက်ျားတွေဘဲဆိုဒါ မြင်အောင်ကြည့်ရမယ်၊ အဲဒါ တဏှာ သတ် နည်းဘဲလို့မှတ်ကြ၊ တဏှာဆိုတဲ့ သဘောဟာ ခင်တတ်တဲ့ သူထံ မှာသာ ဝင်နိုင်တယ်၊ မခင်တတ်သူဆီမှာ တဏှာမလာနိုင်ဘူး ခင်မင် တတ်တဲ့သူ ဆိုရင် ရန်သူဝင်နိုင်တယ်၊ သူခွေးသား ဥပမာ သဘောကို ကြည့်ကြ။

ခင်ဗျားတို့ ကတွေကတော့ ခင်တတ်၊ မင်တတ်ကြတယ်၊ ဟိုဘဝ ခင်၊ ဒီဘဝခင်၊ ဟိုခန္ဓာခင်၊ ဟိုခန္ဓာဆုတောင်းယူကြ၊ ဒီခန္ဓာခင်လို့ ဒီခန္ဓာဆုတောင်းယူကြနဲ့ ခင်မင်နေလိုက်ကြဒါ ဘယ်သွားငြီး သေပွဲ ခံချင်ကြသေးသတုံး?၊ ခင်မင်တော့ တောင်းယူကြ၊ တောင်းယူတော့

ရလာပြီး တချို့အသက်ခံလိုက်ကြရနဲ့၊ လမ်းစမဆုံးတော့ဘူး၊ ခန္ဓာက အသေသက်မလို့လာဒါ ဘာမှ အားကိုးစရာမကောင်းဘူး၊ အားကိုးစရာလဲမရှိဘူး၊ ဒီတော့ ခန္ဓာဆုံးရာနိဗ္ဗာန် သဘောကျကြဘို့ ကောင်းတယ်၊ ရိပ်မိကြပလား?၊

ခန္ဓာငါးပါးက လှဲပြီး သတ်နေကြဘယ်၊ ဟော- လူဘယောက် ဝမ်းချောလို့ သေပြန်ဘီတဲ့၊ အဲဒါ ရူပက္ခန္ဓာက သတ်လိုက်တာ၊ အနာပေါက်လို့ သေတယ်ဆိုဒါ ဝေဒနာက္ခန္ဓာက သဘ်လိုက်ဘာ၊ အစားမှားလို့တဲ့ တလောင်း သေပြန်ပေါ့ဆိုဒါ သညာက္ခန္ဓာရဲ့ လက်ချက်ဘဲ၊ သင်္ခါရက္ခန္ဓာက သတ်တော့ အသွားမှားလို့သေရပြန်တယ်၊ ဝိညာဏက္ခန္ဓာက သတ်ပြန်တော့ စိတ်ညစ်လို့ သေရှာရတယ်၊ ဘယ်နည်းနဲ့သေသေ ဒီသူသဘ် ငါးယောက် လက်ချက်ချည့်ဘဲလို့ မှတ်လိုက်ကြ။

အားလုံးသေတဲ့ မသာဟူသရွေ့ ဒီ ငါးယောက် လက်သယ်ဘဲ၊ သူတို့ ငါးယောက် လက်သယ်ဘဲ၊ သူတို့ ငါးယောက် လက်ချက်နဲ့ သေရဒါချည့်ဘဲ၊ သူများလက်ချက် မဟုတ်ဘူး၊ ဒါကြောင့် ရှုတဲ့ အခါမှာ "ဝဓကတော, ဝဓကတော၊ သူသတ်တွေ, သူသဘ်တွေ"လို့ ရှုကြ၊ သူသဘ်ယောကျ်ားတွေဘဲလို့ မြင်ရင် ယဘာဘူတဉာဏ်ဘဲ၊ သူသဘ်မှန်း အဟုဘ် သိသာရင် မုန်းလာမယ်၊ မုန်းဉာဏ် လာရင် နိဗ္ဗိန္ဒဉာဏ် ရဘီ၊ မုန်းပီးရင် လွှဘ်လိုဘဲ့ ဉာဏ်လာပီး မဂ်ဉာဏ် လာဒါဘဲ၊ ဘုရား ရဟန္တာများဟာ ဒီခန္ဓာရဲ့ အပြစ် မြင်နေတော့

ဝင့်မခံချင်ကြဘူး၊ ခန္ဓာဝင့်က ကျွတ်လွှတ်ချင် နေကြဒါဘဲ၊ ဒီခန္ဓာနဲ့ ပတ်သက်ပြီး ဝေယျာ ဝစ္စ မလုပ်ချင်တော့ဘူး၊ ဒါဘာကြောင့်သဲ၊ တကယ့် ချမ်းသာရာအစစ် မြင်နေလို့ဘဲလို့ မှတ်ကြ။

ဒီတော့ ဒို့ဒကာတွေ ဆင်းရဲက လွှတ်ချင်ရင့် တကယ့် ချမ်းသာရေး ရချင်ရင်၊ ရန်သူကို ရန်သူမှန်းသိအောင်၊ သူသတ် သူသတ်မှန်း သိအောင် လုပ်ကြ၊ အချိန်ရွှေ့မနေကြနဲ့တော့လို့ ပြောလိုက်ပါတယ်၊ သံဘောပါကြပလား?။

ကိုင်း--ယနေ့--ဒီတွင်--တော်ကြအုံးစို့။

# ဓမ္မရတနာ - မာတိကာ

## “ ခန္ဓာငါးရပ် သူစိမ်းမှတ် တရားတော် ”

**ဆောင်ပုဒ်**

အခိုင်းသမား၊ နာမ်ရှေ့သွား၊ ရုပ်ကား နောက်လိုက်သာ။
နာမ်က စားချင်၊ ရုပ်က ပင်၊ ယူငင် စားသောက်ပါ။
နာမ်က သွားချင်၊ ရုပ်က ပင်၊ လှမ်းငင် သွားရရှာ။
နာမ်ခိုင်းစေက၊ ရုပ်လုပ်ရ၊ နှစ်ဝ ဝိသေသာ။
ခန္ဓာ့ဖြစ်စဉ်၊ ဉာဏ်ရှုလျှင်၊ အစဉ် နာမ်ရုပ်သာ။
ရုပ်နာမ်သဘော၊ သူ့အပြော၊ စောကြော ဉာဏ်ဖြင့်ရှာ။
နူမာ ဖွဲ့စေး၊ ပူအေး ထောက်ကန်၊ လှုပ်ရှားပြန်၊ တန်တန် ရုပ်ဘာဝါ။
သိကြံ ခံစား၊ မှတ်သား ပြုပြင်၊ အတင်တင်၊ များဖြင့် နာမ် ခြင်းရာ။
ဉာဏ်ယှဉ်သတိ၊ စောင့်၍ကြည့်၊ စဉ်လှည့် ပတ်ခါခါ။
အကြောင်းညီခိုက်၊ ဖြစ်လာကျိုက်၊ ပျက်လိုက် ရုတ်ခြည်းသာ၊
လျှပ်စစ်နွယ်မျှ၊ မြန်ခဏ၊ ဖြစ်ထ ပျောက်ပျက်ရှာ။
တပ်ဘပ်ဉာဏ်ထင်၊ သူစိမ်းမြင်၊ ခင်ငင် ချုပ်စဲကွာ။
ခင်မင်ကင်းချုပ်၊ တဏှာပြုတ်၊ ဝိမုတ် နိဗ္ဗာန်ဘာ။

**တရားသား** ဒကာ ဒကာမတို့ အခု တရားနာနေကြဒါ ဘာသူတွေလဲ? လို့ မေးရင်၊ ဘာသူတွေမှ မဟုတ်ဘူး၊ နာမ်နဲ့ ရုပ်ဘဲ ရှိတယ်လို့ ဖြေကြရမယ်၊ ဒကာ ဒကာမတို့ ငါလို့ သူလို့ ထင်ကြမယ်၊ ဒကာ ဒကာမတို့ အထင်တွေဟာ အလွဲတွေမို့ ခေတ္တ ခဏ ဘေးချိတ်ထားလိုက်ပါ၊ အခုအချိန်က စပြီး ဘုရားပြောဒါနဲ့ ဆရာသမားပြောဒါကို အမှန်ယူကြလို့ ပြောလိုက်ပါတယ်။

အခု ဒကာ ဒကာမတွေ အားလုံးဟာ ထိုင်ပြီး တရားနာနေကြတယ်၊ ဒီ ထိုင်နေဒါဟာ ဘာသူလဲ? ဆိုတော့၊ နာမ်နဲ့ရုပ်ဘဲ၊ ထိုင်ချင်တဲ့တရားက-နာမ်၊ ထိုင်တဲ့ဟန်က-ရုပ်၊ ထိုင်ဒါဟာ-နာမ်က ခိုင်းလို့ ရုပ်က လုပ်ရဒါလို့ မှတ်ကြ၊ နာမ်က-အခိုင်းသမား၊ ရုပ်က-အလုပ်သမား၊ အမှန်စင်စစ်က အခိုင်းနဲ့ အလုပ် နှစ်ယောက်ဘဲ ရှိပါတယ်၊ ဘယ်သူ ဘယ်ဝါ၊ သူ ငါ၊ ယောကျ်ား မိန်းမ မဟုတ်ဘူး၊ အခိုင်း အလုပ် နှစ်မျိုးသာရှိတယ်၊ ရိပ်မိကြရဲ့လား?။

မနေ့ကတရားမှာ ဝိပဿနာရှုဘို့ ပြောခဲ့တယ်၊ နာမ် ရုပ် နှစ်ခုကို ဉာဏ်တခုနဲ့ကြည့်ဘို့ မှာခဲ့တယ်၊ မှတ်မိကြရဲ့လား?၊ မနေ့က နာမ်နဲ့ ရုပ်က ပြောလိမ့်မယ်လို့ မှာခဲ့ပြီးဘိ၊ အဲဒါ ကြမ်းကြမ်းဘဲ ပြောမလား?၊ သိမ်သိမ်မွေ့မွေ့ဘဲပြောမလား? ဆိုဒါ ဉာဏ်တခုနဲ့ စောင့်ကြည့်ရမယ်၊ ဉာဏ်နဲ့ ကြည့်တဲ့အခါ၊ အတုံး-အခဲ ကြမ်း ကြမ်း ထမ်းထမ်း မြင်ရင် တွေ့ရင် နိဗ္ဗာန်ရောက်မဲ့ အမြင် မဟုတ်သေးဘူး လို့ မှတ်လိုက်ကြ။

နိဗ္ဗာန်ရောက်မဲ့ အမြင်ဆိုဒါ သဘော သဘာဝလေးတွေ တခုနဲ့ တခု ပြတ်ပြတ်သွားဒါ မြင်ရမယ်၊ ပြတ်ပြတ်ပီး ပျောက်သွားဒါကို မြင်ရမယ်၊ ဒီ နာမ်နဲ့ ရုပ်တို့ သဘောက ဒီအတိုင်းဘဲ ရှိတယ်၊ ၊ သူ့သဘောက ဒီအတိုင်းမို့ ဒီအတိုင်းဘဲ မြင်ရမယ်၊ ဉာဏ်နဲ့ ကြည့်တော့ ခုပေါ်ခုမရှိ၊ အခုပေါ်ပီး အခုမရှိ၊ ယားတဲ့ဟာ နာတဲ့ဟာ ခုမရှိ၊ ဒီသဘောကို ဉာဏ်နဲ့မှ ထိုးဖေါက်နိုင်မယ်၊ ဒီတရား နှစ်ခုလုံး သိမ်မွေ့လို့ဘဲဆိုဒါ မှတ်ကြ။

မျက်လုံးနဲ့ နားနဲ့ မြင်လို့ ကြားလို့ မရဘူး၊ ဉာဏ်နဲ့ သာရမယ်၊ ရုပ်ကလဲ သိမ်မွေ့ဒါဘဲ၊ နာမ်ကလဲ သိမ်မွေ့ဒါဘဲ၊ သိမ်မွေ့တဲ့ တရားသဘောလေးတွေမို့၊ ဉာဏ်နဲ့ကြည့်မှသာ တွေ့မယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?၊ ရုပ်ကလဲ ပေါ်ပျက်၊ နာမ်ကလဲ ဖြစ်ပျက်၊ အဲဒီလိုဆိုတော့ အလွန်သိမ်မွေ့မှာမို့ ဒါကို ဉာဏ်နဲ့မှ မှန်အောင် ပစ်နိုင်တယ်၊ ဉာဏ်နဲ့ မှန်အောင် ပစ်နိုင်ဘို့ အရေးကြီးတယ် ဆိုဒါ မှတ်ရမယ်၊ ရှင်းပလား?။

စက္ခုစတဲ့ ဒီ-ဒွါရ ငါးခုနဲ့ ကြည့်လို့ မမြင်ဘူး၊ ထိုးထွင်းတဲ့ ဉာဏ်နဲ့မှသာ မြင်နိုင်တယ်၊ အဲဒီလိုမြင်မှ အမြင်မှန်ဘဲ၊ ဒီလိုမြင်ရင် ယထာဘူတ ဉာဏ်ကို ရဘီဆိုဒါ မှတ်တော့၊ အဲဒီလို ဉာဏ်နဲ့ ရှုလို့ မြင်ရင်အမြင်မှန်ဘဲလို့သာ မှတ်လိုက်ကြတော့၊ ပါဠိလိုတော့ "ယထာဘူတ"လို့ ဘုရားကဟောတယ်၊ ဒကာတို့ လွယ်လွယ် မှတ်တတ်ဘို့က အမြင်မှန်"လို့သာ မှတ်ထားကြ၊ သဘောပါပလား?။

ဒကာ, ဒကာမတို့ ဒီအမြင်မှန်, ဒီဉာဏ်ကိုရရင် ဒီဘဝမှာတင် ကိစ္စပြီးမဲ့ လူတွေဘဲလို့သာ မှတ်လိုက်ကြ ဒါကို တိဟိတ်မှသာ မြင်မယ်၊ ဒီအမြင်ကိုရရင်, သူများမမေးနဲ့တော့၊ တိဟိတ်ပုဂ္ဂိုလ်ဘဲလို့ ဆုံးဖြတ်လိုက်ကြ၊ ရှင်းကြပလား ?၊ ရုပ်, ပူဒါ, အေးဒါ သူ့နေရာ မှာဘဲ၊ ပျောက်သွားဒါ မြင်ရင်၊ အလွန်သိမ်မွေ့ဒါကို မြင်ဒါဘဲ၊ ဒွိဟိတ်ဆိုရင်, မမြင်နိုင်ဘူး၊ ဒကာ, ဒကာမတွေ ကျေနပ်ပလား ?။

ပရမတ္ထတရားမှာ အထည်မရှိဘူး၊ ဉာဏ်နဲ့ ကြည့်တဲ့ အခါမှာ အထည်, ဒြပ်, သဏ္ဌာန်မတွေ့ရဘူး၊ သဘောမျှသာ ရှိတယ်ဆိုဒါမှတ်ကြ၊ ထက်မြက်စူးယှတဲ့ ဉာဏ်နဲ့ကြည့်မှတွေ့နိုင်တဲ့ အလွန်သိမ်မွေ့နူးညံ့လှတဲ့ သဘောကလေးမျှသာ ရှိတယ်လို့ သတိပေးလိုက်တယ်၊ ရုပ်သဘောမှာဆိုရင် အေးသဘော, ပူသဘောလေးတွေ ပေါ်လာ၊ ဒါလေးတွေပျောက်သွားဒါ ဉာဏ်နဲ့မြင်ရင် တိဟိတ်ဘဲ၊ ဒီအမြင်ဟာ ဒီဘဝမှာ ကိစ္စပြီးနိုင်တဲ့အမြင် ပြီးမဲ့အမြင်ဘဲလို့သာဆုံးဖြတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ကိစ္စပြီးမယ် ဆိုဒါဟာ ကုသိုလ်ဖြစ်ရုံနဲ့ ပြီးမှာ မဟုတ်ဘူး၊ ဒီဉာဏ်ရရင် ဒီဘဝဟာ ဒုက္ခချုပ်သိမ်း, ငြိမ်းမဲ့ဘဝဘဲလို့ ဆိုလိုတယ်၊ ဒီဉာဏ်ကိုရတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရမယ်ဆိုဒါ တထစ်ချ မှတ်လိုက်ကြ၊ ဘာ့ကြောင့်လဲ? လို့မေးရင် တိဟိတ်အဖြစ် ထင်ရှားလို့ဘဲလို့ မှတ်ကြတော့၊ သဘောပေါက်ကြလေလား?၊ အလွန်သိမ်မွေ့တဲ့ ရုပ်, နာမ် သဘောကို မြင်ရင် ကျွတ်တန်းဝင်မဲ့လူဘဲ သူများမမေးနဲ့တော့ ဗေဒင်လဲ မမေးနဲ့၊ ကျမ်းတတ် ပုဂ္ဂိုလ်လဲ မမေးနဲ့တော့၊ သေချာတယ်လို့ဘဲ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ကျေနပ်ကြပလား?၊ ရုပ်နာမ်တို့ရဲ့ သိမ်မွေ့တဲ့ ဖြစ်ပျက်ကိုမြင်ရင် စိတ်သာချတော့၊ သူများတွေမေးနေရင် တွေးလုံးနဲ့ ပြောမှာဘဲ၊ တွေးလုံးနဲ့ပြောရင် အမှန်မကျနိုင်ဘူး၊ မမေးနဲ့တော့၊ ရှင်းကြရဲ့လား?၊ ကိုယ်တိုင်လုပ်ကြည့်လို့ အလုပ်က ပြောနေမှတော့ သံသယရှိဘို့မလိုတော့ဘူး၊ ဆုလေးတောင်းရုံနဲ့လဲ မရဘူး၊ မတောင်းကြနဲ့တော့၊ ရိပ်မိကြပလား ?။

ကိုယ့်အကြောင်း, ကိုယ်သိချင်ရင် ဖြစ်ပျက်ရှု စမ်းကြည့်ကြ၊ ဖြစ်ပျက်တွေ့ရင် တီဟိတ်ဘဲ၊ ဒီဘဝမှာ ကျွတ်တန်းဝင်မဲ့ အဖြစ်ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ဖြစ်ပျက်တွေ့ရင် နောက်ထပ် ဆရာမရှာနဲ့တော့ ဒီလမ်းအတိုင်းသာ ဖြောင့်ဖြောင့်တန်းတန်း ဆက်လိုက်ကြ၊ ဒီအရေးဟာ သေးသေး ကွေးကွေး မဟုတ်ဘူး၊ နိဗ္ဗာန်ရရ ပါလို၏ ဆိုရုံနဲ့ တာဝန်မခံနိုင်ဘူး၊ ဒီရုပ်နာမ်, ဖြစ်ပျက်ကိုမြင်ရင် တာဝန်ခံမယ်ဆိုဒါ ဘုန်းကြီးက, ကတိပေးလိုက်ပါတယ်။

ဒီအဓိပ္ပါယ်ကို "ဓမ္မပဒ ပါဠိတော်မှာ" အလုံအလောက် ဟော·ထားဒါရှိတယ်၊ ဒါကြောင့် ရုပ်နာမ်ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်ရဘို့ သေချာဘီ၊ ဒီအမြင်ဟာ နိဗ္ဗာန်ရမဲ့အမြင်မှန်ဘဲလို့သာ ဆုံးဖြတ်ချက်ချလိုက်ကြ။

ဒကာ, ဒကာတို့ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ရမယ်၊ ဥပမာ···· ဘယ်ဘက်,လက်မောင်းကို ညာဘက်,လက်ညှိုးလက်သဲကလေးနဲ့ ခြစ်ဖိးကြည့်လိုက်ဒီလိုခြစ်လိုက်တဲ့အခါ ပေါ်ပီး ပျောက်လိုက်သွားဒါဘဲ၊

အဲဒါဟာ နာတဲ့နာမ်တွေပေါ်ပြီးပျောက်တာဘဲ၊ ဒီဟာကို ကိုယ်တိုင် လုပ်ကြည့်၊ ကြည့်ရင်တွေ့ရ သိရမယ်၊ဒီမှာပေါ်ပြီး ဒီမှာတင်ပျောက် တာဘဲ၊ ပေါ်တဲ့ဟာ ပေါ်တဲ့နေရာမှာဘဲ ပျောက်ရတယ်၊ ရှင်းကြရဲ့ လား?။

မူလ ရှေးကပေါ်တဲ့ဟာ အဲဒီမူလနေရာ ရှေ့မှာတင် ပျောက်သွား တယ်၊ ဒီမှာနာဒါ ဒီမှာတင်ပျောက်တယ်၊ ဟိုမှာနာဒါ ဟိုမှာတင် မရှိဘူး၊ ဖြစ်တဲ့နေရာမှာတင် ချုပ်ပျက်သွားတယ်ဆိုဒါမှတ်ကြ၊ အဲဒီ လို လုပ်ပြီး ဉာဏ်နဲ့ကြည့်ရင် ဖြစ်ပြီး ပျက်သွားတဲ့ သဘောကိုတွေ့ရ မယ်၊ ဉာဏ်ဆိုဒါ တွေးလုံး၊ သေသေချာချာ ဉာဏ်နဲ့တွေးကြည့်ရင် အမှန်အကန်သိရမယ်၊သဘောပါကြပလား?ဉာဏ်နဲ့တွေးကြည့်ကြ၊

အညောင်းနာကလေး နာလာတယ်ဆိုရင် အဲဒီအညောင်းနာဟာနာပြီးဒါနဲ့ ဒီနေရာတင် ပျောက်သွားဒါဘဲ၊ စားစိတ်ပေါ်လဲ ဒီမှာတင် ပျောက် တာဘဲ၊အဲဒါဟာ ရုပ်နာမ်က ပြောဒါဘဲ၊ သူပြောဒါကို ဉာဏ်နဲ့ကြည့် ကြည့်တော့ ကိုယ့်ရုပ်နာမ်မဟုတ်၊ ဖြစ်ပျက်ရုပ်နာမ်ဘဲလို့ သိရတယ်၊ ဒီရုပ်နာမ် သဘောတွေဟာ ငါ့ကိုယ်ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ဖြစ် ပျက် ရုပ်နာမ်၊ အနိစ္စ ရုပ်နာမ်တွေဘဲ၊ သဘောပါကြရဲ့လား?၊

ဒီသဘောကို ဉာဏ်နဲ့တွေးကြည့်တော့၊ ကိုယ်ပိုင် မဟုတ်တာကို ရုပ်နာမ်က ပြောတယ်၊ ဒါကို ကြက်ကန်းစွဲ စွဲပြီးတော့ ငါဘဲလို့ စွဲချ လိုက်တယ်၊ မဟုတ်ဘဲနဲ့ ရမ်းစွဲလိုက်တာ ဒီကစွဲတုန်း ဟိုကမရှိဘူး၊ ရုပ်နာမ်က ဖြစ်ပျက်သွားဘာ မရှိတော့ဘူး၊ အဲဒီတော့ မရှိဒါဟာ…

ငါ့ဟာဆိုလို့ ဖြစ်ပါ့မလား? မဖြစ်ပါဘူး၊ စိတ်နှလုံးသူဆိုရင် ဒီအသုံးကို မသုံးနဲ့တော့လို့ သတိပေးလိုက်တယ်၊ ရိပ်မိပလား?။

ဒကာ ဒကာမတို့ ဒီအသုံးကို မသုံးနဲ့တော့ဆိုဒါဟာ ငါမဟုတ်လို့ ငါအဖြုတ်ခိုင်းဒါတဲ့လို့ မှတ်ရမယ်၊ ငါအဖြုတ်ခိုင်းဒါ ဘုန်းကြီးက ခိုင်းဒါမဟုတ်ဘူး ရုပ်နာမ်က ခိုင်းဒါတဲ့ဆိုဒါ မှတ်ကြ၊ ဒကာ ဒကာမတို့ ဒီနာမ်ရုပ်အပေါ်မှာ "ကျားနာစွဲ၊ ကြက်ကန်းစွဲ၊ လိပ်ကန်းစွဲ" မစွဲနဲ့တော့လို့ သတိပေးလိုက်တယ်၊ ရုပ်နာမ်က သူ့သဘောအတိုင်း ဖြစ်ပျက်နေတယ်၊ သူ့သဘော အတိုင်း ဖြစ်ပျက်နေဒါကို ဉာဏ်ကမြင်နေတော့အဲဒါဟာ "ပရတော" သူစိမ်းပြင်ပဖြစ်နေဒါတဲ့ ရိပ်မိကြရဲ့လား?။

ရုပ်နာမ်က သူ့သဘောအတိုင်း သူစိမ်းပြင်ပ ဖြစ်နေဒါကို ဉာဏ်က မြင်နေ သိနေမယ် အဲဒီလိုသိနေတော့ ဒီဒွိတကျော ပြုတ်၊ ဥပါဒါန်ပြုတ်၊ ကမ္မဘာပြုတ်၊ နောက်သာမှ ဇာတိ ဇရာ မရဏ စတဲ့ဟာတွေလဲ အကုန်ပြုတ်တော့ဒါတဲ့ ဒကာ ဒကာမတွေ၊ သဘောပါကြရဲ့လား။

ဥပမာ-ဆိုရင် မိမိရဲ့ ခပ်လှမ်းလှမ်း တနေရာမှာ လေဘိုက်လို့ သစ်ပင်လှုပ်နေတယ်ဆိုပါတော့၊ အဲဒီသစ်ပင်ဟာ အဝေးမှာ လှုပ်တာ သူ့လေနဲ့သူ လှုပ်တာ၊ အဲဒီလို အဝေးက သစ်ပင်လှုပ်တာ မြင်ရင် ကိုယ်အိပ်ရာနဲ့ဝေးတော့ သူ့သဘောတဲ့ ကိုးလို့ ထားလိုက်နိုင်တယ်၊ ကိုယ်နဲ့ဘာမှမဆိုင်ဘူးဆိုတဲ့စိတ်ကို ထားနိုင်တယ်၊ အဲဒီအတိုင်းဘဲဘဲ့

ဒကာ့ဒကာတို့ခန္ဓာပေါ်မှာ ဒီအတိုင်းမြင်ရမှာ၊ ရုပ်နာမ်တွေအပေါ်မှာ ဒီလိုဘဲ သူ့စိမ်းမြင့် မြင်ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ခန္ဓာပေါ်မှာ သူ့စိမ်းမြင့် မြင်ရမယ်၊ ရိပ်မိကြပလား?။

ဒကာ့ဒကာမတို့ ဉာဏ်ရှေ့ရောက်တဲ့ ရုပ်နာမ်ကို ကြောက်လဲ မကြောက်နဲ့ စိုးရိမ်မှု့ ကြောင့်ကျမှုလဲ မပြုနဲ့၊ ပရတော· ဆိုတဲ့အတိုင်း သူ့စိမ်းပြင်ပ အမြင်ဉာဏ်နဲ့ မြင်အောင်ကြည့်ပေးရမယ်၊ လေတိုက်လို့ သစ်ပင်လှုပ်တာ မြင်ရတဲ့အခါ ကြောက်လဲ မကြောက်သလို၊ မစိုးရိမ် သလိုဘဲ သဘောထားရမယ်၊ ဒကာတို့ဘတွေက ကိုယ့်သစ်ပင် ဆိုရင် လှုပ်ချင် လှုပ်နေကြအုံးမယ်၊ ဒါကြောင့် ဘာမှမဆိုင်တဲ့ အဝေးက သစ်ပင်လို သဘောသားရမယ်ဆိုဒါ မှတ်လိုက်ကြ၊

ဘာနဲ့မှ မဆိုင်တဲ့ သစ်ပင် လှုပ်သလို သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ခန္ဓာကို မြင်အောင်ကြည့်ပေးကြ ဒီလိုမြင်လို့ သူ့စိမ်းထင်ရင် သက္ကာယချုပ်တာဘဲ၊သက္ကာယချုပ်တော့ နောက်ကတဏှာချုပ် ဥပါဒါန်ချုပ် ကံချုပ် နောက်ဇာတိ ဇရာ မရဏတွေ မလာတော့ဘူး အကုန်ချုပ်တော့ဒါဘဲ၊ ဒကာ့ဒကာမတွေ သဘောပါကြရဲ့လား?၊ သူ့စိမ်းမြင့်မြင်အောင် ကြည့်နိုင်တဲ့ဉာဏ်ဟာ ဘယ်လောက် ကျေးဇူး များသွားသလဲ?၊ ရိပ်မိကြရဲ့လား?။

ဒကာတို့ဘတွေက 'မိမိရုပ်နာမ် သူ့စိမ်း ကြည့်ကြည့်ဘို့မလွယ်ဘူး ဘုရား”နဲ့ လာချင်လာမယ်၊ ဒီဆင်ခြေမျိုးကို လက်သင့်မခံကြနဲ့၊ မလာကြစေနဲ့၊ မိမိနဲ့အဘူမွေးပေမဲ့ ရုပ်နာမ် ခန္ဓာဟာ ကိုယ့်အလို

မပါဘူး၊ကိုယ့်အလို မလိုက်လို့၊ ကိုယ့်အကြိုက် မပါဒါမို့၊ သူစိမ်းဘဲလို့သာ ဆုံးဖြတ်ချက်ချကြ၊ ရှင်းကြရဲ့လား?။

ဒီ·ရုပ်နာမ်ခန္ဓာဟာ ကိုယ့်အလို မပါလို့ သူစိမ်းချည့်ဘဲ၊ ဒါကို ဉာဏ်က သူစိမ်းမြင်, မြင်ဘို့ အရေးကြီးတယ်၊ ဖြစ်ပေါ် လာလိုက်၊ ပျောက်ပျက်သွားလိုက်, ဖြစ်လာလိုက် ပျက်စီးသွားလိုက်နဲ့ တားမရ ဆီးမရနဲ့ သူ့သဘော သူဆောင်ရွက်နေကြဒါဘဲ၊ အဲဒီ အခါမှာ အောင်··"သူ့သဘောဘဲကိုး"လို့ ဉာဏ်က ဆုံးဖြတ်ချက် ချနိုင်ရမယ်၊ ဒကာ,ဒကာမတွေ သဘောပါကြပလား?။

အဲဒီလိုဉာဏ်က"ရုပ်နာမ်သက်သက် ဖြစ်ပျက်တွေဘဲ၊ ဒီထဲမှာ ငါ မပါဘူး၊ မိမိနဲ့ ဘာမှ မဆိုင်ဘူး၊ ရုပ်နာမ် အနိစ္စတွေဘဲ၊ သူစိမ်း သဘောတွေဘဲ"လို့ ဉာဏ်က ဆုံးဖြတ်နိုင်ရင်၊ သက္ကာယချုပ်၊ တဏှာ ချုပ်၊ ဥပါဒါန်ချုပ်၊ ကမ်,ဇာတိ,ဇရာ,မရဏစတဲ့ တရားတွေ မလာ တော့ဘူး၊ မလာတော့ အပါယ် ဇာတိ,လူ ဇာတိ, နတ် ဇာတိတွေ အကုန်သေတော့ဒါဘဲ၊ ကျေနပ်ပလား?။

လောကမျက်လုံးနဲ့ ကြည့်တော့ "ကိုယ့် သားသမီးလေးဘဲ ချစ်ရ ခင်ရ, ကြင်နာရမှာပေါ့၊ အခုတော့ သူလုပ်ပုံက သူစိမ်းသဘောဘဲ' နဲ့ ပြောကြတယ်၊ ဥပမာ ခလေးတွေ ဒဏ်ရာ အနာတရနဲ့ လဲကွဲပြီး နေဒါ တွေ့ရတော့ "စောင့်ရှောက်သူက သူစိမ်းထင်ပါရဲ့"နဲ့ ပြော ကြ ဆိုကြတယ်၊အဲဒါဟာစောင့်ရှောက်သူက မကြည့်မိတော့ တဏှာ ဒိဋ္ဌိက သူစိမ်းကြည့်,ကြည့်တယ်လို့ ပြောလိုက်တာဘဲ။

တကျော့ ဒိဋ္ဌိတို့က ဘုရားစကားနဲ့ ကန့်လန့်လုပ်တယ်၊ အမှန်တရား သစ္စာတရားနဲ့ လဲပြောင်းပြန်လုပ်တယ်၊ ပြောင်းပြန် ကန့်လန့်လုပ်ပြီး၊ ဒကာတို့ကို အပါယ်ချည့် ပို့မယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာ ဒကာမတွေကို ဘုန်းကြီးက မေးလိုက်ပါတယ်၊ "အပါယ် ကျချင်သလား?၊ နိဗ္ဗာန်ရချင်သလား?" လို့၊ အပါယ်မကျချင်ဘူး၊ နိဗ္ဗာန်ရချင်တယ်-တဲ့၊ မှန်မှန်ပြောကြ၊ နိဗ္ဗာန်ရချင်ဒါမှန်ရင် သူစိမ်း ဖြစ်လို့ သူစိမ်းကြည့် ကြည့်ကြ၊ သူစိမ်းမြင် မြင်ရင် နိဗ္ဗာန် ရမယ်၊ ရှင်းပလား?။

ရုပ်နာမ် ခန္ဓာက သူ့သဘော သူဆောင်နေဒါဘဲ၊ အေးလိုက် ပူလိုက် ငြိမ်လိုက် လှုပ်လိုက်၊ အေးချင်တဲ့အခါအေး၊ ပူချင်တဲ့အခါပူ၊ ဘယ်သူမှ လုပ်လို့မရဘူး၊ ဒကာတို့ လုပ်လို့ဖြစ်တာမဟုတ်ဘူး၊ ဒီလို ဖြစ်စေ ဟိုလိုဖြစ်စေ၊ ဘယ်လိုဖြစ်စေ ညာလို့ဖြစ်စေ တောင့်တလို့လဲ မရ၊ ပြုပြင်လို့လဲ မရ၊ သူ့သဘောအတိုင်း သူဆောင်ရွက်နေဒါဘဲရှိ တယ်၊ သဘောပါကြရဲ့လား?။

ဒကာ ဒကာမတွေ အရင်တုန်းက သူစိမ်းကို ဆွေမျိုးလုပ်ခဲ့မိလို့ အပါယ်ချည့်ဘဲ ရောက်ခဲ့ရတယ်၊ ဒကာတို့ အပါယ် ရောက်ကြရဒါ ဟာ သူစိမ်းကို ဆွေမျိုးလုပ်ခဲ့မိလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပ လား?၊ ဒကာတို့က ကြံဖန်လုပ်နေဒါ၊ ရိုးရာအလုပ်တွေပြင်ကြတော့၊ အမှန်ရောက်အောင် လုပ်ကြတော့၊ မလုပ်မိရင် ငရဲကြီးကြီး မီးများ များနဲ့ နေရမယ်လို့သာ မှတ်ကြတော့။

သဘောပါကြရဲ့လား?၊ ငရဲအိုးကြီးကြီး, ငရဲအိုးသေးသေး, မီးများများ, မီးနဲနဲဆိုဒါတွေဟာ ဒကာတွေ့လုပ်တာဘဲ၊ ဘယ်သူမှ လုပ်ပေးဒါမဟုတ်ဘူး၊ ကိုယ်တိုင်လုပ်ယူဒါဘဲဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ရှင်းပလား?၊ အဲဒါတွေဟာ ဉာဏ်မှန်မရတဲ့ သူတွေ လုပ်တာဘဲ၊ ဉာဏ်မှန်မရရင် ဒါတွေချည့် ထပ်တလဲလဲ လုပ်မိနေမယ်၊ အပါယ် လုပ်ငန်းအပြင် ခြားညှပ်စရာ မမြင်တော့ဘူး။

ဒကာတို့ကပြောတတ်ကြတယ်"သူ့အကြောင်းနဲ့သူ့အကျိုးကိုး" တဲ့၊ အဲဒီလိုလဲ သိကြတယ်၊ ငရဲလဲကြောက်တယ်၊ ပါးစပ်ကကြောက်တယ် ဆိုပြီးတော့၊ ငရဲဘဲ တည်ဆောက်နေကြမယ်ဆိုရင်နေရာကျပါအုံးမလား? နေရာမကျတော့ဘူး၊ ရိပ်မိကြပလား?၊ ဒီတော့ ဘုန်းကြီးက သတိပေးလိုက်တယ်"ငရဲမကြောက်ကြနဲ့၊ ဒကာတို့ အထင်တွေကို ကြောက်ကြ၊ ကိုယ့် အထင်လွဲမှုကို ကြောက်ကြပါ" လို့၊ သတိပေးလိုက်တယ်၊ ပေါ်ကြပလား?။

သူ့စိမ်းကိုငါ့ကိုယ် ငါ့ဟာလုပ်၊ မှားသောပုဂ္ဂိုလ် မှားလမ်းသွား၊ မှန်သောပုဂ္ဂိုလ် မှန်တဲ့လမ်းသွား၊ မှားလမ်းက အပါယ်လမ်း၊ မှန်တဲ့လမ်းက နိဗ္ဗာန်လမ်း၊ ရိပ်မိကြပလား?၊ အပါယ်လမ်း သွားဒါ အမြင်မှားနဲ့ သွားကြလေရဲ့ လို့သာ မှတ်လိုက်ကြ၊ အမြင်မှန်က အပါယ်တံခါးပိတ်တယ်၊ သူ့စိမ်းကို သူ့စိမ်းမြင် မြင်ရင် အမြင်မှန်ရလို့ အပါယ်တံခါး ပိတ်တာဘဲ၊ ရှင်းကြရဲ့လား?။

ဘာ့ကြောင့်အပါယ်တံခါးပိတ်ရသလဲ?၊ခန္ဓာ့ရုပ်နာမ်ကို အမြင်မှန်, မြင်တော့ တဏှာချုပ်, ဥပါဒါန်ချုပ်, ကမ်ချုပ်, ဇာတိချုပ်၊ ဇာတိချုပ်တော့ အမြင်မှန် ကြောင့် နိဗ္ဗာန်သွား၊ အပါယ်သွား ကြောင်းချုပ်၊ နိဗ္ဗာန်သွားကြောင်းပေါ်၊ ကျေနပ်ပလား?၊ အပါယ် သွားကြောင်းနဲ့ လွတ်ကြောင်းဟာ အမြင်မှားနဲ့ အမြင်မှန် နှစ်ခုမှာ တည်နေတယ်။

အပါယ် သွားကြောင်းနဲ့ လွတ်ကြောင်းနှစ်ခုဟာ အမြင်မှားနဲ့ အမြင်မှန် နှစ်မျိုးမှာ မှီနေတယ်၊ ဒီနှစ်ခုဘဲ ရှိတယ်ဆိုဒါ ပေါ်ကြပ လား?၊ ဒကာ ဒကာမတွေ"ခရေစေ့ တွင်းကျ"ပြောနေတယ်၊ လေး ဖလး စားစားနဲ့ မှတ်ယူကြ၊ ရုပ်နာမ်ဖြစ်ပျက် မမြင်ဘဲ၊ ငါ, သူ မြင် ရင် အမြင်မှား၊ ရုပ်နာမ်ဖြစ်ပျက်မြင်ဒါတောင်မှ အတုံးအခဲမြင်ရင် အမြင်မှားဘဲ ဆိုဒါ ပြောခဲ့တယ်၊ သိမ်မွေ့ဒါ မြင်မှ အမြင် မှန်ဘဲ၊ ရှင်းကြပလား?။

ဘုရားရှင်က ခန္ဓာငါးပါးကို "ပရတော၊ သုညတော" မြင်ရမယ် လို့ ဟောတော်မူခဲ့တယ်၊ ပရတော-ဆိုတဲ့ အမြင်ဟာ ဒီလို သိမ်သိမ် မွေ့မွေ့ မြင်တဲ့ ရုပ်နာမ်ဖြစ်ပျက် အမြင်ဘဲဆိုဒါ မှတ်ကြ၊ ရုပ်နာမ် ဖြစ်ပျက်မြင်တယ် ဆိုပေမဲ့ သိမ်သိမ်မွေ့မွေ့မြင်မှ ဝိပဿနာ အမြင်၊ အမြင်မှန်ဘဲ၊ ကြမ်းရင် သမထ-မြင်, ပညတ်မြင်၊ အမြင်မှန်မဟုတ် သေးဘူး ဆိုဒါ မှတ်ထားကြ၊ သဘောပါကြပလား?။

အမြင်မှန်နဲ့ အမြင်မှားကို သိမ်မွေ့ဒါ ကြမ်းထမ်းဒါကို ခွဲခြားရမယ်၊ အမြင်မှန်က သိမ်မွေ့နူးညံ့ဒါ၊ အမြင်မှားက ကြမ်းထမ်းဒါ ဒီနှစ်ခုနဲ့ ခွဲခြားပြီး သိရမယ်၊ ရှင်းကြပလား?၊ ဒကာ ဒကာမတို့ သိမ်မွေ့ဒါနဲ့ ကြမ်းထမ်းဒါ ဒီနှစ်ခု ကွဲပြားဒါက တော်သေးတယ်၊ အမြင်မှားကျတော့ မရတော့ဘူး၊ အမြင်မှားကိုပြင်ဘို့က ပိုပြီးအရေးကြီးတယ် ဆိုဒါ မှတ်ရမယ်၊ ကျေနပ်ပလား?။

ဒကာဒကာမတွေ တိတိကျကျ မှတ်ထားဘို့ အချုပ်စကားကို ပြောရမယ် "ရုပ်နာမ် ဖြစ်ပျက် သိမ်မွေ့တဲ့ အမြင်၊ သူစိမ်း (တစိမ်း) သွားမြင်စေချင်တယ်" ဒါအချုပ်စကားဘဲ။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကိလေသာထု ထူလွန်းလို့ နားမလယ် လယ်အောင်၊ မရှင်းဒါ ရှင်းအောင် ဆိုပြီး ဟို ဘက်က လှဲ့သွင်း ဒီဘက်က လှဲ့သွင်းနဲ့ သွင်းပေးနေရတယ်၊ ကိလေသာထု ထူလွန်းလို့ ဉာဏ်မရောက် ရောက်အောင် လှဲ့ပြောနေရတယ်၊ သေသေ ချာချာ နာရီ သုံးမတ်ကြာအောင် ပြောနေရဒါမို့ သာမညမမှတ်နဲ့ လေးလေး စားစားနဲ့ အဝါးဝအောင် မှတ်ယူကြဘို့ တိုက်တွန်းလိုက်တယ်။

ဒကာ ဒကာမတွေ မှတ်မိကြရဲ့လား?၊ သိမ်မွေ့တဲ့ ရုပ်နာမ်ကို၊ တစိမ်း သဘော မြင်ဘို့ဟာ လိုရင်းအချက်ဘဲ၊ ရိပ်မိကြပလား?၊ အခုပြောဒါ တလုံးထဲဘဲ ရှိသေးတယ် မများသေးဘူး၊ ပြန်ပြောပါအုံးမယ်၊ ဒီတရားမှာ "သိမ်မွေ့တဲ့ ရုပ်နာမ်ကို တစိမ်းသဘော မြင်ဘို့ဟာ

လိုရင်းအချက်ဘဲ" ရှင်းကြပလား?၊ ဘယ်မှာမြင်ရမှာလဲ?၊ မိမိခန္ဓာမှာ မြင်ရမှာလို့ဘဲ ဒကာတို့က နှုတ်တက်နေကြတယ်။

"မိမိ"အစွဲနှုတ်တက်နေဒါကိုက ဒီအတိုင်းဘဲရှိသေးတယ်၊ အမှန်က ရုပ်နာမ်ကြည့်ရမှာပါ၊ ဒီကရှေ့ ရုပ်နာမ်ကိုကြည့်ကြ၊ ရုပ်နာမ်ကို ဉာဏ်ရောက်ပါစေ၊ အပြောဟာအပြောဘဲ ထားလိုက်ကြ၊ မိမိ မိမိနဲ့ စွဲမသွားကြနဲ့ အမှတ်နာနေကြတယ်၊ ဒကာတို့တတွေမှာ အမှတ်လွဲတွေနာနေလို့ ဒါလေခက်ဟောနေရဒါ၊တရားအကျဉ်းချုပ်ကတော့ တလုံးထဲ ရှိသေးတယ်၊ ရိပ်မိကြရဲ့လား?။

သိမ်မွေ့တဲ့ ရုပ်နာမ်ဖြစ်ပျက်ကို တစိမ်းအမြင်နဲ့ မြင်အောင်ကြည့်ပါ၊တစိမ်းအမြင်နဲ့မြင်ရင်၊ ပရတော- ဖြစ်သွားဘီ။

ဒကာတို့တတွေက ဘုရားစကားတော်နဲ့ ဗီလာလုပ်နေကြတယ်ဆိုရင် ငြင်းဘို့ရှိသေးသလား?၊"ဒါက ဒို့အရပ်သား၊ ဒါက ဒို့မြို့သား၊ ကမ္ဘာဦးက ဖြဟ္မာက မွေးဒါမို့ဒို့အမျိုးချည့်ဘဲ၊တစိမ်းကိုမပါဘူး" တဲ့၊ဟုတ်ကြရဲ့လား?၊ ဘုရားက တစိမ်းဖြစ်စေချင်တယ်၊ ဒကာတို့က တစိမ်းမရှိတော့ဘူး၊ ဒကာတို့က ဘုရားကို ပြိုင်နေကြဒါသလား? လို့၊ မေးလိုက်ပါတယ်၊ ပေါ်ကြပလား?၊ ကြပ်ကြပ်စဉ်းစားကြ။

ခန္ဓာငါးပါးကို တစိမ်းကြည့်ကြည့်ပါ၊ တစိမ်းမြင်မြင်အောင်လုပ်ပါလို့ဟောဒါ ဘာ့ကြောင့်လဲ?၊ ဘယ်လို ကျေးဇူးများသလဲ?၊ တစိမ်းမြင်တော့အခင်လွတ်တယ်၊အခင်လွတ်တော့ တဏှာ,ဥပါဒါန်ကမ်တွေချုပ်တယ်၊ နောက်-ဇာတိလဲ ချုပ်တယ်၊ ဇာတိ ချုပ်တော့

"အဇာတိ" နိဗ္ဗာန်"ဘဲ၊ သဘောပါကြရဲ့လား?၊ ဒါ ဘယ်သူ့ဟာ ဒါတုံး?ဆိုတော့ အရှင်သာရိပုတ္တရာ ဟောဒါဘဲလို့ မှတ်လိုက်ကြ။

ဒကာ ဒကာမတို့ ဒီတရားဟာ မနေ့က ဟောတဲ့တရားကိုဆက်ပြီး ပေးဒါဘဲ၊ ရှင်သာရိပုတ္တရာဟောတဲ့ မနေ့ကတရားကို ဆက်တာ အင်မတန် ဥာဏ်ကြီးတဲ့ပုဂ္ဂိုလ် ဟောထားဒါ၊ သူ့ဥာဏ်က နှစ်သင်္ချေနဲ့ ကမ္ဘာတသိန်း ကျင့်မှရဒါ၊ ဒါလောက် ကြာအောင် ကျင့်ရဒါ၊ ဒါ လေး ဟောချင်လို့ ကျင့်ရဒါဘဲဆိုရင် မမှားဘူး၊ အတော် ခဲခဲ ယဉ်း ယဉ်း ကျင့်လို့ ဟောနိုင်ဒါ၊ ပညာအရာမှာ တေဒဂ်ရတဲ့ ပုဂ္ဂိုလ်ဘဲ၊ ရိပ်မိကြရဲ့လား?။

အခု ဒကာ ဒကာမတွေမှာ တနာရီလောက် အချိန်ကလေး အတွင်းမှာဒီတရားကိုရကြတယ်၊ အလွန်တိုတောင်းတဲ့အချိန်အတွင်းမှာ အင်မတန် နက်နဲတဲ့တရားကို အလွယ်တကူနဲ့ ရကြတယ်ဆိုဒါ အလွန် ကံကောင်းကြလို့သာဘဲ၊ အလွယ်နဲ့ရလို့ဆိုပြီး အလဟဿ အလေနတော၊ သဘောမထားလိုက်ပါနဲ့ ဖြုန်းတီးမပစ်ကြနဲ့လို့ သတိပေး လိုက်တယ်၊ အလွယ်နဲ့ရတဲ့ငွေကို ဖြုန်းပစ်သလို ဖြုန်းတတ်ကြလို့ မဖြုန်းကြနဲ့လို့ ပြောရတယ်။

ဒကာ ဒကာမတွေ တရားတော်ရဲ့ တန်ဘိုးကိုလဲ နားလယ်ကြပါ မိမိရဲ့ တန်ဘိုးကိုလဲ ရိပ်မိကြပါ၊ နဲတဲ့အခွင့်အရေးလဲ မဟုတ်ဘူး၊ သာမည အဖြစ်မျိုးလဲ မဟုတ်ကြဘူး၊ အင်မတန်ကြီးကျယ်တဲ့ အခွင့် အရေးကို အင်မတန် မြင့်မြတ်တဲ့ အခြေအနေနဲ့ ရလာကြဒါပါ၊

ဒါကြောင့် အလွဲသုံးစား မလုပ်လိုက်ကြနဲ့လို့ အကြီးအကျယ်သတိပေးလိုက်ပါတယ်၊ ကျေနပ်ကြရဲ့လား?။

ဒကာတို့ဟာ ဒီတရားမျိုး ဒီနည်းမျိုးနဲ့ ကြုံတောင်းကြုံခဲ ကြုံရဒါမို့၊ ဒီဘဝမှာတင် ကျွတ်တန်းဝင်မဲ့ ပုဂ္ဂိုလ်တွေ ဝင်နိုင်တဲ့ သူတွေ ချည့်ဘဲဆိုရင် မလွဲဘူး၊ ဒါကြောင့် ကြိုးစားယူကြ၊ ဖြစ်ပျက်ရုပ်နာမ်ကို တစိမ်းမြင် မြင်အောင်ကြည့်ပေးကြ၊ ဒကာ ဒကာမတို့ "ဖြစ်ပျက်ရုပ်နာမ်ကို တစိမ်း အမြင်နဲ့ မြင်အောင်သာ ကြည့်ရင်၊ ဒီဘဝမှာ ကိစ္စပြီးတယ်" ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ဒကာ ဒကာမတို့အရှင်သာရိပုတ္တရာကိုယ်တော်ကြီးကိုငဲ့ဘို့ခသင့်ဘူးလား?၊ သူ့အတွက် ငဲ့ဘို့ကောင်းတယ် ဆိုဒါ ရိပ်မိကြ၊ ဒီတရားဟာ နှစ်သချိုနဲ့ ကမ္ဘာတသိန်း တရားဘဲ၊ အလွန်ဂရုစိုက်ပြီး မမေ့အောင် လုပ်ကြရမယ်၊ ပေါ့ပေါ့ကလေး မလုပ်လိုက်ကြနဲ့၊ ရိပ်မိကြပလား?၊ ကိုယ့်ကိုယ်ကို သနားသဖြင့်လဲ ကြိုးစားကြရမယ်၊ ကိုယ်တော်ကြီးရဲ့ ကျေးဇူးတွေကို ဆပ်ရာရောက်အောင် မမေ့သင့်ဘူး ဆိုဒါ မှတ်လိုက်ကြ။

သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ ဝါလဂ္ဂံ ဥသုနာ ယထာ။
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နော စ အတ္တတော။ ။
( ထေရဂါထာ ပါဠိတော် )

ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်၊ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး၊ ရုပ် နာမ် တရားတို့ကို။ ပရတော၊ သူစိမ်းပြင်ပ၊ အနေအားဖြင့်။ ပဿန္တိ၊ ရှုမြင်

နိုင်ကြကုန်၏။ အတ္တတော၊ ငါ့ကိုယ် ငါ့ဟာ ငါဟူသော အနေအားဖြင့်။ နောစပဿန္တိ၊ မရှုမမြင်နိုင်ကြကုန်။ တော၊ ထိုပုဂ္ဂိုလ်တို့သည်။ ဝါလဂ္ဂံ၊ သားမြီးဖျားကို။ ဥသုနာ၊ မြားဖြင့်။ ပဋိဝိဇ္ဈန္တိ ယထာ၊ ဖေါက်ထွင်းခွဲလစ် စူးဝင်အောင် ပစ်နိုင်ကုန်သကဲ့သို့၊ သုခုမံ၊ ရုပ်နာမ်ဘာဝ၊ ပရမတ္ထအစု၊ ခါတ်အနုကို။ ပဋိဝိဇ္ဈန္တိ၊ ဉာဏ်မြားဖေါက်ခွင်းထိုးထွင်းနိုင်သော သူတို့မည်ပါပေကုန်၏။

ဒကာ ဒကာမတို့ ရုပ်နာမ်ဖြစ်ပျက်ကို တစိမ်းသဘောမြင်အောင် ကြည့်နိုင်ရင် နိဗ္ဗာန်ရမယ်-တဲ့၊ သဘောပါကြရဲ့လား?၊ ဒါကြောင့် နိဗ္ဗာန်ရချင်ရင် ရုပ်နာမ် ဖြစ်ပျက်ကို တစိမ်းမြင်၊ မြင်အောင် ကြည့်ပေးကြ၊ ဒီလိုမြင်အောင် ကြည့်နိုင်ရင် နိဗ္ဗာန်ကို အမြန်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ကို မှတ်မိကြလား?။

ဒကာတို့ လုပ်ပုံတွေက ပြောင်းပြန် ချည့်ဘဲ၊ ဘုရားက တစိမ်းဖြစ်စေချင်တယ်၊ ဒကာတို့တတွေက တစိမ်းမဖြစ်တဲ့အပြင် "ငါတို့ကို ဘယ်လို အမျိုးမှတ်လို့တုံး?၊ ဒို့က ဇာမဏီမျိုးတွေ-တဲ့၊ အမွေးတပင်တောင် အထိမခံဘူး"နဲ့၊အလွန်ဆိုးဝါးနေကြတယ်၊ ဘုရားကို ထော်လော်ကန့်လန့် လုပ်သလို ကျနေကြဘိ၊ ရိပ်မိကြရဲ့လား?။

ခန္ဓာရုပ်နာမ် ဖြစ်ပျက်ကို တစိမ်းသွား မြင်အောင်ကြည့်ပေးကြ၊ သဘောပါကြပလား?၊ ဥပမာအားဖြင့်အလွန်သေးငယ်တဲ့ သားမြီးဖျားကို အလယ်က ဖေါက်ထွင်း သွားအောင် မြားနဲ့ ပစ်နိုင်ဘို့ရာ အလွန်တရာ ခဲယဉ်းပါတယ်၊ အဲဒီ ခဲယဉ်းတဲ့ဟာကို ဖေါက်ထွင်း

သွားအောင်၊ ပစ်နိုင်သလို အင်မတန် နူးညံ့သိမ်မွေ့တဲ့ ရုပ်နာမ်ကို တစိမ်းမြင်၊ မြင်ဘို့ ပိုပြီး ခဲကဥ်းတယ်၊ အဲဒီ ခဲယဉ်းဒါကို မြင်အောင် ကြည့်နိုင်မှ နိဗ္ဗာန်ရောက်မဲ့ ပုဂ္ဂိုလ်ဖြစ်မယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ဒီခန္ဓာဟာ ဝိပါကဝဋ်ကောင်ကြီးဖြစ်လို့ ဒီ-ဖြစ်ပျက် ဒုက္ခနဲ့ဘဲ နေရမယ်၊ ဒီ-ဖြစ်ပျက် ဒုက္ခ ဝိပါက ဝဋ်ကြီးကို၊ ပဌမ, တစိမ်းသဘော မြင်အောင်ကြည့်၊ နောက်-ဆက်ပြီး မုန်းအောင် ရွံအောင်ကြည့်၊ ဒီလို အကြည့်များရင် မုန်းလို့, ရွံလို့ ဒီအပေါ်မှာ မချစ်ခင်တော့ဘူး၊ ဒီ-ဒုက္ခသစ္စာ ဝိပါက်ကောင်ကြီးနဲ့ဖြင့် နေဘဲမနေချင်တော့ပါဘူး ဆိုပြီး တနေရာမှာ မဂ်ဉာဏ်လာဒါဘဲ မဂ်ဉာဏ်လဲ့ လာရော တစိမ်းတွေ အကုန်ချုပ်၊ ဒုက္ခ ရောက်နေတဲ့ ရုပ်နာမ်တွေ ပျောက်၊ နိဗ္ဗာန်ပေါ်လာဒါဘဲ၊ ရှင်းကြပလား?။

အဲဒါကြောင့် ဖြစ်ပျက်ရုပ်နာမ်ကို၊ ပဌမ,တစိမ်းမြင်,မြင်အောင် ဒုတိယ,မုန်းအောင်၊ တတိယ,ဆုံးအောင် ကြည့်ပေးကြလို့ တိုက်တွန်း လိုက်တယ်၊ ကျေနပ်ကြပလား ?။

ကိုင်း -ယနေ့--ဒီတွင်ဘဲ--တော်ကြအုံးစို့။

# ဓမ္မရတနာ - မာတိကာ

**"တဏှာပွါးစီး ပါယ်ခရီး, တဏှာသတ်မှ ချမ်းသာရ, တရားတော်"**

**အမြင်နှစ်မျိုး**

(၁) မိဘရိုးရာ အမြင်....

အဆင်းရုပ် အကောင်း, အဆိုး } လောဘ, ဒေါသဖြစ်၊
အသိစိတ်- ကောင်း, မကောင်း } ဒုက္ခစက်လည်။

(၂) အရိယာ အမြင်....

အဆင်းရုပ် — ဖြစ် - ပျက် } နောက်က မဂ်ဖြစ်။
အသိစိတ် — ဖြစ် - ပျက် } ဒုက္ခ စက်ပြတ်၊

**ဆောင်ပုဒ်**

အဆင်း တည့်တည့်၊ မျက်လုံးလှည့်၊ မြင်သိစိတ်ပေါ်လာ။
စက္ခုံ့ပဋိစ္စ၊ရူပေစ၊နေတ္တဝိညာဏာ (နေတ္တ-စက္ခု မျက်စိ)
အကြောင်းဆုံမှ၊ ပေါ်လာကြ၊ မူလ မရှိပါ။
စက္ခုဝိညာဏ်၊ ညွှတ်သည်မှန်၊ ဖြစ်ပြန် ပျက်မြဲသာ။
ကြောင်းကျိုး ဆက်ဆက်၊ ဖြစ်တုံပျက်၊ စဉ်ဆက် ခြောက်ဒွါရာ၊
အနှစ်မရှိ၊ အကာတိ၊ မျက်လှည့် ဥပမာ၊
မသိမိုက်မဲ၊ တဏှာစွဲ၊ ငါဘဲ ထင်မိရှာ။
မသိ လိုချင်၊ စွဲသမ်းဝင်၊ အားအင်ထုတ်ရှာ- ရခန္ဓာ။
ခန္ဓာရပြန်၊ တဏှုပါဒါန်၊ ကမ္မံ, ဇာတိလာ။
တခုဒွါရ၊ ပဋိစ္စ၊ ဒုက္ခ စက်လှည့်ကာ။
ဒွါရခြောက်ခွင်၊ သတိယှဉ်၊ ဥာဏ်မြင်ရှုကြည့်ရာ။
ဖြစ်ပျက်မြင်က၊ နောက် မဂ္ဂ၊ ဒုက္ခ ပြတ်နည်းနာ။

**တရားသား** ဒီကနေ့ တကျော့ပွါးစီးခြင်းနဲ့ တကျော့ဖြတ်ဘို့အကြောင်း ကို ပြောလိမ့်မယ်လို့ မှတ်ကြ၊ ။ ဒီဘက်က မြင်စရာ အဆင်း၊ ဒီက မျက်လုံး သူတို့နှစ်ခုတဲ့ ရင် မြင်စိတ်ပေါ်မယ်၊ မတဲ့ရင် မပေါ်နိုင်ဘူး၊ မြင်စရာ အဆင်းရုပ်နဲ့ မျက်စိ အကြည်ဓါတ် ရုပ်နှစ်ခု တဲ့ နေမှ မြင်တယ်၊ ကျောပေးနေရင် မမြင်ဘူးလို့ မှတ်ကြ၊ ရှင်းပ လား?။

ဒီ·မြင်စိတ်ကလေးဟာ အကြောင်းတိုက်ဆိုင်မှ ပေါ်လာဒါ၊ နဂို က ရှိနေဒါမဟုတ်ဘူး၊ ရူပါရုံဆိုတဲ့ အဆင်း ရုပ်တရား စက္ခုပလာဒ ဆိုတဲ့ မျက်စိအကြည်ရုပ်၊ သူတို့နှစ်ခုကြောင့် သူတို့နှစ်ခုအကြောင်း ပြုပီး ပေါ်လာတဲ့ စက္ခုဝိညာဏ် မျက်စိ အသိစိတ်ကလေးလို့ မှတ် ထားကြ၊ ဒါကြောင့် ဒီစက္ခုဝိညာဏ် စိတ်ကလေးဟာ နဂိုကရှိနေဒါ မဟုတ်၊ အကြောင်းတိုက်ဆိုင်မှ ပေါ်ဒါဆိုတဲ့ အချက်၊ ရှင်းကြရဲ့ လား ?။

စက္ခုဝိညာဏ်ဆိုတဲ့ ဒီမြင်စိတ်ကလေးဟာ အဆင်းရုပ်နဲ့ အကြည် ရုပ် နှစ်ခုရဲ့ နောက်မှ ပေါ်လာဒါ၊ ဒီတော့ ဒီမြင်စိတ်ကလေးဟာ ဧည့်သယ်စိတ်ဘဲလို့ သိထားကြ၊ သူကလဲ သိတ်အသက်မရှေဘူး၊ သူ့အသက်က ၁·နဲ့ ၂·ဘဲ ရှေတယ်၊ တစ်ဆိုဖြစ်ပီး နှစ်ဆိုပျက်သွား ဒါဘဲရှိတယ်၊ ဒီတော့ ဒီဧည့်သည် မြင်စိတ်ကလေးဟာ အဖြစ်နဲ့အပျက် ဖြစ်ပျက်ဘဲရှိတယ်ဆိုတဲ့ အချက်ကို မြဲမြဲစွဲစွဲ မှတ်ထားလိုက်ကြ ၊ ၊ သဘောပါကြရဲ့လား?။

ဥပမာဆိုပါတော့ လကွင်း (ရကွင်း)နှစ်ခုမှာ နဂိုက အသံရှိ သလား?၊ မရှိပါဘူး၊ ဒါပေမဲ့ တခုနဲ့တခု တီးလိုက်တဲ့ အခါမှာ အသံပေါ်လာရတယ်၊ ဒီလကွင်း (ခွက်ခွင်း)နှစ်ခုမှာ နဂိုက အသံမရှိသလို ဒီ-မြင်စိတ်ကလေးကလဲ ရှိပြီးနေနှင့်ဒါ မဟုတ်သေးဘူး၊ လကွင်း (ခွက်ခွင်း) နှစ်ခု တီးခတ်တဲ့အခါ အသံပေါ်လာရသလို မျက်လုံးအကြည်နဲ့ ရူပါရုံတွေ့ဆုံတဲ့အခါမှာမှ ဒီမြင်စိတ်ကလေး ပေါ်လာတယ်လို့ မှတ်ကြ၊ ရှင်းကြပလား ?။

ကြည့်လို့မြင်ဒါဟာ မြင်စိတ်ကမြင်ဒါ မြင်စိတ်ကလေးဟာမြင်ပြီး ချုပ်သွားဒါဘဲ ၊ မြင်တဲ့အရာဝတ္ထုက ကောင်းရင် လိုချင်တယ်ဆိုတဲ့ စိတ်ဖြစ်တယ်၊ ဘာကိုလိုချင်တုံးဆိုတော့ အဆင်းကို လိုချင်ဒါ၊ မြင်ဒါကတခြား လိုချင်ဒါက တခြားဘဲလို့မှတ်၊ မကောင်းဒါ မြင်ရရင် မုန်းတယ် မုန်းတဲ့စိတ်ဖြစ်မယ်၊ အဲဒီမှာလဲ မြင်တဲ့စိတ်ကတခြား၊ မုန်းတဲ့စိတ်က တခြားလို့မှတ်၊ ဒီအထဲမှာ မြင်ဒါက အပြစ်မရှိ၊ မုန်းဒါက အပြစ်ရှိဘယ်၊ လိုချင်ဒါက အပြစ်ရှိဘယ်၊ "ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ"ဆိုတဲ့အတိုင်း မြင်စိတ်ကလေးဟာ ဥပေက္ခာ သဘောဘဲ ရှိတဲ့အတွက် အပြစ်မဖြစ်နိုင်ဘူးတဲ့။

မြင်တဲ့နေရာမှာ လိုချင်တဲ့သဘော ဝင်လာရင် လိုချင်ပြီးစွဲလမ်းရော၊ စွဲလမ်းတော့ အားထုတ်၊ အားထုတ်တော့ ရတော့ဒါဘဲ၊ ဘာကိုရသလဲ?၊ ပဋိသန္ဓေကနေ ခန္ဓာရတော့ဒါပေါ့၊ ၊လိုချင်ဒါကတဏှာ စွဲလမ်းဒါက ဥပါဒါန်၊ အားထုတ်တာက ကမ်၊ ရရှိလာဒါက ဇာတိ

ဒီလို ဘဏ္ဍာ, ဥပါဒါန်, ကမ်, ဇာတိ, ဇရာ, မရဏ စတဲ့ ဒုက္ခစက်ကြီး လယ်သွားပါရော၊ အဲဒါမြင်လုံးလေးကိုမသိမ်းဆည်းနိုင်လို့ မျက်သုံး တပေါက်က ပဋိစ္စသမုပ္ပါဒ် ဖြစ်ရပုံဘဲလို့ မှတ်ကြ။

မြင်ဒါကလေး ဘာအပြစ်ရှိတုံး?လို့ ပြောကြမယ်၊ ဒါ မသိလို့ ပြောဒါပါ မြင်ဒါကလေးက မြင်ရုံနဲ့ မပီးလို့ ခရီးဆက်ကြရတယ်၊ ဒီလိုခရီးဆက်တာ သိရတော့၊ ဒီခန္ဓာသူများပေးလို့ ရထားဒါမဟုတ်ဘူး၊ ကိုယ်-ကိုယ်တိုင် အားထုတ်လို့ ရထားတယ်ဆိုတဲ့ အချက် ထင်ရှားပလား?၊ ၊ဘာလို့ အားထုတ်ရသလဲ ? စွဲလမ်းလို့ အားထုတ်တာ ဘာလို့ စွဲလမ်းသလဲ ? လိုချင်လို့ စွဲလမ်းဒါဘဲ၊ ဘာလို့ လိုချင်ရသလဲ ? မျက်လုံးနဲ့ မြင်လို့ဘဲ၊ ရိပ်မိကြပလား?။

ဒီမြင်ဒါနဲ့ ခန္ဓာငါးပါးရလာဒါ ခန္ဓာက ဒုက္ခသစ္စာ ခန္ဓာကြီးဘဲ မမြင်ရင် ဒီဒုက္ခခန္ဓာမရမြင်လို့ရဒါ၊ အဲဒါ ကြြင်းဘို့မရှိတော့ဘူး၊ အားထုတ်တာက မသိလို့ ဒုက္ခသစ္စာမှန်း မသိလို့ဘဲ၊ ဒုက္ခခန္ဓာမှန်း မသိတော့ အားထုတ်ယူ ယူတော့ရဒါပေါ့၊ ဒုက္ခခန္ဓာရဒါဟာ ကိုယ့်ဟာကိုယ် မနေခကံနဲ့ အားထုတ်လို့ အားထုတ်ထားလို့ဘဲ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ ပေးလို့ မဟုတ်ဘူးလို့ မှတ်လိုက်ကြ။

ဒီလို ကိုယ့်ဟာကိုယ် အငြိမ်မနေနိုင်လို့ ရထားဒါဖြစ်တော့၊ ဒို့ ဒကာတွေကို ပြောလိုက်ပါတယ်၊ အနာပေါက်လဲ့ မအောင်နဲ့ မညည်းနဲ့လို့- ခါးနာမယ်, လေနာ- ရင်နာထမယ်, ဘာလာလာ အောင့်ပီး သာခံကြလို့၊ ၊ကိုယ်ကလိုချင်လို့ ရထားဒါဖြစ်တော့ ခံကြတော့ဘဲ

မသိလို့ မှားမိတာဖြစ်လို့ မခံနိုင်ဘူးဆိုရင် ဘာလုပ်ကြမလဲ?၊ လိုချင်တဲ့ တဏှာ, စွဲလမ်းတဲ့ ဥပါဒါန့်ကို သတ်ရမယ်၊ တဏှာနဲ့ ဥပါဒါန်ဆိုဒါ အနုအရင့်သာကွာဒ့ါ၊ နှစ်ခုလုံး လောဘချည့်ဘဲ တခုခုသတ်ရင် ကိစ္စပြီးပါတယ် ဒါကြောင့် မခံချင်ရင် တခုကိုသေအောင်သတ်ကြ။

ခင်ဗျားတို့မြင်ဒါက အမြင်မှားကြီး နဂိုက အမြင်မှားကြီးဆိုတော့ ရဒါကိုသဲ နှမြောပြီးမစွန့်နိုင် မစွန့်ချင်ကြဘူး၊ တခါထဲ စွဲလမ်း ကုတ်ကပ် ထားလိုက်တော့ဒါဘဲ၊ ရလာဒါလဲ မီးခဲ၊ နှမြောဒါလဲ မီးခဲ၊ မစွန့်ချင်ဒါလဲ မီးခဲဘဲ၊ ။ မီးခဲမှန်း ဒုက္ခသစ္စာမှန်းမသိလို့ အားထုတ်, အားထုတ်တော့ ရလာကြ၊ ရကြတော့ အကောင်းကြီးထင်၊ အကောင်းထင်နေတော့ မစွန့်ချင်, မခွါချင် ဖြစ်နေကြတော့ဒါပေါ့၊ ဘုရားက, ဒုက္ခသစ္စာလို့ ဟောထားတယ်၊ ခင်ဗျားတို့က သုခထင်းပြီး မခွဲနိုင်ကြဘူး၊ မခွဲနိုင်တော့ ဘုရားက နိဗ္ဗာန်သွား၊ ခင်ဗျားတို့က အပါယ် သွားကြရော၊ အဲဒါမသိတဲ့မိုက်ပြစ်ဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

ဒို့ဒကာတွေ ဒီလိုဖြစ်ရတာ ဘာကြောင့်လဲ?၊ ဒုက္ခသစ္စာမှန်းမသိကြလို့၊ မသိတော့ ဖြစ်ချင်သလိုဖြစ်ပြီး၊ နစ်ချင်သလိုနစ်ကြဘို့ဘဲရှိတယ် ဆိုဒါ မှတ်ထားကြ၊ ။ အဲဒါ မျက်လုံးပေါက်က ပဋိစ္စသမုပ္ပါဒ်ဖြစ်တာ ဒုက္ခစက်လည်ဒါ မျက်လုံးပေါက်က သံသရာစက် လည်ဒါဘဲ၊ ။
ဒါကြောင့်...

စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ ဝေဒနာပစ္စယာ တဏှာ တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါနပစ္စယာ ကမ္မဘဝေါ။

လို့ ဥပရိပဏ္ဏာသပါဠိတော်မှာ ဟောတော်မူတယ်လို့ မှတ်ရမယ်။

အဝိဇ္ဇာပါယ်က "မျက်လုံးရုပ်၊ အဆင်းရုပ်" နှစ်ခုကိုစွဲကာ အသိစိတ် ဖြစ်ပေါ်ရတယ်၊ ဒီသုံးခုပေါင်းဆုံမှုကြောင့် ဖဿ၊ ဖဿ ကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန် ကြောင့် ကမ္မဘဝ စသည် ဖြစ်လာရတယ်"လို့ ဆိုလိုတယ်။

အဲဒီ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီးဟာ ဖြစ်ပျက် ဖြစ်ပျက်ဆိုပြီး အမြဲတမ်း လှုံ့နေဒါဘဲရှိတယ်၊ နားဖွင့်လဲ ဒီလိုလာဒါဘဲ၊ နှာခေါင်းဖွင့် လျှာဖွင့်၊ ကိုယ်ဖွင့်၊ စိတ်မနောဖွင့်၊ ဖွင့်ချင်ရာဖွင့် မသိဘဲနဲ့ ရမ်းပြီး ဖွင့်လေသမျှ ဒီဒုက္ခစက်က မလွတ်နိုင်ကြဘူး၊ တဒုက္ခပြီး တဒုက္ခ ဖြစ်ပျက်ဒုက္ခတွေဘဲ လာနေမှာဘဲ၊ ၊ခင်ဗျားတို့တတွေက ဒီဒုက္ခတွေ ဒီအသေတွေကိုဘဲ အသေတွေမှန်း ဒုက္ခတွေမှန်း မသိကြတော့ အလွန် ဆိုးဝါးနေဒါပေါ့၊ ဒီလို တရပြီးတခု ဆက်ဆက် သေလိုက်နေတဲ့ ဒုက္ခ သက်သက်ဘဲရှိတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

ခင်ဗျားတို့တတွေက ဒီဒုက္ခသက်သက် အသေခန္ဓာကိုဘဲ ရွှေ ငွေ လုပ် သုံးချင်ကြ သေးတယ်၊ ရှုးချက်များ ဘယ်လောက်သန့်သလဲ ဆိုဒါ စဉ်းစားကြ၊ ၊မမာ မချာ နေထိုင်မကောင်းဖြစ်ပလားဆိုရင် သူများတွေက ခမေးကြ မြန်းကြတဲ့အခါ "အို... မပြောချင်ပါဘူး၊ နေကောင်းလှတယ်လို့ကို မဆိုနိုင်ဘူး၊ ရောဂါက တနေ့ရွှေ တနေ့ငွေ ဆိုသလို ဖြစ်နေဒါပါဘဲ"တဲ့ ၊အမှန်က မနေ့ကသေခါနီး ဒီနေ့အသေဘဲရှိတယ်၊ အမှန်ပြော သစ္စာပြော ပြောရင် အို.. မနေ့ကသေခါနီး ဒီနေ့မှာ အသေပါဘဲလို့ ပြောရမယ်၊ အဲဒါ ဒို့ဒကာတွေက ရွှေ ငွေ လုပ်ပြီး သုံးနေကြတယ်၊ ရိပ်မိပလား ?။

မနေ့ကသေခါနီးနဲ့ ဒီနေ့အသေဘဲရှိဒါကို ရွှေ့ငွေလုပ်ဒီး လူလာတိုင်း ညှော့ခံနေဒါ တော်ရောလား?၊ နောက်ကို သေခါနီးနဲ့ သေဒါဘဲ ရှိတယ်လို့ ပြောကြ၊ ရွှေ့ငွေလုပ်မနေကြနဲ့၊ သူတကာက မေးရင် သစ္စာထိုက်အောင် ပြောကြပါလို့ သတိပေးလိုက်တယ်၊ နောက်ကို သေခါနီးနဲ့သေဒါဘဲ သေချာပါတယ်လို့ပြောကြ၊ ရှင်းကြပလား?၊ ဒီတော့ မျက်လုံးကို မသိဘဲနဲ့ ရမ်းဖွင့်လိုက်တဲ့အပြစ် ဘယ်လောက်ကြီးတယ်ဆိုဒါ ထင်ရှားသွားဘီ။

ဒါကြောင့် ဒို့ဒကာတွေ မျက်လုံးဖွင့်နည်းကို ပြင်ကြရမယ်၊ မိဘရိုးရာ မျက်လုံးကို ပြင်ကြလို့ ပြောလိုက်ပါတယ်၊ မိဘရိုးရာ မျက်လုံးပြင်ပြီး အရိယာရိုးရာ မျက်လုံး ပြောင်းလိုက်ကြ၊ မပြောင်းလို့ မဖြစ်တော့ဘူး၊ မိဘရိုးရာ မျက်လုံးက ဇာတိလမ်းဖြစ်နေတယ်၊ ဇာတိလမ်းဆိုဒါ အဖြစ်လမ်း, ဒုက္ခ-အပွါးလမ်းဘဲ၊ ဒါကြောင့် အဇာတိလမ်းပြောင်းမှ ဖြစ်မယ်ဆိုဒါ ဆုံးဖြတ်ချက်ချလိုက်ကြ၊ ခင်ဗျားတို့တတွေ သံသရာခရီးသွားနေဒါ အဝိုင်းသွား, သွားနေကြဒါ ဖြတ်လမ်းမပါဘူး၊ အဇာတိလမ်း ပြောင်းမှ ခရီးဆုံးကြမယ်၊ ခရီးဆုံးရင် နောက်ခရီးမလာဘူး၊ ဒုက္ခစက်ခရီးလမ်း ပြတ်ပီလို့မှတ်ကြ။

အဇာတိလမ်းရောက်အောင် မိဘရိုးရာမျက်လုံးဖြုတ်ကြ၊ အရိယာမျက်လုံး ပြောင်း, တပ်ကြရမယ်၊ ၊ပြောင်းနည်းက မြင်ရင် အဆင်းသိတဲ့စိတ်လာမယ်၊ အဲဒီအခါမှာ ပဌမ မြင်တဲ့အဆင်း မရှိဘူးလို့ သိလိုက်ရမယ်၊ ဝါ-အဆင်းဖြစ်ပျက်၊ မြင်စိတ်ဖြစ်ပျက်လို့ သိလိုက်ကြ-

ရမယ်၊ ဖြစ်ပျက်က အနိစ္စ· သိ, ဒါက, မဂ်၊ အဲဒီတော့ အနာဂတ် အကျိုးတွေ မလာတော့ဘူး တဏှာ, ဥပါဒါန်, ကမ္မဘဝစတဲ့ အနာဂတ် အကျိုးတွေ မဆက်နိုင်တော့ဘူး၊ အဲဒီလို ပေါ်လာတဲ့စိတ် တခုခုပေါ်မှာ မိအောင်ရှုရမယ်၊ ရှေ့က ဖြစ်ပျက်, နောက်က မဂ်, ဆက်တိုက် လာအောင် ကြိုးစား အားထုတ် ကြရမယ် သဘောပေါက်ကြပလား ?။

ဒို့ဒကာတွေ ဒါသိရရင် ဒီကရှေ့ အကျိုးရှိအောင် မျက်လုံးဖွင့်မယ်လို့စိတ်ကူးကြ· အဲဒါ သတ္တက သမ္ဗဇဉ်ခေါ်တယ်၊မသိတတ်လို့ သိတတ်အောင် ညွှန်ပြတဲ့ ပုဂ္ဂိုလ်က ညွှန်ပြပြီးဘီ၊ ဒါမှ မဖွင့်တတ်ကြဘူးဆိုရင် ဘယ်နှယ်ပြောမလဲ?၊ ကလေးများ အသွားသင်ခါစ သွားတတ်အောင် "သွားတတ်ပေ့, သွားတတ်ပေ့" နဲ့ လုပ်ပေးရသလို ဒို့ဒကာတွေကိုလဲ "ဖွင့်တတ်ပေ့, ဖွင့်တတ်ပေ့"လို့များ လုပ်ပေးရအုံးမှာလားလို့ မေးလိုက်ပါတယ်၊ သဘောပေါက်ကြရဲ့လား ?။

ဒီနေရာမှာ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာလာတဲ့ မာဂဏ္ဍိယပရိဗိုဇ် အကြောင်းကို ပြောရမယ်၊ မြတ်စွာဘုရားသခင် ကုရုတိုင်းမှာ သီတင်းသုံးနေတဲ့အခါဖြစ်တယ်၊ အဲဒီအခါမှာ ဘုရားရှင်က ဘာရဒွါဇပုဏ္ဏားအိမ် မပြတ်- မပြတ်ကြွတော်မူလေ့ရှိတယ်၊ ဘာရဒွါဇ ပုဏ္ဏားကလဲ ဘုရားရှင်ကြွလာတဲ့အခါ သီတင်းသုံးတော်မူဘို့ဆိုပြီးစိမ်းလန်းအေးမြတဲ့ မြက်ခင်းဘလေးတခု လုပ်ထားလေ့ရှိတယ်တဲ့ ။

ဘုရားရှင်ကလဲ နှစ်ရက်-သုံးရက်ဆိုသလို ဘာရဒွါဇပုဏ္ဏား အိမ်ကြွ ကြွလာပြီး ဒီမြက်ခင်းကလေးပေါ်မှာ သီတင်းသုံး နေထိုင်တော်မူတယ်၊ ဒါနဲ့ တနေ့တော့ ဘာရဒွါဇနဲ့ ခင်မင်ပေါင်းဖြစ်တဲ့ မာဂဏ္ဍီယ ပရိဗိုဇ်ဟာ ခရီးကြုံဒါနဲ့ ဘာရဒွါဇအိမ်ကို ဝင်ရောက် လာတယ်တဲ့၊ ဝင်လာတယ်ဆိုရင်ဘဲ ခုနပြောတဲ့မြက်ခင်းကလေးမြင်တော့ ဒီလိုကောင်းမြတ်တဲ့ အခင်းကလေးကို ဘယ်သူထိုင်ဘို့လုပ်ထားသလဲ?၊ စသည်အားဖြင့် မေးမြန်းတယ်။

ဒီတော့ ဘာရဒွါဇပုဏ္ဏားက အရှင်ဂေါတမဘုရားရှင် ထိုင်ဘို့ဆိုတဲ့အကြောင်းနဲ့ ပြန်ပြောတော့ မာဂဏ္ဍီက "အရှင်ဂေါတမ" ဆိုတဲ့အသံမကြားချင်ဘူးတဲ့၊ ဘာလို့လဲဆိုတော့ သူ့စိတ်ထဲမှာ အရှင်ဂေါတမ ဟာ ဆွေပြတ်-မျိုးပြတ် ပုဂ္ဂိုလ် တဦးဘဲလို့ အောက်မေ့ထားလို့ဘဲတဲ့၊ အခုနေမှာမကြားချင်ဒါကြားရ, မမြင်ချင်ဒါမြင်ရဘီလို့ဆိုပြီး ကျုပ်စိတ်မှာ ဂေါတမဆိုတဲ့ အသံ မကြားချင်ပါဘူးဆိုတဲ့ အကြောင်းနဲ့ ဘာရဒွါဇကို ပြောတယ်တဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ သူတို့ကျမ်းစာမှာ ဒီအတိုင်းလာရှိတယ်၊ ဒီလို ပုဂ္ဂိုလ်ဟာ ဆွေပြတ်မျိုးပြတ်ဘဲလို့ ကျမ်းစာက ဒီအတိုင်း ဆိုထားလို့ ဘဲလို့ ပြန်ပြောတယ်။

ဒို့ဒကာတွေ ဒီနေရာမှာ စဉ်းစားဘို့ကောင်းတယ်၊ ခန္ဓာဖြစ်စဉ်ကို စာအုပ်နဲ့ မှတ်တမ်း လုပ်ထားရတယ်၊ ခန္ဓာ ဖြစ်စဉ် အတိအကျကို စာအုပ်မှာရှာလို့မရနိုင်ဘူး၊ ခန္ဓာဖြစ်စဉ်အမှန်သိချင်ရင် ခန္ဓာမှာရှာမှ

တွေ့နိုင်မယ်ဆိုတဲ့ အချက်ဘဲ၊ ဒီတော့ စာမှာဘယ်လို ရှိတယ်, စာက ဘယ်လိုဆိုဒါလား ဆိုပီး စာနဲ့ငြင်းရင် အမှားချည့်ဘဲ၊ မငြင်းကြနဲ့၊ ရှင်းချင်ရင် ခန္ဓာမေးကြည့်၊ ခန္ဓာက အမှန်ပြောလိမ့်မယ်၊ ရှင်းကြပလား ?။

ခန္ဓာအရှိကြည့်မှ တဏှာသေမယ်၊ စာအရှိကြည့်လို့ တဏှာမသေဘူး၊ စာကဒီလိုဆိုတယ် စာနဲ့မညီဘူးဆိုပီး စာအရှိနဲ့ငြင်းကြ ခုံကြ, နောက်-ဗမှန်ဒါချင်း ထ, သတ်ကြ၊ အဲဒီလို မဖြစ်ကြစေနဲ့လို့ သတိပေးလိုက်ပါတယ်၊ စာမှာ တကယ်အဖြစ်မရှိ ခန္ဓာမှာသာ တကယ်အဖြစ်ရှိဒါ၊ ဒါကြောင့် အရှင်သာရိပုတ္တရာမထေရ်က "ကာယမိမံ သမ္မသထ"လို့ ဟောခဲ့ဒါဘဲ၊ သဘောပါကြပလား ?။

ဒါနဲ့ ဝတ္ထုစကား ဆက်ရမယ်၊ ဘာရဒွါဇ ဇာ မာဂဏ္ဍီကို ဒီလိုမပြောဘို့, ဒီလိုမဆိုဘို့ အကြောင်းနဲ့ တောင်းပန်တယ်-တဲ့၊ ဒီ-အရှင်ဂေါတမကို ဘယ်လောက်ပဲ ဂုဏ်ခံနေကြပေမဲ့ ဘသူဖြစ်ဖြစ် နောက်ဆုံး သူ့တပည့် ဖြစ်ရဒါချည့်ဘဲ၊ သူ့ထံမှာ ကျွတ်တန်း ဝင်ရဒါချည့်ဘဲလို့ပြောတယ်၊ ပြောပေမဲ့မရဘူးတဲ့၊ ၊မာဂဏ္ဍီပရဗိုဇ်က တဏှာပြောကြောင်း,တဏှာပွါးစီးကြောင်းသာလုပ်ရမယ်လို့ စာဆိုရှိတယ် ကျမ်းစာက ဒီအတိုင်းဘဲ ဆိုတယ် ဆိုပီး စာဆိုအရှိကိုသာ ဇွတ်ပြောနေတယ်တဲ့၊ နောက်ပီး ဒီအသံကြားရ,မြင်ရ, မင်္ဂလာမရှိတဲ့နေ့ဘဲလို့ စာအကိုးအကားနဲ့ ထပ်ပီး, ဇွတ်ပြောနေပြန်တယ်တဲ့။

အဲဒီအချိန်မှာ ဘုရားရှင်ကလဲ သူတို့နှစ်ဦး ပြောကြ, ဆိုကြတဲ့ စကားအားလုံးကို ဒိဗ္ဗသောတအဘိညာဉ်နဲ့ အကုန်ကြားသိတော်မူတယ်၊ ရွှေဉာဏ်တော်နဲ့ ကြည့်ရှုဆင်ခြင်တဲ့အခါ မာဂဏ္ဍီ ကျွတ်တန်း ဝင်နိုင်ဘို့ကိုလဲ မြင်တော်မူတယ်၊ ၊ ဒါနဲ့ ဘုရားရှင်က ရှုတ်တရက်ချင်း ဆိုသလို သူတို့နှစ်ဦး စကားပြောနေကြတဲ့ နေရာကို ကြွလာပြီး မြက်ခင်းကလေးပေါ် ထိုင်နေတော်မူလိုက်တယ်။

ဘုရားရှင်က ရောက်မဆိုက် ဆိုသလို ဘာရဒွါဇကို မေးလိုက်တယ် တဲ့ "အခုဘင်က မာဂဏ္ဍီနဲ့ အသင်တို့ဟာ ဒီ-မြက်ခင်းနဲ့ ပတ်သက်ပြီး ပြောဆို ငြင်းခုံ နေကြတယ် မဟုတ်လား ?" ဒီလိုမေးလိုက်တော့ ဒို့ပြောတဲ့ အကြောင်းတွေ ဘုရားရှင် သိသွားကုန်ပေါ့ ကိုး လို့ ဆိုပြီး အထိတ်တလန့် ဖြစ်ပြီး ကြက်သီး မွေးညှင်း ထသွားရှာတယ်-တဲ့၊ ၊ ဒါပေမဲ့ မာဂဏ္ဍီကတော့ မသိယောင်လို လုပ်ပြီး နေလိုက်တယ် တဲ့၊ အဲဒါနဲ့ ဘုရားရှင်ကလဲ မာဂဏ္ဍီဘက် လှည့်ပြီး ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်တရားကို ဟောကြားတော်မူတယ်။

"စက္ခုံ ခေါ မာဂဏ္ဍိယ, ရူပါရာမံ ရူပရတံ ရူပသမ္မုဒိတံ တံ တထာဂတဿ ဒန္တံ ဂုတ္တံ ရက္ခိတံ သံဝုတံ၊ တဿစ သံဝရာယ ဓမ္မံ ဒေသေမိတိ"။

ပဋိစ္စသမုပ္ပါဒ် တရား မျက်လုံး ပေါက်က စ, ဖြစ်ပေါ်လာပုံ အစဉ်ကို ဟောပြလိုက်တယ်၊ "ဒါတွေကို ငါက လုံအောင်, စောင့်ရှောက်တယ်၊ ဒီ-အကြောင်းကိုဘဲ ပြောဟော ဆုံးမတယ်" လို့၊

မိန့်ကြားတော်မူလိုက်တယ်၊ ၊နောက်ဆက်ပြီး “ငါက မြင်ရင် မြင်ဒါ ဖြစ်ပျက် ရှုတယ်၊ ရှုတော့ ဇာတိ, ဇရာ, မရဏ မပွားဘူး၊ ငါက ဇာတိ, ဇရာ, မရဏ မပွါးအောင် လုပ်နေဒါ၊ မင်းက ပွား အောင် လုပ်နေဒါဘဲ၊ ၊ငါက ဒုက္ခ ချုပ်အောင်, သံသရာ ခရီးဆုံးအောင် လုပ်တာ၊ မင်းက မဆုံးအောင် လုပ်နေဒါဘဲ” လို့ ဟောတော်မူတယ်ရှင်းကြပလား?။

ကိုင်း--ယနေ့--ဒီတွင်ဘဲ--တော်ကြအုံး။

# ဓမ္မရတနာ - မာတိကာ

## “ ပဋိစ္စသမုပ္ပါဒ် ဉာဏ်ဖြင့်ဖြတ် တရားတော် ”

**ဆောင်ပုဒ်**

ဓမ္မကထာ၊ ဟုတ်မှန်စွာ၊ သစ္စာလွတ်မရှိ။
တရားရှာလိုက်၊ သစ္စာဆိုက်၊ ကောင်းမြိုက် ဟုတ်မှန်သိ။
ဓမ္မမှန်စွာ၊ နာကျင့်ခါ၊ သစ္စာ ဆိုက်လေ၏။
ချိန်ခွင်ဉာဏ်စွဲ၊ လက်ကိုင်မြဲ၊ အလွဲ ဘိတ်မရှိ။
ဆရာများမြောင်၊ အတုရှောင်၊ မြတ်ခေါင် အာစရိ။
ဆရာလွဲလျှင်၊ သံသာခွင်၊ လွဲစင် ကမ်းမရှိ။

**တရားသား** ဒီနေ့ မနေ့က တရားအဆက်ကို ပြောရမယ်၊ မာဂဏ္ဍီ ပရဗိုဇ်ရဲ့ ကျမ်းစာ အရက မြင်ရင် လိုချင်ရမယ်, စွဲလမ်းရမယ်, အားထုတ်ရမယ်လို့ အယူရှိတယ်လို့ မှတ်ကြ၊ ၊ ဘုရားက မြင်ရင်, မြင်စိတ်ကိုဖြစ်ပျက်ရှု၊ မြင်စိတ်ဖြစ်ပီး ပျက်သွားဒါ ဉာဏ်နဲ့မြင်အောင်ကြည့်ပေး၊ လိုချင်တဲ့ဘက် မကူးစေနဲ့လို့ ဟော တော်မူတယ်။

မာဂဏ္ဍီအယူက တဏှာပွားစီးရေး, ခန္ဓာပွားစီးရေး, ဒုက္ခပွားစီး ရေးလို့မှတ်၊ ဘုရားက မြင်ရင်, မြင်ဒါတင်ရပ်၊ မပွားစီးစေနဲ့၊ ပွား စီးတဲ့သူ နောက်ထပ် ခန္ဓာငါးပါးရမယ်လို့ ဟောတယ်၊ ခန္ဓာရတယ် ဆိုဒါ ဇာတိရဒါပေါ့၊ ဇာတိရရင် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ- ဆိုတဲ့ တရားတွေ ပွားစီး လာတော့ မယ် ဆိုဒါ မှတ်ကြ၊ ၊ခင်ဗျားတို့တတွေ မာဂဏ္ဍီပရဗိုဇ် မျိုးတွေမို့၊

ခန္ဓာအမျိုးမျိုး တောင်းနေကြတယ် ဆိုရင် မှားသလား ?၊ ကိုယ်က လိုချင်လို့ ခန္ဓာအမျိုးမျိုးတွေ တောင်းတော့ ရလာကြတယ်၊ အဲဒါ ပွားစီးခြင်း အလုပ်ဘဲ၊ တောင်းဒါဟာ မသိလို့သာ တောင်းဒါဘဲ၊ ရလာတော့ အကောင်း တခုမှမပါ ပါဘူး၊ ဒုက္ခခန္ဓာ အမျိုးမျိုးသာ ရနေကြဒါပါ၊ ရိပ်မိကြပလား ?။

မာဂဏ္ဍီက သူသင်ထားတဲ့ ကျမ်းစာနဲ့ချည့် ကိုင်ပြောနေဒါ၊ ဒို့ ဒကာတွေကို ချိန်ခွင်ပေးလိုက်မယ်၊ စာမှား၊ စာမှန်၊ ဝေဘန်တတ်ဘို့ ကိုယ်ပိုင်ဉာဏ် ချိန်ခွင်ဆောင်ထားကြ၊ ၊ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့စာ ဆိုရင် စာမှန်၊ ပဋိစ္စသမုပ္ပါဒ် ဆက်တဲ့စာဆိုရင်ဖြင့် စာမှားဘဲ ဆိုဒါ မြဲမြဲမှတ်ထားကြ၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့စာက ဒုက္ခဇာတ် သိမ်းပြီး အေးငြိမ်းတဲ့စာ၊ ဆက်တဲ့စာက ဒုက္ခစက် လည်တဲ့စာဘဲ၊ ပဋိစ္စ သမုပ္ပါဒ် မပြတ်တဲ့ စာမှန်ရင် ရေးချင်ရာ ရေးထားတဲ့ စာဘဲလို့သာ မှတ်လိုက်ကြ၊ သဘောပါကြပလား ?။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက " ဓမ္မကထာနာမ သစ္စဝိနိမုတ္တာ နတ္ထိ"လို့ဟောတော်မူထားတယ်၊တရားစစ်၊တရားမှန်ဆိုဒါ သစ္စာနဲ့လွတ်တယ်လို့မရှိဘူးတဲ့၊ ၊ဒို့ဒကာတွေအတွက် ဒါဟာ ချိန်စရာ ချိန်ခွင်ဘဲ၊စာအုပ်တွေရင်ဒီချိန်ခွင်နဲ့ ချိန်ကြည့်၊ဒီချိန်ခွင်နဲ့ ကိုက်ညီရင် စာမှန်၊ ဒီချိန်ခွင်နဲ့မှ မကိုက်ညီရင် စာမှားဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒီအချက်ကို ကြပ်ကြပ် သတိထားကြလို့ ပြောလိုက်ပါတယ်။

စာမှန်နဲ့ စာမှား ခွဲခြားသိဘို့ အလွန်ဘဲ အရေးကြီးတယ်၊ အမှန်နဲ့ အမှား မခွဲခြားနိုင်လို့ အမှတ်လွဲရင် ဒုက္ခရောက်မယ်သာ မှတ်ကြတော့၊ ဒို့ဒကာတွေ မမှားသောရှေ့နေ မသေသော ဆေးသမား မရှိဘူး ဆိုပြီး ကာကွယ်ပြောတတ် ကြတယ်၊ မသိလို့ မှားရင် ပိုပြီး ဆိုးမယ် ဆိုဒ့ါ မှတ်လိုက်ကြ၊ ဘာမှမသိလို့ ဆိုပြီး ဂုဏ်ယူမနေကြနဲ့၊ မသိလို့ မှားရင် အပါယ်စာဖြစ်မယ်၊ မသိလို့ ကြူးလွန်တဲ့အပြစ်က ပိုကြီးတယ်၊ မသိရင် သိအောင်ကြိုးစား၊ မသိဒ့ါ သိအောင်လဲ မကြိုးစားချင် တွေ့သမျှ မြင်သမျှ မချိန်ဘဲ ယုံကြည်ကြမယ်ဆိုရင် ကိုယ်သာ ဒုက္ခရောက်ဘို့ ရှိတယ်၊ ငါးပါးမှောက်မယ်လို့သာ မှတ်လိုက်ကြ၊ ၊ ရိပ်မိကြပလား ?။

ကိုယ့်မှာ ချိန်ခွင်မရှိရင် သူများချိန်ပေးသမျှနဲ့ ကျေနပ်ရတယ်၊ ငါးဆယ်သားကိုတပိဿာလုပ် ချိန်ပေးချင် ပေးမယ်၊ အစိတ်သားကို သုံးဆယ်သားပါဆိုလဲ့ ယုံကြရ၊ သူများပြောသမျှနဲ့ သူများ ပါးစပ်ဖျား လမ်းဆုံးနေရရင် ငါးပါးမှောက်မယ်ဆိုဒ့ါ တထစ်ချမှတ်ထားကြ၊ သူများပြောဒ့ါ အဟုတ်ကြီး ထင်ချင် ထင်နေကြမယ်၊ ဘလောက်ဘဲ ပေးပေး တပိဿာ ထင်နေကြမယ်၊ ရှင်းကြပလား ?။

ဒါကြောင့် ဒို့ဒကာတွေကို အထူးသတိပေးလိုက်ပါတယ်၊ သူများပြောသမျှနဲ့ ကျေနပ်ပြီး သူများပါးစပ်ဖျားတင် လမ်းဆုံးမနေကြနဲ့ လို့ ကိုယ်ပိုင် ချိန်ခွင်ကို အားကိုးကြ၊ ဘုရားရှင် ပွင့်တော်မူလာဒ့ါ ဟာ ပဋိစ္စသမုပ္ပါဒ် ဖြတ်ဘို့ ပွင့်လာဒ့ါ၊ ဘုရားက ဘဝကို၊ ၊

အလွန်ကြောက်ရွံ စက်ဆုပ်တော်မူယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက် ပြတ်အောင်ရေးတဲ့စာ ့ ဟောတဲ့တရားမှ စာမှန်, တရားမှန်ဆိုဒါ သဘောပါကြပလား ?၊ ဘုရားက သူမျှားပါးစပ်ဖျားလမ်းဆုံးတော့ ဝါဂွမ်းလိုဘဲတဲ့၊ ဟိုဘက်မှုတ်တော့ ဟိုဘက်လွင့်ပါသွား, ဒီဘက်မှုတ်ပြန်တော့ ဒီဘက်လွင့်နဲ့ လွင့်ချင်တိုင်းလွင့်နေရတဲ့ အဖြစ်က လက်စမသတ်နိုင်တော့ဘူးလို့ ဟောတော်မူတယ်။

ဒို့ဒကာတွေလဲ ဒီ·ဥပမာလို သူမျှားပါးစပ်သာ လမ်းဆုံးနေကြရင် ဆင်းရဲဒုက္ခ ဘဝခန္ဓာ ဘယ်မှာမှ ဆုံးခန်း မမြင်နိုင်တော့ဘူးလို့ မှတ်ထားကြ၊ ဝါဂွမ်း ဥပမာ စကားကို သစ္စာသံယုတ်မှာ ဟောထားတယ်၊ သဘောပါကြပလား ?၊ ကျုပ်စာက စာလွတ်,ပေလွတ် မဟုတ်ဘူးဗျ၊ စာနဲ့ပေနဲ့ အညီပြောဒါလို့ ဆိုတိုင်းလဲ မယုံကြနဲ့၊အခုချိန်ခွင်ပေးလိုက်ပီ၊ အဲဒီချိန်ခွင်နဲ့ ချိန်ကြည့်ကြ၊ ယူသင့်မှ ယူကြလို့ သတိပေးလိုက်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် ပွားတဲ့စာဟာ စာမှား, ပဋိစ္စ သမုပ္ပါဒ် ပြတ်တဲ့ စာမှ, စာမှန်၊ ရှင်းကြပလား ?။

ဒါတော့ ဒို့ဒကာတွေ ဘာလုပ်ကြရမလဲ ?၊ဘုရားအယူလိုက်ကြရမယ်၊ ဘုရားအယူလိုက်မှပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီးပြတ်မယ် မာဂဏ္ဍီအယူလိုက်ရင် ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်လယ်မယ်၊ ရှေးက ဒို့ဒကာတွေမသိလို့ မာဂဏ္ဍီမျိုးတွေ ဖြစ်လာကြရတယ်၊ အခု ညွှန်ပြတဲ့ ဆရာကောင်းနဲ့ တွေ့လို့ သိကြရဘီ၊ သိရင် ပြင်ကြဘို့ဘဲ၊ ဒါကြောင့် ဒီ· ကနေ့က စပီး ဘုရား အယူ အတိုင်း လိုက်ကြ၊ လိုက်တော့ –

မျက်လုံးဖွင့်လိုက်တာနဲ့ မြင်စရာနဲ့တွေ့ မြင်စိတ်ပေါ်၊ အဲဒီပေါ်တဲ့ မြင်စိတ်ကလေးကို ဖြစ်ပျက်ရှု၊ မြင်စိတ်ကလေး ဖြစ်ပျက်သွားဒါကို ဉာဏ်နဲ့ကြည့်ပေး၊ အဲဒီလို ပေါ်လာသမျှ မလွတ်အောင် ဝိပဿနာ ရှုပေးရမယ်၊ ဝိပဿနာရှုတော့ ရှေ့ကဖြစ်ပျက်၊နောက်က·မဂ်၊တဏှာ ဥပါဒါန်ကံတွေချုပ်၊ ပဋိစ္စသမုပ္ပါဒ် မပွားတော့ဘူး၊ မပွားတော့ စခန်းသတ်ကရော၊ ဒုက္ခစက် မဆက်တော့ဘူး။

မျက်စိဖွင့်၊ မြင်စိတ်ပေါ်·ဖြစ်ပျက်ရှု၊နားဖွင့်၊ ကြားစိတ်ပေါ်·ဖြစ် ပျက်ရှု၊ နှာခေါင်းဖွင့်၊ လျှာဖွင့်၊ ကိုယ်ဖွင့်၊ မနောဖွင့်၊ သူ့ဆိုရာဆိုင် ရာ အသိစိတ် ပေါ်မှာဘဲ၊ ပေါ်လာရင် ပေါ် တဲ့နေရာတွင် ရပ်ပစေ၊ ပေါ်လာသမျှ ဖြစ်ပျက် ရှုပေးကြ၊ မရှုမိရင် ပဋိစ္စသမုပ္ပါဒ် ပွားမယ်၊ ဒါကြောင့် မလွတ်အောင်ရှုပေးကြ၊ ရှေ့က·ဖြစ်ပျက်၊ နောက်က·မဂ် လာပစေ၊ သဘောပါကြရဲ့လား ?၊

ခင်ဗျားတို့တတွေက ပွားစီးခြင်းကို လိုလို့၊ ပူစရာ မရှိလို့ ပူစရာ ရှာထားကြတယ်· ငိုစရာရှာထားကြ၊ ကျေးစရာ ရှာထား၊ ဆွေးစရာ ရှာထား၊ နဂိုက မရှိပါဘူး၊ ပူစရာ မရှိရင် မနေတတ်လို့ တမင် ရှာ ထားကြဒါ၊ တယောက်ထဲနေရဒါ ပျင်းချောက်ချောက် နိုင်လှတယ်၊ ရှာထားအုံးမှာဘဲဆိုပြီး မရအရ ရှာထားကြရဒါ၊ အမယ်လေး ဒို့ဒကာ တွေဟာ ခက်၊ ခက်ရချည့်သေးတယ်၊ ၊ ဘုရားက ဒါတွေကို ဖြတ် ကြတဲ့ မဖြတ်ရင် ပွားနေမှာဘဲတဲ့၊ဒို့တော့ ရှုပြီး ပြတ်အောင် ဖြတ်ကြ၊ ချင်းပလား ?။

ဘုန်းကြီးတို့က တခါတရံ ကြုံကြိုက်မှ ဟောနိုင်ဒါ။ အမြဲဟော နေနိုင်ဒါမဟုတ်ဘူး၊ ခင်ဗျားတို့ကို တရားက အမြဲတမ်းဟောနေဒါ၊ အမြဲတမ်း တတွတ်တွတ်နဲ့ နားချ၊ အဲဒါ ခင်ဗျားတို့က အားကျပြီး လိုက်နာ နေကြတယ်၊ လိုက်နာနေဒါ တရားကျွန်တွေမို့ဘဲ၊ ဆရာ သမားပြောဒါ၊ နား မထောင်ချင်ရင်၊ တရားကျွန်တွေဘဲ၊ ၊တရား က အဟောကောင်း အပြောကောင်း ဆိုတော့ တရား ပြောစကား ဘဲ နားထောင်နေကြတော့ဒါပေါ့၊ မနက်လင်းလာ ဟိုပြေး ဒီပြေး ပြေးကြရ၊ မရပ်မနား တပြေးထဲ ပြေးနေရတယ်၊ မြင်းမျိုး ကျနေဒါ ဘဲ၊ ခင်ဗျားတို့ဟာ မပြေးရရင် မနေနိုင်ကြဘူး။

အဲဒါ ဘာ့ကြောင့်လဲ ?၊ ပွားစီး လိုလို့ဘဲ၊ ပွားစီးခြင်းကို ဖြတ် ကြ ပွားစီးခြင်း ရပ်သိမ်းကြ၊ ဝိပဿနာရှမှ သိမ်းနိုင်ကြမယ်၊ ဝိပဿ နာ မရှုရင် မသိမ်းနိုင်ဘူး၊ မသိမ်းနိုင်ရင် ပဋိစ္စသမုပ္ပါဒ် ဆက်မယ် ပွားမယ်၊ ဒုက္ခစက်ကြီး လယ်မယ်၊ ဒုက္ခဆုံးရာ လမ်းစ ဘယ်တော့မှ မမြင်နိုင်ကြတော့ဘူး ဆိုဒါ မှတ်ကြ၊ ဒါကြောင့် တရားကျွန် အဖြစ် က လွတ်အောင်၊ ဒုက္ခဇာတ် သိမ်းနိုင်အောင်၊ ဝိပဿနာ ရှုကြလို့ အထူးသတိပေးလိုက်တယ်၊ အချိန်က သိပ်မရှိတော့ဘူး၊ ရိပ်မိကြ ပလား ?။

ဒါကြောင့်-- ဘယ်က ပေါ်ပေါ် ဖြစ်ပျက်ရှုပေး၊ မျက်စိကပေါ် တဲ့ ဝိညာဏ်၊ နားကပေါ်တဲ့ ဝိညာဏ်၊ ပေါ်ချင်ဒါပေါ် မလွတ် အောင် ရှုကြ၊ လွတ်သွားရင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ

ဝေဒနာတွေ ဆက်လာမယ်၊ အဲဒီမှာလဲ တချက်ချက်မိအောင် ရှုနိုင်ရင် တော်သေးတယ်၊ ဝေဒနာက တဏှာကူးသွားရင် ဥပါဒါန်၊ ကမ်ဆိုပီး ဒုက္ခစက်ပွားဘို့ဘဲ ကျန်တော့တယ်၊ ဒါကြောင့် ဝိညာဏ် မမိလိုက်ရင် ဝေဒနာ မလွတ်စေနဲ့၊ ဝေဒနာလက်လွတ်ခံရင် တဏှာ၊ ဥပါဒါန်၊ ကမ်တွေ ဆက်လာပီး၊ ခန္ဓာနဲ့ ဆပ်ရမဲ့ ကြွေးသစ်တွေ ထပ်တင်လိုက်ပြန်ဒါဘဲ၊ ရိပ်မိကြပလား ?။

စားချင်တဲ့ စိတ်ပေါ်သဲ ဖြစ်ပျက်ရှုပစ်၊ မရှုမိတော့ စားချင်စိတ်ပေါ် စားကြည့်၊ စားကြည့်တော့ ကောင်းတယ်ဆိုပီး ရအောင် ရှာမယ်၊ နောက်လဲ ဒါမျိုးဝယ်အုံးမယ်ဆိုပီး အားထုတ်မှုဖြစ်ပြန်တယ်၊ အဲဒါ လျှာပေါက်က ပဋိစ္စသမုပ္ပါဒ် ပွားစီးလိုက်တာဘဲ၊ ရိပ်မိကြပလား ?၊ ၊ဒါကြောင့် စားစိတ်လာရင် ဖြစ်ပျက်ရှု၊ ရှုတော့ ပွားစီးခြင်းပြတ်၊ တဏှာ၊ ဥပါဒါန်၊ ကမ်၊ ဇာတိ မလာတော့ဘူး၊ ၊ နံစိတ်ပေါ်လဲ ရှု၊ ကိုယ်နဲ့ တွေ့ထိလို့ ပေါ်လာလဲ ရှု၊ ရှုတတ်ကြပလား ?။

ဓမ္မာရုံက တွေးမှုပေါ်တယ်၊ တွေးမှုပေါ်လို့ ဓမ္မာရုံခေါ်ဒါ၊ တွေးပီးမှ သိတဲ့ စိတ်ကို မနောဝိညာဏ်စိတ် ခေါ်ရတယ်၊ ဒီမနောဝိညာဏ် ပေါ်လာရင်လဲ ဖြစ်ပျက်ရှုပေး၊ မရှုမိရင် တွေးသိ၊ သာယာ၊ စွဲလမ်း ဆက်တိုက်လာမယ်၊ တွေးသိ ဖြစ်ပျက်လို့ ရှုလိုက်ရင်၊ နောက်· သာယာဒါ၊ စွဲလမ်းဒါ မလာနိုင်တော့ဘူး ၊တွေးသိ စိတ်ကလေးဟာ တွေးပီး၊ ပီးချင်း ပျက်သွားတယ်၊နဂို တွေးတုန်းက ရှိပေမဲ့ တွေးမီး

အကဲခတ်ကြည့်လိုက်တော့ မရှိတော့ဘူး၊ ဖြစ်ပြီးပျက်သွားဒါကို သိရတော့တယ်၊ အဲဒီလိုသိရင် ရှေ့က တွေးသိ ဖြစ်ပျက်၊ နောက်က မဂ်လာဒါဘဲ၊ ရှင်းပလား?။

စက္ခုံ့ စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ·တဲ့၊ မျက်စိ အကြည်ရုပ်နဲ့ အဆင်းရုပ်နဲ့ တဲ့ဒါနဲ့ မြင်စိတ်ကလေးဟာ အလိုလို ပေါ်လာရတယ်၊ ပေါ်ဒါနဲ့ နောက်ဉာဏ်က မြင်စိတ် ဖြစ်ပျက် ဆိုပြီး ပဋိစ္စ·သမုပ္ပါဒ်ကို ဖြတ်ချနိုင်ရမယ်၊ မြင်ဒါ မဖြတ်နိုင်ရင် မဖြတ်မိရင် မြင်ဒါ လိုချင်, လိုချင်လို့ စွဲလမ်း, စွဲလမ်းတော့ အားထုတ်၊ အားထုတ်လို့ ရရင် လိုချင် စွဲလမ်းလာအုံး၊ အားထုတ်လို့ မရပြန်တော့ သောက ပရိဒေဝ, ဒုက္ခ, ဒေါမနဿ စတဲ့ ဒုက္ခအစု လိုက်လာတော့ဒါဘဲ၊ ၊ ဒါကြောင့် ဘုရားက ဖြတ်ဘို့ဟောဒါ၊ ဘုရားက ဒါတွေသိလို့ ဒီ·အပြစ်တွေ မြင်လို့ ပွားစီးခြင်းကို ဖြတ်တယ်၊ မင်းဘ ဘယ်လိုသဘောလဲ? လို့ မာဂဏ္ဍိကို မေးတော်မူတယ်၊ သဘောပါကြပလား?။

မြင်, လိုချင်, စွဲလမ်း, အားထုတ်ပေမဲ့ အချည်းအနှီးပါဘဲ အားထုတ် ထားပေမဲ့ မရှိပါဘူး၊ ဖြတ်ကနဲသေ, ဖြတ်ကနဲသေနဲ့၊ သေ, သေသွားဒါချည့်ပါဘဲ၊ သေ, သေသွားလို့ မရ၊ မရတော့ သောက, ပရိဒေဝ စတဲ့ ဒုက္ခအစု လိုက်တာဘဲရှိတယ်၊ ၊ဘုရားက "ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော" လို့ ဟောတယ်၊ ဆင်းရဲမှုအစု ဒုက္ခမှု သက်သက်ဘဲ ရှိတယ်၊ ဒီပြင် ဘာမှ မရောပါဘူးတဲ့၊ ဒို့ဒကာတွေ ကိုယ်ပိုင်ဉာဏ်နဲ့ လေးလေး နက်နက် စဉ်းစားကြည့်ကြ။

ကိုယ့်အိမ်ကို ပြန်ကြည့်၊ ဒီ-ဘုရားရှင်စကားတော် ဘယ်လောက်မှန်တယ်ဆိုတဲ့အချက် လက်တွေ့သိရလိမ့်မယ် ၊ ကိုယ့်အိမ်မှာကြည့်ရင် ဘာတွေရှိသလဲ?၊ ပျောက်ရမဲ့ဟာတွေ ရှိတယ်၊ ပျက်ရမဲ့ဟာတွေရှိတယ်၊ ဒီလို ပျောက်ရမှာနဲ့ ပျက်ရမှာဘဲရှိတယ်၊ ဒီပြင် ဘာမှမရှိဘူး၊ အခု မပျောက်၊ မပျက်သေးပေမဲ့ တချိန်ကျ ပျောက်မယ်၊ ပျက်မယ့်သဘောပါကြရဲ့လား ?၊ အဲဒီ တချိန်ချိန်ကျ ပျောက်တဲ့၊ ပျက်တဲ့အခါကျတော့ စိုးရိမ်၊ ပူဆွေး၊ ငိုကြွေးဆိုတဲ့ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသ စတဲ့ ဒုက္ခအစု ရှောင်မရ၊ ကွင်းမရ လက်တွေ့ခံစားကြရတော့ဒါဘဲ။

အဲဒါ မသိတဲ့သူမို့ ခံရဒါ မသိတဲ့သူအတွက် ဒီလိုဖြစ်တာဘဲ၊ အဲမသိတော့ အဝိဇ္ဇာကစပြီး ဒုက္ခအစုကြီး လယ်အုံး၊ ပဋိစ္စသမုပ္ပါဒ်ပွားစီးအုံးတော့ဘဲ၊ လမ်းဆုံးမရှိတော့ဘူး၊ ရိပ်မိကြပလား ?၊ ဒီလိုဆိုရင် ဒိုဒကာတွေ ကြိုးစားကြ၊ မပွားစီးစေနဲ့ ပေါ်တဲ့ နေရာကဖြတ်ကြ၊ မပြတ်- ပြတ်အောင် လုံ့လ စိုက်ကြလို့ ပြောလိုက်ပါတယ်။

ကိုင်း--ယနေ့--ဒီတွင်ဘဲ--တော်ကြအုံး။

# ဓမ္မရတနာ-မာတိကာ။

"ဒိဋ္ဌိရှုံးနာ ပျောက်ကြောင်းရှာ တရားတော်"

**ဆောင်ပုဒ်**

အနိစ္စ, ဒုက္ခ၊ အနတ္တ၊ အသုဘမှန် စင်စစ်။
နိစ္စ, သုခ၊ ကိုယ့်အတ္တ၊ သုဘ ထင်သည့်ဖြစ်။
ဖေါက်ပြန်အမြင်၊ အလွဲထင်၊ မှားချင် ဒိဋ္ဌိပြစ်။
ဒိဋ္ဌိရောဂါ၊ စွဲကပ်လာ၊ မြန်စွာ ဆေးကုပစ်။
ဖွဲ့သာတာပန်ဆေး၊ ပျောက်နိုင်ရေး၊ တော်ဆေး ကြေရာဇ်။
မကုနေက၊ အပါယ်ဝ၊ မုချ ကိုယ့်အိမ်ဖြစ်။

**သတိချပ်**

ပုထုဇဉ်မှာ၊ အရှုံးသာ၊ မြဲစွာ မှတ်ပိုက်ကြ။
ကိုယ့်ကိုယ်ကိုကြည့်၊ ရှုံးမှန်းသိ၊ ရှာဘိ ဆေးဝါးပ။
မသိသူမှာ၊ ဆေးမရှာ၊ သွက်ခါ လူ့အန္ဓ။
တော်လျော်နေစား၊ တော်လျော်သွား၊ သေငြား တော်လျော်စွ။
အရှုံးမသာ၊ ချမ်းသာ၊ ကမ္ဘာ အနန္တ။
အရှုံးပျောက်ချင်၊ တရားဝင်၊ မြန်လျှင် အားထုတ်မှ။
ဝိပဿနာဆေး၊ ရှုံးပျောက်ရေး၊ ပဂေး ဩသဓ။

**တရားသား** ဒီကနေ့မှာလဲ မနေ့က တရားအဆက်ကိုဘဲ ပြောမယ်လို့ မှတ်ကြ၊ ဒို့ဒကာတွေ အမှားနဲ့ အမှန်ကို ဝေဘန်ခွဲခြားတတ်ဖို့ အရေးကြီးတယ်၊ အမှားကို အမှန်ထင်ပီး အမှန်ကို

အမှားထင်မိရင် ဒုက္ခရောက်ဘို့သာပြင်ကြပေတော့ဘဲ၊ဒီတော့အမှား အမှန် ဝေဘန် ပိုင်းခြားဓာတ်တဲ့ ဉာဏ်ရအောင် ကြိုးစားကြလို့ ပြောလိုက်တယ်။

အမှားကိုအမှန် အမှန်ကိုအမှား ထင်နေရင် ရောဂါရှိတဲ့သူဘဲလို့ ဆုံးဖြတ်ချက်ချ၊ အဲဒီ ရောဂါရှိသူဟာ ကိုယ့်ကိုယ်ကိုမှ ရောဂါရှိမှန်း မသိပြန်ရင်လဲ မသင့် မတင့် ဆေးဝါး ဓါတ်စာ့ စားမိပြီး ရောဂါ ထ ကြွလာမယ်၊ ရောဂါ ပိုဆိုးလာတော့မယ်လို့ မှတ်ကြ၊ ဘာရောဂါလဲ ဆိုတော့ ဒိဋ္ဌိရောဂါဘဲတဲ့၊ အဲဒီ ဒိဋ္ဌိရောဂါရှိပီလားဆိုရင် အမှန်အကန် မမြင်နိုင်တော့ဘူး၊ ဒိဋ္ဌိရောဂါရှိလာရင် အမှန်အကန်မမြင်ရုံတွင် မက ဘူးတဲ့၊ အမှားကိုအမှန်, အမှန်ကိုအမှားလို့ ထင်မြင်တော့တယ်၊ ၊ ဒိဋ္ဌိရောဂါရှိခတော့····

အနိစ္စ-မမြဲဒါကို၊ နိစ္စ-မြဲတယ်လို့ ထင်မြင်ယူဆတယ်။
ဒုက္ခ-ဆင်းရဲဒါကို၊ သုခ-ချမ်းသာတယ်လို့ ထင်မြင်ယူဆတယ်၊
အနတ္တ-အစိုးမရဒါကို၊ အတ္တ-ငါ့ကိုယ်လို့ ထင်မြင်ယူဆတယ်၊
အသုဘ- မတင့်တယ်ဒါကို၊ သုဘ- တင့်တယ် ဖွယ်ရာတယ်လို့ ထင်မြင်ယူဆတယ်။

ဒီလိုထင်မြင်ဒါ ဒိဋ္ဌိရောဂါ ရှိနေလို့ဘဲ၊ ဒီအထင်အမြင်ဟာ ပင် ကိုယ်အရှိမှ ဖေါက်ပြန်ပီး ထင်မြင်တဲ့ အမှားထင်, အမှားမြင် ဖြစ်နေ တယ်၊ အမှန်ရှိဒါက တမျိုး, ရောဂါစွဲလို့ ယူဒါထင်ဒါက တမျိုးဘဲ လို့ မှတ်ကြ၊ ဒိဋ္ဌိရောဂါစွဲတော့ တလုံးမှမမှန်ဘူး၊ ဒီ-ရောဂါအတွက်

ဆေးမစားရင် ဘယ်တော့မှ အမှန်ဖြစ်တော့မှာ မဟုတ်ဘူး၊ သူထင်သမျှ, မြင်သမျှ ပြောဆို လုပ်ကိုင် ဆောင်ရွက်သမျှမှာ အမှန်တချက်မှ မပါနိုင်တော့ဘူး၊ အားလုံးအမှားချည့်ပါဘဲ၊ ဒီတော့- ဒီရောဂါကို ဘာနဲ့ ကုရမလဲ ?။

ဒီရောဂါကို မဂ်နဲ့ ကုရမယ်၊ ဒီ- ဒိဋ္ဌိရောဂါ သောတာပတ္တိမဂ် ဆေးရမှသာ ပျောက်မယ်လို့ မှတ်ကြ၊ သောတာပတ္တိမဂ် မရသေးသရွေ့ ဒိဋ္ဌိရောဂါ မပျောက်သေးဘူး၊ ဒီရောဂါ မပျောက်သေးသမျှ ဒီအမှားလေးချက် မပြင်နိုင်သေးဘူး ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ရှင်းကြပလား ?၊ ဒါကြောင့် ဒို့ဒကာတွေ ဆရာနဲ့ကြုံတုန်း ဆေးရှိတုန်းမှာ ကိုယ့်ရောဂါ ကိုယ်ပျောက်အောင် ကုကြဘို့ဘဲရှိတယ်၊ ပေါ့ပေါ့ တန်တန်နေမိလို့ ဒိဋ္ဌိရောဂါ အရှုံးနာမပျောက်သေးရင် ဆက်ပြီး ရှုံးသွားဘို့နဲ့ သွက်သွက်ခါအောင် ရှုံးသွားဘို့ဘဲရှိတော့တယ်၊ ရိပ်မိကြပလား ?။

ဒီတော့ ဆေးမကုချင်တဲ့ လူဆိုရင် ဘုန်းကြီးက မေးလိုက်ပါတယ်၊ ဒကာတို့ တတွေ ဥမ္မတ္တက ပုထုဇဉ် အရှုံးဘဝကို နှစ်ခြိုက် နေကြလို့လား ?၊ ဒါမှမဟုတ် ဒီထက်မက သွက်သွက်ခါအောင်ရှုံးတဲ့ အရှုံးဘဝကိုဘဲ၊ လိုချင်ကြသေးလို့လား ? လို့ မေးလိုက်ပါတယ်၊ ဒကာတို့ကို ပုထုဇဉ်အရှုံးဆိုဒါ မနာကြနဲ့ အရှုံးတွေမို့ အရှုံးပြောဒါ နာဘို့ မရှိပါဘူး၊ တကယ်သာ နာရိုးမှန်ရင် အခုထပြီး ဆေးကုကြ၊ အခုလို ဆရာကောင်းများက အနာနဲ့ ဆေးနဲ့ ကိုက်ညီအောင် ကုပေးနေတဲ့

အခါမှာ ယူစားကြ၊ ဒါမှ မစားချင်ဘူး ဆိုရင် အရှုံးဆိုဒါ နာဘို့ မရှိပါဘူး၊ ရိပ်မိပလား ?။

ဒ္ဒိဒကာတွေ ပြောတတ် ကြတယ်၊ "အင်း, သူတို့မတော့ တော် လိုက်တာ, သိတ်ကုသိုလ်ထူးဒါဘဲ, စည်းစိမ် ချမ်းသာတွေ ပြည့်ပြည့် စုံစုံနဲ့ တင့်တင့်တယ်တယ် ရှိပါပေတယ်၊ သူတို့စည်းစိမ်တွေ ဘာမှ အပျက်အစီး မရှိဘူး, နေရာကျလိုက်တာ"တဲ့၊ အဲဒါ အမြင် မှားလို့ ပြောတဲ့စကားဘဲ၊ ။"အင်း, ဘယ်သူကလေးဟာဖြင့် ဘယ်ဆူ့ သား၊ ဘယ်သူ့သမီးဟာဖြင့် လုံးကြီးပေါက်လှနဲ့ တယ်ချော, တယ်လှ ချစ်စရာ သိတ်ကောင်းဒါဘဲ"တဲ့၊ အဲဒီလို ပြောဒါလဲ အမြင်အထင် မှားလို့ဘဲ၊ ။" သူတို့ တတွေမှာ အိမ်ရာ တိုက်တာ ပြည့်ပြည့် စုံစုံ အခွေ့အရံတွေကလဲ မနဲဘူး၊ အလွန်ကို စိတ်ချမ်းသာစရာကောင်း ပါဘိတယ်နဲ့"အဲဒါလဲဘဲ အမြင်းမှားလို့ ပြောဒါပါဒါဘဲ၊ သဘော ပါကြပလား ?။

လောကီအမြင် အရှုံး မျက်စိနဲ့ကြည့်ပီး ပြောနေကြဒါပါ၊ ဘယ် မှာ အမှန် ကျနိုင်ပါမလဲ ?၊ တချို့တွေများ အရောင်းအဝယ်လုပ်လို့ လက်မလယ်အောင် ရောင်းကြရ၊ စာရင်းရေးတဲ့ လူနဲ့၊ ပြောရဆိုရတဲ့ လူနဲ့၊ ချိန်တွယ်ရတဲ့ လူနဲ့၊ ရှုပ်ရှက်ခက်ပီး ချွေးတွေသံတွေနဲ့ ဖတ်- ဖတ်ကို မောလို့ ထမင်းတောင် ဖြောင့်ဖြောင့် မစားနိုင်ဘူး၊ ထမင်း တလုပ်စားလိုက်၊ အဝယ်လာ- ထ,ရောင်းလိုက်နဲ့ စားတဲ့ထမင်း ဘယ် ရောက်မှန်းတောင် မသိတော့ဘူး၊ ။အဲဒါ ဘေးက မြင်ထဲ့ လူတွေက

အားကျပြီး ပြောလိုက်သေးတယ်၊ "အင်း သူတို့တော့ စီးပွားရေး တဲ့ နေလိုက်တာ ကံကလိုက်ပေသကိုး"နဲ့၊ ဟိုမှာ ရှာထွက် နေဒါတော့ မသိကြဘူး။

အရှုးက လေးရှုးတောင်ဘဲ၊ ပြောကြမှာပေါ့ ဒီ- လေးရှုးဟာ သောတာပတ္တိမဂ်ဆိုတဲ့ ဆေးချက်မှတပါး ဆေးချက်မရှိတော့ဘူးလို့ မှတ်လိုက်ကြ၊ ၊တရားနာတုန်းမှာတော့ တော်သလိုလို အရှိသား၊ အိမ်ကျတော့အရှုးရောဂါ ပြန်ထပြန်ဒါဘဲ၊ တရားနာရုံ နာနေလို့လဲ မရသေးဘူး၊ဆရာက ပေးတဲ့ဆေးကို တိတိကျကျစားမှဖြစ်မှာ၊မစား ရင် သွက်သွက်ခါချင်လို့ ဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒီလိုအထင်မှား အမြင်မှားရှိနေဒါ ဒိဋ္ဌာနုသယ ကိန်းနေတဲ့သဘော ရှိလို့ဘဲ၊ ဒိဋ္ဌာ နုသယ ကို ပြုတ်အောင် ဖြုတ်လိုက်ရင် အရှုးရောဂါ ပျောက်ပြီ။

ခင်ဗျားတို့တတွေက အမြင်မှန် မရကြတော့ ဒုက္ခကို ဒုက္ခမှန်းမသိ လောက်အောင် ဖြစ်ကြရမယ်၊ ရောင်းလို့ ငယ်လို့ မကောင်းလို့၊ အ ရောင်း အဝယ်ကပါးတော့ နေရာမကျဘူး စိတ်ပျက်တယ်၊အရောင်း အဝယ် သိတ်ဆိုးတယ်၊ စိတ်ရှုပ်ပါတယ် ညည်းညူကြတယ်၊ အဲဒါ သူများ ဒုက္ခရောက်သလို ကိုယ်တိုင် ဒုက္ခမရောက်ရလို့ ညည်းဒါ၊ငါလဲ သူ့လို ဒုက္ခရောက်ချင်ပါဘိလို့ ဆိုလိုက်တာပါဘဲ၊ ရိပ်မိကြပလား?၊ မရှုးတဲ့ အချိန်က နဲနဲဘဲ ရှိတယ်၊ ရှုးချိန်ကသာ များနေဒါပါ၊ ဒါသိ ရရင် ပြင်ကြတော့ ဆင်ကြတော့လို့ ပြောလိုက်ပါတယ်၊ အချိန်က သိတ်မရတော့ဘူး။

ငါ့ဟာငါ လုပ်ချင်သလိုလုပ်မယ်၊ ဘသူမှ ပြောစရာမရှိဘူး၊ ကိုယ့်ကိုယ်, ကိုယ်ပိုင်တယ်တဲ့၊ အဲဒါ- အတ္တဒိဋ္ဌိ အရှုးထဒါဘဲ၊ သား, သမီးများက ပြောလို့, ဆိုလို့ မရကြဘူး၊ ပြောမကောင်း, ဆိုမကောင်းနဲ့ ကိုယ့်ဟာကိုယ်တော့ ထ-သွားလိုက်, လာလိုက်ဖြစ်တယ်၊ ကိုယ့်စိတ်ကိုယ်တော့ ပိုင်တယ်တဲ့၊ အဲဒါဟာ အတ္တဒိဋ္ဌိ ရှုးချက် ဘယ်လောက်သန်သလဲဆိုဒါ စဉ်းစာကြ၊ ၊ ဥမ္မတ္တက အဖြစ်နဲ့ သံသရာ ကျင်လည်ရဒါ ကောင်းကွက်များ ပါမယ်ထင်သလား ?၊ ကောင်းဘို့ အကွက်နဲ့ အလွန်ဝေးတယ်၊ အရှုးအဖြစ်နဲ့သေ, သေခြင်းဆိုးနဲ့ချည့် ကြုံကြရဒါဘဲ။

ဒါဘာ့ကြောင့်လဲ? ကိုးဆဲ့ခြောက်ပါး လမ်းဆိုး, လမ်းကြမ်းမှာလဲ သွားရပြန် သွားတော့လဲ အကောင်းသွား မဟုတ်ဘဲ အရှုးသွား သွားခဲ့ရဒါမို့ဘဲ၊ ရိပ်မိကြပလား ?၊ လမ်းကလဲ ကြမ်းလိုက်တာက ပြောမဖြစ်ဘူး၊ ကိုးဆဲ့ခြောက်ပါး, သုံးဆဲ့နှစ်ပါး, နှစ်ဆဲ့ငါးပါးနဲ့ တဆဲ့ခြောက်ပါး, ဒဏ်ဆယ်ပါး စတဲ့ လမ်းဆိုး- လမ်းကြမ်း တွေထဲမှာ အရှုးသွား, သွားပီး သေဒါတောင် နေရာမခွရှးဘူး၊ အရှုးဆိုတော့ နေရာမရွေး၊ သေချင်ရာမှာ သေလိုက်တာဘဲ၊ အရှုးသွား-သွား, အရှုးနေ, အရှုးသေနဲ့ ကြုံရဒါ ဘယ်လောက်ကြာပလဲ ?၊ ဗို- အဖြစ်ဟာ ဘယ်လောက် များသလဲလို့ မေးရင် သံသရာမှာ သူ့ခြေရာ ချည့်ဘဲ၊ သံသရာမှာ နေရာမလပ်အောင် ခြေရာချင်းထပ်လို့ပါဘဲတဲ့၊ ၊

ဒါကြောင့်ဒို့ဒကာတွေဟာအတ္တဒိဋ္ဌိမကွာကြသေးရင်အခုမပြုံးကြနဲ့

အုံးလို့ ပြောလိုက်ပါတယ်၊ အတ္တဒိဋ္ဌိ မခွါရသေးခင် ပြုံးနေကြရင် အခုပြုံးသလောက် နောက်အခါ မဲ့ရမယ်ဆိုဒါ မှတ်လိုက်ကြ။

ဒီ-ဒိဋ္ဌိ မပယ်ရသေးရင်၊ ရှေ့ ဒီအတိုင်းနေပီး ဒီအသွားဘဲ သွား ဒီအသေဘဲ သေရအုံးမှာဘဲ၊ သွားရမဲ့လမ်းခရီးက ကြမ်းလိုက်တာမှ ထော်လို့ ရှူးလိုက်တာကလဲ ချာလို့ မျက်စိနှစ်လုံး စုံမှိတ်သွား စုံလုံး မမြင်ဘဲနဲ့ ရမ်းသွား အရမ်းမြင် အရမ်းထင် ဆိုတော့ အနိစ္စကို နိစ္စ ထင်ပီး ဇွတ်တိုး ဇွတ်တိုးတော့ ဖြစ်ချင်တိုင်းဖြစ် နစ်ချင်တိုင်းနစ်ကုန် ကြရဒါဘဲ၊ ။အဲ· ခန္ဓာဖြစ်စဉ် သူ့သဘာဝအတိုင်း ဒုက္ခပြတော့ နဂို က ဒီလိုမထင်မိဘူး ဆိုပီး ငိုလိုက်ကြရပါရော၊ ။သဘောပါကြပ လား ?။

ကိုးဆဲ့ခြောက်ပါး လမ်းကြမ်းထဲမှာအရှူးသွား သွားရမယ်၊ သေ ဒါလဲ နေရာမရွေးဘူး၊ သွားချင်သလိုသွား နေချင်သလိုနေပီး၊ သေ ချင်သလို သေလိုက်မှာဘဲ၊ ရှေးက ကိုးဆဲ့ခြောက်ပါးဆိုပေမဲ့လဲ အခု ခေတ် အနေမှာ ကိုးဆဲ့ခြောက်ပါးမက ကိုးရာ ခြောက်ဆယ် ကိုး ထောင် ခြောက်ရာ ဆိုသလို ဖြစ်နေဘီဆိုရင် မမှားဘူး၊ သတ္တဝါတွေရဲ့ စိတ်ဓါတ်တွေ ဆန်းကြယ်သလောက် သေစရာ ရောဂါလုံးက်နက်တွေ က အလွန်များပြား ဆန်းကြယ် လာဘီဆိုဒါ [ဒါကတော့ ကိုယ်တွေ မျက်မြင့်နားကြားတွေပါဘဲ အထူးပြောဘို့မရှိဘူး၊ဒီတော့ ပေါ့တန် လို့ မဖြစ်တော့ဘူး၊ အခုသိရင် အခုထလုပ်မှ ဖြစ်တော့မယ် ဆိုဒါ၊ ဆုံးဖြတ်ချက်ချလိုက်ကြ။

ဖြေးဖြေးတော့ လုပ်ပါမယ်, တစတစတော့ လုပ်ရမှာဘဲ ဆိုရင် သွားဘီ၊ အဲဒီလိုဆိုဒါ အရှူးတာရှေချင်လို့ဘဲလို့ မှတ်လိုက်ကြ၊ဖြေး ဖြေးသမားဆိုရင် ဘယ်လိုအစားထဲကဆိုဒါ ကိုယ့်ကိုယ်ကို ရိပ်မိကြ ရှင်းကြပလား ?၊ ၊ မင်္ဂအလုပ် မလုပ်ချင်တဲ့သူကို ဝက်ရူးပြန်တဲ့လူနဲ့ တူတယ်ဆိုရင် မမှားဘူး၊ ဝက်ရူးပြန်တဲ့သူဟာ ရေနဲ့မတွေ့သလို မင်္ဂရေ နဲ့ ပုထုဇဉ်အရူးနဲ့ မထွေ့လို့ဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ရိပ်မိကြပလား?။

ဒီ့ဒကာတွေ ဂင်္ဂါဝါဠူ ပွင့်တော်မူကြတဲ့ ဘုရားတွေရှောင်ပြီး အခု အချိန်ထိအောင် ဒုက္ခဝဲမှာ မြုပ်မျောလာကြရတယ်၊ အရူးရောဂါက သဲအားကြီးလွန်းလို့ ဘုရားအဆူဆူ ကုပေမဲ့ မပျောက်နိုင်ခဲ့ကြဘူး၊ ဒကာတို့တတွေ ဘုရားအဆူဆူကုပေမဲ့မပျောက်တာဟာ "ဦးကနင်း မဲ့ကထောင်,ပဲကနင်း ဦးကထောင်"ဆိုတဲ့ ဦးထောင်, ပဲ့ထောင်သမား တွေမို့ဘဲဆိုရင် မလွဲဘူး၊ ၊ဆရာသမားတွေက ရောဂါအခြေသိလို့, သနားလို့,ပျောက်တဲ့ဆေးကို တိုက်နေဒါ၊ ဒါကို ဒကာတို့က ကိုယ် သောက်ချင်မှ သောက်မယ်ဆိုရင် ဖြစ်ပါ့မလား? မဖြစ်ပါဘူး၊ ဘယ် ဖြစ်နိုင်ပါ့မလဲ ပင်ကိုယ်စိတ် ပျောက်အောင် ရူးနေတဲ့ အရူး ဘယ် သောက်ချင်ပါ့မလဲ ?။

သောက်ချင်သောက်ချင်, မသောက်ချင် သောက်ချင် ဇွတ်တိုက် ရမယ်,ဇွတ်သောက်ရမယ် လူစိတ်မရှိတဲ့အရူးမှာ ဆေးသောက်ရမှန်း ဘယ်သိမလဲ?၊ဒီတော့ ကြိုက်ကြိုက်,မကြိုက်ကြိုက် သနားလို့ ဆရာ က တိုက်နေဒါ၊ဇွတ်သာ သောက်ချပေတော့လို့ ပြောလိုက်ပါတယ် ရိပ်မိကြပလား ?။

တရားနာနေရင်းတော့ အင်း… မလုပ်လို့ မဖြစ်ဘူး, လုပ်မှ ဖြစ်တော့မှာဆိုပြီး စိတ်ကောင်းကလေး ပေါက်ပေမဲ့ အိမ်ရောက်တော့ မလုပ်ဖြစ်ဘူး၊ ဘယ်လုပ်ဖြစ်ပါ့မလဲ?၊ အိမ်လဲရောက်ရော အရှုံးထဒါနဲ့ဘဲ အချိန်ကုန်သွားရတော့တယ်၊ ၊မမြဲဒါ· မြဲတယ်ထင်၊ ဆင်းရဲဒါချမ်းသာထင်၊ အနတ္တ· အတ္တထင်လို့ထင်၊ အသုဘကို· သုဘထင်ပြီး ၊ အရှုံးရောဂါ ထကြွ, သောင်းကျန်း လာလိုက်တော့ တရားနဲ့ဝေးပြီးသွက်သွက်ခါကုန်တော့ဒါဘဲ။

ကိုယ့်သားလေး, သမီးလေးများ သေတော့ အနားကပ်, သေသေချာချာ ကြည့်ပြီး အမယ်လေး ကြည့်စမ်းပါအုံး ကျုပ်သမီးကလေးဟာ အိပ်နေသလိုပါဘဲ, လှလိုက်တာဗျာနဲ့ပြောတတ်ကြတယ်၊အဲဒါ အသုဘကို သုဘထင်ပြီး အရှုံးထလိုက်တာလို့ မှတ်ကြ၊ ၊သားတွေ သမီးတွေက အချိန်တန်လို့ အိမ်ထောင်ရက်သားကျလို့ သူ့အိုး, သူ့အိမ်နဲ့ နေ, နေပြန်တော့လဲ အင်း… ကျုပ်သားလေး, သမီးလေးက တော်ပါရဲ့ သူ့လက်, သူ့ခြေနဲ့ သူ ဣန္ဒြေရနေဘီ၊ ရှာဘတ်, ဖွေတတ်နေတတ်, ထိုင်တတ်နေလို့ ငမ်းသာလိုက်တာ သူ့ဟာနဲ့ သူ အဆင်ပြေနေလို့ စိတ် ချမ်းသာလိုက်တာနဲ့ ပြောကြဘယ်၊ အဲဒါ ဒုက္ခရောက်နေဒါ ဝမ်းသာသတဲ့၊ စဉ်းစားကြစမ်းပါ။

ဟိုမှာတော့ အိမ်ထောင်ကျတဲ့ အချိန်ကစပြီး အငြိမ်ကို မနေနိုင်ရှာဘူး၊ လုပ်ရ, ကိုင်ရ, ရှာရ, ဖွေရ, တာမ်းတခါးကနေ နှစ်ဝမ်းနှစ်ခါးဆိုသလို များ, များလာတော့ လျှာထွက်လုခတတ် စားဝတ်နေရေး

အတွက် ပူရ-ပင်ရ, ဒုက္ခရောက်နေရ ရှာတယ်၊ ဒါကို စိတ် ချမ်းသာလိုက်တာ, ဝမ်းသာလိုက်တာနဲ့ ဆိုတော့ ဒီထက်ရှုံး ဘာများ ရှိအုံးမတုံး?၊ ဒုက္ခရောက်နေဒါ ဝမ်းသာသတဲ့၊ ခင်ဗျားတို့တတွေ အဖြစ်က ကောင်းကြသေးရဲ့လား ?။

ရှုံးတဲ့လူ ရှုံးမှန်းသိရင်ဖြင့် ဆေးရှာမယ်၊ ရှုံးမှန်းမသိရင်ဆေးမရှာဘူး၊ သိဒါတော်သေးရဲ့လို့ ကိုယ့်ကိုယ်ကို အောက်မေ့ကြ၊ ဒို့ဒကာတွေ ကိုယ့်ကိုယ်ကို အရင်က ရှုံးမှန်းမသိကြဘူး၊ အခု ဆရာသမားနဲ့တွေ့တော့ ကိုယ့်အဖြစ်မှန်လဲ ကိုယ်သိကြရဘီ၊ သိရင် ပြင်ကြဘို့ဘဲ ရှိတယ်၊ အနာနဲ့ဆေး တဲ့အောင်ပေးဒါမို့ ပျောက်ဘို့အရေးဖြင့် ကိုယ့်အရေးဘဲ ကျန်တော့တယ်၊ ဆေးစားဘို့အရေး ကိုယ့်အရေးဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိပလား ?၊

ဒီတော့ အခု ဆရာဘုန်းကြီးက ဆေးကို ပြောရမယ်၊ ဆေးကတော့ စားချင်သူအဘို့ လွယ်တယ်၊ ပေးတဲ့သူက စေတနာ မေတ္တာထားပီး ပေးဒါမို့ လေးလေးစားစားနဲ့ စားသုံးကြရမယ်၊ ဒါမှလဲ ပေးရကျိုး နပ်မယ်၊ ထိုက်တန်လို့ပေးရင် ထိုက်တန်ဒါနဲ့ တူအောင် ကြိုးစား ယူလိုက်ကြ၊ ရှင်းကြပလား ?၊ အခုတော့ဖြင့် မအားသေးလို့, ဘယ်သင်း စိတ်မချသေးလို့ တနေ့တော့ လုပ်ပမယ်နဲ့ ရမယ်ရှာနေရင် သွက်သွက်ခါချင်သေးတယ်လို့ ဆိုလိုက်တာဘဲ။

ဒါကြောင့် ရှုံးမယ်ဘွဲ့ အချိန်ဆွဲမနေကြနဲ့၊ အခု သိရင် အခု လုပ်ကြရမယ်၊ ဆေးစားဘို့က ကိုယ့်ခန္ဓာမှာ ဉာဏ်နဲ့ စိုက်ကြည့်ရမယ်၊

ဉာဏ်နဲ့ စိုက်ကြည့်ရင် ပေါ်လာသမျှ စိတ်အစဉ်ကလေးတွေဟာ ဖြစ်ပြီး ပျက်သွားတဲ့ သဘောဘဲတွေ့ရမယ်၊ အဲဒီ-ရုပ်နာမ်ဖြစ်ပျက် အနိစ္စမြင်အောင် ပဌမ ကြည့်ရမယ်၊ နောက်-မုန်းလာအောင် ကြည့်ရမယ်၊ နောက်- မုန်းပြီး ဆုံးအောင် ကြည့်ရမယ်၊ အဲဒီလို ကြည့်လို့ အနိစ္စအချက် ဖြစ်ပျက် ဒုက္ခ အဆုံးမြင်ရင် သုခနိဗ္ဗာန်ဘဲလို့ ဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား ?။

ပြင်ပခန္ဓာ မကြည့်ကြနဲ့လို့ သတိပေးလိုက်ပါတယ်၊ ပြင်ပသူများခန္ဓာ ကြည့်နေသမျှ ဘယ်တော့မှ လမ်းစဆုံးဘို့ မမြင်ဘူး၊ ဒါကြောင့် မိမိခန္ဓာမှာသာ ကြည့်ကြရမယ်၊ ကိုယ့်ခန္ဓာကြည့်မှ ငြိမ်းရာ-အေးရာ သုခနိဗ္ဗာန်ကို ရကြမယ်ဆိုဒါ မှတ်ကြ၊ ဒီ-အဓိပ္ပါယ်ဟာ ပဋာစာရီဝတ္ထုသွားကို ကြည့်ရင် ထင်ရှားပါတယ်၊ ၊ပဋာစာရီဟာ အရင်ကတော့ သားခန္ဓာ, လင့်ခန္ဓာ စတဲ့ ပြင်ပခန္ဓာတွေမှာ ကြည့်မိလို့ အကြီး အကျယ် ဒုက္ခရောက်ရတယ်၊ နောက်- ဒီတွင်မကတော့ဘဲ ပင်ကိုယ်စိတ် ပျောက်ပြီး အဝတ်အစားတောင် မကပ်တော့ဘဲ သွက်သွက်လယ်အောင် ရူးသွားတဲ့အထိ ဒုက္ခနဲ့ ရင်ဆိုင် တွေ့ကြုံခံစားရရှာတယ်။

အဲ ဒီလို အကြီးအကျယ် ဒုက္ခရောက်ရတဲ့ အချက်ဟာ မိမိခန္ဓာ မကြည့်ဘဲ အပြင်ခန္ဓာ သူများခန္ဓာ ကြည့်မိလို့ဆိုဒါ၊ သဘောပါကြပလား ?၊ ၊နောက်-ဘုရားရှင်နဲ့ ဖူးတွေ့ရတော့မှ ဘုရားရှင်က, လမ်းတဲ့ပေးလိုက်လို့ အမြင်မှန်ရပြီး ပဋာစာရီဟာ ချမ်းသာစစ်ကို ရရှိသွားတော့တယ်၊ ၊သူ့လင်- ဒါသ ကလဲ့, မြွေကိုက်လို့သေ၊ သားငယ်

ကလေးကိုလဲ စွန့်ချီသွား, သားကြီးက ရေမျောပါ ဆိုတော့ ပဋာစာရီဟာ ပြောစရာ မရှိလောက်အောင် ဒုက္ခနဲ့ ရင်ဆိုင်ရဒါပေါ့၊ သား, လင်ဆိုတဲ့ အပြင်ခန္ဓာ ကြည့်ပြီး အပူမီးလောင်ခံရတယ်ဆိုဒါ ထင်ရှားပါတယ်။

ငါ့လင်ဘဲ ငါ့သားလေးဘဲ, ငါ့သားကြီးဘဲဆိုပြီးအထင်အမြင်တွေ လွဲလိုက်တော့ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲခြင်း ဆိုတဲ့ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ တင်မကတော့ဘူး၊ ရင်တွင်း နှလုံးတွင်းမှာ ပြင်းပြင်း ပျပျ ပူလောင်မှု ဆိုတဲ့ ဥပါယာသ အပိုင်း ရောက်၊ အဲဒီကနေပြီး နှလုံးသွေးဟာ ချာချာလယ်ပြီး သွက်သွက်ခါ ရူးသွပ်သွားတဲ့ ဘဝရောက်သွားရှာတယ်၊ အဲဒါ ဘုရားရှင် ကိုယ်တော် မြတ်ကြီးနဲ့ တွေ့ရတော့မှ ဘုရားရှင်က —

"ချစ်သမီး ပဋာစာရီ အသင့်မှာ ပူလိုက်တာ အလွန်ဘဲ၊ ပူသာ ပူတယ် ကိုယ့်အတွက်မပါ ပါကလား၊ သူများအတွက် ပူနေဒါဘဲ ကိုယ့်ကိုယ်, ကိုယ်ကြည့်ပြီး ကိုယ့်အတွက် ကြောင့်ကျလော့၊ သညာရဲ့ အလိမ်ဒဏ်ကို မခံနိုင်တော့၊ သညာ၏ လှဲစားချက်ကို ဉာဏ်နဲ့ ပယ်ဖျက်လော့၊ ၊နိစ္စသညာ, သုခသညာ, သုဘသညာ အတ္တသညာ ပယ်ခွါဘို့ရာ မိမိခန္ဓာမှာ သတိချပ်လေလော့ မိမိ ခန္ဓာ အပူဓါတ်ကို ဉာဏ်နဲ့သတ်လေလော့ ချစ်သမီး"။

စသည်အားဖြင့် ဉာဏ်အမြင် ပြောင်းပေးလိုက်တော့ ပဋာစာရီဟာ သောတာပန်တည်သွားတယ်၊ အဲဒီအခါကျမှ သီလအဝတ်ခြုံမယ်လို့ မှတ်ကြ၊ သဘောပါကြပလား ?။

ဒွိုဒကာတွေလဲ မင်္ဂရမှ သီလအဝတ် မြဲမယ်လို့မှတ်ပါ၊ မင်္ဂမရရင် မမြဲပါဘူး၊ မြဲတယ်ဆိုရင် တဒင်္ဂမျှသာဘဲ၊ မင်္ဂမရသေးတဲ့ သူဟာ အရှုးဝတ် အနွမ်းဝတ် တွေကရာ ကောက်ဝတ်နေကြဒါပါ၊ ရိပ်မိကြပလား ?၊ ၊ဒါကြောင့် လေးလေးစားစား ကြိုးစားလိုက်နာကြလို့ ပြောလိုက်ပါတယ်၊ ဒီနေ့ မင်္ဂမရသေးရင် မနက်ဖြန် ချောက်ကျသွားနိုင်တယ်၊ ၊ကိုယ်ရှူးဒါ ရှူးမှန်းသိပြီး ကိုယ့်အရှူးနာ ကိုယ်ကုကြ၊ ဆရာသမား ဆေးကောင်း ဝါးကောင်း ကြုံတွေ့တုန်း လက်လွှတ် မခံကြရစေနဲ့လို့ သတိပေးလိုက်ပါတယ်။

ဒါနဲ့ မာဂဏ္ဍိဝတ္ထုကို ဆက်ရမယ်၊ မာဂဏ္ဍိက ပွားစီးခြင်းကို လိုတယ်၊ ပွားစီးအောင်လုပ်ရမယ်လို့ အယူရှိတယ်၊ သူ့အယူကမျက်စိနဲ့ အဆင်းမြင်ရင် လိုချင်ရမယ်၊ စွဲလမ်းရမယ်၊ ရအောင် အားထုတ်ရမယ်တဲ့၊ အဲဒါမှ မျိုးဆက်ပြန့်ပွားမယ်၊ မျိုးမပြတ်မယ်လို့ ဆိုတယ်တဲ့၊ ဘုရားရှင်ကတော့ ပွားစီးခြင်းကိုမလို၊ ပွားစီးခြင်းကို ဖြတ်ရမယ်လို့ ဟောတော်မူတယ်၊ ၊ဘာ့ကြောင့်လဲဆိုတော့ ပွားစီးခြင်းကို လိုရင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ ငါးမျိုးလာမယ်၊ ဒါကြောင့် ဖြတ်ရမယ်လို့ ဟောဒါဘဲ။

မျက်စိအကြည်နဲ့ အဆင်းနဲ့၊ တွေ့တဲ့အခါ မြင်စိတ် ပေါ်မယ် ပေါ်ဒါနဲ့ ကောင်းတယ်ဆိုရင် လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ အားထုတ်၊ အားထုတ်တုန်းမှာဘဲ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ စတဲ့ ဒုက္ခအစု လိုက်လာတယ်၊ အားထုတ်လို့ ရတဲ့ဟာက မမြဲတဲ့

ဟာ၊ အဲဒီမမြဲတဲ့ဟာက မမြဲလို့ ပျောက်ပျက်သွားတော့လဲ သောက ပရိဒေဝ စတဲ့ ငါးမျိုးဘဲ လာမှာဘဲ ၊ပွားခြင်းကို လိုရင် ဒီငါးမျိုး ရမှာဘဲ၊ သဘောပါကြရဲ့လား ?။

ဒါကြောင့် ဘုရားရှင်က ဒါတွေသိလို့ ပွားစီးခြင်းကို မလိုဘူး၊ ပွားစီးခြင်းကိုဖြတ်တယ်၊ ဖြတ်တော့ သောက ပရိဒေဝ စတဲ့ ငါးမျိုး မလာတော့ဘူး၊ ၊မာဂင်္ဂြိအယူက ဒီ-သောက ပရိဒေဝ ဇာတ်ထုတ် ခင်းနေဒါ၊ ဘုရားရှင်က ဒီ- ဇာတ်ထုတ်ကို သိမ်းတော်မူဒါ၊ ဒီ- ဒုက္ခ အစုကိုပြတ်အောင် ကျင့်တော်မူဒါ၊ဒါကြောင့် ဒိုဒကာတွေ ဒီဇာတ် သိမ်းချင်ရင် မြင်တဲ့အခါ ရှေ့ဆက်မသွားစေနဲ့၊ မပွားစီးစေနဲ့လို့ မှာလိုက်ပါတယ်၊ ရှေ့ဆက်ချင်ရင် မာဂင်္ဂြိမျိုးတွေမို့ဘဲလို့ ဆိုထိုက် မဆိုထိုက်၊ စဉ်းစားကြ။

ဒါကြောင့် ဒုက္ခဇာတ်သိမ်းချင်ရင် မြင်တဲ့အခါ မြင်တဲ့အဆင်း ဖြစ်ပျက်ရှု မြင်စိတ်ပေါ် ဖြစ်ပျက်ရှု၊ တခုခုမိအောင် ရှုရမယ်၊ ဒီလို ရှုရင် နောက်- တဏှာ, ဥပါဒါန်, ကမ် မဆက်တော့ဘူး၊ တဏှာ, ဥပါဒါန်, ကမ် ချုပ်မယ်၊ ဒီလို ချုပ်တော့ နောက်ရမဲ့ ဇာတိဒုက္ခ, ဇရာဒုက္ခ စတဲ့ ဒုက္ခအနူကြီး, ဒုက္ခစက်ကြီး ပြတ်ကရော၊ ဒုက္ခအစု မလာနိုင်တော့ဘူး၊ ရှင်းကြပလား ?၊ မိတဲ့နေရာမှာ ဖြစ်ပျက်ရှု၊ ရှေ့က- ဖြစ်ပျက်, နောက်က- မဂ် လာမယ်၊ ဒုက္ခစက်ကို မဂ်က ဖြတ်ချ လိုက်တာဘဲ၊ အဲဒီလို အဆက် မပြတ် မဂ် ဖြစ် နိုင် အောင်၊ ကြိုးစားကြ။

ပဌမတော့မဂ္ဂင်ငါးပါးဘဲ၊ နောက်ရှစ်ပါးပြည့်မှ အရှုးနာပျောက်ကြမှာ၊ ရှစ်ပါးမပြည့်လို့ မဂ်မရသေးရင် အရှုးနာမပျောက်သေးဘူး၊ ဒါန, သီလ, သမထနဲ့လဲ ဒီအရှုး မပျောက်သေးဘူး၊ ဝိပဿနာလုပ်မှ ဝိပဿနာနဲ့မှ ဒီအရှုး ပျောက်နိုင်မယ်ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ၊ ဒိုဒကာတွေက မရှက်ရင်သာရှိမယ်၊ မရှုးတဲ့အချိန်က မရှိသလောက်ရှားပါတယ်၊ တနေ့ဘယ်နှစ်ခါ ရှုးတုန်းဆိုဒါ ကိုယ့်ကိုယ်ကို စဉ်းစားကြ၊ ၊ ဒီအိမ်မှာ မနေချင်ပါဘူး စိတ်ရှုပ်ပါတယ်ဆိုပီး အိမ်က ထွက်သွား၊ နောက်· တော်တော်ကြာတော့ အိမ်မှာ ငါမရှိ မဖြစ်သေးပါဘူးလေဆိုပီး ပြန်ဝင်လာတယ်၊ အဲဒါ ဘာဖြစ်တာလဲ ?၊ ရှုးဒါက သေချာတယ်၊ ရိပ်မိပလား ?။

ဒိုဒကာတွေ ရှုးချက်က ပြောလို့မဆုံးနိုင်ဘူး၊ မျောက်, ငြုပ်ဆုံထိုင်မိသလို ဋ္ဌာန္တြေမရ အငြိမ်ကို မနေနိုင်ကြဘူး၊ တောင်သွား, မြောက်သွား ဟိုဟာလုပ်, ဒီဟာလုပ် အားရတယ်ကို မရှိကြဘူး၊ ဘာအလုပ်တွေတုံးလို့ မေးရင် သား·အလုပ်, မယား·အလုပ်, ပစ္စည်းအလုပ်ဆိုတဲ့ ကိုယ်ကျိုးမပါတဲ့အလုပ်ချည့်ဘဲ၊ ဒီကြားထဲက သိတတ်တဲ့ လူများက ခုနစ်ရက်လောက်တော့ ကိုယ့်အတွက်စိတ်ချရအောင် တရားအားထုတ်ပါလို့ပြောရင် မအားသေးလို့တဲ့၊ အဲဒါ ကျုပ်အရှုးမို့ အရှုး အလုပ်ဘဲ လုပ်နေတော့မယ်လို့ဆိုသလိုပါဘဲ၊ရိပ်မိကြပလား ?။

ဒီတော့ ခင်ဗျားတို့ဟာ သံသရာ အရှုးရောဂါသယ်တွေဘဲ၊ ဒါကြောင့် ဒီအရှုးနာပျောက်အောင် ဆေးတွေ့တုန်း ကုကြရမယ်၊ ၊

ကိုယ့်မှာရောဂါရှိဒါလဲ သိကြရဘီ၊ ပျောက်အောင်ကုပေးတဲ့ ဆရာနဲ့ ပျောက်နိုင်တဲ့ဆေးကိုလဲ တွေ့နေကြရပြီမို့ ကြိုးစားပါကြလို့ ပြောလိုက်တယ်၊ ဒီတော့ ဒီနေရာမှာ မာဂဏ္ဍိယပုဏ္ဏားကို ဘုရားရှင်က ဟောပြတဲ့အချက်ကို ပြောရမယ်။

ဘုရားရှင်က မာဂဏ္ဍိကို တောထွက်တော်မူတဲ့ အကြောင်းတွေကို ပြန့်ပြောတယ်တဲ့၊ "ငါဘုရားဟာ ဘုရားမဖြစ်ခင် ရှေ့ စဉ်အခါက ဆောင်း၊ နွေ၊ မိုးဆိုတဲ့ ဥတုသုံးပါးနဲ့လျော်တဲ့ ရမ္မ သုဘ၊ သုရမ္မ·ဆိုတဲ့ ရွှေနန်းသုံးဆောင်အလယ်မှာ ကာမဂုဏ် အာရုံ ခံစားမှုဆိုရင် ပြောစရာမရှိတော့ဘူး၊ မောင်းမလေးသောင်း အခြံအရံတွေနဲ့ သဘောရှိသလို ခံစား စံစားခဲ့ဘယ်၊ ဒါပေမဲ့ တနေ့တော့ ဒီဟာတွေရဲ့ အပြစ်ကို ဉာဏ်နဲ့ မြင်သိလာတယ်။

"ဒီ·ကာမဂုဏ်အာရုံတွေရဲ့ ဖေါက်ပြန်ပျက်စီးမှု၊ မမြဲတဲ့ အနိစ္စအချက်၊ အမှန်ဆင်းရဲအစုဘဲဆိုတဲ့ ဒုက္ခအချက်၊ သာယာဘွယ် နှစ်သက်ဘွယ် မရှိတဲ့အချက် စတဲ့ အပြစ်တွေကို အမှန်အကန် သိမြင်လာလို့ တောထွက်လာခဲ့ဒါဘဲ၊ အနိစ္စကို·နိစ္စလို့ထင်၊ အသုဘကို သုဘလို့ထင်၊ ဒုက္ခကို· သုခလို့ထင် အဲဒီလို ထင်တဲ့သူဟာ ရူးလို့ ထင်ဒါဘဲ၊ မရူးရင် မထင်ပါဘူး၊ ငါဘုရားဟာ အရူးပျောက်ဘို့ တောထွက်လာခဲ့ဒါဘဲ"။

နောက်ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ မာရ်ငါးပါး အောင်မြင်ပြီး အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ် တရားအထူးကိုရတော့ အကုန်·

အစင် သိမြင်တော်မူလို့ ဒီ-ကာမဂုဏ်တွေရဲ့ အပြစ်ကို အမှန်အကန် သိရှိခဲ့တယ်၊ ဒါကြောင့် ငါဘုရားက ပွားစီးခြင်းဖြစ်တဲ့ ဒုက္ခကိုဖြစ်တယ်၊ ဒုက္ခအပြှုပြဲတဲ့ အယူကိုယူတယ် ကျင့်ကြံတယ်၊ ဟောပြောပြသတယ်၊ အမှန်သိမြင်လာတော့ အော် - ရှေးတုန်းကတော့ ဒီကာမဂုဏ်မှု ဒုက္ခအစုတွေကို ဒုက္ခမှန်းမသိ အကောင်းလို့ ထင်မိခဲ့ဒါ ကိုမသိခင်တုန်း ကတော့ကောင်းကောင်းပါတဲ့ကလား၊ အခုလိုအမှန် သိလာတော့ "ဘာမျှ အနှစ်အသားမရှိတဲ့ ဒုက္ခအစု ဆင်းရဲမှု သက်သက်တွေ"လို့ သိမြင်တော်မူလို့ ပွားစီးခြင်းကို ဖြတ်တယ်ဆိုတဲ့ အကြောင်း မာဂဏ္ဍီယပရိဗိုဇ်ကို ဟောပြတော်မူတယ်။

ဒါကြောင့်နဲ့ဒကာတွေကို အရှုးပျောက်အောင် ကုဘို့ရာအမြန်ဆုံး လုပ်သင့် မလုပ်သင့် စဉ်းစားကြ၊ ဘုရားကိုယ်တော်ကိုင်က ဟောခဲ့ ဒါသံသယဖြစ်ဘို့မလိုဘူး၊ ဘုရားကရုဏာတော် ယုံကြည်ပြီးလေးလေး စားစားနဲ့ အားထုတ်ကြ၊ သဘောပါကြပလား ?၊ ဒကာတို့တတွေ အထက်ထက်က မိဘ၊ ဘိုးဘွား၊ ဘီဘင်-ဆိုသလို အရှူးဆွေမျိုး အစဉ် အဆက်နဲ့ လာခဲ့ကြဒါ သေတော့လဲ အရှူးပျောက်ပြီးသေရတဲ့ မသာ ရယ်လို့ မရှိခဲ့ကြပါဘူး အရှူးနေ၊ အရှူးသေ၊ သေပြီး အရှူးမသာချည့် ချခဲ့ကြရဒါတဲ့ဆိုရင် မှားသေးသလား ?။

ဒီတော့ အလုပ်မလုပ်ဘဲနေရင် အရှူးသေ၊ သေရဘို့ဘဲ ရှိတယ်ဆိုဒါ ဆုံးဖြတ်ချက်ချ၊ အလုပ်မလုပ်မိဘဲ သေသွားရင် ဘိတ်စာ ကမ်းတဲ့ အခါ "အရှူးမသာကြွတော်မူကြပါ"လို့ဘဲ ဘိတ်ကြလို့ မှာလိုက်

ပါတယ်၊ ရိပ်မိကြပလား ?၊ ခင်ဗျားတို့တတွေက အသုဘ ဘိတ်စာ ကိုတောင် အမှန်းတင်လိုက်ကြသေးတယ်၊ ဘိတ်စာထဲမှာ ဘွဲထူးတွေ ဂုဏ်ထူးတွေ ဘီအေတွေ အမ်အေတွေနဲ့ ဝေဝေဆာဆာ ရေးထား လိုက်ကြဒါ၊ ဘယ်ဝန်ထောက်ရဲ့ ညီ၊ ဘယ်အရေးပိုင်ရဲ့သား၊ ဘယ် ဝန်ကြီးရဲ့တူ နဲ့ စုံရာကနေ ထပ်သွားတော့ဒါဘဲ။

ဘယ်လောက်ဘဲ ဂုဏ်တွေ ဘွဲတွေနဲ့ ဝေဝေဆာဆာ လုပ်ပေမဲ့လဲ အရှုံးမသာဟာ အရှုံးမသာပါဘဲ၊ အသုဘကောင်အပုပ်ကောင် အရှုံး မသာလောင်းကို ဘွဲတွေ ဂုဏ်တွေ တပ်နေကြဒါဟာ ဘယ့်လောက် ရှုံးချက်သန်သလဲ ဆိုတဲ့အချက် ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားကြ၊ ၊ ဒီတော့ နောက်တခါ အရှုံးမသာ မချရအောင် အခုနှယ်က ဆေးဦး အောင် စားထားဘို့ သင့်တော်လောက်ပီဆိုတဲ့ အမိပ္ပါယ် ပေါ်ကြ ပလား ?၊ ပေါ်ရင် ကိုယ့်မှာ အရှုံးနာ ရှိမှန်းလဲ အမှန်သိရလို့ ပျောက်တဲ့ဆေးကို ဆရာသမားက လဲ ပေးနေတဲ့အခါမို့ လက်လွှတ် မခံကြနဲ့တော့။

"ဒီ·အခွင့်အရေးမျိုးမှ လက်လွှတ်သွားခဲ့ရင် အရှုံးစခန်း သိမ်းနိုင် ဘို့မမြင်ဟော့ဘူး၊ ၊ဒါကြောင့် ဒို့ဒကာတွေကို ဘုန်းကြီးက အလေး အနက် သတိပေးစကား ပြောလိုက်ပါတယ်၊ "နောက်ထပ် အရှုံး မသာ မချချင်နဲ့တော့" လို့၊ ရှင်းကြပလား ?။

ကိုင်း··ယနေ့··ဒီတွင်ဘဲ··တော်ကြအုံး။

# ဓမ္မရတနာ- မာတိကာ။

## " ဝိပ္ပလ္လာသ ပယ်ခွါချ တရားတော် "

### ဝိပ္ပလ္လာသ သုံးမျိုး

(၁) သညာဝိပ္ပလ္လာသ အမှတ်မှားယွင်းခြင်း။

(၂) စိတ္တဝိပ္ပလ္လာသ အသိမှားယွင်းခြင်း။

(၃) ဒိဋ္ဌိဝိပ္ပလ္လာသ အယူမှားယွင်းခြင်း။

**မှားယွင်းပုံ**

အနိစ္စကို နိစ္စဟု မှတ်, သိ, ယူစွဲခြင်း၊

ဒုက္ခကို သုခဟု မှတ်, သိ, ယူစွဲခြင်း၊

အနတ္တကို အတ္တဟု မှတ်, သိ, ယူစွဲခြင်း၊

အသုဘကို သုဘဟု မှတ်, သိ, ယူစွဲခြင်း၊

တပါးပါး၌ သုံးချက်စီ ဖြစ်သဖြင့် လေးပါးသုံးလီ

ဝိပ္ပလ္လာသ (၁၂)ပါး ဖြစ်၏၊

**ဆောင်ပုဒ်**

သညာ, စိတ္တ၊ ဒိဋ္ဌိက၊ သုံးဝ ဝိပ္ပလ္လာ၊

မှတ်မှား, သိမှား၊ အယူမှား၊ ဘောက်ပြား ဝိပ္ပလ္လာ၊

အနိစ္စ, ဒုက္ခ၊ အနတ္တ၊ အသုဘ စင်စစ်သာ။

နိစ္စ, သုခ၊ ကိုယ့်အတ္တ၊ သုဘ ဘောက်ပြန်ကာ။

သုံးပါး ဝိပ္ပလ်၊ ရှုးနာသန်၊ ဘောက်ပြန် မြင်၍လာ။

ရှုးနာပျောက်ချင်၊ တရားဝင်၊ လျှင်လျှင် အားတုတ်ရာ။

ကောယနော၊ အယံမဂ္ဂေါ၊ စကုရော သတိပဋ္ဌာနာ။

ဖြစ်ပျက် မြင်စ၊ နှိမ်ဆေးပ ငြိမ်စွာ့ များမြင်ခါ။
ဖြစ်ပျက် ဆုံးရောက်၊ ရှူးနာပျောက်၊ မျက်မှောက် နိဗ္ဗူတာ။

**သတိ**

ရုပ် နာမ် ဖြစ်ပျက် မြင်စ ရှူးနာ နှိမ်ဆေး ရသည်။
ရုပ် နာမ် ဖြစ်ပျက် အများမြင်က ရှူးနာ ငြိမ်းဆေးရသည်။
ရုပ် နာမ် ဖြစ်ပျက် အဆုံးမြင်က ရှူးနာ ပျောက်ဆေးရသည်။

**တရားသား** ဒီကနေ့ည အရှူးထတတ်တဲ့ အချက်ကြီး လေးချက်ကို ပြောရမယ်၊ အရင်းခံ အချက်ကြီးတွေဘဲလို့ မှတ်ကြ၊ ၊ဒီအချက်ကြီးတွေ ကင်းမှ ကင်းအောင် လုပ်ယူမှသာ အရှူးရောဂါပျောက်ကြမယ်၊ ဒီတော့ ဘယ်လိုလုပ်ယူရမလဲဆိုတဲ့ အချက်ကိုလဲ အထူးသတိချပ်ဘို့ လိုတယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ရှင်းကြပလား ?။

ဒီ- အရှူးရောဂါ ပျောက်ဘို့ ဆေးချက်ဟာ ဝိပဿနာ အလုပ်ဘဲ ရှိတယ်၊ ဒီ- အလုပ်မှ ပျောက်နိုင်မယ် ဆိုဒါ မှတ်ထားကြ၊ ၊ ဒီ- အလုပ် ကင်းရင် အရှူး ထတဲ့ အချိန်ဘဲလို့ မှတ်၊ ဝိပဿနာ အလုပ်ကင်းတဲ့ အချိန်မှာ အရှူးလေးမျိုး ရှိနေတယ်၊ ဇာဂ်နဲ့ ပယ်တဲ့ အချိန်နဲ့ ဝိပဿနာနဲ့ နေတဲ့ အချိန်မှာသာ အရှူးကင်းတယ်၊ အဲဒီ အချိန်မျိုးမှာ အရှူးလေးမျိုး မရှိဘူးလို့ မှတ်ကြ၊ သဘောပါကြရဲ့လား?၊

အရှုးလေးမျိုးဆိုဒါက အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အသုဘကို သုဘ၊ အနတ္တကို အတ္တ ဘဲလို့ သိတယ်, မှတ်ထင်တယ်, ယူစွဲတယ် ဆိုတဲ့ အချက်လေးခုကြောင့် ဖြစ်လာရတဲ့ အရူးလေးမျိုးဘဲ၊ အဲဒါကို သိမှားမှာ လေးခု၊ မှတ်မှားမှာလဲ လေးခု၊ အယူမှားမှာလဲ လေးခု ဆိုတော့ လေးခုသုံးလီပေါင်းရင် အရူးတဆဲ့နှစ်မျိုးဖြစ်တယ်၊ အဲဒီတဆဲ့နှစ်မျိုးကို စာလိုတော့ ဝိပ္ပလ္လာသ၊ အမှန်သဘာဝမှ ဖေါက်ပြန်ပီး မှားယွင်းစွာ မြင်တဲ့အမြင် ဆဲ့နှစ်မျိုးလို့ ဆိုတယ်လို့ မှတ်ကြ၊ ဝိပ္ပလ္လာသ ဆဲ့နှစ်ပါးဆိုဒါ ဒါကိုခေါ်တာဘဲ။

ဒို့ဒကာတွေက အနိစ္စကို နိစ္စလို့ သိနေတယ်၊ အနတ္တကို အတ္တလို့ သိနေတယ်၊ ဒါက အသိမှား၊ အနိစ္စကို နိစ္စ, အနတ္တကို အတ္တလို့ မှတ်နေတယ်၊ အဲဒါက အမှတ်မှား၊ အနိစ္စကို နိစ္စ, အနတ္တကို အတ္တလို့ ယူစွဲနေကြတယ်၊ အဲဒါက အယူမှား နှစ်ခု၊ သောတာပန် မတည်သေးရင် ရှိတဲ့ရှစ်မျိုးလို့ မှတ်ကြ၊ အခုပြောဒါ သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသ ဆိုတဲ့ ဝိပ္ပလ္လာသသုံးမျိုးရဲ့ ဧကချက်ဘဲ၊ ဒီ ဝိပ္ပလ္လာသ, သုံးမျိုးရှိနေသမျှ အရူး ထကြမှာ ချည့်ဘဲတဲ့၊ သဘောပေါက်ကြ ရဲ့လား ?။

အရိယာမဖြစ်သေးသမျှ ဒီ အမှတ်မှား, အသိမှား, အယူမှား ဆိုတဲ့ ဝိပ္ပလ္လာသ သုံးမျိုး ရှိပီးနေတယ်၊ ပုထုဇဉ် အဖြစ်မှာ ဒီ အရူးမျိုး ပိုင်နေတယ်၊ အရူးမျိုးရှိနေတော့ ဘယ်တော့မှ အဖြောင့်မသွားဘူး၊ အကောက် သွားနေမှာဘဲဆိုဒါ မှတ်ထားကြ၊ အကောက်သွားဆိုရင်

လမ်းဖြောင့်လမ်းမှန် မရောက်တော့ဘူး၊ အမှန်အကန် မဖြစ်တော့ပါဘူး၊ ရောက်ချင်ရာရောက် ကျချင်တဲ့ ချောက်ကမ္ဘား ဇောက်ထိုး မိုးမြှော် ကျဘို့မှဘပါး ဒိပြင်မရှိတော့ဘူးဆိုဒါ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပလား ?။

ဒကာတို့တတွေ ကိုယ့်အခြေ ကိုယ့်အနေနဲ့မျှား ဟုတ်လှပီ၊ တော်လှဘီလို့မျှား အောက်မေ့ မနေကြနဲ့လို့ သတိပေးလိုက်ပါတယ်၊ စီးပွားရေး ကြီးပွားရေးဘေ့ သွီးသားရေးဘေ့နဲ့ နေတဲ့သူမှန်သမျှဟာ အရူးအဖြစ်နဲ့ဘဲ နေကြတယ်လို့ မှတ်ကြ၊ အရူးရောဂါ ရှိနေသေးလို့သာ ပျော်ပိုက်နေနိုင်ကြဒါပါ၊ ရိပ်မိကြပလား ?၊ ၊ ဒို့ဒကာတွေ မဂ်မဆိုက်၊ ဖိုလ်မဆိုက်ဆိုရင် ဘယ်အခြေ ဆိုက်မတုံး ?၊ အရူးထတုန်း၊ အရူးထလို့ ကောင်းတုန်းဘဲဆိုဒါ မှတ်လိုက်ကြ။

ဒီတော့ ဒို့ဒကာတွေ အေးနေဘို့၊ ပေါ့နေဘို့၊ အချိန်မဟုတ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချကြ၊ ဒါကြောင့် အနိစ္စကို အနိစ္စလို့ အမှန်အကန် မြင်သိအောင် ရှုဆင်ခြင်ရမယ်၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပီး ရှုပွားရမယ်၊ အဲဒီလို အခါခါ ရှုပွားမှ အနိစ္စကို နိစ္စလို့ မှတ်ထားတဲ့ အမှတ်မှားကွာသာမယ်၊ အမှတ်မှားကွာရင် အမှန်မြင်သိလာကြမယ်၊ ဒါကို အမှန်သိမှ အမှန်အကန် ဉာဏ်နဲ့မြင်မှ ဝိပ္ပလ္လာသ ရှစ်ချိုးက လွတ်ကြမယ်၊ ၊ဒါကို မသိသေးရင်ဖြင့် ဒို့ဒကာတွေ အသက်ရှေ့သမျှ အရူးသက် ရှေဒါဘဲလို့ မှတ်ကြ၊ အရူးနေ့နေပီး အရူးအသက်ရှေကြ သေတော့လဲ အရူးသေ့ သေရမှာမို့ မသာချတော့လဲ အရူးမသာ ချကြတော့ပေါ့၊ ကောင်းနိုင်ပါအုံးမလား ?၊ စဉ်းစားကြ။

ဒကာတို့စိတ်ထဲမှာ ငါတို့ဟာ ဒါနတွေလဲ အမျိုးမျိုးပြုကြတယ်၊ ဥပုသ်လဲ မလွတ်တမ်း စောင့်ထိမ်းကြတယ်ဆိုပြီး တော်လှဘီလို့ များအောင်းမေ့တတ်ကြတယ်၊ ဥပုသ်စောင့် ဒါနတွေပြု သမထတွေ ပွားများနဲ့ အရှုးနာပျောက်မယ်လို့ အောင်းမေ့နေကြတယ်၊ ဒါန သီလ သမထနဲ့ဖြင့် အရှုးပျောက်ဘို့ ခဲယဉ်းပါတယ်၊ ဘယ်တော့မှ မပျောက်ဘူးဆိုဒါ မှတ်လိုက်ကြ အရှုးနာပျောက်ဘို့ ဝိပဿနာရှုကြ၊ ဝိပဿနာက တဒင်ပယ်မယ်၊ နောက်-မဂ်ရမှ မဂ်ကမှ ဝိက္ခမ္ဘနသမုစ္ဆေဒပယ်နိုင်မှာ၊ သဘောပါကြပလား ?။

ဘုရားရှင်က ဆေးနားလယ်လို့ ရောဂါအကြောင်းသိလို့ ဒါတွေ အရှုးတွေဘဲလို့ သိတော်မူလို့ ဆေးပေးထားခဲ့ဒါ၊ ဒီဆေး သောက်မှ ကေန်ပျောက်ကြမှာ၊ မသောက်ရင် မပျောက်ပါဘူး၊ ဒါကို ဒို့ဒကာ တွေ မသိလို့ သိအောင်လို့ဆိုပြီး ဘုန်းကြီးတို့က ဖေါ်ပြောနေရဒါ၊ ဖေါ်ပြလို့ အခု ကိုယ့်ကိုယ်ကို အနာရှိမှန်း အရှုးမှန်း သိကြရဘီ၊ အရှုးနာပျောက်အောင် ကုနည်း ပယ်နည်းလဲ ရကြပြီ၊ ပယ်နည်းရရင် ပယ်ကြ၊ ရိုပ်မိပလား ?၊ ဒါမှ မဂ္ဂင်လမ်း ဖြောင့်မယ်၊ မပယ်ရင် အရှုး မပျောက်ဘူး မဂ္ဂင်လမ်း မဖြောင့်ဘူး၊ မဂ္ဂင်လမ်းမဖြောင့်သမျှ ဘယ်တော့မှ နိဗ္ဗာန် မရောက်နိုင်ကြဘူး။

ဒကာတို့ကအရင်ကတော့ အနာရှိမှန်းမသိလို့ဆေးရှာရမှန်း မသိခဲ့ကြဘူး၊ ညွှန်ပြတဲ့သူက ပြလို့ အနာရှိမှန်း အခုသိကြရဘီ၊ အခု သိတော့ အခု ပျောက်ဆေး ရှာကြ၊ ပျောက်ဆေး သောက်ကြပါလို့

တိုက်တွန်းလိုက်တယ်၊ ဒါနဲ့မှ မသောက်ချင်ရင် အရူးတာရှေ အရူးသက်ဆိုးရှေပြီး အရူးနေ နေ့ အရူးသေ သေကြ၊ နောက်- အရူးမသာချချင်သေးလို့ဘဲဆိုဒါ ငြင်းဘို့မရှိပါဘူး။

ဆေး သောက်ချင်ရင် သောက်ဘို့ဏ လွယ်ပါတယ်၊ မိမိခန္ဓာမှာ စိုက်ကြည့်၊ ဉာဏ်နဲ့စိုက်ရင် အမှန်သိသာလိမ့်မယ်၊ ကြည့်တော့- ရုပ်ကြိုက်, ရုပ်ကြည့်၊ ဝေဒနာကြိုက်, ဝေဒနာ၊ စိတ်ကြိုက်ရင်လဲ, စိတ်ကိုကြည့်၊ များများ မလိုဘူး ကြိုက်တာ တလုံးထဲကိုသာ ကြည့်ရမယ်၊ ဉာဏ်နဲ့ကြည့်ရင် ဖြစ်ပီးပျက်, ဖြစ်ပီးပျက်နေတဲ့ အနိစ္စ အချက်ကို အမှန် သိရမယ်၊ ဒီလို အမှန်သိလို့ ရုပ်နာမ် ဖြစ်ပျက်မြင်ချင် တဒင်္ဂ ကွာသွားဘီဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒါလောက်နဲ့ စိတ်မချရသေးဘူး၊ဖြစ်ပျက်မြင်ရုံနဲ့ကျေနပ်မနေနှင့်အုံးဒါကိုဆက်ပီးမုန်းအောင်း-ဆုံးအောင်ရှုရအုံးမယ်၊ဖြစ်ပျက်ဆုံးမှ အရူးနာပျောက်မယ်၊ ရှင်းကြပလား?။

ခန္ဓာငါးပါးက တပါးကိုကြည့်ရင် ကျန်လေးပါးအတွက် ကိစ္စပီးတယ်၊ တပါးကိုမြင်ရင် ကျန်လေးပါးလဲ မြင်တယ်၊ အရေးကြီးဒါက တပါးထဲကို ပိုင်ပိုင် နိုင်နိုင် မြင်အောင်ကြည့်ဘို့ လိုရင်းဘဲ၊ ရှင်းကြပလား ?၊ ဉပမာဆိုရင်တုတ်(ဒုတ်)ငါးချောင်းလိုဘဲလို့ မှတ်ကြ၊ ဒုတ်ကလေး ငါးချောင်းကို ထိပ်ချင်းတိုက်ပီး စုထောင်ထား၊ နောက်ပီး, အဲဒီ-ဒုတ်ငါးချောင်းရဲ့ ထိပ်ပေါ်မှာ တင်ချင်တဲ့ အရာဝတ္ထု တခုခု တင်ထားကြည့်၊ တိတိမတ်မတ်ဘဲရှိနေမယ်၊ ဒါပေမဲ့ အဲဒီ ဒုတ်ချောင်း ငါးချောင်းထဲက တချောင်းကို အခြေက ဆွဲယူလိုက်ရင် ကျန်တဲ့

လေးချောင်းဟာ လဲကျကုန်တော့မှာဘဲ၊ ဒီဥပမာလိုပါဘဲ၊ ခန္ဓာ တပါးရဲ့ ဖြစ်ပျက်ကို မြင်ရင် ကျန်ခန္ဓာ လေးပါးကို မြင်ဒါပါဘဲ၊ ဒါကြောင့် အများမလိုဘူး၊ တပါးထဲ ပိုင်ဘို့လိုတယ်ဆိုဒါ ဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား?။

ခန္ဓာဖြစ်ပျက် မြင်ရင် အရှုးသုံးချက် ကွာတော့မယ်ဆိုဒါ စိတ်ချ၊ မြင်ရင် တဒင်္ဂတော့ကွာဘီ၊ ဒါကိုဆက်ပီး မုန်းအောင် ရှုရမယ်၊ မုန်းလာရင် ဆုံးအောင် ဆက်ပီးရှု၊ တချက်ချက် ရှုရင်း-ရှုရင်းက ဖြစ်ပျက်တွေ ဆုံးသွားမယ်၊ ဖြစ်ပျက် ဒုက္ခသစ္စာဆုံးရင် ဆုံးတဲ့နေရာမှာ မဖြစ်မပျက်တဲ့ သုခနိဗ္ဗာန် ပေါ်ဒါပါဘဲ၊ ကိုင်း-အားကိုးဘို့များ မသင့်ပေဘူးလား?၊ သင့်ရင် ကြိုးစားကြ၊ ဒါမှ အရှုးနာပျောက်မယ်၊ မသင့်သေးရင်ဖြင့် ရှုးချင်သေးလို့၊ အရှုးမသာ ချချင်သေးလို့ဘဲ၊ ဆိုဆိုက်-မဆိုထိုက်။

ကိုယ့်ဟာကိုယ် အရှုးပျောက်၊ မပျောက် စမ်းသပ် ကြည့်ရမယ်၊ အရှုးသုံးချက် ရှိ၊ မရှိ စမ်းသပ်ကြည့်ကြစို့--

(၁) သညာဝိပ္ပလ္လာသ-- ဒါက ကျုပ်အမဘဲတဲ့၊ ကျုပ်ညီမပါတဲ့၊ ကျုပ်နှစ်မ အရင်းမှ တအူတုံဆင်းပါတဲ့၊ အဲဒါ အမှတ်မှားဘဲ။

(၂) စိတ္တဝိပ္ပလ္လာသ-- ကျုပ်ညီမလေးမို့ ခင်မှာဘဲ၊ မခင်လို့၊ မကြင်နာလို့ မတော်ဘူးတဲ့၊ အဲဒါက အသိမှားဘဲ။

(၃) ဒိဋ္ဌိဝိပ္ပလ္လာသ--အရေးကြုံရင် သူတို့ကိုဘဲ အားကိုးရမှာတဲ့ အဲဒါက အယူမှားဘဲ။

အိမ်မှာ အတူနေကြတဲ့ ယောကျ်ား, မိန်းမတတွေမှာ ဒီ·အရှုး သုံးချက်ဘဲရှိတယ်၊ဒါကြောင့်လဲ တယောက်နဲ့တယောက် တဲ့အောင် ပေါင်းသင်းပီး နေနိုင်, ထိုင်နိုင်ကြဒါပေါ့၊ ဒီ·အရှုးပျောက်ရင် တဲ့ အောင် နေနိုင်ဘို့မလွယ်ပါဘူး၊ဒီအချက်ကိုဝိသာခ သူဌေး, ဓမ္မဒိန္နာ တို့ သာဓကကိုကြည့်ရင် ထင်ရှားပါတယ်၊ ဝိသာခ, ဟာ အရှုးနာ ပျောက်သလောက် ရှိလာတော့၊ ဓမ္မဒိန္နာနဲ့ တဲ့အောင်နေနိုင်ဘို့ ခဲယဉ်းသွားဘီ၊ တဲ့အောင်နေဆိုဒါ အရှုး, အရှုးချင်းမှ ဖြစ်နိုင်ဒါက လား၊ သဘောပါကြပလား?၊ တယောက်ယောက်က အရှုးပျောက် ရင် အတူနေလို့ မဖြစ်သေးပါဘူးဆိုပီး အတူမနေတော့ဘူးတဲ့။

ဘုရားဟောဒါ ဒကာတို့အထင်နဲ့ ကိုက်ရဲ့လား ?၊ မကိုက်ရင် ကိုယ်ရူးဒါ ကိုယ်ရိပ်မိကြဘို့ဘဲ၊ ရိပ်မိရင် ဆေးကုဘို့တာဝန် ကိုယ့် တာဝန်ဆိုဒါ ဆုံးဖြတ်ကြ၊ ဒီအရှုးကလဲ သာမညမဟုတ်ဘူး၊ ဆရာနဲ့ တွေ့တုန်း ပျောက်အောင် ကုရင်ကု, မကုမိလို့ မပျောက်ကြရင် ဆွေ စဉ်မျိုးဆက် ဆိုသလို လှုလှုကြီး မှောက်တော့မယ်ဆိုဒါ သံသယမရှိ ကြနဲ့၊ အရှုးမပျောက်တော့ အရှုးကမွေး အရှုးကလေးတွေဘဲ ဖွား လာကြမယ်၊ ဒို့ဒကာ, ဒကာမတွေကို အရှုးမျိုးတွေဘဲဆိုရင် ခံနိုင်ကြ ပါမလား?၊မခံနိုင်ရင် ပျောက်အောင်လုပ်ကြ ပျောက်အောင် မလုပ် ချင်ရင် ခံနိုင်အောင်ခံကြ၊ ရိပ်မိကြပလား?၊ လမ်းဖြောင့်ဆိုဒါ 'ကော ယနော အယံ ဘိက္ခဝေ မဂ္ဂေါ”တဲ့၊ဘုရားရှင်က သတိပဋ္ဌာန်ပါဠိတော် မှာ အတိအလင်း ဟောထားခဲ့တယ်၊ ဒီလမ်းနဲ့ရောက်မယ်, ဒီလမ်း

အပြင် ဒီပြင်လမ်း မရှိတော့ဘူးတဲ့၊ သဘောပါကြပလား ?၊ ဒါကြောင့် အရှုံးပျောက်အောင် ဒီလမ်းစဉ်အတိုင်း လိုက်ကြရမယ်၊ ဒီ-မဂ္ဂင်လမ်းလိုက်မှ ဒီအလုပ် လုပ်မှ မလုပ်ရင် မဖြစ်တော့ဘူး ဆိုဒါ၊ ဆုံးဖြတ်ချက်ချကြ၊ ရှင်းကြပလား ?။

ဒီလမ်း လွတ်လိုက်တာနဲ့ တပြိုင်နက် အရှုံး လမ်းစဉ်ဘက် ရောက်သွားတော့ဒါဘဲ၊ အိမ်မှာနေတဲ့အခါ မျက်လုံးဖွင့်လိုက်တာနဲ့ တပြိုင်နက် မြင့်သမျှ သွားအာရုံ၊ သိမ်းအာရုံတွေပေါ်မှာ ဒီအမှားသုံးချက် အမှားရှစ်ချက်နဲ့ နေတော့ဒါဘဲ၊ အမှားရှစ်ချက် ချုံ့လိုက်ရင် အမှားသုံးချက်၊ အမှားသုံးမျိုးဘဲရှိတယ်၊ ဒီပြင်ဘာမှလာစရာ မရှိပါဘူး၊ ဒို့ဒကာတွေ တသံသရာလုံးမှာ ဒီအမှားသုံးချက်နဲ့ဘဲ နေလာခဲ့ကြဒါ မှန်တဲ့အခါရယ်လို့ မရှိကြပါဘူး၊ သောတာပန်ဖြစ်မှ ဒီအမှား သက်သာရုံ ရှိဒါပါ။

သောတာပန် မဖြစ်သေးလို့ အရှုံး မသက်သာသေးရင် ဒကာတို့ လုပ်သမျှ အမှားချည့် လုပ်မိဒါ များမှာပါဘဲ၊ ဒါနဲဘဲ ပြုပြု သီလဘဲ ဆောက်ဘည် ဆောက်တည်၊ ဘာလုပ်လုပ်၊ လုပ်ချင်ဒါလုပ် အမှန်က နဲလိမ့်မယ်ဆိုဒါ မှတ်လိုက်ကြ၊ အစလသဒ္ဓါဆိုတဲ့ သောတာပန် သဒ္ဓါ ရမှ အမှန်ကျနိုင်မယ်၊ မြက်ထမ်း ထမ်းပိုးနဲ့ ကြိုးပါကုန်အောင်လှူ အနာထပိဏ်သူဌေး မကအောင်ဘဲလှူလှူ အရှုံးကလုပ်တဲ့ အလှူဘဲ၊ အရှုံးက လုပ်တဲ့အလုပ်ဟူက အမှန်မကျနိုင်သေးဘူး ဆိုဒါ မှတ်လိုက်ကြ။

သူတကာတွေ အနိစ္စရောက်တော့ ဒိုဒကာ, ဒကာမတွေက ပြော တတ်ကြတယ်၊ ဘသူ, ဘသူဖြင့် "အယူတိမ်းလို့နတ်စိမ်းဖြစ်လေရဲ့" နဲ့၊ ပြောတတ်ကြတယ်၊ သူများကိုတော့ မြင်တတ်ကြတယ်၊ ကိုယ် အယူတိမ်းဒါကိုတော့ မသိတတ်ကြဘူး၊ သဘောပါကြပလား ?၊ ၊ ဒီကရှေ ကိုယ့်အယူတိမ်းဒါ ကိုယ်ပြင်ကြလို့ ပြောလိုက်ပါတယ်၊ ပြင် ဘို့က မိမိခန္ဓာမှာ ဖြစ်ပျက်ရှုဘို့ဘဲ၊ ဖြစ်ပျက်စတွေ့ရင် အရှုးစပျောက် တာဘဲလို့ ဆုံးဖြတ်ချက်ချ။

ကိုယ့်ဟာကိုယ် ရူးနာရှိမှန်းသိရင် ပျောက်ဆေးကြိုးစားပြီး စား ကြရမယ်၊ ကိုယ်တိုင် ရူးနာရှိမှန်းလဲ သိကြဘီ၊ ဒါနဲ့မှ ပျောက်ဆေး မစားချင်ကြသေးဘူးဆိုရင် ငါ့ထက်မိုက်ဖြင့် မရှိတော့ဘူးလို့ ကိုယ့် ကိုယ်ကို ပြန်ပြောကြ၊ သဘောပါကြပလား ?။

မိမိခန္ဓာမှာ ဉာဏ်နဲ့ကြည့်လို့ ဖြစ်ပျက်စ မြင်ရင် အနာနှိမ်ဆေး ရပြီလို့မှတ်၊ နောက်-ဖြစ်ပျက် များများမြင်လာရင် အနာငြိမ်ဆေး ရပြီလို့မှတ်ကြ၊ အနာပျောက်ဆေးက ဖြစ်ပျက်အဆုံး နိဗ္ဗာန်မြင်မှ ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ အားမကိုး ထိုက်ကြဘူးလား ?၊ အေး·· အားကိုးထိုက်မှန်း သိလာရင်ဘဲ အတော်နေရာကျသွားဘီ၊ ကြိုးစား ယူကြ။

ဒကာတို့တတွေဟာ ရှေးက အားကိုးစရာ အမျိုးမျိုး ရှာဖွေကြ တယ်၊ဒုက္ခနဲ့တွေ့ရလေလေအားကိုးရှာကြလေဘဲ၊ ဒါပေမဲ့ အားကိုး စရာ ရကြရဲ့လား ?လို့၊ မေးရင် ဘယ်လိုပြောကြမလဲ မရခဲ့ကြပါဘူး၊

အားကိုးစရာအချက် တကွက်မှ မရခဲ့ကြပါဘူး၊ ဒီလို အားကိုးစရာ မရဒါ ဘာ့ကြောင့်လဲ ?၊ အားကိုးမှားကြလို့၊ ဉာဏ်အမြင် မရှိတော့ ကိုးမိကိုးရာ ရမ်းပြီး အားကိုးလိုက်ကြဒါ အမှန်မကျတော့ဘူးပေါ့။

အားကိုးစရာထင်လို့ သား-အားကိုး, သမီး-အားကိုး, လင်-အားကိုး, မယား-အားကိုးနဲ့ အမျိုးမျိုး အားကိုးလိုက်ကြဒါ၊ နောက် အနိစ္စနဲ့ကြုံရ, အနတ္တနဲ့တွေ့ရ၊ အဲဒီ အခါကျမှ ငိုချင်းချကြတယ်၊ ရိပ်မိကြပလား ?၊ ပဉ္စဝဂ္ဂီငါးဦးတို့က အားကိုးမှန်လို့ ရဟန္တာတွေ ဖြစ်သွားကြတယ်၊ ဒို့ဒကာတွေတော့ အားကိုးမှားလို့ ငိုချင်းချကြတယ်၊ ဒီထက် ရှုံးများ ရှိပါအုံးမလား ? မရှိပါဘူး၊ အရှုံးတကာ့ ထိပ်ပိတ်တွေဘဲ ဆိုထိုက်-မဆိုထိုက်။

အမှားသုံးချက်နဲ့နေရင်မိစ္ဆာဒိဋ္ဌိဘဲ အမှန်သုံးချက်နဲ့နေမှ သမ္မာ ဒိဋ္ဌိဖြစ်ကြမယ်၊ သူတကာတွေကိုတော့ လက်ညှိုးထိုးတတ် ကြတယ်၊ ကိုယ့်မိစ္ဆာဒိဋ္ဌိအဖြစ်ကိုတော့ မမြင်တတ်ကြဘူး၊ ရိပ်မိကြပလား ?၊ ရိပ်မိရင် အိမ်ကျတော့ ပြင်ကြ, ဆင်ကြတော့၊ တနေ့လုံးသာ ပြင်ကြ ပေတော့၊ မပြင်ရင် မတော်တော့ဘူး၊ မပြင်ရင်, မဖြေချင်ရင်ဖြင့်၊ “ တပည့်တော် သွက်သွက်ခါပြီး နေရပါလို၏ ” ဆိုဒါနဲ့ အတူတူဘဲ ဆိုဒါ ငြင်းဘို့ မရှိတော့ဘူး။

မာဂင်္ဂဝိတ္ထာကို ဆက်ပြီးပြောရအုံးမယ်၊ ဘုရားက မဂ္ဂင်ပညာ ကို ဉပမာနဲ့ဆက်ဟောတယ်လို့ မှတ်ထားကြ၊ ဒကာ, ဒကာမတွေကို နားလယ်အောင် ရှင်းပြောလိမ့်မယ်၊ လေးလေးစားစားနဲ့ နာကြလို့

သတိပေးလိုက်တယ်၊ ၊ကိလေသာဟာ နူနာနဲ့တူတယ်၊ ကိလေသာ ရှိတဲ့သူဟာလဲ နူနာရှိတဲ့သူ၊ နူနာသယ်နဲ့ တူတယ်လို့မှတ်ကြ။

ဥပမာ- နူနာရှိတဲ့ သူများဟာ အတွင်းက နူနာပိုးတွေ ထ လာ ပလားဆိုရင် ဟိုနားကကိုက်၊ ဒီနားကကိုက်နဲ့ ကိုက်လာတော့ သက် သာအောင်ဆိုပြီး မီးပူကင်ကြရတယ်တဲ့၊ အဲဒီလို မီးကင်လိုက်တော့မှ အယားအယံ ပိုးကိုက်သက်သာ သွားတယ်တဲ့၊ နူနာရှိတဲ့သူဟာ နူနာ ပိုးတွေ ဟိုကကိုက်၊ ဒီကကိုက်၊ ကိုက်တော့ သက်သာအောင်လို့ မီး ကင်ရဒါဟာ သူတို့ရဲ့ ထုံးစံဘဲလို့မှတ်ကြ၊ နူနာသယ်တွေ မီးအပူကင် ရဒါ ပိုးကိုက်လို့ ကင်ရဒါဆိုဒါ၊ သဘောပါကြပလား ?။

အဲဒီ-နူနာသယ်ကို အနာပျောက်အောင်၊ ဆရာကောင်း၊ သမား ကောင်းများနဲ့ ဆေးကုပေးလိုက်တော့ နူနာရောဂါ လုံးဝပျောက် ကင်းသွားတယ်၊ အဲဒီအခါမှာ အဲဒီလူဟာ မီးပူနားတောင် မကပ်ချင် တော့ ဘူးတဲ့၊ မီးကင်ဘို့ဆိုဒါဝေးရောပေါ့၊ ဒါဘာကြောင့်လဲ?၊ နူနာ ပျောက်သွားတော့ အတွင်းပိုး မကိုက်တော့ဘူး၊ ပိုးမကိုက်တော့ မီး ပူလဲ မခံနိုင်တော့ဘူး၊ ခံလဲ မခံချင်တော့ဘူးပေါ့၊ တခြားနူနာသယ် တွေ မီးကင်ဒါကိုလဲ အားမကျတော့ဘူး၊ မိမိကိုယ်တိုင်က မီးမကင်လို တော့ဘူး၊ မီးကင်ဘို့ရာလဲ မတောင့်တတော့ဘူးတဲ့၊ သဘောပါကြ ပလား ?၊

ဒီ-ဥပမာလိုဘဲတဲ့၊ ကိလေသာ နူနာရှိတဲ့ သူများဟာလဲ အတွင်း ကိလေသာ ပိုးတွေက မနေနိုင်အောင် ကိုက်တော့ သက်သာအောင်

ဆိုပြီး သားမီးဖို့ သမီးမီးဖို့ မယားမီးဖိုတွေနားကပ်ကြတယ်၊ မီးပူကင်ကြတယ်၊ မီးပူကင်လိုက်ရတော့မှ ပိုးကိုက် သက်သာ သလိုလို ထင်ရတယ်၊ တကယ်အမှန် သက်သာပါ့မလား ? မသက်သာပါဘူး ပိုပြီး ဆိုးဘို့သာ ရှိပါတယ်၊ ရှင်းကြပလား ?။

နူနာသည် မီးကင်တော့ ပိုးကအထဲပြန်ဝင်သွား၊ နောက်- ပိုးတွေပွား ဘယ်သက်သာမလဲ ?၊ ပိုဆိုးဘို့ဘဲရှိတယ်၊ ဒီ-အတိုင်းဘဲ ကိလေသာနူနာထလို့ သား၊ သမီး၊ မီးဖိုနား ကပ်လိုက်ရတော့ သက်သာ သလိုလိုထင်ရတယ်၊ ကိလေသာတွေငုပ်ပြီး ပိုလို့ သာပွားဘို့ ဖြစ်တော့ဒါပေါ့ ဒီလူနာပျောက်လမ်း မြင်ပါအုံးမလား ?၊ ကြပ်ကြပ် သတိပြုကြ။

"နူနာရှိရင် မီးကင်ချင်၊ နူနာပျောက်တော့ မီးကြောက်တယ်"။

ဒီဆောင်ပုဒ်ကိုလဲ မှတ်ထားကြ၊ ကျက်ထားကြ၊ ကိုယ့်ကိုယ်ကိုလဲ ချိန်ကြည့်ကြ၊ ကိုယ့်ရောဂါဘယ်အခြေရောက်နေတယ်၊ ဘယ်လောက်ဆိုးဝါးတယ်၊ ဆေးချက်ရှိ၊ မရှိ သိရအောင် ဥာဏ်နဲ့ ကြည့်ကြ၊ ၊ သဘောပါကြပလား ?၊ ဘုရားက ဥပမာနဲ့ ဟောတယ်လို့ မှတ်ကြ။

ဘုရားက မာဂဏ္ဍီကို ဒီဥပမာလိုဘဲ ဟောတော့ ပုဏ္ဏားက မှန်လှပါတယ်ဘုရား အနာရှိမှသာ ဆေးကုဘို့လိုပါတယ်၊ အနာမရှိရင် ဆေးကုဘို့ မလိုပါဘူးလို့ လျှောက်ထားတယ်၊ ဒီတော့ ဒို့ဒကာတွေ အနာမရှိရင်ဆေးလိုသေးသလား ?၊ အနာမရှိရင်ဆေးမလိုတော့ဘူး ဒကာတို့က အနာမှ အကြီးအကျယ်ရှိနေကြတော့ ဆေးအကြီး- အကျယ် လိုတယ်ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပလား ?။

ဒို့ဒကာ, ဒကာမတွေက နွူနာအကြီးအကျယ်ရှိလို့ သားမီးဖိုနား ကပ်ကြ၊ သမီးမီးဖိုနားကပ်လိုက်ကြ၊ ဆွေမျိုး မီးဖိုနားကပ်ကြ၊ ပစ္စည်း မီးဖိုနားကပ်ကြ၊ မူမှန်းမသိ, လောင်မှန်းမသိ၊ မီးနားဘဲ ကပ်နေကြ တော့တယ်၊ ဒါဘာ့ကြောင့်လဲ ?၊ အတွင်းကိုလေသာ ပိုးတွေက ထူ ထပ်၊ ထူထပ်တော့ နူနာကကြီး, နူနာကြီးလို့သာ အနီးပူကြိုက်တာ ဘဲ ဆိုဒါ ငြင်းကွက်များ ရှိသေးသလား ?။

ဒကာတွေ ဆုတောင်းဒါရှိသေးတယ်၊ ပါးစပ်ကတော့ "ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သော သူများနှင့် ကင်းဝေးပါလို၏" တဲ့၊ ဆုတောင်းသာနေကြတယ်၊ လူကတော့ မီးနဲ့ နီးနီး,နားနားဘဲ နေ ချင်ကြတယ်၊နေချင်လို့လဲ မီးနားကကို မခွါနိုင်ကြဘူး၊မီးနားမှာဘဲ နေ, နေကြဒါဘဲ၊ ဒို့ဒကာတွေ လုပ်ပုံကတော့ ဆန်းလဲ ဆန်းတယ်၊ ပရိတ်ရွတ်လိုက်, ပြန်ခေါ်လိုက် ဆိုဒါနဲ့ တူနေကြဘိ၊ မကောင်းဆိုး ဝါး ပရိတ်ရွတ်ထုတ်လိုက်ကြ, ပြန်ပီးခေါ်လိုက်ကြနဲ့ ဆိုတော့၊ သာ မည, ရှုးရင် ဒီလိုလုပ်ပါ့မလား ? မလုပ်ပါဘူး၊သွက်သွက်ခါနေလို့ သာဘဲ ဆိုရင် မမှားဘူး။

မကောင်းဆိုးဝါးတဲ့ ရန်သူမျိုးတွေ ဆိုတဲ့ အချက်ကို လေးလေး နက်နက် ဉာဏ်နဲ့စဉ်းစားကြ၊ ဒီသား, သမီး, ပစ္စည်းဆိုပီး ဆုတောင်း ယူထားကြဒါ၊ ရတော့ အဟုတ်ကြီးထင်ပီး ပြောလိုက်သေးတယ်၊ သေချင်းသေရင် ကိုယ်သာသေပါရစေ,သူတို့တတွေ မသေပါစေနဲ့တဲ့ ဒီကြားထဲက တနေ့နေ့မှာအနာရပီးသေလိုက်တော့ အင်း·ဆုတောင်း

က မပြေ့ကြတော့ဘူး၊ ဘယ်ပြေ့ပါ့မလဲ?၊ ဒိဋ္ဌိဒကာတွေက မပြေ့ဒါ ဆုတောင်းနေကြဒါကိုး၊ သဘောပါကြရဲ့လား ?။

ဒို့ဒကာတွေ မိးဖို့နား ကပ်ချင်ကြရင်၊ မီးကင်ချင်ကြရင် ကိုယ့်ကိုယ်ကိုအကဲခပ်ကြ၊မိးကင်ဒါ နူနာရှိလို့လား ?၊ မရှိလို့လားဆိုဒါ အကဲခပ်ကြ၊ အကဲခပ်ရင်နူနာရှိလို့ဆိုဒါ သိရမယ်၊ နူနာ့ကိလေသာပိုးက ကိုက်တိုင်းအနားကပ်ချင်ကြတယ်၊ တွေ့ချင်၊ မြင်ချင်ကြတယ်၊ သဘောပါကြရဲ့လား ?၊ အဲဒိ·မိးက ဘာမိးလဲ ?၊ လောဘမိး၊ ရာဂမိးတွေဘဲပေါ့၊ ကိုယ့်ဟာကိုယ် လောင်လို့၊ လောင်မှန်း၊ ပူလို့၊ ပူမှန်းတောင် မသိနိုင်ကြတော့ဘူး၊ ရောဂါ·အနာရှိတုန်းမို့ မသိနိုင်ကြဒါ၊ ရိပ်မိကြပလား ?။

ဒို့ဒကာတွေ အဖြစ်က လောဘမိး မပြောနဲ့၊ လောဘမိးတွင်မကဒယ်အိုးထဲ စွဲနေတဲ့ မိးတောင် ကျုပ်ယူမယ်၊ ကျုပ်ယူပါရစေလို့ပြောကြတယ်၊ ကိုယ့်အဖြစ် ဘယ်လောက် ဆိုးနေဘီဆိုတဲ့ အချက်ကို လေးလေးနက်နက် စဉ်းစားကြလို့ ပြောလိုက်ပါတယ်၊ ကျေနပ်ကြပလား ?။

နူနာရောဂါ ပျောက်ကင်းသွားတဲ့သူကို အားကောင်းတဲ့ လူနှစ်ယောက်က လက်မောင်းနှစ်ဘက်က တယောက်တဘက်စီ ကိုင်ပြီး မိးနားကို ဇွတ်ဒရွတ် ဆွဲပို့တောင် မရတော့ဘူး၊ မလုပ်ပါနဲ့ကြောက်ပါဘီဆိုပြီး ဇွတ်အတင်း ရုန်းကန်တော့ဒါဘဲတဲ့၊ အဲဒါနူနာပျောက်လို့မီးကြောက်သွားဘီလို့မှတ်ကြ နူနာလဲပျောက်ရော၊ မီး၊ ပူမှန်းလဲသိတယ်၊ နူနာမပျောက်သေးရင် ပူမှန်းမသိသေးဘူး၊ ရိပ်မိကြပလား?။

မိုးဟာ ပူတဲ့သဘာဝရှိနေဒါ ဘယ်အခါဖြစ်ဖြစ် ပူဒါဘဲ၊ ပူဒါက ဘော့ အတူတူဘဲ၊ ဒါပေမဲ့ နူနာရှိတဲ့သူက အေးတယ်လို့ ထင်တယ်၊ နူနာပျောက်တော့ ပူမှန်းသိတယ်၊ ပူမှန်းမသိဒါ နူနာရှိလို့ဘဲ၊ ဒကာတို့ တတွေလဲ ကိလေသာ နူနာရှိနေတော့ မိးကို၊ မိးမှန်းမသိနိုင်ကြဘူး၊ ပူဒါကို၊ ပူတယ်လို့ မထင်နိုင်ကြဘူး၊ ဒီ-မိးနာကိုဘဲ မကပ်ရမနေနိုင်အောင် ဖြစ်ကြရတယ်၊ ဒီ-မိးနာကိုဘဲ တကပ်ထဲ့ ကပ်၊ တကင်ထဲ ကင်ပီး နေ့ နေချင်ကြတယ်၊ အဲဒါ ကိလေသာ အရူးရောဂါရှိလို့သာပါဆိုဒါမှတ်ကြ၊ ဒီရောဂါပျောက်ရင် မကပ်ချင်ကြပါဘူး။

သည်းခြေရူး့စတဲ့ ဒီပြင် အရူးမျိုးတွေထက် ကိလေသာ အရူးကပိုဆိုးတယ်၊ ဒီပြင် အရူးတွေက ဆေးချက်ရဘို့ လွယ်လိမ့်အုံးမယ်၊ ဒီ-ကိလေသာ အရူးအတွက်က ဆေးချက်မလွယ်ပါဘူး၊ ကမ္ဘာတွေ အသင်္ချေအနန္တလွန်မှ၊ ဘုရားတဆူ့တဆူပွင့်မှ ဆေးချက်ရနိုင်ကြဒါ၊ ဒီတော့ အခွင့်ကောင်းရကုန်း၊ ဆေးချက်တွေ့ရတုန်း၊ ဆရာသမားကလဲ့ စေတနာကောင်းနဲ့ ညွှန်ပြဒါမို့ ကြိုးစားယူလိုက်ကြလို့ တိုက်တွန်း လိုက်ပါတယ်၊ ကျေနပ်ကြပလား ?။

ဒီတခါမှ မယူမိရင်ဖြင့် ငါတို့အတွက် ဆေးချက်မမှီတော့ဘူးလို့ ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒို့ဒကာတွေ အဖြစ်ဟာ ဘယ်လောက် ဆိုးသလဲ ?၊ မိးကိုတောင် မိးမှန်းမသိလောက်အောင် ဖြစ်တဲ့ အဖြစ်ဆိုးဘဲ၊ ကိုယ့်ကို လောင်နေတဲ့ သား-မိးတွေ့ သ္မီး-မိးတွေ့ ပစ္စည်း မိးတွေကိုတောင် လောင်မှန်း၊ ပူမှန်း မသိကြဘူး၊ မသိလို့ အမြဲတမ်း ပိုက်-

ထားကြတယ်၊ မီးကို မီးမှန်းမသိဒါ အလွန်ရှုးတဲ့ အရူးမို့ဘဲ၊ ဆို ထိုက်- မဆိုထိုက်၊ စဉ်းစားကြ။

ကျုပ်တို့က သံယောဇဉ်ပြတ်တယ်၊ သူများလို မဟုတ်ဘူး၊ ပြတ် ပီ ဆိုရင် ပြန်မကြည့်ဘူးနဲ့ တချို့တွေ ပြောတတ်ကြဒါဟာ အပြတ် လို့ မခေါ်ဘူး၊ အဲဒါ ဒေါသနဲ့ ပြတ်တာဘဲ၊ ဒေါသနဲ့ ပြတ်တာ ဟာ အပြတ်မဟုတ်သေးဘူး၊ အဲဒါလဲ ကိလေသာဘဲ၊ အပြတ်မဟုတ် ဘူးလို့မှတ်၊ ဒီကိလေသာကို မဂ်နဲ့ပယ်မှ အရူးပျောက်မှာ၊ အရူး ပျောက်ကြမှ အဟုတ်ပြတ်ကြတာလို့မှတ်ကြ၊ ရှင်းကြပလား ?။

မဂ်နဲ့ မပယ်သေးသမျှ အရူးနာ မပျောက်သေးဘူး၊ အရူးနာ မပျောက်သေးရင် ဘယ်တော့မှ မပြတ်သေးဘူး၊ အပြတ်မဟုတ်သေး ဘူး ဆိုဒါ ဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား ?။

ကိုင်း -ယနေ့--ဒီတွင်ဘဲ--တော်ကြအုံး။

# ဓမ္မရတနာ- မာတိကာ။

## “ခန္ဓာလှေနှင့် နိဗ္ဗာန်ဝင် တရားတော် ”

### သိ မှတ် ရန်

ခန္ဓာ, ရုပ်, နာမ်သည် လှေနှင့်တူသည်။
ဉာဏ်, ပညာသည် လှေထိုးသမားနှင့်တူသည်။
နိဗ္ဗာန်သည် ဟိုမှာဘက်ကမ်းနှင့် တူသည်။

**ဆောင်ပုဒ်**

ခန္ဓာထဲမှာ၊ ရုပ်နာမ်သာ၊ မှန်စွာ နှစ်ပါးရှိ။
ခန္ဓာရုပ်နာမ်၊ လှေသဏ္ဍာန်၊ မှတ်ရန် ပမာညှိ။
လှေထိုးသမား၊ ဉာဏ်စိတ်ထား၊ မခြား တူလှ၏။
ရုပ်နာမ် လှေတွင်၊ ဉာဏ်စိတ်ဝင်၊ အစဉ် ခပ်ပါဘိ။
ရုပ်နာမ် ဆက်ဆက်၊ ဖြစ်ကာပျက်၊ ဉာဏ်ချက် မျက်ဝါးမိ။
မျက်ဝါးဉာဏ်မြင်၊ ဆက်ရှုလျှင်၊ များဖြင့် ဖြစ်ပျက်သိ။
ဖြစ်ပျက်သိက၊ ရှုးနားပ၊ ပျောက်စ ပြုလေ၏။

**သတိချပ်ရန်**

နိဗ္ဗာန် ရောက်ကြောင်း၊ တရားကောင်း၊ ကိန်းအောင်း
ခန္ဓာခွင်။
နိဗ္ဗာန် ရောက်လို၊ လူထိုထို၊ ကိုယ့်ကိုယ် ကြည့်ဘိုပင်။
ကိုယ့်ခန္ဓာပြ၊ ကိုယ်ကြည့်မှ၊ ရကြ နိဗ္ဗာန်ပင်။
ရုပ်နာမ်သဘော၊ သူ့အပြော၊ စောကြော ဉာဏ်ရှုမြင်၊

ဒိဋ္ဌ ဓမ္မ၊ ဝိဒိတ၊ လုံးဝဲ ယုံမှားစင်။
သူပြောမယုံ၊ ကိုယ်တွေ့ကြုံ၊ စွမ်းဟုန် ရဲရင့်အင်။
ပြင်ပခန္ဓာ၊ ကြည့်သူမှာ၊ ဝေးစွာ တက်တက်စင်။

**တရားသား** ဒီကနေ့မှာ ခန္ဓာနှင့် နိဗ္ဗာန် ရောက်နိုင်ပုံ ပြောရမယ်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဆိုဒါ၊ ဒီခန္ဓာက ပို့နိုင်တယ်လို့ မှတ်ကြ၊ ဉပမာဆိုရင် ခန္ဓာက လှေနဲ့ တူတယ်၊ ဉာဏ်က လှေထိုးသမားနဲ့ တူတယ်လို့ မှတ်ထားကြ၊ ခန္ဓာကိုယ်ဟာ နိဗ္ဗာန်ရောက်ကြောင်း တမျိုးဘဲလို့ဆိုနိုင်တယ်၊ ခန္ဓာဟာ ရုပ်နဲ့ နာမ် ဘဲရှိတယ်၊ ဒီအပြင်ဘာမှမရှိဘူး၊ ဒီနှစ်ပါးဘဲရှိတယ်၊ သွားချင်ဒါက နာမ်၊ လာချင်ဒါကလဲ နာမ်၊ စားချင်ဒါ၊ သောက်ချင်ဒါကလဲနာမ်ဘဲ၊ ပြောချင်၊ ဆိုချင်ဒါကလဲ နာမ်၊ ခိုင်းလို့ လုပ်တာက ရုပ်၊ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား၊ မှတ်တော့ ဒီလို လွယ်လွယ်ဘဲ မှတ်ထားကြ။

သွားချင်တဲ့စိတ်၊ စားချင်တဲ့စိတ်၊ အဲဒီစိတ်သဘောက ခိုင်းတော့ စားတယ်၊ သွားတယ်ဆိုတဲ့ ရုပ်သဘောတွေ ပေါ်လာရတယ်၊ ရုပ်ဟာ သူ့ချည့်နေလို့ ဘာမှအကျိုးမများဘူး၊ နာမ်နဲ့တွဲမှ အဓိပ္ပါယ်ရှိတယ်၊ ရုပ်ချည်းနေလို့ ဘာမှမလုပ်တတ်ဘူး၊ နာမ်ကခိုင်းမှ လုပ်တတ်တယ်၊ ဒီလောက်ပြောရင် ရုပ်နာမ်သဘော ရိပ်မိရောပေါ့၊ အဲဒီ ရုပ်နာမ် နှစ်ပါးထဲမှာ ပညာရှိတယောက် သွင်းပေးလိုက်၊ ပညာရှိဆိုဒါ ပညာစေတသိက်ကို ပြောဒါ။

အဲဒီ- ရုပ်နာမ်ခန္ဓာ လှေကြီးဟာ သူ့အတိုင်းထားရင် ဖြစ်ပါ့မလား?၊ သူ့အတိုင်းထားရင် မျောချင်တဲ့ဘက် မျောလို့ ရောက်ချင်ဒါ ရောက်, ကပ်ချင်တဲ့ကမ်း ကပ်, မရပ်မနား မျောချင်သလို မျောသွားရဘို့ဘဲရှိတယ်၊ ဒီကြားထဲမှာ လေနီကြမ်း, လှိုင်းတံပိုးတို့နဲ့ တွေ့ရင် စုံးစုံးမြုပ်ပီဆိုဒါ ယုံမှားဘို့ မရှိတော့ပါဘူး၊ ဒါကြောင့် အလိုရှိတဲ့ကမ်း, ကပ်နိုင်အောင်, လိုရာရောက်နိုင်အောင် ပဲ့ကိုင် လှေထိုး သမား တယောက် ထဲ့ပေးရမယ်၊ အဲဒီ လှေထိုးသမားပါမှ လိုရာခရီးရောက်တော့မပေါ့၊ သဘောပါကြပလား ?၊ ဒီလို လှေထိုးသမားကိုလဲ ဘုရားပွင့်မှတဲ့ပေးနိုင်ဒါ၊ လွယ်လွယ်များ မမှတ်လိုက်ကြနဲ့။

ဒီ- နာမ်ရုပ် နှစ်ယောက်ကို ဉာဏ်ဘယောက်က အကဲခတ်ရမယ်။ ဝိပဿနာ အလုပ်ဆိုဒါ ရုပ်နာမ်နှစ်ခုကိုပညာတခုကအကဲခတ်တာဘဲလို့ စွဲစွဲမြဲမြဲမှတ်လိုက်ကြ၊ဒီသဘော အဓိပ္ပါယ်ဟာ ဘုန်းကြီးသဘောတခုထဲနဲ့ ပြောနေတယ်များ မမှတ်နဲ့၊ရှင်သာရိပုတ္တရာ ဟောခဲ့ဒါလို့ မှတ်ကြ၊ ဘုရားက လဲ ဒီသဘောအတိုင်းဘဲ ဟောခဲ့တယ်၊ ဒီတော့ လေးလေးစားစားနဲ့မှတ်သားလိုက်နာကြဘို့ တိုက်တွန်းလိုက်ပါတယ် ဒို့ဒကာတွေကို ရောမ, စေတနာ, မေတ္တာနဲ့ အင်မတန် ကရုဏာ သက်လွန်းလို့ အလေးအနက် တိုက်တွန်းပြောပြနေတယ်ဆိုဒါ ယုံမှားမရှိကြနဲ့။

ဒို့ဒကာတွေမှာ ရုပ်နာမ်ကို ကမ်ကပေးလို့ ရခဲ့ကြဘီ၊ ပညာကို ဆရာသမားက အခုပေးလို့လဲ ရကြဘီ၊ ဒါလဲ ဘုရားပွင့်တော်မူလို့

ပေးနိုင်ဒါပါ၊ ဘုရားမပွင့်ရင် ဝေးပါတယ်၊ ဒိုဒကာတွေ အင်မတန်ကံကောင်းလို့ ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒီတော့ ဒိုအခြေမှာ ဘာလိုသေးသလဲ ?၊ ဒကာတို့ တာဝန်တခုဘဲ ကျန်တော့တယ်၊ ဒီတခုထဲကိုမှ မလုပ်ချင်ကြဘူးဆိုရင်ဖြင့် တကယ်တကယ်စင်အောင် လွဲတော့မယ်၊ မဟာအမှားတော်ကြီးနဲ့ ရင်ဆိုင်ရတော့မယ်ဆိုဒါ စိတ်ချတော့၊ ရိပ်မိကြပလား ?။

အခုပြောတဲ့ သဘောကို ဟိုစာ ဒီစာ ကြည့်လို့ မရဘူး၊ ကိုယ့်မှာရှိတဲ့ ရုပ်နာမ်နှစ်ခုကို ကြည့်ကြ၊ အမှန်ရှိတဲ့ ရုပ်နာမ်ကို ကြည့်မှသာ အမှန်သဘာဝကို သိရမယ်၊ စာအုပ်ဆိုဒါ ဝိပဿနာ မှတ်တမ်းသာရှိဒါပါ၊ မှတ်တမ်းရှိတော့ မှတ်တမ်းသာ တွေ့ရမှာပေါ့၊ သယ်မှာ အမှန်သဘာဝကို တွေ့နိုင်ပါ့မလဲ ?၊ သဘောပါကြပလား ?၊ ဟိုစာ ဒီစာအသာထားပြီး ဘုရားစကားကိုသာ နားထောင်ကြလို့ ပြောလိုက်ပါတယ်။

> လှေကိုလဲ လှေထိုးသမားက ပို့ပေးမှ လိုတဲ့ကမ်း လိုတဲ့နေရာရောက်တယ်၊ ဒီရုပ်နာမ်ကိုလဲ ဉာဏ်နဲ့ ပို့ပေးမှ လိုတဲ့ နိဗ္ဗာန်ရနိုင် ရောက်နိုင်မယ်၊ ဉပမာ ဉပမေယျ မြဲမြဲမှတ်ထားကြ။

နိဗ္ဗာန်လိုချင်တဲ့ ဒကာ ဒကာမတွေ အဝေးကို မကြည့်နဲ့ အနီးဆုံးဖြစ်တဲ့ မိမိခန္ဓာမှာ ကြည့်ကြလို့ သတိပေးလိုက်ပါတယ်၊ ကြည့်တဲ့အခါ ရုပ်ကိုဘဲ ကြည့်ကြည့် နာမ်ဘဲကြည့်ကြည့် ကြည့်ချင်ဒါတလုံးထဲကြည့်ရင် ပြီးပါတယ်၊ ရုပ်ကြည့်တဲ့အခါ ပထဝီရုပ် တေဇော

ရုပ်, ဝါယောရုပ်စတဲ့ ရုပ်သဘောတွေ ဖြစ်ပြီးပျက်တာဘဲ တွေ့ရမယ်၊ နာမ်ကြည့်ပြန်တော့လဲ ဝေဒနာသဘောတွေ ဖြစ်ပျက်, အသိစိတ်က လေး ဖြစ်ပျက်နေဒါကို တွေ့ရမယ်၊ ဘာကြည့်ကြည့် ရုပ်အများ, နာမ် အများ မလိုဘူး၊ တလုံးထဲ မိအောင်ကြည့်ဘို့ အရေးအကြီးဆုံးဘဲ ဆို ဒါ မှတ်ထားကြ။

ဆရာကောင်း, သမားကောင်းထံ ဆည်းကပ်၊ ဆရာသမားကောင်း ဘို့လဲ အရေးတခုဘဲ၊ နောက်- ဆိတ်ငြိမ်ရာမှာ ချဉ်းကပ်, ဆရာညွှန်ပြ တဲ့ အတိုင်း ရုပ်နာမ်နှစ်ခု တခုခုကို ဉာဏ်နဲ့ မြင်အောင် ကြည့်ကြ၊ ဒီ အချက်ကို တသက်လုံး မမေ့ကြနဲ့လို့ ပြောလိုက်ပါတယ်။

ခန္ဓာမှာ ကြည့်ကြဆိုတော့ ဘာမှမတွေ့လို့ ငြိမ်နေရင်သဲ အဲဒီ ငြိမ်နေဒါကို စိုက်ကြည့်နေရင် မကြာခင် အငြိမ်ပျောက်ပြီး အလှုပ် ရောက်လာမယ်၊ ငြိမ်နေဒါလဲ ဝါယော, လှုပ်လာဒါလဲ ဝါယောဘဲ၊ အနှိုင်းနဲ့ အထက်သာကွာမယ်၊ ဉာဏ်မချွန်နဲ့၊ မြင်ရင် မြင်ဒါသာကြည့် တချက်ချက်မှာ မိလာလိမ့်မယ်၊ အငြိမ်ပျောက်ရင် အလှုပ်ရောက်မယ်၊ အလှုပ်ပျောက်လဲ အငြိမ်ရောက်တာဘဲ။

ရုပ်ရှုရင် ငြိမ်ရုပ်, မငြိမ်ရုပ်ဘဲ၊ စိတ်ရှုတော့ ငြိမ်စိတ်, မငြိမ်စိတ်လို့ မှတ်ကြ၊ အဲဒီ ရုပ်သဘော နာမ်သဘော တခုခု ရှုစိုက်ပြီး ဉာဏ်နဲ့ ကြည့်နေရင် သူတို့က ပြောလာလိမ့်မယ်၊ ကျုပ်တို့ဟာ အရင်ဟာ မဟုတ်တော့ဘူး အခုဟာပါ၊ အရင်ရုပ်, မဟုတ်ဘူး၊ ခုရုပ်ပါလို့ ပြော လာလိမ့်မယ်၊ ဒီငြိမ်ရုပ်, မငြိမ်ရုပ် သဘောကလေးတွေကို တခုပြီးတခု

ပြောင်းလဲ, ပြောင်းလဲပြီး ပျက်စီးသွားကြတဲ့ အချက်ကို မြင်တွေ့လာလိမ့်မယ်။

ဒီတော့ ဉာဏ်မှာ မခြတ်တဲ့သဘောကို အမှန်အတိုင်းမြင် ကိုယ်ပိုင်မဟုတ်တာသိ, ဘယ်လောက်များ အဘိုးတန်သလဲ ?၊ ဒါ သူများပြောလို့လား ? မဟုတ်ဘူး၊ ရုပ်နာမ်က ပြောလို့, ရုပ်နာမ်က ခဏခဏဖြစ်ပျက်ပြနေလို့ ကိုယ်တွေ့သိရဒါပါ၊ ဒီတော့ ဉာဏ်က ဟုတ်ပေသဗျာ့,ဟုတ်ပေသဗျာလို့ ခေါင်းငြိမ့်လိုက်နေရတော့ဒါပေါ့၊ သဘောပါကြပလား ?၊ အမှန်ရှိက ပြောလို့ အမှန်အကန် သိရဒါဘဲ ဆိုဒါရိပ်မိကြပလား ?။

ဘုရားဟောလို့ မဟုတ်ဘူး သူများပြောလို့လဲ မဟုတ်ဘူး၊ ရုပ်နာမ်က ပြောလို့ ကိုယ်တိုင်သိရဒါမို့ မယုံစရာမရှိတော့ဘူး၊ ဒို့ဒကာတွေ ကျေနပ်ပလား ?။

ဒီအခါကျတော့ ဉာဏ်က ဒီနာမ်, ဒီရုပ်တွေဟာ ကိုယ်ပိုင်လဲမဟုတ်၊ ကိုယ့်ဟာလဲ မဟုတ်၊ ကိုယ့်ဥစ္စာလဲ မဟုတ်ပါလားဟေ့ဆိုပြီး ဆုံးဖြတ်ချက်ချနိုင်တော့တယ်၊ ဒီရုပ်နာမ် သဘောတွေဟာ သူ့သဘာဝ အတိုင်း ဖြစ်ပြီးပျက်နေတဲ့ သဘောသာ ရှိပါကလားလို့ အမှန်သိမြင် လာတော့တယ်၊ အဲဒီအခါမှာ ကိုယ်အကြောင်း ကိုယ်ကောင်းကောင်းကြီး သိလာဘီဆိုဒါ မှတ်ရမယ်၊ ကိုယ့်အကြောင်း ကောင်းကောင်းသိတဲ့ ဉာဏ်ဟာ ယထာဘူတ ဉာဏ်ဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

ဒီနေရာက စပြီး အရှုး အကန်း ပျောက်စ ပြုလာဘိဆိုဒါ ဆုံးဖြတ်ကြ၊ ဒို့ဒကာတွေက ရှိဒါကတခြား, ကြည့်ဒါက တခြား, တခြားစီ ဖြစ်နေကြလို့ဘဲဆိုဒါ ပေါ်ကြပလား ?၊ အေး, ပေါ်ရင် ပြင်ကြ၊ ဒီ အချိန်ကစပြီး မပြင်ရင် မဖြစ်တော့ဘူးဆိုဒါ ရိပ်မိကြ၊ နောက်ကို အ မှားလမ်း မလိုက်မိကြစေနဲ့လို့ သတိပေးလိုက်ပါတယ်၊ ဒါကြောင့် ဒို့ဒကာတွေ ဒုက္ခချုပ်ရာနိဗ္ဗာန်ရချင်,ရောက်ချင်ရင် ကိုယ့်အကြောင်း ကိုယ်သိရမယ် ဆိုတဲ့အချက်' ရှင်းကြပလား ?။

တချို့တွေ ပြောကြဦးမယ်၊ကျုပ်တို့က စာမတတ်,ပေမတတ် နဲ့ ဝိပဿနာအလုပ်, မလုပ်တတ်ပါဘူး၊ ကျုပ်တို့အရာမဟုတ်ပါဘူး နဲ့ ပြောတတ်ကြတယ်၊ စာတတ်ဘို့မလိုဘူး၊ စာတွေ, ပေတွေ သင်မှ မဟုတ်ပါဘူးလို့ သတိပေးလိုက်ပါတယ်၊ စာပေမတတ်ပေမဲ့ ကိုယ့် ခန္ဓာမှာ ကြည့်တတ်ဘို့သာ အရေးကြီးတယ်လို့မှတ်ကြ၊ ဘေးမကြည့် နဲ့ ဘေးကိုကြည့်ရင် သမထတွေဖြစ်နေမယ်၊ ဒို့ဒကာတွေ သံသရာအ ဆက်ဆက်က, မရှိဒါကို ကြည့်မိလို့ ဒုက္ခရောက်နေကြဒါ၊ ရိပ်မိ ပလား ?။

ဒါကြောင့် ကိုယ့် ခန္ဓာကြည့်ဘို့ အရေးဟာ သာမည အရေး မဟုတ်ဘူးဆိုဒါ ပေါ်ကြပလား ?၊ ခန္ဓာအရှိကို ကြည့်တော့ ရုပ်က ပြောလို့ သိရ၊ နာမ်က ပြောလို့လဲ သိကြရ၊ ကိုယ်တိုင်သိကြရတယ်၊ သူများပြောလို့ မဟုတ်ပါဘူး၊ ဒါကြောင့်···

ဒိဋ္ဌဓမ္မော၊ မြင်အပ် ပြီးသော တရားရှိသည်။
ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော တရားရှိသည်။
ဝိဒိတဓမ္မော၊ သိအပ် ပြီးသော တရားရှိသည်။

ဆိုတဲ့ အချက်တွေကို ဟောခဲ့တယ်၊ ဒီအတိုင်း ဖြစ်ရမယ်တဲ့၊ ငါ ပြောဒါ မယုံနဲ့အုံး၊ မင်းတို့ ကိုယ်တိုင် ဉာဏ်နဲ့ကြည့်ကြ၊ ကိုယ်တိုင် ကြည့်လို့ ကိုယ်တွေ့သိမှ ယုံကြ၊ ဒါမှ ဒိဋ္ဌ, ပတ္တ, ဝိဒိတ ဆိုဒါ ဖြစ်ကြ မယ်လို့ ဟောတော်မူခဲ့တယ်၊ သဘောပါကြပလား ?။

အရှင်သာရိပုတ္တရာကလဲ---

ကာယမိမံ သမ္မသထ၊ ပရိဇာနာထ ပုနပ္ပုနံ။
ကာယေ သဘာဝံ ဝိဒိတွာန၊ ဒုက္ခဿန္တံ ကရိဿထ။

လို့ ဟောတော်မူခဲ့တယ်။

**ဘာသာပြန်** ဤခန္ဓာကာယကို သုံးသပ် ဆင်ခြင်ကြလော့၊ အဖန်ဖန် ဉာဏ်စက္ခုဖြင့် ရှုကြည့်သိမြင်ကြလေလော့၊ ဤကာယတွင် သဘောအမှန် ဖြစ်ပျက်ဟန်ကို ကောန်းသိမြင်ရလျှင် ဒုက္ခဆုံးရာ နိဗ္ဗာန်ကိုရကြပေလတံ့၊ ဒီလို ဆိုလိုရင်း အဓိပ္ပါယ်ရှိတယ်လို့ မှတ်ကြ။

ဒီတော့ ဒို့ဒကာတွေ ဘာလုပ်ဘို့ လိုသေးသလဲ ?၊ ဆုတောင်းဘို့ လိုသေးသလား ?၊ ဆုတောင်းဘို့မလိုဘူးဆိုဒါ ရိပ်မိကြပလား ?၊ ခန္ဓာ အရှိ သဘောကို ဉာဏ်နဲ့ကြည့်ဘို့ဘဲ လိုတယ်ဆိုဒါ ဆုံ ဖြတ်ချက်ချ၊ ခန္ဓာအရှိမှာ ဉာဏ်နဲ့ကြည့်တော့ ရုပ်ကပြောတယ်၊ နာမ်ကလဲ ပြော

တယ်၊ ဒီရုပ်နာမ် အမှန်သဘောရှိဒါကို အမှန်ပြောလို့ သိရဒါဘဲ၊ ဒါကိုမကြည့်ဘဲ ဆုသာထိုင်တောင်းနေရင် ဘုရားအသချေ မရေနိုင်အောင် ပွင့်နေပေမဲ့ မရပါဘူး၊ ဒါကိုကြည့်မှသာ ရနိုင်မယ်ဆိုဒါ မှတ်လိုက်ကြ။

အခု ဒီဉာဏ်ကို ဘုရားပွင့်လို့ရဒါ၊ ဘုရားပွင့်မှ ဉာဏ်ရနိုင်ဒါ၊ မပွင့်တဲ့အခါ မရနိုင်ဘူး၊ ဉာဏ်အလုပ်၊ ဉာဏ်နဲ့လုပ်မှရမှာ၊ ဉာဏ်မပါရင် ဘာလာဘဲလို့ မှတ်ကြ၊ ရိပ်မိကြပလား ?။

ဒို့ဒကာတွေ ဉာဏ်နဲ့လုပ်ရမှာ၊ ဉာဏ်မပါရင် သံသရာ သစ်ငုတ်ဖြစ်ဘို့ဘဲ၊ ကိုယ်ပိုင်ဉာဏ်လဲမပါ၊ ဆရားပေးတဲ့ဉာဏ်၊ ဘုရားပေးတဲ့ဉာဏ်လဲမယူဘူးဆိုရင် ဒီထက်မိုက်ဖြင့် မရှိတော့ဘူးဆိုဒါ ရိပ်မိကြ၊ အခု ဘုရားပွင့်လို့ ဘုရားက ဉာဏ်ပေးထားဘီ၊ ဒါကို ဒကာတွေက အကြောင်တိုက်ပီး နောက်ဘုရားမှဘဲ လိုချင်တယ်ဆိုရင် ငါးပါးတင်မကသံသာစင်ပါမှောက်ကြဘို့ဘဲရှိတယ်ဆိုဒါစိတ်ချထားကြတော့။

နိဗ္ဗာန်ပို့တယ်ဆိုဒါဘုရားက မပို့နိုင်ဘူး၊ ဉာဏ်ကသာ ပို့နိုင်ဒါပါ၊ ဉာဏ်ရှိရင် ဘုရားရှိတယ်လို့ဘဲ အောင်းမေ့ကြ၊ သဘောပါကြပလား ?၊ ဘုရားလက်ထက်တော်က ဉာဏ်မပါလို့ ကျန်နေခဲ့ကြတဲ့လူတွေ ဘယ်လောက်များတယ်ဆိုဒါ ဒို့ဒကာတွေ ရိပ်မိပါလိမ့်မယ်။

ဒါကြောင့် ဉာဏ်အရေးကြီးတယ်လို့ ပြောလိုက်ပါတယ်၊ ခန္ဓာအရှိကို ဉာဏ်နဲ့ကြည့်ရင် နာမ်ဖြစ်ပျက်၊ ရုပ်ဖြစ်ပျက်တွေဘဲ မြင်ကြမယ်၊ ကြပ်ကြပ်ကြည့်လို့ အကြည့်များလာတော့ ရုပ်နာမ်ဖြစ်ပျက်

သက်သက်, ဘာမှ အပိုမစွက်ဘူး ဆိုတဲ့ အချက်ကို သိလာကြမယ်၊ ဒီလို အမှန်သိလာတော့ ရုပ်နာမ်ကို မင်းတို့ဟာ အလကားဟာတွေဘဲ မင်းနဲ့ ပေါင်းလို့တော့ မဖြစ်နိုင်ဘူးဆိုပြီး စွန့်ချင်လာဘိ, မလိုချင်တော့ဘူး, မုန်းလာကြရော, မင်းနဲ့ငါ အိုးစားကွဲမှ ဆိုပြီး ဉာဏ်က စွန့်လိုက်တော့ တဏှာသေတယ်။

ခန္ဓာမှာက အနတ္တ,က ရှိပြီးနေဒါ၊ ဒို့ဒကာတွေမှာ ဘုရားပေးတဲ့ ဉာဏ်မရကြလို့ အနတ္တ, ဉာဏ် မရကြဒါ၊ ဒီဟာ ဘသူ့အပြစ်လဲ ?၊ အနတ္တ,က ခန္ဓာထဲမှာ အမြဲရှိပြီးနေဒါပါ၊ ရုပ်နာမ်က ပြောပြနေပါတယ်၊ ကျုပ်တို့ဟာ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စတွေပါ, ဖြစ်ပျက်ဒုက္ခတွေပါ, ဖြစ်ပျက်အနတ္တတွေပါလို့ အမြဲတစေ ပြောနေကြတယ်၊ ဒါကို ပြောင်တိုက်ပြီး ဒို့ဒကာတွေက လိမ်လိုက်ကြသေးတယ်၊ ငါ့ကိုယ်တဲ့ ငါတဲ့, ငါ့ဥစ္စာတဲ့၊ ဘယ့်နှယ်များ ဖြစ်နေကြဒါတုံး ?။

ဒါပြွယ ဘုရားပေးတဲ့ဉာဏ်နဲ့ မကြည့်ဘဲ ပြောင်အရွဲ့တိုက်ပြီး ကိုယ့်ဟာ ကိုယ်များ လိမ်နေကြသေးတယ်၊ ဘုရားလဲ လက်မလွှတ်ပါဘူး၊ တရားလဲ လက်မလွှတ်ပါဘူး၊ ကျုပ်ကံ့ကိုက ညံ့လို့ စီးပွား ပျက်ရတယ်၊ စီးပွားဖြစ်တုန်းကလဲ့ လက်မလွှတ်ပါဘူးတဲ့၊ ခန္ဓာက အနတ္တပါလို့, ပြနေတဲ့ ခြားထဲက သက်သက် လိမ်နေဒါများ အံ့လောက်ပါရဲ့။

ရုပ်နာမ်က အနတ္တမို့, အနတ္တသဘောပြောနေဒါ၊ အနတ္တပါလို့ ဘုရားက ဉာဏ်ပေးထားတယ်၊ ရုပ်နာမ်က ခင်ဗျားတို့ အလိုကို

မလိုက်နိုင်ပါဘူး၊ ကျုပ်သဘာဝအတိုင်းဆောင်ရွက်ရလိမ့်မယ်၊ကျုပ် အနတ္တပါ၊ ကျုပ်-ဒုက္ခပါလို့ပြောပြနေဒါ၊ ဒါကိုဒို့ဒကာတွေက မသိ သား ဆိုးဝါးလွန်းလို့သာဘဲ ဆိုရင် မမှားဘူး၊ ဘုန်းကြီးကပြောလို့ မယုံချင်နေကြ၊ ခန္ဓာကပြောမို့ ယုံကြဘို့ဘဲ၊ ခန္ဓာက ကျုပ်ဟာအနိစ္စ ပါ၊ ဒုက္ခပါ၊ အနတ္တပါ၊ အသုဘပါလို့ အမြဲပြောနေဒါဘဲ၊ သဘော ပါကြပလား ?။

ခန္ဓာက ရုပ်ပရမတ်၊ နာမ်ပရမတ်၊ ပရမတ်ဆိုဒါ ဘယ်တော့မှ လိမ်လည်ကောက်ကျစ်ပီး မပြောဘူး၊ မပြောဘူးဆိုဒါ မှတ်ရမယ်၊ ပရ မတ် ဆိုဒါ အမှန်ကိုသာပြတယ်၊ မချွတ်မယွင်း၊ မဖေါက်ပြန်တတ်တဲ့ တရား၊ ရိပ်မိကြပလား ?၊ ဒါကြောင့် ခန္ဓာပြောဒါ၊ ပြဒါကို ယုံကြ လို့ ပြောလိုက်တယ်။

ခန္ဓာက အနိစ္စပါ၊ ဒုက္ခပါ၊ အနတ္တပါ၊ အသုဘပါလို့ အမြဲပြော နေဒါ၊ ဉာဏ်နဲ့ကြည့်တော့ ဒါတွေချည့် မြင်နေရတယ်၊ ဒါတွေချည့် ပြောပြနေတော့ နားခါးလှဘီလို့ ဆိုပီး မုန်းလာရော၊ ဒီလိုနဲ့ မုန်း ဒါကနေ ဆက်ကြည့်၊ ဒါတွေ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ၊ အ သုဘတွေချည့်ဘဲ ဖြစ်နေဒါ တွေ့တော့ မလိုချင်တော့ဘူး၊ မလိုချင် တော့ တချက်ချက်မှာ ဆုံးသွားရော ဆုံးသွားတယ်ဆိုဒါ ခန္ဓာဖြစ် ပျက် ဒုက္ခသစ္စာကြီး ဖြတ်ကနဲဆို ပျောက်သွားဒါကိုပြောဒါ၊ အဲဒီလို ဒုက္ခသစ္စာပျောက်တာနဲ့ တပြိုင်နက် နိစ္စ၊ သုခနိဗ္ဗာန်ရောက်တော့ဒါ ဘဲ၊ ရှင်းကြပလား ?။

ရုပ်နာမ်ဖြစ်ပျက်ရှိတဲ့ ခန္ဓာဟာ လူ့ သင်းချိုင်းဘဲ၊ သင်းချိုင်းမှန်း သိရအောင် အားထုတ်ဘို့လိုတယ်၊ သင်းချိုင်းမှန်းသိရင် ဒီနေရာ မကြိုက်တော့ဘူး၊ မနေချင်တော့ဘူး၊ မကြိုက်တာမနေချင်ဒါမှန်းလို့ မုန်းတော့ မကြာခင် ဆုံးဒါဘဲ၊ ဆုံးလို့ ဒုက္ခခန္ဓာ ပျောက်တာနဲ့ မြဲတဲ့ ချမ်းသာတဲ့ နိဗ္ဗာန်ရဒါဘဲ၊ အဲဒီတော့မှ ကိုယ်တွေ့ ချမ်းသာပြီး ဒီ နိဗ္ဗာန်က မခွါချင့်, အမြဲနေချင်တော့ဒါဘဲ၊ ရုပ်နာမ်မရှိဒါက နိဗ္ဗာန်, မခွဲချင်ဒါက ဉာဏ်ဘဲ၊ သဘောပါကြပလား ?။

ဒီသဘောတွေ, ဒီလမ်းစဉ်တွေ ဘုရားတည်းဟူသော မှန်ကပြလို့ သိကြရတယ်၊ဒကာ, ဒကာမတွေရဲ့ အဖြစ်မှန်ကိုလဲသိကြရတယ်၊ ကျင့်ကြံ အားတုတ်ကြည့်တော့လဲ ကိုယ်တွေ့ကေန်သိကြရမယ်၊ ဒါကြောင့် ဘုရားက····

"ဒိဋ္ဌဓမ္မော၊ ကိုယ်တိုင် မြင်အပ်ပြီးသော တရားရှိသည်။
ပတ္တဓမ္မော၊ ကိုယ်တိုင် ရောက်အပ်ပြီးသော တရားရှိသည်။
ဝိဒိတဓမ္မော၊ ကိုယ်တိုင် သိအပ်ပြီးသော တရားရှိသည်။
ပရိယောဂါဠ္ဟဓမ္မော၊ ကိုယ်တိုင် ဉာဏ်ဖြင့် သက်ဝင် အပ်ပြီးသော တရားရှိသည်။
တိဏ္ဏဝိစိကိစ္ဆော၊ ယုံမှားခြင်းကို လွန်မြောက်ပြီးသည်။
ဝိဂတကထံကထော၊ သို့လော, သို့လော တွေးတော ယုံမှားခြင်းမှ လွတ်ကင်းသည်။
ဝေသာရဇ္ဇပ္ပတ္တော၊ ကြောက်ရွံ့ခြင်း ကင်းလျက် ရဲရင့်ခြင်းသို့ ရောက်သည်၊

အပရပ္ပစ္စယော၊ ဘုရားသာသနာတော်မှ တပါး အားထားယုံကြည်စရာ မရှိသည်”။

လို့ ဆိုတဲ့ အဓိပ္ပါယ် ကိုယ်တိုင်ကြုံရမယ်, ကိုယ်တိုင်ဖြစ်ရမယ်လို့ ဟောတော်မူတယ်၊ ဒို့ဒကာတွေ လက်တွေ့သိရအောင် အခုဆက်ပြီး အားထုတ်ကြည့်ဘို့ မသင့်ဘူးလား ?။

ဒို့ဒကာတွေကို လေးလေးနက်နက်ကြီး သတိပေးလိုက်ပါတယ်၊ ဘုရားက ဒကာတွေ အဖြစ်မှန် ကေန်သိလို့, အလွန်သနားလွန်းလို့, သူ့ဉာဏ်နဲ့ အမှန်မြင်းပြီးမှ ဟောပြခဲ့ဒါ၊ ဘုရားကိုယ်စားလှယ် ဘုန်းကြီး တို့ကလဲ အင်မတန်စေတနာထားပြီး တဆင့်ဟောပြနေဒါ၊ ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြီး ရဲရဲတင်းတင်း လုပ်ကြ၊ လုပ်ပြီး ရဲရဲကြီး ပြောကြ၊ အရင်က သူများပြောမှာ လမ်းဆုံးနေကြလို့ လမ်းမှန်ကို မရောက်ခဲ့ကြဘူး၊ သဘောပါကြပလား ?။

> သတိပေးလိုက်ပါတယ်၊ ကြပ်ကြပ် သတိပြုကြ၊ ရှေ့ရင်ခရီး မပေါက်နိုင်ဘူး၊ တိုတိုနဲ့ လိုရင်းရောက်အောင် မိမိ ရုပ်နာမ်နှစ်ခုကိုသာ ဉာဏ်နဲ့ကြည့်ကြလို့ ပြောလိုက်ပါတယ်။

ဒို့ဒကာတွေရှေးကမြင်ဒါ,ရှေးက ကြည့်ဒါဘုရားပေးတဲ့မျက်လုံးနဲ့ မဟုတ်ပါဘူး၊ သူများပေးတဲ့ အရပ်ကပေးတဲ့ မျက်လုံးနဲ့ ချည့်ကြည့်လာကြတော့ အမှားချည့်ဘဲ၊ အရပ်ကပေးတဲ့ မျက်လုံးနဲ့ဘဲ မွေးဖွားလာ, ကြီးပြင်းလာကြ၊ ဒီ-မျက်လုံးနဲ့ဘဲ အိမ်ထောင်ကျကြ သားမွေး, သမီးမွေး, မွေးကြ၊ ပဋ္ဌာစာရီဟာ အရပ်ပေးတဲ့ မျက်လုံး-

ကြောင့်ဘဲ အရှူးဖြစ်ရရှာတယ်၊ သွက်သွက်လယ် အဝတ်ဗလာ ကျင်း လောက်အောင်ကို ရူးသွားရှာတယ်၊ အဲဒါ အရပ်ပေးတဲ့ မျက်လုံး ကြောင့်ဘဲ နောက်- ဘုရားပေးတဲ့ မျက်လုံးရတော့မှ ဘုရားပေးတဲ့ မျက်လုံးကြောင့် အရှူးရောဂါ ပျောက်ကင်း ချမ်းသာခွင့်ကို ရခဲ့တော့ တယ်။

အရပ်ထဲမှာ နေနေ့၊ ဘယ်မှာဘဲ နေနေ၊ နေချင်တဲ့ နေရာမှာနေ့၊ ဘုရားပေးတဲ့ မျက်လုံးနဲ့ ကြည့်ကြရမယ် ဘုရားပေးတဲ့ မျက်လုံးနဲ့ နေမှ ရောဂါပျောက်ကြမယ်၊ အရပ်ထဲက လူတွေကလဲ အရူးတွေဘဲ ဆိုတော့ အရပ်ပေးတဲ့ မျက်လုံးဆိုရင် အရူးမျက်လုံး ရကြမှပေါ့၊ ရိပ်မိ ပလား ?၊ ဒါကြောင့် မိရိုးဖလာ အရပ်ပေး မျက်လုံးနဲ့ မကြည့်ဘဲ ဘုရားပေးတဲ့ မျက်လုံးနဲ့ ကြည့်ကြလို့ ပြောလိုက်ပါတယ်၊ သဘော ပါကြပလား ?။

ဒီလို မလုပ်ရင် ဘယ်လို အပြစ်တွေ ဖြစ်မလဲ ?၊ ဒီလိုလုပ်ရင် ဘယ် လို အကျိုးတွေ ရကြမလဲ ?၊ ဘုရားပေးတဲ့ မျက်လုံးနဲ့ ကြည့်တော့ ဉာဏ်တွေ အဆင့်ဆင့် တက်လာမယ်, ရင့်ကျက်လာမယ်၊ ယထာဘူတ အမှန်အတိုင်း သိတဲ့ ဉာဏ် နောက်- နိဗ္ဗိန္ဒ၊ ငြီးငွေ့တဲ့ ဉာဏ် နောက် မဂ်ဉာဏ် နိဗ္ဗာန်မြင်တဲ့ ဉာဏ် ဒီလို ဉာဏ်အဆင့်ဆင့် တက်လာမယ်၊ အရပ်ပေးတဲ့ မျက်လုံးနဲ့ ကြည့်ရင် အပူတွေ အဆင့်ဆင့် တက်လာ မယ်၊ ဒုက္ခတွေ အဆင့်ဆင့် ရလာကြမယ်၊ ဒါဘဲထူးတယ် ဆိုဒါ မှတ် ထားကြ။

ဒို့ဒကာတွေ အရင်က အရပ်ပေးတဲ့ မျက်လုံးနဲ့သာ နေကြရ-တော့ ကိုယ်အခြေ ဘယ်ရောက်နေတယ် ဆိုဒါ မသိကြဘူး၊ ကိုယ့်ဟာကိုယ် အနာရှိလို့ ရှိမှန်းမသိကြဘူး၊ ဘုရားက မာဂဏ္ဍီကိုဟောတဲ့ အချက်မှာ နူနာရှိတဲ့ လူနာဟာ မီးမကင်ရင် နေမဖြစ်သလို ကိလေသာ နူနာရှိတဲ့ သူဟာလဲ သားသမီးစတဲ့မီး၊ ကာမဂုဏ် မီးကင်နေရမှ နေနိုင်တယ်၊ သူ့ဟာသူ အနာရှိမှန်း မသိတော့လဲ မီးကင်ရဒါ ဂုဏ်တခုလို့ထင်တယ်၊ ကျုပ်မို့ ဒီတာဝန် ထမ်းနိုင်ဒါ၊ ဒီသား ဒီသမီးတွေ ကျုပ်မို့ ရှာဖွေကျွေးနိုင်ဒါ ဒီသား၊ ဒီသမီးနဲ့ အသက်ရှေရှေနေပီး အိုအောင်မင်းအောင်လုပ်ကျွေးနိုင်ပါရစေလို့ တောင်ဆုတောင်းကြသေးတယ်၊ ရူးချက်သန်လှချည့်လား? လို့ ဆိုသင့်မဆိုသင့် စဉ်းစားကြ၊ ၊မာဂဏ္ဍီကလဲဘုရားကို"မျိုးပြတ်"ဘဲလို့စွပ်စွဲပီးသူ့မီးနဲ့သူ ကြက်သရေရှိတယ်လို့ထင်နေဒါလား၊ ဒီတော့ဒို့ဒကာတွေကိုမာဂဏ္ဍီမျိုးတွေလား ? လို့ မေးလိုက်ပါတယ်၊ ကျေနပ်ကြပလား ?။

ဒါကြောင့် ဒို့ဒကာတွေ အခွင့်ရကုန်း ဆရာ သမားတွေတုန်း၊ ကိုယ့်အနာ၊ နင်း၊ မင်းမထခင် ကြိုးစားကုလိုက်ကြ၊ ကျွေးတဲ့ ဆေး၊ စားလိုက်ကြလို့ တိုက်တွန်းလိုက်တယ်၊ စားဘို့ကလွယ်ပါတယ်၊ ဆေးက ဒကာတို့ ခန္ဓာနဲ့ ကပ်ရက်၊ ချပ်ရက် အမြဲပါပီးနေဒါပါ၊ ဒါကို ဆေးမှန်းမသိတော့ စားရကောင်းမှန်း မသိရှာကြလို့သာပါ၊ ဒါကို ဖေါ်ပြပီး ဆရာပြောရင် ကိုယ့်မှာ အင်မတန် ဆိုဝါးတဲ့ အနာရှိမှန်းလဲ သိရလို့ မစားရင် မဖြစ်တော့ဘူးဆိုဒါဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား ?။

စားနည်းက မိမိခန္ဓာမှာ အကျဉ်းချုပ်ရင် ရုပ်နဲ့နာမ်, ဒီနှစ်ခုဘဲ ရှိတယ်၊ ဒီနှစ်ခုထဲက တခုခုကို မိမိရရ ဉာဏ်နဲ့ စိုက်ရှုရမယ်၊ ဉာဏ်နဲ့ ရှုတဲ့အခါ ရုပ်ဖြစ်ပျက်, နာမ်ဖြစ်ပျက်ဆိုတဲ့ ဖြစ်ပျက်အနိစ္စ, ဖြစ်ပျက် ဒုက္ခ, ဖြစ်ပျက်အနတ္တတွေကို ကိုယ်တိုင်မြင်ကြရမယ်၊ ဒီလိုဆက်ရှုလို့ ဖြစ်ပျက်ဒုက္ခ သစ္စာတွေ အမြင်များလာရင် ကိုယ့်ခန္ဓာ ကိုယ်မုန်း လာမယ်၊ ကိုယ့်ခန္ဓာမုန်းရင် သူများခန္ဓာပါ မုန်းဒါပါဘဲ၊ မုန်းလာ တော့ မလိုချင်, မလိုချင်ရင် အနာပျောက်လို့ဘဲဆိုဒါ မှတ်ကြ။

အနာပျောက်ရင် မီးမလှုံချင်တော့ဘူး၊သား, သမီး, ပစ္စည်း, ဆွေမျိုး ဉာတကာတွေနဲ့ နေချင်သေးရင် ဒီလိုနေရတာ စိတ်မပျက်သေးရင် အနာမပျောက်သေးလို့ ဘဲလို့ မှတ်ရမယ်၊ မီးလှုံချင်ဒါ အနာမ ပျောက်သေးလို့ဘဲလို့ မှတ်ထားကြ၊ ရှင်းကြပလား ?၊ မီးဟာ ပူတဲ့ သဘောရှိတယ်၊ မီးမှန်ရင် ပူဒါချည့်ဘဲ၊ မီးက မဖေါက်ပြန်ဘူး၊ အနာ ရှိတဲ့သူကဘာ ဖေါက်ပြန်ဒါ၊ အနာရှိတုန်းက ပူမှန်းမသိဘူး၊ အနာ လဲ ပျောက်ရော မီးပူမှန်းသိပီး အနားလဲမကပ်ချင်တော့ဘူး။

ဒါကြောင့် ဒို့ဒကာတွေ မီးမှန်းသိအောင် ကြိုးစားကြလို့ သတိ ပေးလိုက်ပါတယ်၊ ခန္ဓာမီးမှန်းသိရင် ခင်ဇော မရှိတော့ပါဘူး၊ ခန္ဓာ ခင်တဲ့ဇောမရှိရင်ဖြင့် အနာပျောက်တာဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြ ပလား ?။

**ကိုင်း--ယနေ့--ဒီတွင်ဘဲ--တော်ကြအုံး။**

# ဓမ္မရတနာ - မာတိကာ

## "နိဗ္ဗာန်ရရာ ကျင့်သုံးဖြာ တရားတော်"

### နိဗ္ဗာန်ရရာ ကျင့်သုံးဖြာ

(၁) သပ္ပုရိသ ဘဇန ... သူတော်မြတ်၌ ဆည်းကပ်မှီခိုခြင်း။

(၂) သဒ္ဓမ္မ သောဿန ... သစ္စာတရားကို နာကြားခြင်း။

(၃) ဓမ္မာနုဓမ္မ ပဋိပဇ္ဇန ... တရားအားလျော်စွာ ကျင့်ခြင်း။

**ဆောင်ပုဒ်**

သပ္ပုရိသ၊ ဘဇန၊ သောဿ သဒ္ဓမ္မံ။
ဓမ္မာနုဓမ္မ၊ ပဋိပဇ္ဇ၊ ဉာယ သံသာမံ။
ကျမ်း မဇ္ဈိမ၊ ပဏ္ဏာသ၊ ဟောပြ ဝေကုံ။
နိဗ္ဗုလိုက၊ ကလျာဏ၊ သုံးဝ လိုက်နာကြုံ။
သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကြံကျင့်။
မဂ်ဖိုလ်ခွင့်၊ ရလင့် ကေန္တံ။

**သတိချပ်**

ဒွိဟိတ်တိဟိတ်၊ ဝိစိကိစ်၊ တုံးပိတ် ကျိုးမရှိ။
အားထုတ်ဘိုသာ၊ ကိုယ့်ဝန်တာ၊ သေချာ စွဲသတိ။
ကျင့်ထုတ်ခါတွင်၊ ဉာဏ်အမြင်၊ မှန်ပင် ခွဲဝေသိ။
ဖြစ်ပျက်မြင်က၊ တိဟိတ်ပ၊ မုချ မှတ်လေဘိ။
တောင်းကာရမ်းကာ၊ နိဗ္ဗာနာ၊ ရရာ လမ်းမရှိ။
အတောင်းရှော့လျှက်၊ ယခုထွက်၊ ဆက်ဆက် ထုတ်ပါဘိ။

**တရားသား** ဒီကနေ့ညမှာ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မာဂဏ္ဍိယသုတ်မှာ လာတဲ့ အဓိပ္ပါယ်ကို ပြောလိမ့်မယ်လို့ မှတ်ထားကြ၊ ဘုရားရှင်က မာဂဏ္ဍိယ ပရိဗိုဇ်ကို ဟောတယ်၊ " မာဂဏ္ဍိ မင်း-မဂ်ဖိုလ်ကို ရချင်ရင် အချက်သုံးနဲ့ညီစေရမယ်"လို့ ဟောတော်မူတယ်၊ အဲဒီအချက်၊ အင်္ဂါသုံးချက်နဲ့ညီရင် မဂ်ဖိုလ်ကို ကေန်ရနိုင်တယ်၊ ဒါဖြင့် ဒီ·အင်္ဂါသုံးချက်နဲ့ မညီရင် မဂ်ဖိုလ် မရနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ ထင်ရှားဒါပေါ့၊ အင်္ဂါသုံးက····

(၁) သူတော်ကောင်းကို ဆည်းကပ်ရမယ်၊

(၂) တရားလဲ နာယူရမယ်၊

(၃) လျှော်စွာလဲ ကျင့်ရမယ်။

ဒီသုံးချက်ဘဲ၊ ဒါကြောင့် ဒို့ဒကာတွေ တရားကို ကြိုးစား နာရမယ်ဆိုတဲ့ အချက်လဲပေါ်ကြဘီ၊ သောတာပန်တည်ချင်ရင်တရားနာရမယ်၊ တရားမနာရင် သောတာပန် မတည်နိုင်ဘူး၊ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါတို့က လွဲရင် ဘယ်သူမှ တရားမနာလို့ မဖြစ်ဘူးလို့ မှတ်ကြ၊ ဒါကြောင့် သာဝကတွေမှာ တရားမနာရင် မဖြစ်ဘူး, သစ္စာတရားကို ကြိုးစားနာရမယ်ဆိုတဲ့ အဓိပ္ပါယ် ထင်ရှားသွားဘီ။

တချို့တွေက ပြောတတ်ကြတယ် " တရားနာနေဘို့ မလိုဘူး, အားထုတ်ဘို့ဘဲ လိုတယ်၊ တရားနာနေရင် အားထုတ်ချိန် ရှော့တယ်၊ ဒါကြောင့် နာဘို့ထက် အားထုတ်ဘို့က လိုရင်းပါ"လို့ ပြောဆိုတတ်ကြတယ်၊ ဟုတ်သယောင်မို့ လမ်းမှားသွားတတ်ကြတယ်၊ တရားနာမှ

ဒိဋ္ဌိကွာမယ်၊ ဒိဋ္ဌိကွာမှ အားထုတ်ရ လွယ်ကူတယ်၊ တရားမနာရင် ဉာဏ်မပွင့်ဘူး၊ ဉာဏ်မပွင့်ရင် ခရီးဖင့်ဘို့ဘဲဆိုဒါ မှတ်ထားကြ၊ တရားနာရင် အဝိဇ္ဇာ အဆင့်ဆင့်ကွာမယ်၊ အဝိဇ္ဇာ အဆင့်ဆင့်ခွါပြီးမှ အားထုတ်ရင် မကြာခင် မဂ်ဖိုလ်ရနိုင်မယ်၊ တရားမနာဘဲ အဝိဇ္ဇာ မခွါဘဲ ရမ်းပြီး အားထုတ်နေကြရင် လုပ်ရသလောက် ခရီးမရောက်ဘူး ဆိုဒါ မှတ်ထားကြ။

ပဌမအင်္ဂါရပ်အနေနဲ့ သစ္စာတရားဟောကြားတတ်တဲ့ဆရာမြတ်၊ သို့မဟုတ် သူတော်မြတ်ကို ဆည်းကပ်ရမယ်၊ နောက်-သစ္စာဆိုက်တဲ့ တရားတော်ကိုလဲ ထပ်တလဲလဲ ကြားနာရမယ်၊ နောက်-နာကြားရတဲ့ တရားတော်အား လျော်အောင် အားထုတ်ကျင့်ကြံရမယ်၊ဒီအင်္ဂါ သုံးချက်ဟာ သုံးချက်လုံး အရေးကြီးတယ်၊ သုံးချက်လုံးညီမှ မဂ်ဖိုလ် ရကြမယ်၊ဘယ်အချက်မှ ပျက်ကွက်လို့ မရဘူးဆိုဒါ ဆုံးဖြတ်ချက်ချ။

မြတ်ဘုရားနာဆိုဒါ သစ္စာတရားကိုဆိုဒါ၊ ဆိုက်အောင်ဟောပြတဲ့တရား, သစ္စာထိုက်တဲ့တရားမှ မြတ်တရားလို့ ဆိုတယ် ဓမ္မာနုဓမ္မ ပဋိပဇ္ဇန၊ လျော်စွာကျင့်ရမည်လို့ ဆိုတဲ့အချက်မှာ "ဓမ္မဿ အနုဓမ္မ ပဋိပဒ" လို့ ဖွင့်ဆိုထားတဲ့ အတိုင်း တရားကပြတဲ့ သဘာဝ ဆိုက်အောင် ကျင့်ရမယ်လို့ ဆိုလိုတယ်၊ ဥပမာ တရားကရုပ်တရားနဲ့ နာမ်တရား၊ ရုပ်တရားလဲ ဖြစ်ပြီးပျက်တဲ့ သဘောရှိတယ်၊ နာမ်တရားလဲ ဖြစ်ပြီးပျက်တဲ့ သဘောရှိတယ်၊ ဒီတော့ ရုပ်လဲဖြစ်ပျက်, နာမ်လဲဖြစ်ပျက် သဘာဝရှိတာမို့ ဒီသဘာဝအတိုင်း သိရမယ်လို့ မှတ်ကြ။

ရုပ်နာမ်သဘာဝမှာ ဒီ- ဖြစ်ပျက်ရှိဒါမို့ ဒီဖြစ်ပျက် သိဘို့ဟာ အရေးအကြီးဆုံးဘဲလို့ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပလား ?၊ တရားက ဖြစ်ပျက်ဆိုရင့် ဉာဏ်ကဖြစ်ပျက်လို့သိဒါဟာ ဓမ္မာနုဓမ္မပဋိပတ္တိပါဘဲ ဒါကြောင့် ဒီတရားအား လျော်စွာ ကျင့်ဘို့လဲ အရေးကြီးတယ်လို့ မှတ်ကြ၊ ဒီ- အဓိပ္ပါယ်ကို မှတ်မိလွယ်အောင် ဆောင်ပုဒ်ကလေးကို ကျက်ထားကြပေါ့။

"သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရဇောင့် ကေန်သာ"။

ဒီ-အဓိပ္ပါယ်က မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ ဟောတော်မူထား တယ်လို့မှယ်ကြ၊ ဘုရားရှင် ကိုယ်တော်တိုင် ဟောဒါမို့ သံသယမရှိ ကြနဲ့လို့ သတိပေးလိုက်ပါတယ်၊ ဒို့ဒကာတွေက ဟုတ်မှ ဟုတ်ပါ့မ လား ? ရမှရပါ့မလား ? ဆိုပီး လုပ်မနေကြနဲ့ ဘုရားရှင်က တခွန်းထဲ အမှန်ပြောဒါ၊ မမှန်ဒါ မပြောဘူး၊ နှစ်ခွန်း, နှစ်မျိုး မပြောဘူး၊ သဘောပါကြပလား ?။

သူတော်ကောင်ထံမှာလဲ ဆည်းကပ်, တရားတော်ကိုလဲ ကြားနာ, တရားနဲ့လျော်စွာလဲကျင့် ဒီသုံးချက်နဲ့ညီရင် မဂ်ဖိုလ်ကို ကေန် ရ,ရ မယ်လို့ မာဂဏ္ဍီကို ဟောတော်မူခဲ့ဒါ၊ ဒီတော့ ဒို့ဒကာ့တွေ ဘုရား အပေါ်မှာ သံသယရှိစရာ မလိုတော့ဘူး, တရားအပေါ်မှာလဲ သံသယ ဖြစ်ဘို့မရှိတော့ဘူး၊ ယုံယုံကြည်ကြည် ကိုးကိုး စားစား အားထုတ် ကြလို့ ပြောလိုက်ပါတယ်၊ ဘုရားက ဒီအင်္ဂါသုံးချက်ဘဲ လိုတယ်လို့

ဟောတော့ ကိုယ့်အပေါ်မှာလဲ သံသယ မရှိကြနဲ့တော့လို့ သတိပေးလိုက်ပါတယ်။

ငါလုပ်ရင် ရမှရပါ့မလား ?၊ ကိုယ့်အခြေနဲ့ဖြင့် နေရာကျပါ့မလား ?၊ ဖြစ်မှဖြစ်ပါ့မလား ? နဲ့ သံသယ ဝိစိကိစ္ဆာ ဖြစ်နေတတ်ကြတယ်၊ ဘာမှ သံသယမဖြစ်ကြနဲ့လို့ သတိပေးလိုက်တယ်၊ ဒို့ဒကာတွေအတွက် အင်္ဂါသုံးချက်ကိုလုပ်ကြ၊ ခန္ဓာမှာ ဖြစ်ပျက်ရှိဒါမို့ ဖြစ်ပျက်ကိုသိကြ၊သိအောင်လုပ်ကြ၊ ဖြစ်ပျက်သိရင် နိဗ္ဗာန်ဆုမတောင်းနဲ့ ဆုတောင်းဘို့မလိုဘူး၊ ဒီဖြစ်ပျက်ကို ဆုံးအောင် လိုက်ရင် ရောက်တယ်ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဆုတောင်းဘို့ မလိုဘူး၊ ဆုတောင်း နေရုံနဲ့လဲ မရနိုင်ဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး ဆုတောင်းရှော့ကြလို့ သတိပေးလိုက်တယ်၊ လုပ်ယူမှရမှာ လုပ်ယူကြ၊ "ဘာဝေဘာဗ္ဗကိစ္စ"လို့ဟောတယ်၊ ပွားရမဲ့ကိစ္စ၊ ပွားယူမှ ရနိုင်တယ်ဆိုဒါ မှတ်ထားကြ၊ နောက်ပီး ရှိသေးတယ်၊ တိဟိတ်မှ ဟုတ်မှဟုတ်ပါ့မလား ?၊ ဒွိဟိတ်မျှား ဖြစ်နေမလား ?နဲ့၊ ဒါက ဘုရားရှင်အရာ ကိုယ့်အရာမဟုတ်ဘူး၊ ဒီတော့ အကျိုးမမျှား မှာကို မတွေးကြနဲ့၊ အလုပ်လုပ်ဘို့သာ ကိုယ့်တာဝန် ဖြစ်ပျက်မြင်ရင် တိဟိတ်ဘဲဆိုဒါ သံသယမရှိကြနဲ့၊ ကျေနပ်ပလား ?။

ပါရမီစကားလဲ မပြောကြနဲ့၊ သာဝကဉာဏ်အရာမှာ ပါရမီမလိုဘူးလို့ တထစ်ချမှတ်လိုက်ကြ၊ ဒီအချက်ဟာ "ပေဋကောပဒေသ"ပါဠိတော်မှာ အတိအလင်းဟောထားဒါရှိတယ်၊ သံသယဖြစ်ဘို့မလိုဘူး၊

"ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ"။

သာဝကဉာဏ်အရာမှာ အကြောင်း အထောက်အပံ့ နှစ်ချက်ဘဲ လိုတယ်တဲ့၊ " ပရတောစ ဃောသော သစ္စာနု သန္ဓိ, အဇ္ဈတ္တဥ္စ ယောနိသော မနသိကာရော"။

သစ္စာတရား နာကြားမှုနှင့် နှလုံးသွင်း မှန်ကန်မှု၊ဒီနှစ်ခုဘဲလိုတယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ ၊ ဒီစကားထဲမှာ ပါရမီကို မပါဘူး၊ ဒီ အကြောင်းနှစ်ခုနဲ့ ညီညွတ်ရင် မဂ်ဖိုလ်ကို ရနိုင်တယ်လို့ ဆိုတော့ ပါရမီ မလိုဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ အလိုလို ထင်ရှားပါတယ်၊ ကျေနပ်ပလား ?။

မြတ်တရားနာလို့ ဆိုတဲ့ ဒုတိယအင်္ဂါနဲ့ "ပရတောစ ဃောသော သစ္စာနုသန္ဓိ" ဆိုတဲ့ စကားဟာ အဓိပ္ပါယ် အတူတူဘဲ၊ ဒါကြောင့် မြတ်တရားဆိုဒါ ဒါနကထာ, သီလကထာ တရားမျိုးမဟုတ်ဘူး၊မဂ်ရောက်, ဖိုလ်ရောက် တရားမှ မြတ်တရား,ပြတ်တဲ့တရားကိုဆိုဒါ၊ သံသရာ မပြတ်တဲ့ တရားကို မဆိုဘူး၊ ရုပ်နာမ်က အနိစ္စချည့်ဘဲပြတယ်၊ဒုက္ခချည့်ဘဲပြတယ်၊ အနတ္တချည့်ဘဲပြတယ်လို့ ဟောတဲ့တရားဘဲလို့ မှတ်ထားကြ၊ ရိပ်မိကြပလား ?။

လျှော်စွာကျင့်ဆိုတဲ့ တတိယအင်္ဂါနဲ့ "အဇ္ဈတ္တဥ္စ ယောနိသော မနသိကာရော"ဆိုတဲ့ စကားအဓိပ္ပါယ်လဲ မကွဲဘူး, အတူတူဘဲ၊ ဒို့ ဒကာတွေအတွက် ဒီနေရာမှာ အထက်အင်္ဂါနှစ်ပါးနဲ့ ပြည့်စုံနေကြဘီ၊

ဒီတော့ သုံးချက်နဲ့ ပြည့်စုံအောင် လုပ်ကြဘို့ လိုတော့တယ်ဆိုဒါ သိထားကြ၊ ဒကာတွေအတွက် ဘာတိယအင်္ဂါဘဲ လိုတော့တယ်၊ ဒါကိုဖြင့် ပေါ့နေကြလို့ မဖြစ်တော့ဘူး၊ အခုလုပ်မှာဘဲလို့ ဆုံးဖြတ်ချက်ချ။

မိမိခန္ဓာမှာ ဖြစ်ပျက်ရှိဒါမို့ ဖြစ်ပျက်မြင်ရင် လျှော်စွာကျင့်ဆိုဒါနဲ့ ညီညွတ်ပီလို့ မှတ်၊ ဖြစ်ပျက်မြင်ကထဲက မဂ္ဂင်ငါးပါးနဲ့ မြင်ဒါ၊ မဂ္ဂင်ဆိုကထဲက မဂ်ထဲရောက်နေဘီ၊ မဂ္ဂင်ရနေဘီ၊ ဒီတော့ဆုတောင်းဘို့ လိုသေးသလား ?၊ ဆုတောင်းဘို့ မလိုတော့ပါဘူး၊ ဒို့ဒကာတွေ တောင်းဒါ လုပ်ရမှန်း မသိကြလို့၊ တောင်းလို့ မရဒါ သိရရင်၊ အတောင်းရှော့ကြဘော့၊ အလုပ်မလုပ်ပဲ တောင်းနေလဲ လူသိရုံဘဲ၊ ရမှာမဟုတ်ပါဘူး။

နိဗ္ဗာန်ကို လုပ်ယူမှသာ ရကြမှာ၊ တောင်းယူလို့ မရဘူး၊ တောင်းယူလို့ ရဒါဟာ လူ့ပြေ့ နတ်ပြည်ဘဲ၊ ဗြဟ္မာနဲ့ နိဗ္ဗာန်က လုပ်ယူမှ ရမှာ၊ နောက် မတောင်းကြနဲ့တော့လို့ ပြောလိုက်ပါတယ်၊ သဘောပါကြပလား ?၊ ဒါကြောင့် ဒို့ဒကာတွေအတွက် သုံးအချက် အရေးကြီးတယ်၊ သုံးနံပါတ်နဲ့ လျှော်စွာကျင့်မှ မဂ်ကိုရနိုင်တယ်၊ မဂ်မရသေးရင် မလျှော်သေးလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

ရှုတဲ့အခါ ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်လာစေရမယ်၊ ကြားမှာ ဘာစိတ်မှ မခင်စေရဘူး၊ ဖြစ်ပျက်-မဂ်၊ ဖြစ်ပျက်-မဂ်လို့ ဖြစ်ပျက်နဲ့ မဂ်၊ တဲ့နေရမယ်၊ ဖြစ်ပျက်နဲ့မဂ်၊ မတဲ့သေးရင် မလျှော်သေးလို့ဘဲ လို့မှတ်ကြ၊ ဒီတရား အချက်ဟာ အလွန် အရေးကြီးတယ်၊ ဒီတော့

ဒွိဒကာတွေအတွက်ဒုက္ခလက်စသတ်ပေးနေဒါဒုက္ခကြောက်သူမှန်ရင် ကြိုးစာလိုက်နာကြ၊ ပေါ့ပေါ့ကလေး မမှတ်လိုက်ကြနဲ့လို့ သတိပေး လိုက်တယ်။

ဖြစ်ပျက်နဲ့ မဂ် တွဲနေရင် အဝိဇ္ဇာမလာတော့ဘူး၊ အဝိဇ္ဇာမလာ တော့ ပဋိစ္စသမုပ္ပါဒ် အစက စချုပ်တာမို့ ဒုက္ခစက်ဝန်း၊ ဒုက္ခခန္ဓာ ကြီး တခုလုံး ချုပ်သွားရော သဘောပါကြပလား ?၊ ဒါက လောကီ မဂ်၊ မဂ္ဂင်ငါးပါးနဲ့ ဝိပဿနာ ရှုရင်းဖြစ်တာ၊ ဒီအပြတ်က တဒင်္ဂဘဲ ရှိသေးတယ်၊ ဒါကို ဆက်ရှုရအုံးမယ်၊ နောက်မဂ်စစ်လာလိုက်တော့မှ ခန္ဓာသစ်ဖြစ်မဲ့ အကြောင်းတရား ချုပ်ကရော၊ အကြောင်းတွေ ချုပ် တော့ ခန္ဓာသစ် မလာနိုင်တော့ဘူး၊ ခန္ဓာဟောင်း အကျိုးတရားလဲ ချုပ်ဘာဘဲလို့ မှတ်ကြ။

ဖြစ်ပျက်နဲ့ မဂ်နဲ့ တွဲနေရင် ဝိဇ္ဇာလာတယ်၊ ဝိဇ္ဇာဝင်ဒါနဲ့ အဝိဇ္ဇာ မလာနိုင်တော့ဘူး၊ အဝိဇ္ဇာ မလာလို့ အဝိဇ္ဇာ ချုပ်တော့ သင်္ခါရ၊ ဝိညာဏ် စတဲ့ တရားတွေ အားလုံးချုပ်၊ သံသရာစက်ဝန်းကြီး တခုလုံး အကြောင်းလဲချုပ်အကျိုးလဲချုပ်ကုန်ရော၊ ဒါဟာလျှော်စွာကျင့်ရင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ရတဲ့ အကျင့်ဘဲ ဆိုဒါဆုံးဖြတ်ချက်ချ၊ ဒါကြောင့် ဒွိဒကာ တွေ ဒုက္ခခန္ဓာအစုကြီးချုပ်ဘို့ ဒိဋ္ဌဓမ္မနိဗ္ဗာန်ရဘို့ အခုထပီး အားထုတ် ကြလို့ တိုက်တွန်းလိုက်ပါတယ်။

ဘယ့်နှယ်၊ညာနှယ်၊ ဘယ်သို့နဲ့ ချေးထူနေရင် ဒုက္ခရောက်ဘို့သာ ပြင်ကြ၊ ဒုက္ခနဲ့ရင်ဆိုင်ဘို့သာ အောင်းမေ့ကြလို့ ပြောလိုက်ပါတယ်၊

ဒွိဒကာတွေ ကြပ်ကြပ် သတိပြုကြ၊ စင်ကြယ်အောင် မလုပ်သမျှ ဒုက္ခ အဆုံးမသတ်ကြတော့ဘူး၊ ငယ်ငယ်က တော်သလို၊ လျော်သလို နေခဲ့ကြ။ ကြီးတော့လဲ တော်အောင်၊ လျော်အောင်ဘဲ နေ၊ နေကြအုံးမယ် ဆိုရင် သင့်ပါမလား ?၊ အခွင့်သာတုန်း အချိန်ရထုန်းမှာ ပြင်လိုက်ကြ၊ ခုအခါမျိုးမှာမှ မပြင်မိကြရင် အမှားဒီပြင် မရှိတော့ဘူးလို့သာ မှတ်ကြတော့ဘဲ။

ဒွိဒကာတွေ ကိုယ့်ကိုယ်ကို ဒုက္ခမရှာကြနဲ့တော့လို့ သတိပေးလိုက်ပါတယ်၊ ဇာတာဖွဲ့တဲ့အခါ ဗေဒင်ဆရာက အသက် ၁၂၀ ရှည်စေသတည်းလို့ ဆိုပြီး ရေးထဲ့လိုက်တယ်၊ အဓိပ္ပါယ်ကတော့ မင်းကံကောင်းမှဘဲ ဒီထက်မပိုဘူးလို့ ဆိုဒါဘဲ၊ သေသေချာချာ စဉ်းစားကြ အဘိဓမ္မာ နည်းအရ တစိတ်ကို တသက်နဲ့ တွက်ရင် ၁၂၀ ဆိုတော့ ပိုတောင်နေကြဘီ၊ အဘိဓမ္မာနည်းက တစိတ်ကို တသက်ဘဲလို့ ယူရတယ်. တစိတ် တသက်နဲ့တွက်ရင် တနာရီမှာ အသက်ပေါင်း ၃၆၀ ဆိုတော့ ဒွိဒကာတွေ ဇာတာသက်တန်းကကျော်နေဘီလို့ဆိုရမယ်။

ဗေဒင်က သုတ္တန်နည်းနဲ့ ရေးထားဒါ၊ အသက်က ရုပ်သက်၊ နာမ်သက်ရှိဒါ၊ ဘုရားက ဒွိအတိုင်းဟောထားဒါ၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတဲ့ အဲဒါကိုမှ အသက်ခေါ်ဒါ၊ အခုဒကာတို့ အသက် ၁၂၀ ကျော်ပီလား ?၊ ဒါဖြင့် ဒကာတို့တော့ သွားဘီ၊ အခုမှခက်တော့တာဘဲ သွားလေရောဘဲ၊ ဘယ့်နှယ်မျှား ကြံကြမတုံး ?၊ ဒီတော့ အခု အသက်ကြွင်း၊ ကျန်နေသေးဒါဟာ တရားရဘို့၊ တရားထူး ရထိုက်လို့ ကျန်နေဒါဘဲလို့ ဆုံးဖြတ်ချက်ချ။

ကိုယ့်ကံကထူးလို့, မြတ်လို့ ရလာတဲ့ အပိုအသက်ကလေးကို မဖြုန်းလိုက်ကြနဲ့၊ အလဟဿ, အလေနတော, အဖြစ်နဲ့ မပြုန်းတီးကြစေနဲ့လို့ သတိပေးလိုက်ပါတယ်၊ သားရေး, သမီးရေး, စီးပွားရေးတွေနဲ့သာ အချိန်မကုန်ကြစေနဲ့၊ ကိုယ်ကျိုး, ကိုယ့်စီးပွားအတွက်မို့ ကြွင်းတဲ့ထဲကတရားထူးရဘို့ မြန်မြန်လုပ်ကြ၊ သဘောပါကြပလား?။

ဒီအလုပ် လုပ်တော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ အချိန်ဘလောက်ကြာအောင် လုပ်ရမလဲ? လို့ မေးတယ်ဆိုပါတော့ ဒီလိုလုပ်တဲ့အခါ ဖြစ်ပျက်, မြင်ဒါက မဂ်, မဂ်ဆိုတော့ ယောဂီက ငါအမှန် မြင်ရဒါဘဲလို့ ဝမ်းသာလာရင်, နှစ်သက်လာရင်, မကြာတော့ဘူး၊ မဂ်ရဘို့နီးဘီလို့ မှတ်ကြ၊ နှစ်သက်, ဝမ်းသာဒါများရင် ပီတိ, သောမနဿ အားကောင်းလာလို့ဘဲ၊ ဒီကနေပီး မနားဘဲဆက်ရှု, ရှုရင် မကြာခင် ဖြစ်ပျက်ကို မုန်းလာမယ်၊ မုန်းအားကြီးတော့ ဆုံးရော၊ ဆုံးရင် နိဗ္ဗာန်ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?။

အခုပြောဒါ ဒီဂရိချိန့်ဘို့ဘဲ၊ ဒီဟာနဲ့ချိန်ကြည့်, ကိုယ့်ဟာကိုယ် သိနိုင်တယ်၊ ဒီအဓိပ္ပါယ်ဟာ ဓမ္မပဒမှာ ဟောတယ်လို့ မှတ်ကြ။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

**ဘာသာပြန်** အကြင်အကြင် ရုပ်နာမ် အခြင်းအရာ အားဖြင့် ခန္ဓာငါးပါးတို့၏ အဖြစ်, အပျက် သဘောကို ဟုတ်မှန်တိုင်းပင် သုံးသပ်ဆင်ခြင်၍ နေ၏၊ ထိုထို ရုပ်နာမ် အခြင်းအရာ အား

လျော်စွာ ဟုတ်မှန်တိုင်းပင် ရှုဆင်ခြင်သောအားဖြင့် အမြိုက် နိဗ္ဗာန်ကို သိကုန်ပြီးသော အရိယာမြတ်တို့၏ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း နှင့် တူသော နှစ်သက်, ဝမ်းမြောက်ခြင်းကို ရလေ၏၊ ထိုသို့ နှစ်သက် ဝမ်းမြောက်ခြင်းကို ရခြင်းသည် ပညာရှိတို့အား နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ပါပေ၏။

( အဓိပ္ပါယ်ကို အဓိကထား၍ ပြန်ဆိုလိုက်ပါသည် )

အားထုတ်တဲ့အခါ နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်းဆိုတဲ့ သဘောတွေ တွေ့လာရင် မညှိတော့ဘူး၊ အဲဒီနားတင် သဘောကျပြီး တစ်ခံနေလို့လဲ မဖြစ်သေးဘူး၊ အဲဒါ အမှတ်မထားဘဲ ဆက်ပြီး အားထုတ်သွားရမယ် ဆက်အားထုတ်ရင် မကြာမှီဘဲ ဖြစ်ပျက်မုန်းပြီး ဆုံးသွားတော့ဒါဘဲ၊ဖြစ်ပျက်ဆုံးသွားတဲ့ ပုဂ္ဂိုလ်မှာ သူတို့မလာတော့ဘဲ၊ အစက စ, အားထုတ်တဲ့ သူအတွက် ပြောဒါလို့မှတ်ကြ၊ ရှင်းပလား ?။

မမြင်စဘူးအမြင်ထူးဒါတွေတွေ့ရ,ကြုံရတော့အတိုင်းထက်အလွန်နှစ်သက်မှု, ဝမ်းမြောက်မှုတွေ ဖြစ်တော့ဒါပေါ့၊ အဲဒီဝမ်းသာဒါ ချုပ်ရင် မုန်းဉာဏ် ပေါ်လာဒါဘဲ၊ မုန်းဉာဏ် လာပြီး ဆုံးတော့ဒါဘဲလို့ မှတ်ကြ၊ ဆုံးဒါနဲ့ မဂ္ဂင်ရှစ်ပါးလုံး ပြည့်စုံပြီး ရှစ်ပါးလုံးရဒါဘဲ၊ အဲဒီအခါမှ အပါယ်တံခါးလဲ ပိတ်ကရော၊ သဘောပါကြပလား ?။

အပါယ်တံခါးကို လူ့ပြေကနေပြီး ပိတ်ရင်ရတယ်၊ ဒါကြောင့် ဒီက နေပြီး အပါယ်တံခါးပိတ်ကြ, ပိတ်အောင်ကြိုးစားကြ၊ ဖွင့်တော့လဲ ဒီကနေပြီး ဖွင့်နိုင်တယ်၊ ဒီတော့ ဖွင့်တတ်ရင် ပိတ်တတ်ရမယ်၊

ဒကာ၊ ဒကာမတွေ ဖွင့်တော့ ဖွင့်တတ်တယ်၊ ပိတ်ဘို့ကျတော့ မပိတ်တတ်ကြဘူးဆိုရင် တော်ပါ့မလား ?၊ မတော်ဒါသိရင် ပိတ်တတ်အောင် ပိတ်ကြ၊ ဒါမှမဟုတ်ရင် မိဘက မိုက်တဲ့ဆိုးတဲ့ ကလေးကို ထိပ်ပုတ်ခေါင်းရိုက် ရိုက်ပုတ်ပြီး ဆုံးမရသလို ဒို့ဒကာတွေကိုလဲ ဒီလိုဘဲ ဆုံးမရမလား?၊ ဒို့လိုမျိုး မလုပ်သင့်ဘူးလား?လို့ မေးလိုက်တယ်။

ကြိုးစားကြ၊ မရ ရအောင် အားထုတ်ကြလို့ တိုက်တွန်းလိုက်တယ်၊ အားထုတ်လို့ ဖြစ်ပျက်တွေ မြင်လာပြီး ကြက်သီးတွေထမယ်၊ ခန္ဓာရောင် အလင်းတွေရမယ်၊ ဝမ်းသာခြင်း နှစ်သက်ခြင်းတွေဖြစ်လာမယ်ဆိုရင် ရဘို့သေချာဘီ မဝေးတော့ဘူးလို့ မှတ်ကြ၊ ပီတိ ပါမောဇ္ဇ ရဒါ ပဌမနိဗ္ဗာန်ရဒါဘဲ၊ ဒို့ဒကာတွေ မကြိုးစားသင့်ကြဘူးလား ?၊ ကြိုးစားကြ၊ ရုပ်ကြိုက်ရင်-ရုပ်ဖြစ်ပျက်ရှု နာမ်ကြိုက်လဲ-နာမ်ရှုကြ။

“ဖြစ်ပျက်မြင်က၊ ဝမ်းသာနှစ်သက်၊ အရောင်ထွက်၍၊
ကြက်သီးစစ္စ၊ ကြုံတွေ့လာ၊ မဂ္ဂါမဝေးမှတ်”။

ဒီဆောင်ပုဒ် ကလေးလဲ မှတ်ထားကြ။

ဝမ်းသာလာရင် မရပ်လိုက်နဲ့၊ ရပ်လိုက်ရင် တရားမတက်နိုင်ဘူး၊ မရှုချင့်ရှုချင် မဆုံးမချင်း ဆက်သာရှုကြ၊ ရကို့ မရချင်တော့ဘူး ဆိုတော့ မဂ်လာမှာဘဲ၊ ရှင်းကြပလား ?။

ကိုင်း--ယနေ့--ဒီတွင်ဘဲ- တော်ကြအုံး။

# ဓမ္မရတနာ- မာတိကာ။

## " အနာကင်းလွတ် ချမ်းသာမြတ် တရားတော် "

### **သာဝကမှာ မဂ်အင်္ဂါ**

(၁) သစ္စာနှင့် စပ်သော တရားကို ကြားနာခြင်း။

(၂) တရားအားလျော်စွာ နှလုံးသွင်း မှန်ကန်ခြင်း။

**သတိချပ်ရန်**

ကျမ်းမဏ္ဍိမ၊ ပဏ္ဏာသ၊ သုံးဝ မဂ်အင်္ဂါ။
ပေဋကောပဒေ၊ အင်္ဂါနေ၊ နှစ်ထွေ မိန့်ခဲ့မှာ။
သစ္စာစပ်ငြား၊ မြတ်တရား၊ မှတ်သား ဝိသေသာ။
ကျမ်းမြတ်နှစ်ဆူ၊ ကွဲယောင်မူ၊ ညီတူ ဓမ္ပဝါယာ။
သာဝက သာမန်၊ မဂ်ရမှန်၊ နှစ်တန် မျှအင်္ဂါ။
ပါရမီသီးခြား၊ မဟာကြား၊ မှတ်သား မြဲသေချာ။

**ဆောင်ပုဒ်**

သစ္စာနှင့်စပ်၊ တရားမြတ်၊ နာလတ် ရှိညွှတ်ကာ။
အာရုံတပါး၊ ရောက်မသွား၊ စိတ်ထား တည်လှစွာ။
ခန္ဓာအဇ္ဈတ်၊ သတိချပ်၊ သင့်မြတ် နှလုံးသာ။
ယထာဓမ္မ၊ ဒေသနာ၊ မြဲမြဲ စူးစိုက်နာ။
ကိလေမဝင်၊ တထိုင်တွင်၊ မြန်လျှင် မဂ္ဂသာ။

"သစ္စာနှင့်စပ်၊ တရားမြတ်နာ၊ လျော်စွာတရား၊ နှလုံးထားက၊ လျင်လျား မဂ်ဉာဏ်၊ ရဘို့မှန်၊ နှစ်တန် သာဝက အင်္ဂါတည်း"။

**တရားသား** ဒီကနေ့ညမှာ အလွယ်ကူဆုံး မဂ်ဉာဏ်ရဘို့ နည်းလမ်းကို ညွှန်ပြလိမ့်မယ်လို့ မှတ်ကြ၊ အလွယ်ဆုံး၊ အမြန်ဆုံး၊ မဂ်ရဘို့နည်းကို 'ပေဋကောပဒေသ'' ပါဠိတော်မှာ တိတိကျကျ ဟောထားဒါရှိတယ်၊ သာဝက သာမန်အတွက်မှာ မဂ်ရဘို့ရာ အင်္ဂါ နှစ်ချက်ဘဲလိုပါတယ်၊ များများမလိုပါဘူးတဲ့၊ ဒီ-အင်္ဂါနှစ်ချက်နှင့် ညီညွတ်ရင် သာဝကပါရမီအတွက် လုံလောက်ပြီလို့ မှတ်ထားရမယ်။

မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ "သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်" ဆိုတဲ့ အင်္ဂါသုံးချက်ကို ဟောတယ်၊ "ပေဋကောပဒေသ" က မြတ်တရား ဆိုတဲ့ နေရာမှာ သာမည မဆိုဘဲ သစ္စာနုသန္ဓိ သစ္စာတရား၊ သစ္စာနှင့် စပ်တဲ့တရားလို့ ထဲ့ပေးတယ်၊ အဆိုအမိန့် ကွဲသလို ရှိပေမဲ့လဲ အဓိပ္ပါယ်ထွက်ကတော့ အတူတူ ရတယ်လို့ မှတ်ရမယ်။

ပေဋကောပဒေသ ပါဠိတော်က.....

ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတောစ ဃောသော သစ္စာနုသန္ဓိ, အဇ္ဈတ္တဥ္စ ယောနိသော မနသိကာရော။

"ပကတိသာဝကအတွက် မဂ်ဉာဏ်ရဘို့ရာ အကြောင်းအထောက် အပံ့ နှစ်ချက်ထဲဘဲ လိုပါတယ်၊ အဲဒီ နှစ်ချက်က ဆရာ့ထံမှာ သစ္စာနှင့် စပ်တဲ့ တရားစကား နာကြားမှုနဲ့ မိမိကိုယ်တိုင်က သင့်တင့်စွာ နှလုံးသွင်း မှန်ကန်မှု" ဒီနှစ်ခုဘဲ လိုပါတယ်လို့ အဓိပ္ပါယ်ရတယ်။

ဒီတော့ ဒုဒ္ဒကာတွေ သံသယရှိနေဘို့ လိုသေးသလား ? မလိုတော့ ပါဘူး၊ ပါဠိတော်စကားမိုး အားထားပြီး လိုက်နာကြရမယ်၊ သာဝက မဂ်သမ္မာဒိဋ္ဌိဖြစ်ဘို့ ဒီနှစ်ချက်ဘဲ လိုပါတယ်လို့ ဟောထားတော့ ဒီ့ပြင် အကြောင်းရှာဘို့ မလိုတော့ဘူး၊ ပါရမီစကားလဲ ပြောဘို့ မလိုတော့ဘူး၊ ဒီနှစ်ချက်နဲ့ညီရင် သာဝက ပါရမီဉာဏ် ကေန် ပြည့်စုံဘီဆိုဒါ မှတ်လိုက်ကြ၊ ဒီပါဠိတော်စကားနဲ့ဘဲ သာဝကအရာမှာ ပါရမီ အထူးမလိုဘူးဆိုတဲ့ အဓိပ္ပါယ် ထင်ရှားဘီ၊ နောက် ပါရမီနဲ့ ရိုးမယ်မဖွဲ့ကြနဲ့တော့လို့ ပြောလိုက်ပါတယ်၊ ရိပ်မိကြပလား ?။

မြတ်တရားဆိုဒါ သာမညတရားမဟုတ်ဘူး၊ သာမည ဒါနတရား သီလ တရား, သမထ တရားတွေကို မဆိုဘူး၊ သစ္စာနဲ့စပ်တဲ့ တရား, သစ္စာတရားလို့ အသေအချာမှတ်ကြ၊ ဒါကြောင့် သစ္စာနုသန္ဓိ လို့ ထည့်ပေးတယ်ဆိုဒါ ဆုံးဖြတ်ချက်ချ! သဘောပါကြပလား ?၊ ဒီ့ သစ္စာတရားဟာလဲ တခြားမှာ သွားရှာနေဘို့မလိုဘူး ခန္ဓာထဲမှာဘဲ ရှိနေတဲ့တရား, မိမိခန္ဓာ ဉာဏ်နဲ့ရှာပြီး ကြည့်ရမှာ၊ ရှာကြည့်ရင် ဖြစ်ပျက် ဒုက္ခသစ္စာကြီး ရှိနေဒါကို အမှန်သိကြရမယ်၊ အဲဒါမှ သစ္စာတရား ဒုက္ခသစ္စာတရားဘဲ၊ ဒီဒုက္ခကမှ အကြီးဆုံး ဒုက္ခကြီးဘဲ၊ ရှင်းကြပလား ?။

တခြားမှာ ကြည့်ဘို့မဟုတ်ဘူး၊ တခြားမှာကြည့်ရင် သမထချည့် ဘဲလို့ မှတ်ကြ မိမိခန္ဓာမှာ ကြည့်ရမှာ၊ ဒါမှ ဝိပဿနာ ဖြစ်မယ်၊ ဒါကို သိစေလိုလို့ "အဇ္ဈတ္တဉ္စ" လို့ ထည့်ပေးတယ်လို့ မှတ်ကြ၊ ၊

ရိပ်မိကြပလား ?၊ ဒါကြောင့် ဗုဒ္ဓကာတွေအတွက် သစ္စာတရား နာကြားမှုနဲ့ မိမိခန္ဓာကိုယ်မှာ ဒုက္ခသစ္စာ အဖြစ်မှန်ကို နှလုံးသွင်းမှု ဒီနှစ်ခုကို လုပ်ကြရမယ်၊ မိမိခန္ဓာရဲ့ ဒုက္ခအဖြစ်၊ အစစ်အမှန် နှလုံးသွင်းနိုင်ရမယ်၊ နှလုံးသွင်း မှန်ကန်ဘို့ လိုတယ်လို့ သတိပေးလိုက်တယ်။

နောက်ပြီး ဟောတဲ့ပုဂ္ဂိုလ်က သစ္စာတရားဟောလို့ တရားနာတဲ့သူကလဲ တပါးအာရုံ မသွားဘဲ သစ္စာတရားမှာသာ နှလုံးထားနိုင်ရမယ်၊ အဲဒီလို ထားနိုင်ရင် တရားနာရင်းက သောတာပန်တည်နိုင်တယ်လို့ "ပေဋကောပဒေသ"မှာ ဟောထားတယ်၊ ဟောတဲ့ ဆရာကလဲ သစ္စာတရားသာ ဟောပြနေ၊ နာတဲ့သူကလဲ တခြားအာရုံ မထွက်ဘဲ သစ္စာမှာသာ နှလုံးသွင်းမြဲရင် တထိုင်ထဲနဲ့ ကိစ္စပြီးပါတယ်လို့ ဆိုတော့ ဗုဒ္ဓကာတွေ အားကိုးဘို့များ မကောင်းကြဘူးလား ?၊ ကြိုးစားယူလိုက်ကြ။

ဒီနေရာမှာ အထူးသတိပြုဘို့က ခန္ဓာမှာနှလုံးသွင်းပြီး ရှုမှတ်ပွားများတဲ့အခါမှာ ဖြစ်ပျက်နဲ့မဂ်ကို အစဉ်မပြတ်အောင် လုံ့လစိုက်ဘို့လိုတယ်၊ မဂ်နဲ့ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့မဂ်ချည့်ဘဲ ရှိနေရမယ်၊ ဖြစ်ပျက်နဲ့ မဂ်ရဲ့ကြားမှာ ဒီပြင်ဘာစိတ်မှ အဝင်မခံကြနဲ့၊ အဲဒီ နှစ်ခုကြားမှာ တခြားစိတ်တွေ ဝင်နေရင် ကြာနေလိမ့်မယ်၊ တခြားစိတ်တွေ ဝင်နေရင် ကိလေသာ ကြားဝင်ဒါဘဲ၊ ဒီလို ကိလေသာ ကြားဝင်များ အလုပ်လုပ်တဲ့အခါ ခရီးမရောက်နိုင်ဘူး၊ ကြာနေလိမ့်မယ်ဆိုဒါမှတ်ထားကြ၊ ချင်းကြပလား ?။

ဝိပဿနာ ရှုနေဒါ ကြာပါပြီ အခုထိ မဂ်မရသေးပါဘူး ဆိုရင် ဘာကြောင့်လဲ ? သိကြရဲ့လား ?၊ အဲဒါ ကိလေသာ ကြားခိုနေလို့ ကိလေသာတွေ ကြားဝင်နေလို့ဘဲဆိုဒါ ရိပ်မိကြ၊ မရသေးဒါ မရတဲ့ သူရဲ့အပြစ်ဘဲ၊ ဆရာ့အပြစ်လဲမဟုတ်၊ ကိုယ့်အပြစ်ဘဲဆိုဒါ ဆုံးဖြတ် ချက်ချ၊ ကိုယ်က ကိလေသာ ကြားဝင်ခံလို့ဘဲ၊ ကြားဝင်တော့ ပဋိစ္စ သမုပ္ပါဒ်တွေ တန်းလာလို့ မဂ်ကဖြတ်လိုက်နဲ့ ဆိုတော့ အားချင်းက မမျှကြဘူး၊ မဂ်က အားသေးပြီး ကိလေသာက အားကောင်းနေ တော့တယ်၊ ကိလေသာကသာ နိုင်နေတော့တယ်၊ရိပ်မိကြပလား ?။

ဝိပဿနာ ရှုတဲ့အခါမှာမှ ကိုယ့်အဖြစ်မှန် ကိုယ်သိကြရမယ်၊ ဒီ အခါမှာမှ ကိလေသာ တောထနေမှန်း သိကြရတယ်၊ဒီတော့မှ ကိုယ့် အဖြစ်ဟာ ရှက်စရာကောင်းမှန်း သိကြရဘီ၊ ဒီလို ရှက်စရာမှန်း သိရင် ဘဲ ငါတော့ အရှက်အကြောက်ကပ်ပီ၊ ဟီရိဩတ္တပ္ပ နဲ့ ပြည့်စုံလာဘီ လို့ မှတ်ကြ၊ သဘောပါကြပလား ?၊ ဒို့ဒကာ အရှက် အကြောက် မရှိကြသေးဘူးဆိုရင် တော်ပါ့မလား ?၊ စဉ်းစားကြ။

ဝိပဿနာရှုပီး ကိလေသာ ကြားခိုမှန်း သိတဲ့အချိန်ကစပီး ဟီရိ ဩတ္တပ္ပ ဆိုတဲ့ အထက်အဝတ်၊ အောက်အဝတ်၊ ကပ်တယ်လို့ ဆိုရမယ်၊ ဒီအရှက်အကြောက်ဆိုတဲ့ အဝတ်၊ မဝတ်ခင်က ဒို့ဒကာတွေဟာ တုံး လုံးကလေးတွေဘဲဆိုရင် မမှားဘူး၊ ဒါကြောင့် ဒကာ၊ ဒကာမတွေကို အထူးသတိပေးလိုက်ပါတယ်၊ ဆရာသမားနဲ့တွေ့တဲ့အချိန်ကစပီး အ ထက်အဝတ်၊အောက်အဝတ်စုံကြပါစေလို့ တိုက်တွန်းလိုက်တယ်။

ဝိပဿနာမရှုခင် နဂိုကတော့ ကိုယ့်အဖြစ်မှန် ကိုယ်မသိကြဘူး၊ အခု-အလုပ်လုပ်မှ ရုက်ရမှန်း ကြောက်ရမှန်း သိလာကြဒါ၊ ရိပ်မိကြ ပလား ?၊ ဒီနေ့ကစပြီး အရှက်အကြောက်ရှိဘို့ ကိလေသာ ကြားမခို ဘို့ သတိပြုကြလို့ တွက်တွန်းလိုက်ပါတယ်၊ ၊သစ္စာတရားလဲနာကြ သစ္စာတရားနဲ့ လျော်စွာလဲ နှလုံးသွင်းကြ၊ ဒီထဲမှာကိလေသာ ကြား မခို ကြားမညှပ်စေနဲ့၊ ဒီဟာညီညွတ်ရင် တထိုင်ထဲနဲ့ မဂ်ကို ရနိုင် တယ်လို့ "ပေဠကောပဒေသ" မှာ လာတဲ့စကားကို ကိုးကိုး စားစား လိုက်နာကြ။

သစ္စာတရားဟောပြမှုက ဆရာ့အလုပ်၊ ကိလေသာ ကြားမခိုဘို့ က မိမိအလုပ်ဘဲလို့ သိပြီး တရားနဲ့အလုပ် ကိုက်ညီအောင် ကြိုးစား ကြရမယ်၊ ဆရာက ဆရာ့တာဝန် ကျေပြွန်ရင် ဒို့ဒကာတွေ တာဝန် ကျန်တော့တယ်၊ ကိုယ့်တာဝန် ကိုယ်ကျေပြွန်အောင် ဆောင်ရွက် ဘို့ရာ ကိုယ့်ဝတ္တရားဘဲလို့ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပလား ?။

ဘုရားရှင်ရှေ့လက်ထက်တော် အခါက တရားတပွဲ တပွဲမှာ၊သိန်း သန်း၊ ကုဋေ တထိုင်ထဲနဲ့ အကျွတ်တရား ရကြ၊ ကျွတ်တမ်း ဝင်ကြ တယ်ဆိုဒါ ဒီနှစ်ခု ညီညွတ်လို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ပါရမီထူးလို့ မဟုတ်ဘူး၊ ဒကာတို့ထက် ပါရမီထူးလို့ မဟုတ်ကြဘူး၊ သူတို့က တရားနာဆဲမှာ ကိလေသာ ကြားမညှပ်လို့ တရားထူးရကြဒါ ဆိုတဲ့ အချက် လေးလေးနက်နက် မှတ်ထားကြ၊ ရိပ်မိကြပလား ?၊ ဒို့ဒကာ တွေက ကြုံကြုံဖန်ဖန် ပြောကြမယ်၊ မီးခဲပြာဖုံးတွေမို့လို့ရကြဒါတဲ့၊

မယုံတတ်ပါဘူးလို့ ဘုန်းကြီးက ပြောလိုက်တယ်၊ အလုပ် ညီညွတ်လို့ပါဘဲ၊ ကျေနပ်ကြပလား ?။

ဒကာ ဒကာမတွေကို မှာလိုက်ပါတယ်၊ တရားနာရင်း တနာရီအတွင်းမှာဖြင့် ကိလေသာ ကြားမခိုစေရဘူးဟဲ့ ဆိုပြီး အဓိဋ္ဌာန်ပြုထားကြပါလို့၊ ဒကာတို့တတွေ ပေါ့ပေါ့တန်တန်မျှား မမှတ်လိုက်ကြနဲ့၊ မဂ်မရ ဖိုလ်မရ အသေက အရင်ဦးသွားရင် အပုံကြီးခက်လိမ့်မယ်၊ မဂ်ဖိုလ်မရဘဲ သေသွားရရင် ဒို့တော့ ကိုယ်ကျိုးကြီး နဲပီလို့ အောင်းမေ့ကြ၊ အသေစောရင် ကိုယ်ကျိုးနဲ့အစစ်ပါဘဲ၊ အသေကမြန်ပါဘိသနဲ့၊ ဆရာသမားက အင်မတန်ကရုဏာထားပြီး ကိုယ်ကျိုးမနဲ့ရအောင် အလုပ်သင်ပေးနေဒါ၊ ကြိုးစားသင့်တယ်လို့ ဆုံးဖြတ်ချက်ချ။

ကံ၊စိတ်၊ဥတု၊အာဟာရ စတဲ့ အကြောင်းမကောင်းတဲ့ ခန္ဓာရထားကြဒါဖြစ်လေတော့ ကမ် ဖေါက်ပြန်ရင်လဲ အသေမြန်တယ်၊စိတ်တို့ ဥတုတို့ အာဟာရတို့ဖေါက်ပြန်လိုက်ရင်လဲ တချက်ထဲဘဲ၊ ရုတ်တရက်ဘုံးကနဲလဲပြီး သေမယ်ဆို သေနိုင်တယ်၊ ဒကာတို့မျက်မြင်ဘဲ မဟုတ်ပါလား ?၊ ခုခေတ်မှာက သတ္တာတွေ စိတ် ဆန်းကြယ်သလောက် ကမ်ကလဲ ဆန်းကြကြတယ်၊ ကမ် ဆန်းကြယ် သလောက် အသေဆန်းကြရဒါ ပြောလို့တောင် ယုံနိုင်စရာ မရှိတော့ဘူး။

ဒို့ဒကာတွေမှာ ကမ်ဟောင်း၊ကမ်သစ်ကလေးနဲ့ မနဲ့ကြီးအသက်ရှေ့နေကြရဒါ၊ အကြောင်းက ညီညွတ်နေကြသေးလို့သာဘဲ၊ ၊

အကြောင်းမညီညွတ်ရင် မညီညွတ်တာနဲ့ တချက်ထဲ သေပွဲဝင်ကြရမယ်၊ အလကားနေရင်းကပေမဲ့ ချက်ချင်းသေနိုင်တယ်၊ သဘောပေါက်ကြပလား ?၊ ဒါ့တော့ အသေက မဦးခင့် ကိုယ်က အရင်ဦးအောင်လုပ်ထားကြ၊ ပေါ့တန် ပျင်းရိ မနေကြနဲ့၊ အချိန်သိပ်မရတော့ဘူးလို့ သတိပေးလိုက်ပါတယ်။

ဒီနေရာမှာ မာဂဏ္ဍီပရိဗိုဇ်ကို ဟောတဲ့တရားအချက်ကို ထဲ့သွင်းပီး ဟောလိမ့်မယ်လို့ မှတ်ကြ၊ ဒီတရားဟာ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ လာတယ်ဆိုဒါကိုလဲ ပြောခဲ့ပြီးပြီ၊ ၊မာဂဏ္ဍီက ပဋိစ္စသမုပ္ပါဒ်ကို ဆက်အောင် လုပ်ရမယ်လို့ အယူရှိတယ် ဘုရားက ပဋိစ္စသမုပ္ပါဒ် ပြတ်အောင် လုပ်ရမယ် လို့ ဟောတော်မူတယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အကျင့်မှ ဘုရားကြိုက်တဲ့ အကျင့်ဘဲလို့မှတ်ကြ၊ လူနာအလုပ်နဲ့ လူကောင်းအလုပ် ခြားနားသလို့ ခြားနားတယ်လို့ ဟောတော်မူတယ်။

မာဂဏ္ဍီက ဘုရားကို မျိုးပြတ်လို့စွပ်စွဲတယ်၊ သူက ပွားစီးရေးကို အလိုရှိဒါလား၊ ဒါ့တော့ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အလုပ်က ကိလေသာ မပွားစီးလို့ မျိုးပြတ်လို့ ဆိုလိုက်တာဘဲ၊ ပွားစီးရေးကို လိုဒါက သူ့ဟာသူ အကောင်းထင်နေလို့ မကောင်းဒါမှန်း၊ နူနာမှန်း၊ မသိသေးလို့ဘဲ ဆိုဒါ မှတ်ကြ၊ အကောင်းထင်နေတော့ နူနာသယ် အလုပ်ဘဲ သူက အဟုတ်ကြီးထင်မှတ်နေဒါပေါ့၊ ဘုရားရှင်က အမှန်အကန်မြင် အမှန်အကန် သိဘော်မူလို့ နူနာသယ် အလုပ်ကို မလုပ်တော့ဘူးလို့ မှတ်ရမယ်။

ဘုရားက ငါးပါးအာရုံ ကာမဂုဏ်တွေမှာကောင်းကျိုးမပေးဘူး အမြဲပူပန်စေတတ်တဲ့သဘော, နှစ်သက်သာယာဘွယ် မရှိတဲ့သဘော, ဆင်းရဲဒုက္ခကိုသာ ဖြစ်စေတတ်တဲ့သဘောဘဲ ရှိတယ်လို့ ဟောတော်မူဘယ်၊ နောက်ပြီး မာဂဏ္ဍီကို ဘုရားကမေးတော်မူတယ်၊ "လောကမှာ မင်း သူဌေးစတဲ့ သူတွေထဲမှာ ကာမဂုဏ် အာရုံတွေနဲ့ ပြည့်ပြည့်စုံစုံ လိုသလို ခံစားပြီးတော့ ဒီအာရုံ ကာမဂုဏ်တွေအပေါ်မှာ တွယ်တာမှုကို မစွန့်လွှတ်ဘဲ ရလိုခံစားလိုမှုကိုမပယ်ကြဘဲနဲ့ အာလယပြေပျောက်ခြင်း, ချမ်းငြိမ်း အေးမြခြင်းနှင့် ပြည့်စုံပြီး နေခဲ့ကြတယ်, နေ့-နေကြတယ်၊ နေကြလိမ့်မယ်ဆိုဒါမျိုး အသင် မြင်ဘူး,ကြားဘူးသလား?"။

ဒီလိုမေးတော့ မာဂဏ္ဍီက "မမြင်,မကြားဘူးပါဘူး၊ ဒီအဖြစ်မျိုးလဲ မဖြစ်နိုင်ပါဘူး"လို့ ဖြေတော့ ဘုရားက သာဓု, ခေါ်လိုက်တယ်၊ မင်းပြောဒါ မှန်တယ်တဲ့၊ ငါးပါးအာရုံ ကာမဂုဏ်တွေရဲ့ အဖြစ်နဲ့ အပျက်ကို မမြင်သေးဘဲ ကာမဂုဏ်တွေရဲ့ ဖြစ်ပျက် မမြင်လို့ မမုန်းသေးရင် မမုန်းလို့ မဆုံးသေးရင်ဖြင့် ဘယ်တော့မှ မအေးသေးဘူးလို့ ငါဘုရားဟောတယ်လို့ မိန့်တော်မူပြီး၊ ဥဒါန်းစကား ကျူးရင့်တော်မူလိုက်တယ်။ ဒီဥဒါန်းက....

အာရောဂျ ပရမာ လာဘာ၊ နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊ ခေမံ အမတ ဂါမိနံ။

အဓိပ္ပါယ်

ကိလေသနူနာ၊ ကင်းလွတ်ပါမူ၊ လွန်စွာထူးမြယ်၊

မဟာလာဘ်ကြီး မည်ပါပေ၏၊ ၊ တပ်မက်ကင်းလွတ်၊ ငြိမ်းအေးမြတ်ကား၊ ထွတ်မြတ်လွန်စွာ၊ ချမ်းသာမွန် အစစ်ကြီး မှန်လှပါပေ၏၊ ၊ ဘေးပေါင်းလွတ်ရှင်း၊ သေခြင်းကင်းမှုန်၊ အမတံသို့၊ သွားရန်ဖြောင့်သား လမ်းအများတွင်၊ ရှစ်ပါးမဂ္ဂါ၊ လမ်းတော်သာလျှင်၊ လွန်စွာမြတ်လှ၊ မြတ်လမ်းမကြီး မှန်လှပါပေ၏။ ။

ဘုရားရှင်က ဒီအဓိပ္ပါယ်ရှိတဲ့ ဥဒါန်းဂါထာကို ကျူးရင့်တော်မူလိုက်တော့ မာဂဏ္ဍီက အလွန်အမင်း အံ့သြသွားတယ်၊ ဟုတ်ပါပေတယ်, မှန်ပါပေတယ်, အံ့ဘွယ်သရဲ ရှိပါပေတယ်လို့လဲ ချီးကျူးလိုက်သေးတယ်၊ နောက်ပီး သူက ကျွန်ုပ်တို့ ဆရာစဉ်ဆက် ဆောင်ရွက်မှတ်သား လာခဲ့တဲ့ စကားနဲ့ ညီညွတ်ပါပေတယ်တဲ့၊ သူက သူ့အဓိပ္ပါယ်နဲ့သူ၊ သူသိသလောက်နဲ့သာ ပြောလိုက်တာဘဲ။

ဒီဂါထာက ကဿပ ဘုရားရှင်တော် လက်ထက်ကစပီး အဆက်ဆက် ဆောင်ရွက်မှတ်သား လာခဲ့ကြတဲ့ ဂါထာဖြစ်တယ်၊ ဒါပေမဲ့ အဓိပ္ပါယ် အမှန်အကန်ကိုတော့ မသိကြရှာဘူး၊ သူတို့သိဒါက အနာရောဂါ ကင်းခြင်းဟာ လာဘ်တပါးဘဲ ဆိုဒါလောက်သာ သိနေကြဒါ ဟောတော်မူလိုရင်း အနက် အဓိပ္ပါယ် ဆိုက်အောင် မသိနိုင်, မမြင်နိုင်ခဲ့ကြဘူး၊ ဒီတော့ သူတို့ပရဗိုဇ် အယူအဆနဲ့ သူတို့ သိမှတ်ထားဒါကို မာဂဏ္ဍီက ပြောလိုက်တယ်လို့ မှတ်ကြ။

မာဂဏ္ဍီက သူရဲ့ အနာရောဂါ ကင်းရှင်းပြီး ကျန်းမာနေဒါမို့ အာရောဂျ' ဖြစ်ပါတယ်လို့ ဆိုပြီး ကိုယ်ကို သုံးသပ်ပြတယ်၊ ဒီ·အနာမရှိ ကျန်းမာနေဒါဟာနိဗ္ဗာန်ဘဲတဲ့၊ ဒီတော့ဘုရားရှင်က ဥပမာစကားနဲ့ ဆက်လက်ပြီး ဟောကြားတော်မူလိုက်တယ်။

"အမိဝမ်းတွင်းထဲက ကဏ်းလာတဲ့ သူကဏ်းဟာ လောကမှာရှိတဲ့ အမဲ့, အဖြူ, အညို, အရွှေ စတဲ့ အာရုံတွေကို မမြင့်ဘူးဘူး၊ လ·တို့, နေ·တို့, ဆိုဒါတွေလဲ သူမမြင်ဘူးဘူးတဲ့၊ အဲဒီ ဘာမှမမြင်တဲ့ သူကဏ်းက လူကောင်းတယောက်က အင်မတန် ဟောင်းနွမ်းညစ်ထေးပြီး ဆီချေးတွေပေနေတဲ့ လက်နှီးတခုကို ယူလာပြီး အဲဒီ· သူကဏ်းကို ပြောမယ်,ပေးမယ်ဆိုပါတော့ သူငယ်ချင်း မင်းအတွက် အင်မတန် ဖြူစင်သန့်ရှင်းပြီး အလွန်လှပတဲ့ အထည်တခုကို ယူခဲ့တယ်၊ ရော့·· မင်း,ဝတ်တော့လို့ ပေးရင် သူကဏ်းဟာ အဟုတ်မှတ်ပြီး နှစ်သက်,ဝမ်းမြှောက်စွာ ယူပြီး ဝတ်တော့ဒါဘဲ၊ ပေးတဲ့လူကိုလဲ ကျေးဇူးတင်လို့ မဆုံးဘူးတဲ့၊ အသင် မာဂဏ္ဍီ ဒါကို ဘယ်လိုသဘောရသလဲ ?၊ ဒီ·သူကဏ်းဟာ ဒီအဝတ်ညစ်ထေးကို သိရက်,မြင်ရက်နဲ့ယူပြီး နှစ်နှစ်သက်သက် ဝတ်ဆင်ဒါလား ?၊ဒါမှ မဟုတ် လူကောင်းတယောက်သာဆိုရင် ယုံပါ့မလား ?၊ ဒီလိုမေးတော့ မာဂဏ္ဍီက လူကဏ်းမို့သာ ယုံဒါပါ, လူကောင်း ဆိုရင် ဘယ်· ယုံပါ့မလဲ"လို့ အဖြေပေးတော့ ဘုရားရှင်က···

ဒီ-ဥပမာအတိုင်းဘဲ၊ မင်းတို့ ပရဗိုဇ်အနွယ်, ဒိဋ္ဌိဂိုဏ်းသားတွေမှာ သစ္စာမျက်လုံး ကဏ်းနေကြတယ်၊ အရိယာမျက်လုံး မရှိကြဘူး၊ ဒီတော့ အာရောဂျ ဆိုဒါဘာဘဲ, နိဗ္ဗာန် ဆိုဒါ ဘာဘဲနဲ့ မသိဘဲနဲ့ ရမ်းပီး ပြောနေကြဒါပါ၊ အမှန်စင်စစ်က ဒီ-ဂါထာဟာ ရှေးရှေး ဘုရား, ရဟန္တာမျာ း ရွတ်ဆိုကြတဲ့ ဂါထာသာ ဖြစ်တယ်လို့ မာဂဏ္ဍီကို ပြောလိုက်တယ်၊ ဘုရားရှင်က မာဂဏ္ဍီကို ဆက်ပီး ဟောတော်မူပြန်တယ်လို့ မှတ်ကြ။

ဒီ-ရုပ်နာမ် ခန္ဓာ ကိုယ်ဟာ အမြဲရောဂါနှိပ်စက်နေတယ်၊ ဝေဒနာ အမြဲရှိနေတယ်၊ ကိုယ့်ခန္ဓာမှာရှိဒါက ရုပ်ရယ်, ဝေဒနာရယ်, သညာ ရယ်, သင်္ခါရရယ်, ဝိညာဏ်-ဆိုတဲ့စိတ်ရယ်, ဒီငါးခုရှိတယ်၊ ဒီငါးခုထဲ က ကြိုက်တာတခု ဉာဏ်နဲ့ အရိယာမျက်လုံး, ဝိပဿနာ မျက်လုံးနဲ့ ကြည့်၊ ဥပမာ ဝေဒနာဆိုပါတော့ ဝေဒနာလေးဟာ ဖြစ်ပေါ်လာ လိုက် ပျက်စီးသွားလိုက်, ဖြစ်လာလိုက် ပျက်သွားလိုက်, ဉာဏ်နဲ့ ကြည့်၊ ဒီအရှိသဘောဘဲ မြင်ရ, တွေ့ရမယ်။

ဒီတော့ ဒကာ, ဒကာမတွေ သိဘို့က "ဝေဒနာလေးဖြစ်ပေါ်လာ ဒါဟာ အနာပေါက်တာဘဲ၊ ဝေဒနာလေး ပျက်စီးသွားဒါဟာ အနာ ပေါက်လို့ သေဒါဘဲ၊ ဒီလို သိထားကြရမယ်၊ အဲဒီတော့ ကိုယ့်ခန္ဓာ မှာ ကြည့်ရင် ဒီသဘောနှစ်ခု ဒီသေနာ ပေါက်တာနဲ့ သေရဒါ နှစ်ခု ဘဲရှိတယ် ဆိုတဲ့ အချက်ကို ကောင်းကောင်း သိရမယ်, မြင်ရမယ်၊ ဒီအဖြစ်နဲ့ အပျက် အနာပေါက်တာနဲ့ သေဒါ နှစ်ခုအပြင် ဘာမှအပို

မစွက်ဘူး၊ ဒါကြောင့် ဒီခန္ဓာဟာ အမြဲတစေ ဖြစ်ပျက်နေတဲ့ အနဲ့ ရှိတယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒီတော့ ဒီခန္ဓာကို အာရောဂျ ဖြစ်ပါ တယ်လို့ ဆိုနိုင်ပါ့မလား ? ဆိုရင် မျက်လုံးမပါတဲ့ အကဏ်းမို့ဘဲ ဆိုဒါ မှတ်လိုက်ကြ။

ရုပ်ကြည့်တော့လဲ ရုပ်ကလဲ မရုပ်မစဲ တသဲသဲ ဖြစ်လိုက်ပျက်လိုက် နဲ့ ဖြစ်ပျက်ဘဲရှိတယ်၊ စိတ်ကြည့်လဲ ဒါကိုဘဲတွေ့ရမယ်၊ အနာပေါက် တာနဲ့ သေဒါဘဲ၊ ဒါကိုမြင်ရင် အရိယာ မျက်လုံးရဘီ၊ အကဏ်း ပျောက်ပြီ၊ အကဏ်းပျောက်ရင် အမှန်မြင်ရင် အနာပျောက်စပြုဘီ၊ ဒို့ဒကာဒေတွ အနာပျောက်ချင်ရင် အမှန်မြင်အောင် ကြည့်ကြ၊ အရိ ယာ မျက်လုံး တပ်ကြလို့ တိုက်တွန်းလိုက်တယ်။

အနာမရှိရင် ဇရပ်မှာလဲ ပျော်နိုင်တယ်၊ အနာရှိရင် ဇရပ်မှာ မ ပျော်နိုင်ကြဘူး၊ အိမ်ပြန်ချင်ဒါဘဲ၊ အနာရှိတော့ အိမ်မှာသာ ပျော် နိုင်ကြတယ်၊ အိမ်မှာက မီးတွေရှိဒါကိုး၊ သား သမီးမီး ပစ္စည်းမီးဆိုတဲ့ မီးတွေရှိတော့ မီးလှုံရမှ မီးနှားကပ်နေရမှ အနာက သက်သာတယ်၊ မီးပူအိမ်ထဲနေရမှပိုးကိုက်သက်သာတယ်ဆိုပီးပျော်နိုင်ကြဒါပေါ့၊ အ နာပျောက်ရင် ဘယ်နည်းနဲ့မှ အိမ်မှာမပျော်ပိုက်ပါဘူး၊ဒီသဘောကို "သုတ္တနိပါတ် ပါဠိတော်"မှာလာတဲ့ ဝတ္ထုနဲ့ကြည့်ရင် သိနိုင်ပါတယ်။

ရဟန်းတပါးဟာ လူဖြစ်စဉ်က သား မယား၊ အိုး အိမ် စွန့်ပီး ရဟန်းဝတ် တရားပါ အားထုတ်လို့ အနာဂါမ် တည်သွားတယ်တဲ့၊ တနေ့မှာ သူ့မယားဟောင်းဖြစ်တဲ့ မိန်းမက အဲဒီ ရဟန်းတော်ရဲ့

ရွှေမှလာပြီး ကလေးငယ်ကို ပစ်ချထားလိုက်တယ်တဲ့၊ ကလေးကလဲ သူ့သဘောအတိုင်း ကျူကျူပါအောင် ငိုကြွေးတော့ဒါပေါ့၊ ဒါပေမဲ့ ရဟန်းက လုံးဝ ဂရုမစိုက်ဘူးတဲ့၊ နောက် မိန်းမက လုံးဝဂရုမစိုက်မှန်း သိတော့မှ သူ့ကလေး သူပြန်ခေါ်သွားတယ်တဲ့၊ အဲဒါ အနာပျောက်လို့ဆိုဒါ မှတ်ကြ၊ ရိပ်မိပလား ?။

ဒါကြောင့် ဒီဒကာတွေ အနာပျောက်အောင် အချိန်အခါရတုန်းမှာ ကုကြလို့ သတိပေးလိုက်တယ်၊ ဒကာတို့တတွေက လက်ရှိအနာ အနာမှန်း မသိတတ်ကြလို့ ကိုယ့်ဟာကိုယ် မီးလောင်ခံနေရမှန်း မသိလို့ ဒီမီးကိုဘဲ မပွား ပွားအောင် လုပ်နေကြတော့တယ်၊ ပစ္စည်းတွေ နေ့မနား ညမအား ရှာကြ ဖွေကြ၊ တဲတုပ်ကနေ အိမ်ကြီးတွေ ဖြစ်အောင် လုပ်ကြ၊ အိမ်ကြီးကနေ တိုက်တွေ တာတွေ တယ်ကြ အလောင်ခံချင်ကြလို့ မီးတွေဘဲရှာနေကြတယ် ပူစရာနဲ့ရင်မကြိုက်နိုင်ဘူး၊ ပြာဖြစ်အောင်ပူမှ ကြိုက်တယ်လို့ ဆိုသလိုပါဘဲ။

ဒါကြောင့် ခန္ဓာရှုပြီး အရိယာမျက်လုံး ယူကြတော့လို့ ပြောလိုက်တယ်၊ အရိယာမျက်လုံးရရင် အနာပျောက်မယ် အာရောဂျ အစစ်ဖြစ်မယ်၊ နောက်တကာယ် ငြိမ်းအေးခြင်း အစစ်အမှန်ကို ရကြမယ်၊ မီးကို မီးမှန်းမသိဘဲ တွယ်တာစွဲလမ်းမှုတွေ မဖြတ်သမျှ ငြိမ်းအေးမှု အစစ်မရကြဘူး၊ ဒီလိုဖြစ်နေသမျှ တဏှာ ဥပါဒါန် ကမ်တွေက မငြိမ်းသေးဘူး၊ ဒီတဏှာ ဥပါဒါန် ကမ် မငြိမ်းတဲ့သူဟာ ငြိမ်းပြီလို့ ဆိုနိုင်ပါ့မလား ?၊ မဆိုနိုင်ပါဘူး၊ ဘယ်တော့မှမငြိမ်းတော့ဘူးဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား ?။

ခန္ဓာဒုက္ခသစ္စာမြင်မှ ငြိမ်းမှာ ခန္ဓာဒုက္ခသစ္စာမမြင်တဲ့သူ မမြင်လို့ မမုန်းတဲ့သူ မမုန်းလို့ မဆုံးတဲ့သူဟာ ဘယ်တော့မှ မငြိမ်းဘူးလို့ ဘုရားက မာဂဏ္ဍီကို ဟောတယ်၊ ။ဒါကြောင့် ဧကာ, ဒကာမတွေ ငြိမ်းမှုအစစ် အမှန်ရအောင် ခန္ဓာဒုက္ခသစ္စာသိဘို့ ကြိုးစားရမယ်၊ ကြိုးစားတော့ ဥပမာ စိတ်ရှုတယ်ဆိုပါတော့ ခန္ဓာမှာ ပေါ်လာသမျှ စိတ်ကလေးတွေကို ပျက်ဖြစ်ရှုပေး ဉာဏ်နဲ့ရှုတော့ ဖြစ်တာလဲသိ ပျက်တာလဲ သိမယ်၊ ပေါ်လာသမျှဟာ ဖြစ်ပြီးပျက်တဲ့ ဖြစ်ပျက်သဘောဘဲ ရှိတယ်ဆိုဒါ အမှန်သိလာရမယ်။

စိတ်ဖြစ်ပျက်က အနိစ္စ ရှုတဲ့ဉာဏ်က မဂ္ဂ၊ ဒီလို အနိစ္စနဲ့ မဂ္ဂဘဲ ဆက်တိုက်ဖြစ်နေအောင် လုံ့လစိုက်ရမယ်၊ ဒီလိုနည်းနဲ့ တနာရီ, တနာရီအတွင်းကြားထိုးတဲ့ ကိလေသာစိတ် အဝင်မခံရအောင်,မဝင်အောင် ကြိုးစားရမယ်၊ ဒီလိုကြိုးစားနိုင်ရင် မကြာခင်မှာဘဲ ရုပ်နာမ် ဖြစ်ပျက် အနိစ္စတွေ အများမြင်လာပြီး မုန်းလာတော့တယ်၊ မုန်းပြီး မကြာခင်မှာ ဒီဖြစ်ပျက် အနိစ္စ,ဖြစ်ပျက် ဒုက္ခသစ္စာကြီးဟာ တချက်ချက်မှာ ဖြတ်ကနဲ ဆုံးသွားတော့ဒါဘဲ၊ ရှင်းကြပလား ?။

ရုပ်နာမ် ဖြစ်ပျက်က ဒုက္ခသစ္စာ။
ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ (မဂ္ဂင်ငါးပါး)
ရုပ်နာမ် ဖြစ်ပျက် ဆုံးသွားဒါက နိရောဓသစ္စာ။
ရုပ်နာမ် ဖြစ်ပျက် အဆုံးကို မြင်တဲ့ဉာဏ်ကို မဂ္ဂသစ္စာလို့ မှတ်ကြ၊ သဘောပါကြပလား ?။

ဒွိဒကာတွေ ဆရာသွားများနဲ့ ကြုံကြိုက်တုန်း ကြိုးစားလိုက်နာကြ၊ အမြင်မှန်အောင်လုပ်ကြ၊ အခုအခါ မလုပ်မိရင် တက်တက်စဉ်လဲ့ဘို့ဘဲ ရှိတော့တယ်၊ ဒါနဲ့မှ ပြောမရ ဆိုမရ မလုပ်ကြသေးဘူး ဆိုရင် အကျော်းလက်စ မသိမ်းနိုင်ကြသေးဘူး၊ အကျော်းလက်စ မသိမ်းနိုင်သမျှ ရမ်းသွား, ရမ်းလာ, ရမ်းလုပ်, ခလုတ်မှန်း, ကန်သင်းမှန်း, ကမ်းမှန်း မသိတော့ ကျချင်ရာကျပြီး ဒုက္ခနဲ့ ဘယ်တော့မှ အိုးစားမကွဲတော့ဘူးလို့ ပြောလိုက်ပါတယ် သဘောပါကြပလား ?။

ဘုရားပေးတဲ့ ဉပမာ အတိုင်းဘဲ ဝမ်းတွင်း ကျော်းလာတဲ့ အကျော်းကို နေလ, နက္ခတ် တာရာဆိုဒါ ဒီလိုနေတယ်, ဘယ်ပုံနေတယ်လို့ ပြေမရသလို မျက်စိနှစ်ကွင်း အလင်းမရသူဟာ ဘယ်လိုနေရာမှာမှ လမ်းမှန်မကျသလို ဒွိဒကာတွေလဲ အရိယာမျက်လုံး မတပ်ကြဘူး ဆိုရင် ဂမ်းမှန် ကျနိုင်ပါတော့မလား ?၊ ဘာမှမမြင်တဲ့လူကို ပြောသလို ပြောရခက်တယ်လို့ ဆိုရတော့မှာဘဲ၊ သဘောပါကြပလား ?။

အရိယာမျက်လုံးရှိရင် ခန္ဓာမှာ ရောဂါချည့် မြင်ကြမယ်၊ မျက်လုံးမရှိတော့ ရောဂါမရှိဘူးလို့ ထင်တယ်၊ ဒီအမြင်ဟာ အမြင်မှန်လို့ ဆိုနိုင်ပါ့မလား ?၊ မဆိုနိုင်ပါဘူး၊ မျက်စိမရှိတဲ့ အကျော်းအမြင်ကို ဘယ်ကလာ အမန်ဆိုနိုင်ပါ့မလဲ ? အကျော်းမြင်ဆိုတော့ အရမ်းမြင်ဘဲ ရှိတော့မပေါ့၊ ဉပမာ---အကျော်းတရာ စုထားရင် အပ်တချောင်းတောင် ရအောင် မကောက်နိုင်သလို ဘယ်လိုမှ အသုံးချ မဖြစ်ဘူး ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

မျက်စိရှိရင် ခန္ဓာမှာ ရောဂါချည့် မြင်ရမယ်၊ ဒါဟာ ဖြစ်ပျက် ဒုက္ခသစ္စာ ရောဂါထုတွေကို ဆိုဒါ၊ ဒါကို ဉာဏ်နဲ့ ကြပ်ကြပ်ကြည့် တော့ မုန်းဉာဏ် ဝင်လာမယ်၊ ဒီရုပ်နာမ် ဖြစ်ပျက် ဒုက္ခကြီးကို မရ လို့ မယူလိုတော့ဘူး၊ မသိမ်းပိုက်ချင်တော့ဘူး၊ မရချင် စွန့်ပစ်ချင် လာတော့တယ်၊ ဒီဉာဏ်ရပြီး နောက် မကြာခင် ဆုံးဉာဏ်လာတော့ ဒါဘဲ၊ ရှင်းကြပလား ?။

ရုပ်နမ်ဖြစ်ပျက် မြင်တဲ့ဉာဏ်က ယထာဘူတဉာဏ်
" " မုန်းတဲ့ဉာဏ်က နိဗ္ဗိန္ဒဉာဏ်
" " ဆုံးဒါမြင်တဲ့ဉာဏ်က မဂ်ဉာဏ်
လို့ မှတ်ကြ၊ သဘောပါကြပလား ?။

ကိုင်း -ယနေ့··ဒီတွင်ဘဲ··တော်ကြဦးစို့။

# ဓမ္မရတနာ- မာတိကာ။

## " မဂ္ဂဉာဏ်မြတ် ကြွေးကုန်ဆပ် တရားတော် "

**ဆောင်ပုဒ်**

ခန္ဓာရတွက်၊ သေဘို့ရက်၊ ချိန်းချက် မရှိကြ။
သေခါနီးမှာ၊ နိမိတ်လာ၊ ရောက်ရာ ဘုံသဝ။
ငရဲစရို၊ ဒုဂ္ဂတိ၊ မြင်ဘိ ထိုကာလ။
ရင်တွင်းလှိုက်ပူ၊ ပွက်ပွက်ဆူ၊ ကယ်သူ ဝေးမည်ပ။
ဘယ်သား ဘယ်သမီး၊ ဘယ်ပစ္စည်း၊ ချည်းနှီး ထိုကာလ။
မသာနှလုံး၊ သေလွန်ဆုံး၊ အရှုံး နာကျည်းစွ။
ချိန်မနှောင်းခင်၊ ယခုပင်၊ မြန်လျှင် အားထုတ်ကြ။
မဂ္ဂင်မှသာ၊ အားကိုးရာ၊ ခေမာ ဖြောင့်တန်းလှ။
အကုသလာ၊ ကြွေးတွေဟာ၊ များစွာ အနန္တ။
မဂ်ဉာဏ်ဆိုက်ရောက်၊ ကြွေးကုန်ပျောက်၊ ကဲ့မောက်
လွန်ချမ်းမြ။

**သတိချပ်**

မုဆိုးလုဒ္ဒက၊ မိလက္ခ၊ ပဌမ ဇောတွက်တာ။
ပစ္စက္ခတွင်၊ အကျိုးထင်၊ ရပေင် ပျောက်ရရှာ။
အမှတ်မထင်၊ သေရလျှင်၊ ပါယ်ခွင် ငရဲရွာ။
ကလျာမိတ္တာ၊ ကြိုက်ကြုံရ၊ ညွှန်းပြ မဂ္ဂင်ါ။
လိုက်နာကျင့်ကြံ၊ မဂ်သုံးဘန်၊ လျင်မြန် ရရှိကာ။
မကောင်းကံကြွေး၊ ကျိုးမပေး၊ ကျေအေး လွတ်ချမ်းသာ။

**တရားသား** ဒီကနေ့ ဒွိဒကာ, ဒကာမတွေကို ထူးထူးခြားခြားကြီး သတိပေးလိုက်တယ်၊ "တရားအားထုတ်ကြ၊ ဝိပဿနာ ရှုကြ၊ မမေ့ကြနဲ့" လို့ ထူးထူးခြားခြား သတိပေးတဲ့ စကားမို့ လေးလေးစားစား လိုက်နာကြဘို့ သင့်တယ်ဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဝိပဿနာ မလုပ်ခင် အသေက ဦးသွားရင်ဖြင့် ဂျောက်ကျဘို့သာ မြင်ထားကြတော့ဘဲလို့ ပြောလိုက်ပါတယ်၊ ဂျောက်မကျချင်ရင် အခုနှယ်က ဝိပဿနာအလုပ် လုပ်ထားကြဘို့ သင့်တယ်ဆိုဒါ မှတ်လိုက်ကြ။

ဝိပဿနာမလုပ်မိရင် သေခါနီးမှ နောင်တရကြမယ်၊ အော်... အချိန်အခါ ရတုန်းက တရားအားမထုတ်မိဒါ မှားပါပေါ့လား ?၊ အလုပ်မပါလို့ သေခြင်းဆိုးနဲ့ အခုကြုံရတော့မယ်၊ ဘယ်သား ဘယ်သမီး, ဘယ်ပစ္စည်းမှ မကယ်နိုင်ကြတော့ပါလား ဆိုပြီး ဝမ်းနဲပက်လက် မျက်ရည်ကျရမယ်၊ အဲဒီအခါမှ သတိရလို့တော့ အပိုပါဘဲ၊ ဒေါ်မနုသာ ဖြစ်ပြီး ပိုလို့သာ နစ်မွန်းဘို့ဘဲ ရှိတော့တယ်ဆိုဒါ ရိပ်မိကြ၊ ဒါကြောင့် မလုပ်ရင် မဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား ?။

သေခါနီးကျရင် သွားရ,ရောက်ရမဲ့ ဘုံဘဝကို မြင်ရတယ်၊ အဲဒီ သွားရမဲ့ ဘဝကို မြင်ပြီးမှသာ သေတယ်၊ သွားရာမမြင်ဘဲ မသေဘူး ဆိုဒါမှတ်ထားကြ၊ အလုပ်,မလုပ်ရသေးရင် သက္ကာယဒိဋ္ဌိ တန်းလန်း နဲ့ သေရမှာချည့်ဘဲ၊ သက္ကာယအစွဲနဲ့ သေရသူမှန်သမျှ ဒုဂ္ဂတိဘဝ ဆိုဒါ မြေကြီးလက်ခတ်ပါဘဲ၊ ဒကာ, ဒကာမတွေရဲ့ ကြုံရ, တွေ့ရမဲ့

အဖြစ်ဆိုးတွေ မြင်လို့၊ သိလို့၊ သနားလှန်းလို့၊ ဘုရားကလဲ အကြိမ်ကြိမ် ဟောခဲ့တယ်၊ ဘုန်းကြီးတို့ကလဲ ထပ်ခါ တလဲလဲနဲ့ ဟောပြနေတယ် တိုက်တွန်းနေတယ်ဆိုဒါ ရိပ်မိကြ။

ဒီထဲကမှ စေတနာကို အလွဲသုံးစားလုပ်ပီး "မောင်ကြီးနားပင်း" ဖြစ်နေကြသေးတယ်ဆိုရင် ငိုချင်းချချင်သေးလို့ဘဲ၊ သေခါနီးကျမှ စိတ်ငင်ပန်း ဆင်းရဲပီး ဒုက္ခကြီးလှလှ ရောက်ချင်လို့ဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဝိပဿနာအလုပ် မလုပ်သေးသူ မှန်သမျှဟာ သေခါနီးရင် ငရဲဘုံ ငရဲအိုးတွေ၊ မီးတောက်၊ မီးလျှံတွေနဲ့၊ ပြိတ္တာဘုံတွေ၊ တိရစ္ဆာန်ဘုံတွေ၊ အမိဝမ်းရေတွေ စတဲ့ အာရုံ နိမိတ်တွေ မြင်ကြရမယ်၊ သွားရမဲ့ ဘုံဘဝ၊ လူ့ဘဝ၊ နတ်ဘဝ၊ ဆိုင်ရာနိမိတ်တွေ မြင်ပီးမှသေဒါ၊ ဒါတွေမြင်ရင် သွားဘို့သေချာဘီဆိုဒါ မှတ်ကြ။

မိမိမှာ ကိုယ်ခံမပါရင် ကောင်းရာသုဂတိဆိုဒါ ဝေလာဝေးဘီဆိုရင် မမှားဘူး၊ ဘာ့ကြောင့်လဲ? ဆိုတော့ သေခါနီးတဲ့အခါ နိမိတ်ထင်ပီး သွားရာဘဝက ဒုဂ္ဂတိဆိုရင် အကြီးအကျယ် စိတ်မချမ်းမသာဖြစ်ငိုး သေမယ်၊ သုဂတိဘဲ ဆိုပါအုံး သေမှာသိဒါနဲ့ တပြိုင်နက် လက်ရှိခန္ဓာနဲ့ သား၊ သမီး၊ ပစ္စည်းတွေနဲ့ ခွဲရတော့မယ်ဆိုတဲ့ ဒေါသလာတယ်၊ ခန္ဓာရုပ်နာမ် အမှန်မသိတော့ တဏှာ၊ ဥပါဒါန်နဲ့ စွဲထားဒါကိုး၊ ဒီအမှန်မသိတဲ့သဘောက မောဟ အဝိဇ္ဇာ၊ အလုပ်မလုပ်ရဘဲ သေရင် ဒါတွေနဲ့ သေရမှာ၊ ဒီဥစ္စာက မကျွတ်သေးဘဲကိုး၊ ဒီတော့ ငါ့ကိုယ် ငါ၊ ငါ့ဥစ္စာစွဲတွေနဲ့ သေရတော့ ဒုဂ္ဂတိက ကိုယ့်အိမ်ပိုင်လို့ ဆုံးဖြတ်ချက်ချ၊ သဘောပါကြပလား?။

ဝိပဿနာအလုပ် ကိုယ်ပိုင်ပစ္စည်း မရှာမိတော့ သေခါနီးမှာ အားကိုးစရာကလဲ မမြင်၊ သား, လင်, ခင်ပွန်း, ဆွေမျိုးသားချင်းကလဲ မကယ်နိုင်,ကိုယ်ပိုင်အားကိုးစရာ ဝိပဿနာ လုပ်ထားဒါကလဲမရှိဆိုတော့ သေရမဲ့သူဟာ ငါတော့ မှားခြင်းကြီး မှားခဲ့ဘီလို့ စိတ်, မချမ်း မသာ ဖြစ်ရရှာတယ်၊ ဒါကြောင့် ဒကာ, ဒကာမတွေ အခုနှယ် အချိန်ကောင်းရတုန်း အကြောင်းညီညွတ်တုန်းမှာ ဝိပဿနာလုပ်ကြ ဝိပဿနာ မလုပ်မိရင် စိတ်မချရဘူး၊ စိတ်ချရအောင်, အသေဆိုး မကြုံရအောင် ဝိပဿနာရှုကြလို့ အထူးသတိပေးလိုက်တယ်။

အခုတော့ အဆင်မပြေတတ်သေးလို့ ဖြေးဖြေးတော့လုပ်ပါမယ် ဆိုရင် သေခါနီးမှ ကိုယ်ကျိုးနဲ့ပေါ့ဆိုပီး ဝိညာဏ်ချုပ်ရမယ် ဆိုဒါ မှတ်ထားကြ၊သဘောပါကြလေား?၊ ဝိပဿနာတရား မဂ်ဖိုလ်တရားက လွဲရင် တကယ်အားကိုးစရာ ဘာမှ မရှိဘူး၊ ဘယ်သား, ဘယ်သမီး ဘယ်ပစ္စည်း မကလို့ ဘယ်သူမှမကယ်နိုင်ဘူးဆိုဒါမှတ်ကြ၊စုတိပီး ငရဲအိုးထဲ, ခွေးဝမ်းထဲ သွားဖြစ်ရမယ်။

ဝိပဿနာ မလုပ်မိရင် ဒိတန်းနဲ့ ဒိလမ်းက သေချာတယ်၊ ဝိပဿနာ မလုပ်ချင်ရင် ဒီတန်းနဲ့ ဒီလမ်းသာ သွားဘို့ပြင်ထားကြ၊ ရိပ်မိကြပလား?၊ အဲဒီအခါကျမှ မှားဘီလို့ သိတယ်၊ သွားရမဲ့ လမ်းလဲ မြင်နေရဘီ, လမ်းကလဲ လမ်းဆိုးမှန်းလဲသိရော,အကြီးအကျယ် နှလုံးမသာမယာဖြစ်၊ မျက်ရည်ကျရမယ်၊ အဲ, အဲဒီအခါမှတော့ မရတော့ဘူး၊ ဘုရားသော်လဲ့ မတတ်နိုင်တော့ဘူး မြင်ကြပလား?။

' ဒကာ ့ဒကာမတွေ ပေါ့ပေါ့ကလေးများ မအောင်းမေ့ လိုက်ပါနဲ့၊ အလွန်ကြီးတဲ့ အရေးဘဲဆိုဒါ သိပြီး အခုလုပ်ကြလို့ တိုက်တွန်းလိုက်တယ်၊ ဝိပနဿာမလုပ်ရသေးရင် အခုပေါ့သလောက် သေခါနီးမှာ ဒုက္ခရောက်ရမယ်၊ သေပြီးတဲ့နောက်လဲ ခံရမဲ့ဒုက္ခတွေက အသချေနဲ့ အနန္တ ဆုံးစကို မမြင်နိုင်တော့ဘူး၊ သေခါနီးတော့ ခန္ဓာက အကြောဆွဲ မျက်စိမျက်နှာတွေကလဲပျက် တွန့်လိုက် လိမ်လိုက်နဲ့ နေရင် အဲဒီလူတော့ ကိုယ်ကျိုးနဲရှာပေါ့လို့သာ ဆုံးဖြတ်ချက်ချ။

ဒါကြောင့် ဒကာ့ဒကာမတွေ ပေါ့မနေကြနဲ့၊ ဝိပဿနာ အလုပ် ဒီမဂ္ဂင်အလုပ်ကိုဖြင့် မလုပ်လို့မဖြစ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချကြ၊ ဝိပဿနာ အလုပ်ဖြင့် လူတိုင်းလုပ်မှ ဖြစ်မယ်ဆိုဒါ ရိပ်မိကြလို့ ပြောလိုက်ပါဘယ်၊ ဘုရားရှင်ကလဲ အင်္ဂုတ္တိုရ်ပါဠိတော်မှာ....

"ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိ နော အဟု ဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ"။

လို့ အကြိမ်လေးဆယ်ကျော်လောက် သတိပေးစကား မိန့်ကြားဆုံးမတော်မူခဲ့တယ်"မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်များမနေကြနဲ့, ဝိပဿနာ အလုပ် လုပ်ကြ, ဒါမလုပ်မိလို့ နောက်သေခါနီးမှ နှလုံးမသာမယာ မဖြစ်ကြစေနဲ့၊ ဒီစကားကို လေးလေးနက်နက် သတိပေး ဆုံးမလိုက်တယ်"

လို့ ဆိုလိုတဲ့ အဓိပ္ပါယ်ဘဲ၊ ဒကာ, ဒကာမတွေရဲ့ အခြေအနေနဲ့ အဖြစ်မှန်ကိုကြောန်သိတော်မူလို့သနားခြင်းကြီးစွာနဲ့သေသေချာချာ

မှာကြား ဆုံးမတော်မူခဲ့တဲ့ အချက်ဘဲလို့သိပြီး လေးလေး စားစား လိုက်နာကြ။

အဲဒီလိုသေခါနီးမှာမှ အားကိုးရာ မရှိမှန်းသိတော့ နောင်တကြီး စွာ ရကြမယ်၊ ဒီလိုနောင်တနဲ့ ဒုက္ခမရောက်ရအောင် ခုလို အချိန်ရ တုန်းက ကြိုးစားလိုက်နာကြ၊ မဂ္ဂင်မှသာ အားကိုးရမှာ၊ အမေသဲ အားမကိုးရ အဖေလဲ မကယ်နိုင်၊ ရွာထားတဲ့ပစ္စည်းလဲအားမကိုးရတဲ့ အပြင် ဂျောက်ထဲတွန်းချလိုမ့်မယ်၊ ဒီတော့ ဒကာတို့တတွေမေ့ခုကြား နေကြသမျှ အလကားဘဲဆိုဒါ ရိပ်မိကြမယ်၊ ဒါကြောင့် ဘုရားရှင်က အလွန်အရေးကြီးလွန်းလို့ အကြိမ် ၄၅ ကျော် မှာထားတော်မူခဲ့ ဒါဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒို့ဒကာတွေက ကိုယ့်အတွက်, ကိုယ့်အရေးကိုဖြင့် နဲနဲကလေးမှ မသိတတ်ကြ, မပူပင်တတ်ကြသေးဘူး၊ အခုမှတွေ့ရဆုံးဆည်းရတဲ့ဉ္စေ့ သည် အဘို့ကျတော့ အရေးကြီးနေကြတယ်၊ အိမ်သူ, ဇနီး, သား, သမီး ဆိုဒါတွေက ခုမှတွေ့ရတဲ့ဧည့်သည်တွေပါ၊ ဒို့ဒကာတွေက သူ့အတွက် ဘဲ ပူနေကြတယ်၊ ကိုယ့်အတွက်ကျတော့ မေ့နေကြတယ်၊ သူ့ အ တွက်ဆိုရင် ဘာဖြစ်ဖြစ် ကြိုးစားမယ်ဆိုပီး သူ့အတွက် သူ့အတွက် နဲ့ ငဲ့လုံးများနေကြရဒါနဲ့ အချိန်ကုန်ရဒါဘဲ၊ ရိပ်မိကြပလား ?။

ခန္ဓာရှိရက်နဲ့ ခန္ဓာမေ့နေကြရင် သင့်ပါ့မလား ?၊ ခန္ဓာမရှိလို့ ခန္ဓာမေ့နေကြဒါဖြင့် တော်ပါသေးရဲ့ ခန္ဓာက ကျုပ်အနိစ္စ, ကျုပ် ဒုက္ခ, ကျုပ်အနတ္တ, လို့ ဆိုပီး ဖေါက်ပြန် ပျက်စီးပြနေဒါ၊ ခန္ဓာက

ကြည့်ပါ၊ကြည့်ပါဆိုပြီး ဒုက္ခသစ္စာကြီးပြနေဒါ ဒါကို ဒို့ဒကာတွေက ကြောင်တောင်လုပ်ပြီး ခန္ဓာမေ့နေကြတယ် ဆိုရင် ဘယ်လို ဆိုရမတုံး ?၊ အကောင်းမို့ သာဖြင့် သိမှာပါဘဲ၊ ဒီအနေနဲ့ဖြင့် အနေကောင်း, အသေကောင်း မဖြစ်နိုင်ဘူးဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား ?။

ဒကာ, ဒကာမတွေ ကြပ်ကြပ် စဉ်းစားကြပါ၊ ငါတို့ အနေဟာ ဘယ်လိုအခြေမျိုးဆိုက်နေပလဲလို့ ရိပ်မိကြ၊ ဟာသက်လုံးဟာ အရေးအမျိုးမျိုးတွေနဲ့ အကျိုးမရှိ နေလာခဲ့ကြဒါပါ၊ ကိုယ်ကျိုး, ကိုယ်စီးပွားဆိုလို့ ပဲဝက်သားမျှ မပါခဲ့ကြသေးဘူး၊ သူများကိစ္စ, အကျိုးမရှိတဲ့ ကိစ္စတွေနဲ့သာ ကုန်နေကြရ ဒါပါဘဲ၊ ဒကာတို့တတွေ လူ့ပြေ လာကြဒါ အနေကောင်းနေဘို့, အသေကောင်းသေဘို့, မဟုတ်ကြရတော့ဘူး ဆိုရင် မမှားဘူး၊ သူများအတွက်ဘဲ အလုပ်ရှုပ်ပြီး အချိန်ကုန်နေကြရရှာတယ်။

မနက်သင်းလာတော့ လဘက်ရည် တခွက်တောင် ဖြောင့်ဖြောင့် မသောက်ရရှာဘူး၊ ဟိုသွားရ, ဒီသွားရ, ဟိုဟာဟုပ်ရ, ဒီဟာလုပ်ရနဲ့ အားရတယ်လို့ကိုမရှိဘူး၊ ထမင်းနှစ်ထပ် တဆပ်ထဲပေါင်းပြီးစားရတဲ့ အခါလဲ စားရနဲ့ အားရတဲ့အချိန်ရယ်လို့ကော ရှိကြသေးရဲ့လား?၊ သူများအတွက်နဲ့ဘဲ ရှာထွက်ရတော့မယ်ဆိုဒါ ရိပ်မိကြ၊ ကျေနပ်ကြပလား ?၊ ဒါကိုမှ သဘောမပေါက်ကြသေးရင် ဒို့ဒကာတွေကို ပြောလိုက်ပါတယ်၊ ရှာသွက်ဘို့သာ ပြင်ထားကြလို့။

ပစ္စည်းရှိတဲ့လူလဲ ရှိလို့, မရှိတဲ့လူကလဲ မရှိလို့ မအားကြရဘူး၊ မရှိတော့လဲ မအားရ, ရှိပြန်တော့လဲ မအားရဆိုတော့ ဘယ်ဟာက သက်သာသေးတုံး ?၊ ရှာထွက်ဘို့အပြင် မရှိပါဘူး၊ ဒို့ဒကာတွေ အခု လူ့ပြည်လာဒါ ရိက္ခာစုလာဒါလားလို့ မေးလိုက်တယ်၊ ရိက္ခာ ဆိုဒါ အပါယ်ရိက္ခာကိုဆိုဒါ၊ ဒီအခြေကို မပြင်ကြဘူးဆိုရင်ဖြင့် အပါယ်သံသရာ ရိက္ခာစုလာဒါဘဲလို့ ဆိုနိုင်တယ်၊ သဘောပါကြပလား ?။

မျက်စိတမှိတ် အတွင်းမှာ စိတ်ပေါင်း ကုဋေတသိန်းဖြစ်ပြီး ပျက်တယ်ဆိုတော့ မျက်စိတမှိတ် အတွင်းမှာဘဲ ဒကာတို့ အကုသိုလ်တွေ ဘယ်လောက်များမယ်ဆိုဒါ စဉ်းစားကြ၊ ငါစိတ် ၅၀၀၀ ကျော် ကုဋေ ဆိုတဲ့ အကုသိုလ် ထုတွေ အဲဒါ ရိက္ခာဘဲ၊ အလွန်တိုတောင်းသှာဘဲ့ အချိန်အတွင်းမှာ ဒါလောက် အကုသိုလ် စုမိ့ဆောင်းမိနေရင် ကျွတ်လမ်း လွတ်လမ်း မမြင်ဘော့ဘူးလို့မှတ်ကြ၊ ငရဲကို သူကချဒါ၊ သူ့ဘဲ စုဆောင်းနေကြပြန်ဦးမယ်ဆိုရင် ဒီထက်မိုက်ဖြင့် မရှိတော့ဘူး ဆိုဒါ ဆုံးဖြတ်ချက်ချ။

ငရဲကျတဲ့သူဟာ ငရဲမှာ အရှင်လတ်လတ်ကြီး ခံရဒါ၊ ငရဲသူဟာ မသေဘူး၊ အရှင်အတိုင်း ခံရဒါလို့မှတ်ကြ၊ ဒီလိုခံရတာ, အတိုင်း အဆ မရှိဘူး၊ အချိန်ဘယ်လောက်ကြာမယ် မသိနိုင်ဘူး၊ ဘုရားက ကံ ကုန်ရင် ငရဲသက်ကုန်မယ်၊ သူ့ကံမကုန်ရင် ခံအုံးဘဲလို့ ဟောတယ်၊ ရိပ်မိကြပလား ?၊ ဒကာတွေမှာ အကုသိုလ်ကြွေးတွေ ဘဝအဆက် ဆက်က ပါလာတဲ့ အကုသိုလ်တွေက လည်ပင်းတွင် မကဘော့ဘူး၊ နေကြဘီဆိုရင် ငြင်းဘို့မရှိတော့ဘူး၊ ရှင်းကြပလား ?။

ဘုရားက ကိုယ်တော်တိုင်သိလို့၊ ဒကာတွေ ဖြစ်စဉ်ကလဲ ဒီအတိုင်း ကိုက်နေလို့ မဟာကရုဏာတော်နဲ့ ဟောတော်မူခဲ့ဒါ၊ ဘုရားဟော ဒါလဲဖြစ်လို့ ဒို့ဒကာတွေရဲ့ ဖြစ်စဉ်ကလဲ အကိုက်မို့လို့ ဘာမှ သံသယ ဖြစ်ဘို့ မရှိတော့ဘူး၊ ဒီအခြေ ဒီအနေနဲ့ဖြင့် နေရာမကျသေးဘူး နေလို့မဖြစ်သေးဘူး၊ လုပ်မှဘဲ ဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက်ချ။

စုတိပြီး ပဋိသန္ဓေလာဒါဘဲ၊ စုတိနဲ့ ပဋိသန္ဓေ အခြားမရှိဘူး၊ ဒါ ကြောင့် "အနန္တရပစ္စယော" တဲ့၊ အခြားမရှိ ကျေးဇူး ပြုတယ်လို့ မှတ် ရမယ်၊ လက်ဖျစ်ဘတ်ကွက်၊ လက်ဖျစ်ဘခါတီးမှာ အကုသိုလ်ဇောတွေ ဒီလောက်များနေရင် အခြားကုသိုလ်က ကယ်နိုင်ဘို့ မမြင်တော့ဘူး၊ ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်မှသာ ကယ်နိုင်ပေမယ်ဆိုတဲ့အချက်ကို လေးလေးနက်နက် မှတ်လိုက်ကြ။

ဒကာ၊ ဒကာမတွေမှာ ဘဝအဆက်ဆက် သံသရာ ကမ္ဘာအနန္တက ပါလာတဲ့ အကုသိုလ်ကြီးတွေကလဲ အသင်္ချေ အနန္တ ရှိနေကြတယ်၊ အလယ်ဇော ငါးခုနဲ့ လုပ်ခဲ့ဘဲ "အပရာပရိယ" စေတနာကံတွေဘဲ၊ အဲဒီသိန်းပေါင်းများစွာ မရေတွက်နိုင်တဲ့ ကြွေးတွေဟာ မဂ်တချီထဲ ပေါ်ရင် ပျောက်တယ်၊ အကုန်ကျေပါတယ်၊ ခန္ဓာနဲ့သာ ဆပ်လို့ သာဖြင့် ကျေနိုင်စရာ မမြင်တော့ဘူးဆိုဒါ မှတ်ထားကြ၊ သဘောပါ ကြပလား ။

ဒါကို သိရရက်နဲ့ အခုတော့ မအားသေးလို့ တစ၊ တစတော့လုပ် ပါမယ်ဆိုရင် ဘုန်းကြီးကမေးလိုက်ပါတယ်၊ ဒကာတို့ဟာ မိုက်ကြ

လို့လား ?၊ မသိမလိမ္မာသေးတဲ့ အကလေးမို့လား ? လို့ ပေါ့ပေါ့ ကလေးထင်ပြီး တစတစ မလုပ်ကြနဲ့၊ အခုချက်ခြင်း အရေးတကြီး လုပ်ကြလို့ သတိပေးလိုက်ပါတယ်၊ သာမည အရေး မဟုတ်ဘူး အလွန်ကြီးတဲ့ အရေးဘဲဆိုဒါ သိကြတော့။

ဝိပဿနာ အလုပ်ကမှ ကိုယ့်ကိုယ် ကယ်တင်မဲ့ အလုပ်ဘဲ ဆိုဒါ ရိပ်မိကြ၊ ဒါမှ မရိပ်မိလို့မလုပ်မိရင် သားကြား, သမီးကြား, ဆွေကြား မျိုးကြားက အပါယ်သွားရမှာ မုချပါဘဲ တကယ်အရေးကျရင် ဒါဘဲ အားကိုးစရာရှိတယ်၊ ဒီဝိပဿနာအလုပ် မလုပ်လို့ မဖြစ်ကြဘူး၊ သတ္တဝါတိုင်းမှာ ကြွေးက အသင်္ချေနဲ့အနန္တမို့ များလှပါတယ်၊ များလွန်းလို့ ဒီပြင် ဘာနဲ့ဆပ်လို့မှ မကျေနိုင်ဘူးဆိုဒါမှတ်ကြ။

ဝိပဿနာအလုပ်လုပ်ရင် ပဌမ ပစ္ဆိမ်ကမဂ်ကိုရမယ်၊ နောက်မဂ္ဂင် ရှစ်ပါးလုံးရမယ်၊ အဲဒီအခါမှာ အကုသိုလ်ကြွေး အားသုံးကျေပြီး အဟောသိကံတွေ ဖြစ်ကုန်ကြရမယ်၊ ဘုရားက ရာဟုလာ သားကဲ့သို့ ချစ်သနားတော်မူလို့ အမွေထားခဲ့တဲ့ တရားတော်လို့ မှတ်ကြ၊ အားကိုးဘို့များ မကောင်းကြဘူးလား ?၊ ဘယ်လောက်များတဲ့ ကြီးတဲ့ အကုသိုလ်ဘဲဖြစ်ဖြစ်, မဂ်ရရင် အားလုံးကျေနိုင်တယ်ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား ?။

**မိလကရဟန်းဝတ္ထု။** ။ဒီအချက်မှာ မိလကဝတ္ထုကို ထုတ်ပြောမယ်၊ အရင်က မိလကဆိုတဲ့ သားသတ်မုဆိုးတယောက်ရှိတယ်၊ အဲဒီမုဆိုးဟာ စွမ်းနိုင်လောက်တဲ့ အချိန်-

အရွယ်ကစပြီး သားသတ်မုဆိုးအလုပ်နဲ့ဘဲ လုပ်ကိုင်စားသောက်လာခဲ့တယ်တဲ့၊ တောထဲသွား၊ ကျော့ကွင်း ၁၀၀-၉၀-ယူပြီး သားကောင်တွေထောင်ဘမ်း၊ ဒီကရတဲ့သားတိရစ္ဆာန်တွေရောင်းချ၊ အဲဒီလို လုပ်ကိုင်စားသောက်နေရတယ်။

အဲဒီလိုနဲ့ လုပ်ကိုင်စားသောက်လာဒါ အသက်အရွယ်ကလဲ ထောက်ပြီး၊ နှစ်ပေါင်းအတော်ကြာလာတော့ အကုသိုလ်ဇောတွေက အလွန်မတန်များလာဒါပေါ့၊ ဇောက တခါစောရင် ၇-ကြိမ်၊ ပဌမဇောက မျက်မှောက်ဘဝမှာတင် အကျိုးပေးတယ်၊ သတ္တမဇောက ဒုတိယဘဝမှာ အကျိုးပေးတယ်၊ အလယ်ဇောငါးခုက တတိယဘဝကစပြီး နိဗ္ဗာန်တိုင်အောင် နိဗ္ဗာန်မရမချင်း အကျိုးပေးမယ်လို့ မှတ်ထားကြ။

ဒီတော့ ဒီမုဆိုးမှာ အရွယ်ကြီးလို့ မုဆိုးသက်က ကြာလာတော့ ဒီဘဝမှာတင် အကျိုးပေးမဲ့ ပဌမဇောတွေက အများကြီး စုမိနေဒါပေါ့၊ ဒီလိုနဲ့ သတ်ဖြတ်ပြီး ရောင်းဝယ်၊ လုပ်ကိုင်ကျွေးနေရာက တနေ့ကျတော့ တောထဲမှာ သားကင်တွေ ဘာတွေ စားပြီး ရေငတ်လာတယ် သားကင်စားပြီးလို့ ရေငတ်တော့ ရေသောက်စရာ ရှာရဒါပေါ့။

ဒီလိုနဲ့ ရှေးရှေးရောင်း ရဟန္တာတပါး သီတင်းသုံးနေတဲ့ တောရကျောင်း တကျောင်းထဲ ရောက်သွားရှာတယ်၊ ဒါနဲ့အဆင်သင့်ပဲဆိုပြီး ကျောင်းဝင်းထဲဝင် ရေအိုးတွေ-တွေ့တော့ သောက်ချင်လှတဲ့ဇောနဲ့ ရေခပ်လိုက်တာပေါ့ ရေခပ်လိုက်တော့ ဂျောက် ဂျောက်၊ ဂျောက်နဲ့

ရေမတွေ့ရရှာဘူးတဲ့၊ ရေအိုးနဲ့ ရေမှုတ် ခိုက်မိတဲ့ ဂျောက်ဂျောက် သံတဲ့ ကြားရတော့တယ်--တဲ့။

ဒီတော့ မုဆိုးက "အင်း-- ရဟန်းတွေဟာ လူများတွေ လှူတဲ့ ဆွမ်းကွမ်းကို အသာကလေး စားနေရရက်နဲ့တောင် အပျင်းထူလိုက်ကြဒါ၊ သောက်ရေကလေးတောင် ခပ်ထားဘော်မနကြဘူး"လို့ ရေရွတ်ပြီး အပြစ်တင်လိုက်သေးသတဲ့။

ဒို့ဒကာတွေသိတို့က ရေမတွေ့တဲ့ ဂျောင်း ဂျောင်း မြည်နေဒါ ပဋ္ဌမဇောစေတနာက ၇-ရက်၊ ၇-လ၊ ၇-နှစ်အတွင်း အကျိုးလာပေးဒါတဲ့လို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?။

မုဆိုးက ရေမတွေ့တဲ့ ရေအိုး ဂျောင်း ဂျောင်းမြည်တော့ အော်-- ရေမရှိပါလား၊ ရဟန်းတွေဟာ သူများဟာစားပြီး ရေကလေးတောင် ပြေ့အောင်ခပ်ဘော် မရဘူးတဲ့၊ ဒီတော့ ဒီ- အသံကို တနေရာမှာ သက်နှီးချုပ်နေတဲ့ ရဟန္တာကိုယ်တော်က ကြားရတယ်၊ ကြားတော့ ရဟန္တာက စဉ်းစားပြီး သွားကြည့်လိုက်တယ်တဲ့။

မနက်က ရေအိုးတကာ အပြေ့ခပ်ထားဒါပါ၊ ယိုများကျကုန်သလား?၊ ဘယ်လိုပါလိမ့်မလဲလို့ စဉ်းစားပြီး သွားကြည့်လိုက်တော့ ရေအိုးတကာမှာ ရေတွေအပြေ့ချည့် ရှိဒါ တွေ့ရတယ်-တဲ့၊ ဒါနဲ့ ရဟန္တာက "ဒကာကြီးလာအုံး-ဘာလိုချင်လို့လဲ" ရေသောက်ချင်လို့လား? လို့မေးပြီး ရော့-သောက်သောက်လို့ဆိုပြီး သူ့ရှေ့တင်ဘဲ ခပ်ပေးလိုက်တော့ မုဆိုးဟာ ရေကို ဝအောင် သောက်ရတော့တယ်တဲ့။

စကားစပ်လို့ ပြောရအုံးမယ်၊ အခုနှယ် တချို့တွေက ညည်းကြတယ်´ ငွေတွင်းက နက်လှဘီ ငွေရှာရဘို့က မလွယ်တော့ဘူးတဲ့၊ ငွေတွင်းနက်တယ်ဆိုဒါ၊ ပဌမဇောက အကျိုးပေးလာဒါလို့ မှတ်ကြ၊ အခုဖြစ်တန်သလောက် ဖြစ်နေကြဘီ၊ ရှေးကအာခနနဲ့ အခုနေရတဲ့ အနေနဲ့ နောက်နေရမဲ့ အရေးကို ဉာဏ်နဲ့သာ တွေးကြည့်ကြတော့လို့ ပြောလိုက်ပါတယ်၊

ဣဿာ, မစ္ဆရိယဆိုတဲ့ မနာလို ဝန်တိုတဲ့ ဇောတွေ, ဒီဇောတွေက အားကြီးလာတော့ မိုးကခေါင်, ရာသီဥတုက မမှန်, အသီးအနှံတွေ သိမ်ဖျင်းလာ, အခုအခါမှာဆိုရင် မြေအောက် ၆- တောင်လောက် ဩဇာငုပ်သွားဘီ၊ ဒါတွေ စဉ်းစားပီး လုပ်ဘို့သင့်တယ်ဆိုဒါ ဆုံးဖြတ်လိုက်ကြ၊ မုဆိုး ရေပျောက်တာဟာ ဒို့အဖြစ်နဲ့ဖြင့် ခပ်ဆင်ဆင်ဘဲလို့ စဉ်းစားကြ။

အဲဒါနဲ့ မိလက မုဆိုးက စဉ်းစားတယ်၊ အင်း·ငါ့အဖြစ်ဟာဖြင့် အတော်ဆိုးဝါး နေပါပေါ့ကလား, လူစင်စစ်က လူ့ပြိတ္တာဖြစ်နေရဘီ၊ ရှိတဲ့ရေတောင် ပျောက်လောက်အောင်ဖြစ်တဲ့ အဖြစ်ဟာဖြင့် လူကြားလို့မှ မတော်တော့ဘူး၊ ငါ့အခြေနဲ့ဖြင့် ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး၊ ဒီအလုပ်ကို အခုစွန့်မှဘဲလို့ သံဝေဂ·ရပီး သူ့မှာပါတဲ့ လေး, မြှား, ဓား, လှံ စတဲ့ မုဆိုးကြိယာ အသုံးအဆောင်တွေကို စွန့်ပစ်လိုက်တယ်··တဲ့။

ဒီနောက်- ရဟန္တာမထေရ်ထံမှာ "တပည့်တော် သင်္ကန်းဝတ်ပါရစေ, ဒီအခြေနဲ့ဖြင့် နေလို့မဖြစ်တော့ဘူး၊ တပည့်တော်ကို သင်္ကန်းဝတ်ပေးတော်မူပါဘုရား"လို့ သာသနာ့ဘောင် ဝင်ခွင့် တောင်းတော့တယ်၊ ဒါနဲ့ ရဟန်းတော်ကလဲ သူ့မှာရှိတဲ့ သင်္ကန်းနဲ့ဘဲ ဝတ်ပေးလိုက်တယ်၊အဲဒီလို ဝတ်ပေးပြီးတော့ ကိုင်း, မင်း တရားအားထုတ်ရမယ်လို့ အမိန့်ရှိပြီး အားထုတ်ဘို့ရာ နည်းလမ်းအစဉ်ကို ညွှန်ပြပေးတော်မူလိုက်တယ်။

ဒါနဲ့ အဲဒီ မုဆိုးထွက် ကိုယ်တော်ဟာ တရားအားထုတ်ပါရော၊ တရားအားထုတ်တော့ သူ့အာရုံမှာ လေးတွေ မြားတွေ, ဓား,လှံ လက်နက်တွေ, သားသမင် ခေါင်းပြတ်တွေ, အသားတွေ, အရေတွေ စတဲ့ အာရုံတွေဘဲ ပေါ်ပြီးနေတော့တယ်တဲ့၊ အားထုတ်တိုင်း, ထုတ်တိုင်း, ဒီ·လေး, မြား, ကျော့ကွင်း စတဲ့ အာရုံတွေချည့် ပေါ်လာနေတော့ အတော်စိတ်ပျက် နေဒါပေါ့၊ တရားကို အာရုံပြုလို့ မဖြစ်နိုင်လောက်အောင်ဘဲ စိတ်ရှုပ်လာတော့တယ်။

ဒါတွေပေါ်နေဒါ ဘာ့ကြောင့်လဲ ? ဆိုဒါ သိကြရဲ့လား ?၊ သူ့သံသယ,ကုက္ကုစ္စ ဝင်နှိပ်စက်နေလို့ ဆိုဒါမှတ်ကြ၊ သူကငါတသက်လုံး မုဆိုးလုပ်လာခဲ့ပြီး တရားအားထုတ်လို့ ရမှ ရပါ့မလား ? ဖြစ်မှ ဖြစ်ပါ့မလား ? နဲ့၊ သံသယတွေ ဝင်နှောင့်ရှက် နေလို့ ဒီအဖြစ် ကြုံရတယ်ဆိုဒါမှတ်ကြ သံသယကုက္ကုစ္စဟာ ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတဲ့ အချက် ပေါ်ကြပလား ?။

ဒါနဲ့ အဲဒီ မိလက ရဟန်းဟာ "ငါ့အဖြစ်နဲ့ငါ ဖြစ်လိုရာ ဖြစ်စေတော့ မထူးတော့ပါဘူး" လို့ စိတ်ဓါတ်ကျပြီး ရဟန်းတော်ထံ သွားလျှောက်တယ်တဲ့၊ "တပည့်တော်ကိုနဲ့ တပည့်တော်ဘဲ ရှိပါစေတော့ ဘုရား၊ တပည့်တော်ကို လူထွက်ခွင့်ဘဲ ပေးပါတော့ ထွက်ပါရစေ" လို့ လျှောက်တော့ ရဟန်းတော်က အဖြစ်သနစ်ကို မေးလို့ အကုန်ပြန်ပြီး လျှောက်ထား ပြောပြလိုက်တယ်-တဲ့။

ဒါနဲ့ ရဟန္တာမထေရ်ကလဲ "ကိုင်း-ကိုင်း မပျော်လို့ ထွက်ချင်လဲ ထွက်တာပေါ့၊ ဒါပေမဲ့ ဒဏ်လေး အပြစ်လေး ကျေအောင် လုပ်ရလိမ့်ဦးမယ်" ဆိုပြီး သဖန်းသားတွေလှည်းငါးစည်းတိုက်လောက်ရအောင် အခုတ်ခိုင်းပြီး တနေရာမှာ စုပုံထားစေတယ် တဲ့။

နောက်ပြီး အဲဒီ ငါးစည်းလောက် ရှိတဲ့ သဖန်းသား အစိုပုံကြီး ကို ပြာဖြစ်အောင် မီးနဲ့ရှို့ကွာဆိုပြီး မီးရှို့ခိုင်းလိုက်တယ်၊ ဒီတော့ မိလက ကလဲ မီးစကလေးနဲ့ ဟိုဘက်ကရှို့၊ ဒီဘက်ကရှို့၊ ဆိုသလို လှည့်ပတ်ပြီး ရှို့လိုက်တာ အချိန်သာကုန်ရော၊ မီးလောင်ဘို့ နေနေသာသာ စွဲတောင် မစွဲနိုင်ဘူး၊ သဖန်းသား အစိုတွေ ဆိုတော့ ဘယ်မီးစွဲနိုင်ပါ့မလဲ ?၊ အဆီတွေသာ ထွက်နေတော့ဒါပေါ့။

ဒါနဲ့ မိလက-က စိတ်ပျက်ပြီး၊ အရှင်ဘုရား ဘယ်နည်းနဲ့မှ တပည့်တော် မတတ်နိုင်တော့ဘူးလို့ လျှောက်တော့ ရဟန္တာ က "ကောင်းပြီ ဒါဖြင့် ဒီနားမှာခဏရပ်နေ ဟောဒီမှာကြည့်လိုက်စမ်း" လို့ပြောပြီးအဘိညာဏ်တန်ခိုးနဲ့ မြေကြီးကိုဟက်ပြီး ငရဲကြီးရှစ်ထပ်ကို

ပြတော်မူလိုက်တယ်၊ မိလကာဟာ ရဟန္တာက မြေကြီးခွဲပြတဲ့ နေရာက အသေအချာကြည့်လိုက်တော့ လားလား…. ငရဲကြီးထဲမှာ သူ့မိစာ သူ့ဆွေမျိုးတွေကို ထင်ထင်ရှားရှားကြီး ငရဲခံနေကြရဒါကိုတွေ့မြင်ရ တယ်။

ခံနေရတဲ့ အခြင်းအရာက အလွန်တရာဆင်းရဲဒုက္ခရောက်ပြီး ကယ် ပါ၊ ယူပါ၊ တစာစာနဲ့ ဟိုပြေး၊ ဒီပြေး၊ ခွေးနက်ကြီးတွေ စွန်ရဲကြီး တွေက လိုက် ကိုက်ဆွဲ၊ ထိုးကြ၊ ဆိတ်ကြ မီးတောက် မီးလျှံကွေက စာ ဟုံးဟုံးနဲ့ နောက်ကလိုက်လောင်၊ ငရဲထိန်းတွေက သံပူရေ၊ ကြေးပူ ရေတွေထဲ ပစ်ချ၊ ဘင်ပုပ်တွင်းထဲ ချလိုချ၊ ပိုးလောက်ကြီးတွေ တဖွားဖွား ထကိုက် မီးကျီးပြင်ကြီးမှာ ပြေးကြ၊ လွှားကြ၊ ဟိုနားကောင်းနိုး နိုး ဒီနားကျ သက်သာနိုးနိုးနဲ့ အမျိုးမျိုးအနှိပ်စက်၊ အဆင်းရဲခံပြီး ပွက်ပွက်ညံနေတဲ့ အသံတွေကိုတောင် ကြားရတယ်တဲ့၊

ဓါးမ ပေါက်ဆိန်နဲ့ တွေနဲ့ ခုတ်ကြ ထွစ်ကြ၊ သံပူစူးတွေနဲ့ ထိုးကြ ဖေါက်ကြ၊ သွေးရဲရဲ သံရဲရဲ အမဲဖျက်သလို နှိပ်စက်ကြ၊ ပါးစပ်ထဲကို သံပူရေ ကြေးပူရေတွေ လောင်းထည့်၊ ဗိုက်ထဲမှာ လောင်မြိုက်ပြီး ဒွါရက ထွက်ကျနဲ့ ကြီးကျယ်တဲ့ ဒုက္ခတွေကို မသေမရှင်ခံပြီးနေရတဲ့ အဖြစ်ကို ကျကျနနကြီး တွေ့မြင်ရတော့ မိလကာ·က "အရှင်ဘုရား တပည့်တော် မကြည့်ဝံ့တော့ပါဘူး၊ ကြောက်လှပါဘိ လူလဲမထွက် တော့ပါဘူး၊ ဝန်ခိုးကို ရုပ်သိမ်းတော် မူပါတော့ဘုရား" လို့ လျှောက်တော့တယ်တဲ့။

ဒါနဲ့ ရဟန္တာမထေရ်က "ကိုင်း-ကြည့် ကွဆိုပြီး တန်ခိုးတော်နဲ့ ငရဲမီးအလေး ပိုးစုန်းကြူးလောက် ရှိဒါကလေးကို လှမ်းယူပြီး ခုနသ ဖွန်းသာအစိုပုံကြီးပေါ် တင်ပြလိုက်တယ် ပိုးစုန်းကြူးမျှရှိတဲ့ ငရဲမီးခဲ ကလေးကို တင်လိုက်, တင်လိုက်ချင်း, ထင်းပုံကြီးဟာ မြိုက်,ကနဲဆို ပြာဖြစ်သွားတော့ဒါဘဲတဲ့၊ အဲဒီကျမှ မိကာလ·က "ခက်တော့ဒါဘဲ" ဆိုပြီး အကြီးအကျယ် ကြောက်လန့်သွားတော့ဒါပေါ့။

ဒါနဲ့ ရဟန္တာက "မင်းရောက်ရမဲ့နေရာ သိလား ?၊ ဝိပဿနာအာ လုပ်, မလုပ်ချင် ဘယ်လောက် အဖြစ်ဆိုး ကြုံမယ် ဆိုဒါ မြင်ပလား ?၊ ဝိပဿနာ မလုပ်ရင် သွားဘို့သာ ပြင်ပေတော့လို့ တရားချလိုက် တော့၊ မိလကက "မှန်ပါ အရိုးကျေကျေ အရေခန်းခန်း လုပ်ပါ တော့မယ်၊ ခန္ဓာငဲ့လို့ မဖြစ်တော့ပါဘူး" လို့ဆိုပြီး တရားဆက်လက် အားထုတ်တယ်-တဲ့။

အားထုတ်တဲ့အခါမှာ အိပ်နေဘို့ အချိန်မရတော့ဘူး၊ အိပ်နေရင် ဒုက္ခများဘို့ နီးကပ်တယ်၊ ဒါကြောင့် မရမချင်း မအိပ်တော့ဘူးလို့ ဆုံးဖြတ်ပြီး မအိပ်ဖြစ်အောင် ခေါင်းမှာကရွတ်ခွေတင်,ရေအိုး ကိုရွက်, အိုးဖင်က အပေါက်ကလေးတခု ဖေါက်ပြီး ရေတစက်စက် ကျအောင် လုပ်ထားတယ်၊ နောက်ပြီး ဂုံနီအိပ်စုတ် ရေဆွတ်ပြီး ခြေထောက်မှာ စီး, အဲဒီလိုလုပ်ပြီးမှ အားထုတ်ကြိုးစား ကျင့်လိုက်တယ်-တဲ့၊

အဲဒီ မိလက အားထုတ်နေတဲ့ အနားမှာ ရဟန်းတော်တပါးက ထိုင်စောင့်နေပြီး "သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ရှု" လို့ ရွတ်ဆို

သင်ပေးနေတယ်၊ ဒီလိုနဲ့ ကြိုးစား အားထုတ်လိုက်တာ မကြာခင် ဝေဒနာပေါ်လာတယ်၊ အဲဒီ ပေါ်လာတဲ့ ဝေဒနာကို ပေါ်သမျှ ဖြစ်ပျက်, ဖြစ်ပျက်လို့ အနိစ္စအချက် ဖြစ်ပြီးပျက်တဲ့ သဘောကို ရှုမှတ်နေတယ်။

အဲဒီလို ပေါ်လာသမျှ ဝေဒနာမှာ ဖြစ်ပျက် ရှုပေးတော့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်မှာ ကွက်ကွက် ကွင်းကွင်း ဉာဏ်ပေါ်ပြီး မနက်လင်းတဲ့အခါမှာ အနာဂါမ်တိုင် ရောက်သွားတော့တယ်၊ ဒီတော့မှ တသက်လုံး လုပ်လာခဲ့တဲ့ အကုသိုလ်ကြွေးတွေ အတွက် မိလ ာရဟန်းဟာ မဂ်တချက်ထဲနဲ့တိကနဲဖြတ်လိုက်တာ အကုန်လုံး ကျေသွားပါရော။

ဒါကြောင့် ဒီတရားမှ ကယ်နိုင် ယူနိုင်တဲ့ တရားအစစ်ဘဲ၊ ဒို့ဒကာတွေ ကယ်ယူမှု တရားကိုဖြင့် ကိုယ်တိုင် ရအောင်လုပ်ကြ၊ ဒါမှသာ ကယ်ယူမှု အမှန်ရကြမှာ၊ ဒီတော့ ဘာဝေဒနာလာလာ သည်းခံပြီး ငရဲထက် မဆိုးသေးဘူး ဆိုပြီး လုပ်ကြ၊ ဒို့ဒကာတွေ ဒီလောက်တော့ မလုပ်ရပါဘူး၊ ဒါမလုပ်မိရင် ငရဲဒုက္ခ အဆုံးအစ မရှိဘူး၊ မရ အရ ကြိုးစားကြ။

ဒါကိုမှ မလုပ်ရသေးရင် သေခါနီးမှာ ဒုက္ခကြီး လှလှတွေ့ရမယ်၊ ခေါင်းအုံးပေါ်မှာ မျက်ရည်ကျပြီး တောင်ဆွဲ မြောက်ဆွဲနဲ့ သေကြရမယ်၊ ရှင်းကြပဘား ?။

ဒီတော့ "မသေခင်က ဝိပဿနာ ရှုကြ,
သေခါနီးမှ နှလုံးမသာမယာ မရှိကြစေနဲ့,
ငါဘုရား အဆုံးအမဘဲ" လို့ ဟောတော် မူခဲ့တယ်ဆိုဒါ
မှတ်ကြ။

ဒကာ, ဒကာမတွေ ကြပ်ကြပ်စဉ်းစားကြ၊ ဒီထောက်ခံချက် ဝတ္ထု အရ ပဌမ ဇာတ်တွအတွက် ကြောက်ဘို့ ကောင်းတယ်၊ မိလက္ခဟာ ဖြစ်ပျက်မြင်, နောက်·ဖြစ်ပျက်မုန်း, နောက်·ဖြစ်ပျက်ဆုံး၊ အဲဒီလို သုံးခါဆုံးတော့ အကုသိုလ်ကြေး အကုန်ကျေ, အကုန် အဟောသိကံ ဖြစ်သွားပါရော၊ အဲဒီအခါမှာ မိလက္ခ·က ဥဒါန်းစကား ကျူးရင့် လိုက်တယ်·တဲ့။

"ဘုရားရှင်၏ တရားတော်မြတ်ဟာ အကုသိုလ်ဟူသမျှ အကုန် ပယ်သတ်နိုင်ပါကလား" စတဲ့ ဂါထာကို ရွတ်ဆို ကျူးရင့် လိုက်တယ်။

ဒကာ, ဒကာမတွေ ဒီအချက်ကို လေးလေးနက်နက် မှတ်သာပါ။ အားကိုးဘွယ် များ မကောင်းကြဘူးလား ?၊ ဒါဖြင့် ကြိုးစားကြ။

ကိုင်း ·ယနေ့··ဒီတွင်ဘဲ··တော်ကြ·ဦးစို့။

# နိဂုမ်းစကား

အပ္ပကာ တေ မနုဿေသု၊ ယေဇနာ ပါရဂါမိနော၊
အထာယံ ဣတရာ ပဇာ၊ တီရမေဝါနုဓာဝတိ။ ။

၂။ ယေစ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။ ။

( ဓမ္မပဒ ပါဠိတော်—ဓမ္မသဝန ဝဂ္ဂ )

အဓိပ္ပါယ်။ ။လောကနေသူ အများသော လူအပေါင်းတို့တွင် နိဗ္ဗာန် ကြငှန်း ဟိုဘက်ကမ်းသို့ ကူးသန်း ထုတ်ချောက် ပေါက်ရောက်နိုင်သည့် သူတို့ကား အနည်း အပါးမျှသာ ရှိကြပေကုန်၏၊ ထိုသည့် အနည်းငယ်မျှ ကျွတ်တမ်း ဝင်နိုင်ကြသည့် သူများမှအပ အနန္တများစွာ သတ္တာအပေါင်းတို့မှာ သက္ကာယဒိဋ္ဌိ စွဲငြိတန်းလန်း ဤမှာဘက်ကမ်း၌သာလျှင် အစဉ်ပတ်ချာ ပြေးသွားကာ နေရလေတော့၏။

အကြင်သူတို့ကား သုံးပါးညီညာ ကောင်းစွာ ဟောကြားတော်မူအပ်သည့် တရားတော်မြတ်၌ စူးစိုက်လိုက်နာ လျော်စွာကြိုးကုတ် အားထုတ်ကျင့်ကြံကြကုန်၏၊ ထိုသို့ကျင့်ကောင်း လူအပေါင်းတို့ကား အလွန်တရာ ကူးမြောက်နိုင်ခဲလှစွာသော သေမင်းနိုင်ငံ ဘုံသုံးတန်ကို လျင်မြန်မပန်း ကူးသန်းကျော်လွှားကာ ဟိုမှာဘက်ကျွန်း နိဗ္ဗာန်နန်းသို့ လက်လှမ်းထုတ်ချောက် ကေန်ရောက်၍ မျက်မှောက် ပြုကြရပေလိမ့်လတံ့ ။

ဤရွှေ့ဤမျှ ရေးသား ပြဆိုခဲ့ပြီးသော ဒေသနာတော် အစုအစဉ်ဖြင့်"မိုးကုတ်ဝိပဿနာ· ဒုလ္လဘဒေသနာ" တရားတော်များကို ကမ္ပတ်ဖုံးကာ အဆုံးသတ်ရပါတော့မည်။

ထိုသို့ အဆုံးသတ်ရာတွင် အထက်ဖေါ်ပြရာပါ ဓမ္မပဒလာ ဒေသနာ စကားရပ်ကို ကြပ်ကြပ်ကြီး နှလုံးထားပြီးကာ "အနန္တ သချာလူများစွာတို့မှမဟာဂုဏ်ထိပ်စီးအသီးအခြား ထုတ်အပ်သောလူနည်းစုသဇ္ဇန အပ္ပက အသိုက်အအုံတွင် မိမိပါ·ပါဝင်စေရအံ့၊ မိမိပါ·ပါဝင်နိုင်အောင် ကြိုးစားတော့အံ့" ဟူသော သမ္မာဆန္ဒ ထူးမြတ်သည့် အာသီသဖြင့် မရလျှင်မနေ အရိုးပင် ကြေကြေ အရေပင် ခန်းခန်း မဆုတ်တမ်း အားသစ်နိုင်ကြပါစေ·ဟူသော တိုက်တွန်းလွှာ စေတနာ သဒ္ဓောဒိတ အရင်းမူပြီးလျှင် ဓမ္မအဆွေတော်များသည်···

(၁) ကျန်းမာစွာဖြင့် ဤတရားတော်များကို မှတ်သားလေ့ကျက် နိုင်ကြသည်သာ ဖြစ်ပါစေ။

(၂) ချမ်းသာစွာဖြင့် ဤတရားတော်များကို လိုက်စား ကျင့်ကြံ အားထုတ်နိုင်ကြသည်သာ ဖြစ်ပါစေ။

(၃) ဉာဏ်ထူးဝိပဿနာ ထက်မြက်စွာဖြင့် လွယ်စွာခဏ မဂ်ဉာဏ်ကို ရနိုင်ကြသည်သာ ဖြစ်ပါစေ။

ဟူသော စေတနာဆန္ဒ မေတ္တာပုဗ္ဗင်္ဂမ စကားရပ်ဖြင့် နိဂုမ်း ချုပ်ကာ တန့်နားပြီးမြောက် စေရပါသတည်း ။

# "ပဏ္ဏနာကာရ"

ဝိလေခနမိဒံ ကမ္မံ၊
ဝဟံ ဝိရာဂ မဂ္ဂဂ္ဂံ။
ကရေယျာဟံ ဝိမုတ္တတ္တံ၊
ဟိတံ လောကဿ လောကဂ္ဂံ၊ ။

**ဆုတောင်း၊** ။ မိုးကုတ်ဝိပဿနာ၊ ဒေသနာဒုလ္လဘာ၊ ဟောစဉ်ပြလျှက်၊ ကျင့်ရလမ်းမှန်၊ တရားမွန်ကို၊ ဗွဲ့သန်ဉာဏ်မြူး၊ စေတနာထူးဖြင့်၊ ရေးကူးတင်ပြ၊ ဤပုညကား၊ ရာဂကင်းပြတ်၊ မဂ်ဉာဏ်မြတ်ကို၊ လတ်လတ်ဖြတ်ချည်း၊ ရှက်ဆောင်ကျည်း၍၊ ဖြင်ပည်းများစွာ၊ လူတကာ၏၊ လောကာထွက်ရပ်၊ ဝိမုတ်ဓါတ်ဟု၊ ထူးမြတ်ကောင်းကျိုး၊ ဆင့်ဆင့်တိုးအောင်၊ သည်ပိုးလွန်မင်း၊ ပြုနိုင်လျှင်းသည်၊ ထန်ပြင်းရည်ဆု- ပန်ခွေသောဝ်။ ။

× × × × × ×

တာဝန်ခံ ရေးကူး တင်ဆက်သူ

**ဦး မြင့် ဆွေ**

"မူလဓမ္မာစရိယ"

မိတ္ထီလာမြို့။

# ရနိုင်သောဌာနများ။

ဦးညွန့်
ဟံဇာသ ပင်ရင်းဌာန၊ ၁၀၂• မဟာဗန္ဓုလ လမ်း
ရန်ကုန်မြို့။

သစ်ဘရားသား
၇၉-၈၀• (အယ်လ်) ရုံ၊ ဈေးချိုတော်
မန္တလေးမြို့။

ဦးကျော်မောင်• ဒေါ်စန္ဒီ
ရွှေလက်ဝါးတိုက်
ပဋ္ဌမလမ္မတော်• မိတ္ထီလာမြို့။

ဝန်ဇင်းမင်းရာဇာပုံနှိပ်တိုက်
ယာယီမှတ်ပုံတင်အမှတ်(၀၀၀၄)
မင်းရပ်-မိတ္ထီလာမြို့။